# သမထဝိပဿနုဂအာလင်းပြကျမ်း

၁၅၁၀

ဇလွန်မြို့

ကျုံခမွန် ခေမာသိဝံ ဆရာတော်ဘုရား၏

တပည့်

အရှင် အဂ္ဂိန္ဒ ကိုယ်တော်ကြီး ၏

# သမထ ဝိပဿနာ
# အလင်းပြကျမ်း

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၂၄-လမ်း၊
ရန်ကုန်မြို့။

၁၃၁၈-ခု၊ နယုန်လ။



ကျမ်းပြုဆရာ

အရှင်အဂ္ဂိန္ဒ ကိုယ်တော်ကြီး ပုံ

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | နိဒါန်း ...... .... | [င] |
| ၂၊ | ယောဂီများလိုက်နာရန် .... .... | ၁ |
| ၃။ | စရိုက်အကြောင်း .... .... | ၃ |
| ၄။ | စရိုက် ၆-ပါးနှင့်သင့်လျော်သောကမ္မဋ္ဌာန်း | ၇ |
| ၅။ | ချန်ရသော ကမ္မဋ္ဌာန်း ...... .... | ၈ |
| ၆။ | နိမိတ်သုံးပါးထင်ခြင်း .... .... | ၉ |
| ၇။ | ဘာဝနာ သုံးပါး .... .... | ၁၁ |
| ၈။ | ကမ္မဋ္ဌာန်း-၄၀ .... .... | ၁၂ |
| ၉။ | ကသိုဏ်း ၁၀-ပါး ...... .... | ၁၃ |
| ၁၀။ | အသုဘ ၁၀-ပါး .... .... | ၁၄ |
| ၁၁။ | အနုဿတိ ၁၀-ပါး .... .... | ၁၅ |
| ၁၂။ | ဗြဟ္မဝိုရ် ၄-ပါး .... .... | ၁၆ |
| ၁၃။ | အာဟာရေ ပဋိကူလသညာ.... .... | ၁၇ |
| ၁၄။ | စတုဓာတုဝဝတ္ထာန် .... .... | ၁၇ |
| ၁၅။ | အာရုပ္ပ ၄-ပါး .... .... | ၁၈ |
| ၁၆။ | ကမ္မဋ္ဌာန်းစီးဖြန်းပွားများနည်း .... | ၁၈ |
| ၁၇။ | ကသိုဏ်း ၁၀-ပါး ပွားများနည်း .... | ၂၀ |
| ၁၈။ | ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများနည်း .... | ၂၃ |
| ၁၉။ | အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းပွားများနည်း | ၂၄ |


ဇူဆွာသယ ၁၄၆-က

(ခ) မာတိကာ


| ဦရေး | အကြောင်းအရာ | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|
| ၂၀။ | ဈာန်အင်္ဂါ ငါးပါး | .... | .... | ၃၀ |
| ၂၁။ | ဈာန်ငါးမျိုး | .... | .... | ၃၂ |
| ၂၂။ | ဈာန်ဆိုတာဘာလဲ | .... | .... | ၃၃ |
| ၂၃။ | အဘိညာဉ် ၆-ပါး | .... | .... | ၃၇ |
| ၂၄။ | နီဝရဏတရား ၅-ပါး | .... | .... | ၃၈ |
| ၂၅။ | သမာဓိ ၃-မျိုး | .... | ...... | ၄၁ |
| ၂၆။ | အဆွေခင်ပွန်းကောင်း | .... | .... | ၄၄ |
| ၂၇။ | ဗလိဗောဓ ၁၀-ပါး | .... | ...... | ၄၅ |
| ၂၈။ | ကျောင်းအပြစ် ၁၈-ပါး | ...... | .... | ၄၈ |
| ၂၉။ | နေအပ်သောကျောင်း ၅-ပါး | | ..... | ၄၉ |
| ၃၀။ | ကမ္မဋ္ဌာန်း ၂-မျိုး | ..... | ...... | ၄၉ |
| ၃၁။ | မေတ္တာအကျိုး ၁၁-ပါး | .... | .... | ၅၀ |
| ၃၂။ | ပညတ်အကြောင်း | .... | ..... | ၅၁ |
| ၃၃။ | အဋ္ဌကလာပ်ရုပ် ၈-ပါး အကြောင်း | | .... | ၅၃ |
| ၃၄။ | ကမ္မဇရုပ် ၉-ပါး အကြောင်း | | .... | ၆၄ |
| ၃၅။ | ကျက်မှတ်ရန် ဆောင်ပုဒ်လင်္ကာ | .... | .... | ၆၆ |
| ၃၆။ | စက္ခုဝိညာဉ်ဖြစ်ခြင်းအကြောင်း.... | | .... | ၆၇ |
| ၃၇၊ | သောတဝိညာဉ် ဖြစ်ခြင်း အကြောင်း | | .... | ၆၈ |
| ၃၈။ | ဃာနဝိညာဉ်ဖြစ်ခြင်းအကြောင်း | | .... | ၆၈ |
| ၃၉။ | ဇိဝှါဝိညာဉ်ဖြစ်ခြင်းအကြောင်း.... | | .... | ၆၈ |
| ၄၀။ | ကာယဝိညာဉ်ဖြစ်ခြင်းအကြောင်း | | .... | ၆၈ |
| ၄၁။ | မနောဝိညာဉ်ဖြစ်ခြင်းအကြောင်း | | .... | ၆၉ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၂။ | နာမ်အကြောင်း .... .... | ၇၈ |
| ၄၃။ | ဖဿဖြစ်ပုံ .... .... | ၉၅ |
| ၄၄။ | မိမိကိုယ်၌ ရုပ်နာမ်ခွဲနည်း ...... .... | ၁၀၁ |
| ၄၅။ | ခန္ဓာ ၅-ပါး ........ ........ | ၁၀၄ |
| ၄၆။ | နိဗ္ဗာန်အကြောင်း ...... ....... | ၁၀၆ |
| ၄၇။ | နိဗ္ဗာန် ၃-မျိုး .... .... | ၁၁၈ |
| ၄၈။ | အနုသယအကြောင်း ........ ....... | ၁၁၈ |
| ၄၉။ | သံယောဇဉ်အကြောင်း ........ .... | ၁၂၀ |
| ၅၀။ | ကိလေသာအကြောင်း ........ ...... | ၁၂၁ |
| ၅၁။ | နီဝရဏအကြောင်း ........ .... | ၁၂၂ |
| ၅၂။ | ပဟာန် ၅-ပါး .... .... | ၁၂၆ |
| ၅၃။ | သုဒ္ဓိ ၂-ပါး .... .... | ၁၂၇ |
| ၅၄။ | ဘာဝနာခဏ်း .... .... | ၁၂၇ |
| ၅၅။ | အဓိပတိ ၄-ပါး .... .... | ၁၃၂ |
| ၅၆။ | ဗလငါးတန် .... .... | ၁၄၆ |
| ၅၇။ | သုပ္ပဋ္ဌ .... .... | ၁၅၅ |
| ၆၈။ | သုပြပ္ဗာနတ်သားနှင့် နတ်သမီးငါးရာ .... | ၁၇၀ |
| ၅၉။ | ပခန်းသားနှင့် ချည်ပါသား ဥပမာ .... | ၁၇၆ |
| ၆၀။ | စိတ်ကိုပြုပြင်ကြ .... .... | ၁၈၆ |
| ၆၁။ | စိတ်ကိုပြုပြင်ခြင်းဖြင့် ကံခြေပြောင်းနိုင်သည် | ၁၉၃ |
| ၆၂။ | သမဏာနတ်သား .... .... | ၁၈၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၃။ | စိတ်ဖြစ်ပုံကိုစဉ်းစားကြ .... .... | ၁၉၅ |
| ၆၄။ | ဗလငါးတန်နှင့် မဟာနာမ်မင်းကြီး .... | ၂၀၅ |
| ၆၅။ | မဂ္ဂင်ရှစ်ပါး ...... .... | ၂၀၈ |
| ၆၆။ | သစ္စာ ၄-ပါး .... .... | ၂၂၄ |

# နိဒါန်း

ဇိနော မယှံ ဇယံ ဒေတု

**ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ,**
**ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊**
**တေသံ သဘာဝဓမ္မာနံ,**
**နာမမတ္တံ နနာယတိ။**

ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသော ရွှေနေမင်းကြီးသည်၊ အနုဂ္ဂတေ-ဥဒည်းတောင်ဝှမ်း အရှေ့စွန်းက တက်ထွန်း မပေါ်လာခဲ့သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ-ဘုရားတည်းဟူသော ငွေလမင်းကြီးသည်၊ အနုပ္ပန္နေ-ပြုပ္ပါတောင်ဝှမ်း အရှေ့စွန်းက ဖြစ်ထွန်း မပေါ်လာခဲ့သည်ရှိသော်၊ တေသံ သဘာဝဓမ္မာနံ- ထိုရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ပရမတ္ထ သဘာဝတရားတို့၏၊ နာမမတ္တံ-ရုပ်နာမ်ဓမ္မ အမည်မျှကို သော်လည်း၊ နနာယတိ-မသိမမြင် မထင်နိုင်ချေ။

ဤပါဠိတော်အရ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ပရမတ္ထ သဘာဝတရားတို့၏ အမှန်သဘောကို ကျနမှန်ကန်စွာ သိရှိနိုင်မှုမှာ အခါတိုင်း သိရှိနိုင်ကြသည် မဟုတ်ပေ။ ဘုရားရှင်တို့ ပွင့်တော်မူရာ ခေတ်ကာလနှင့် ကြုံကြိုက် ပါမှသာ သိနိုင်ပေသည်၊ ထိုဘုရားပွင့်တော်မူရာ ခေတ် ကာလသည်လည်း နှစ်မျိုးရှိလေသည်။

# နိဒါန်း

၁။ သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညုခေတ်,

၂။ ပစ္စေက ဗုဒ္ဓါခေတ်,

ထိုနှစ်မျိုးတို့တွင် ပစ္စေကဗုဒ္ဓါတို့ခေတ်၌ ပစ္စေကဗုဒ္ဓါတို့သည် မိမိသည်ပင် ဘုရားဖြစ်သော်လည်း နတ်လူ ဗြဟ္မာ သတ္တဝါ ဝေနေယျတို့အား.....**ဤသည်ကားရုပ်၊ ဤသည်ကားနာမ်၊ ဤသည်ကားနိဗ္ဗာန်သဘော**ဟုဤသို့ စသည်ဖြင့် ဟောဘော်ညွှန်ပြ၍ သံသရာ ကည်းဟူသော ဝဋ်ဆင်းရဲမှ ကယ်တင် ထုတ်ဆောင်နိုင်သော အစွမ်း သတ္တိ ရှိတော် မမူကြပေ။ မိမိတဦးတည်းပင် ဒုက္ခ အပေါင်းတို့ ကင်းငြိမ်းသဖြင့် ချမ်းသာတကာတို့၏ အထွဋ်အထိပ်ဖြစ်သော နိဗ္ဗာန်သို့ ကူးမြောက်တော်မူနိုင် လေသည်။

သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညုခေတ်၌ကား ထိုသို့မဟုတ်၊ သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညု ဘုရားရှင်တို့သည် ဘကမ္ဘာလုံးကို အလင်းရောင် ပေးစွမ်း နိုင်သော နေမင်းကြီး ကဲ့သို့၎င်း လူသတ္တဝါတို့၏စိတ်၌ ကြည်လင် အေးမြခြင်းကို ဖြစ်စေ နိုင်သော လမင်းကြီးကဲ့သို့၎င်း အမှောင်ခွင်း၍ အလင်းကို ဆောင်နိုင်ခြင်း အပူ ရှင်း၍ အအေးဓာတ်ကို ပေးစွမ်း နိုင်ခြင်းစတဲ့ ကောင်းမြတ်သော အစွမ်း သတ္တိတို့ ရှိသည် ဖြစ်သောကြောင့် နတ်, လူ, ဗြဟ္မာ, သတ္တဝါ ဝေနေယျ တို့အား....**ဤ သည်ကား ရုပ်၊ ဤ သည်ကား နာမ်၊ ဤသည်ကား နိဗ္ဗာန်သဘောပင်တည်း** ဤသို့ စသဖြင့်

ရှိ,မရှိ သဘာဝတို့ကို (ပြုသင့် ပြုထိုက်သည်တို့ကို ပြု၍ ပယ်သင့် ပယ်ထိုက်သည် တို့ကို ပယ်ကြရန် တို့ပါ) နည်းအမျိုးမျိုး ပြု၍ ဟောဘော် ညွှန်ပြလျက် သံသရာ တည်းဟူသော ဝဋ်ဆင်းရဲမှ ကယ်တင် ထုတ်ဆောင်၍ နိဗ္ဗာန် တည်းဟူသော ကမ်းတဘက်သို့ လှမ်းတက် ကူးမြောက် နိုင်ကြရန် နည်းပေးညွှန်ကြားနိုင်သောအစွမ်း သတ္တိ ရှိတော်မူကြလေသည်။

သို့ဖြစ်၍ သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညု ခေတ်မျိုးသည် ရုပ် နာမ် ဓမ္မ ပရမတ္ထ သဘာဝတရားတို့နှင့် သိသင့် သိထိုက် သည်တို့ကို ထင်ရှားပိုင်ပိုင် သိရှိနိုင်သည် ဖြစ်သောကြောင့် ခေတ်အပေါင်းတို့တွင် အထူးချွန်ဆုံး အထက်တန်း ကျ၍ အကောင်းဆုံး ဖြစ်သော ခေတ်ဟု ဆိုထိုက် လေသည်။ ထိုခေတ်မှ တပါးသော ခေတ်တို့၌ကား ရုပ်နာမ် ဓမ္မ ပရမတ္ထသဘာဝတရားတို့ကို ထင်ရှားပိုင်ပိုင် သိရှိနိုင်ဘို့ မဆိုထားဘိ အမည်မျှ ကိုသော်မှ ကြားသိ နိုင်ဘို့ရာ ခဲယဉ်းလှလေသည်။

ထိုသို့ ဖြစ်သော် ငါသည် အဘယ်ခေတ်၌ ရောက်နေ သနည်းဟု မိမိကိုယ်ကို မေးစစ်ကြည့်ရန် လိုတော့သည်။ ထိုသို့ မေးစစ်ကြည့်သောအခါ ငါသည် အထူး အချွန်ဆုံး အထက်တန်းကျ၍ အကောင်းဆုံး ဖြစ်သော ဗုဒ္ဓရှင်ချစ် သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညု သာသနာခေတ်၌ တိုးမိ ကြုံမိ ရောက်ရှိနေပါကလား၊ ထိုသို့တိုးမိကြုံမိလျက်လူ့အဖြစ်ကို ရရှိ လာခဲ့သည် မှာလည်း **ကာဏကစ္ဆပသုတ်လာ**

လိပ်ကန်းခေါင်း ထမ်းပိုးစွပ်မိတ္တိုရာ ခဲယဉ်းသည်ဆိုသော ဥပမာကဲ့သို့ ဖြစ်ချေသည်။ ငါသည် အင်မတန် ကံကောင်း ထောက်မလှိုသော ဒီခေတ်အခါ ဒီသာသနာ တော်ကြီးနှင့် တိုးမိ ကြုံမိရတာ ပါကလားဟု အမြေဖြွက်လာပေမည်။

ထိုသို့ဖြစ်လျှင် ဗုဒ္ဓရှင်ချစ် ထိုသမ္မာ သမ္ဗုဒ္ဓ သဗ္ဗညု သာသနာခေတ်သည် သိသင့်သိထိုက်သောသဘာဝတို့ကို သိ၍ ချမ်းသာကို ဆောင်နိုင်သည် ဖြစ်သောကြောင့် ငါတို့သည် ထိုသိသင့်သိထိုက်သည်တို့ကို အသိသုံးပါးဖြင့် သိအောင် ပြု၍ အချမ်းသာဆုံးသို့ ရောက်ရန် ပြုလုပ် ကြိုးစား အပ်လေသည်။

## အသိသုံးမျိုး

၁။ သုတမယဉာဏ်–ကြားသိ,

၂။ စိန္တာမယဉာဏ်–ကြံသိ,

၃။ ဘာဝနာမယဉာဏ်–ပွားသိ,

ထိုအသိ သုံးမျိုး တို့တွင် ဘုရားရှင်မှ တပါးသော သာဝကတို့သည် ကြားသိမှ ကြံသိပွားသိသို့ကူးပြောင်း၍ ကိုယ်တိုင်သိ အမှန် သိတို့ ဖြစ်အောင် ကြိုးစားရပေ လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သမ္မာ သမ္ဗုဒ္ဓ သဗ္ဗညု ဘုရားရှင်တို့ ကဲ့သို့ ဆရာမရှိ မိမိ အလိုလို မသိနိုင် သောကြောင့်တည်း။ ထိုသို့ဖြစ်သော် ကြားသိ ဖြစ်အောင်

ရှေးဦးစွာ ပြုလုပ်ရပေတော့မည်။ ကြားသိ ဆိုသည်ကား ဘုရားဟော ပါဠိတော်များနှင့် အဋ္ဌကထာ ဋီကာစသော ကျမ်းတို့ကို သင်အံ လေ့ကျက် ဆောင်ရွက်ခြင်းကိုရင်း ထိုကျမ်းတို့နှင့် လျော်ညီသော ထိုထိုပညာရှိများ ရေးသား သော ကျမ်းတို့ကို ကြည့်ရှုလေ့ကျက်ခြင်း ပြုသည်ကိုရင်း ထိုပါဠိတော်စသော ကျမ်းတို့နှင့်ကိုက်ညီစွာ ဆရာသမား ဓမ္မကထိက ပုဂ္ဂိုလ်များက နည်းပေး ညွှန်ပြသဖြင့် နာယူ မှတ်သားခြင်း တို့ကိုရင်း ဆိုလို ပေသည်။ ပရိယတ္တိ ပင်တည်း။

အကျဉ်းချုပ်အားဖြင့်ဆိုရသော် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု သာသနာခေတ်၌ သာသနာနှစ် ထက်ဝက်ရှိသော ယခု အချိန်သည် ပရိယတ္တိသာသနာထွန်းကား နေဆဲဖြစ်သည်။ ပဋိပတ္တိ သာသနာသည်လည်း မြန်မာပြည် တဝှမ်းလုံးရှိ အရပ်ရပ် ဒေသများ၌ ကိုယ်တိုင်သိ အမှန်သိ ဖြစ်အောင် ကမ္မဋ္ဌာန စသော တရားတို့ကို အားထုတ် ကြိုးစားနေကြ သဖြင့် ထွန်းကားနေဆဲပင် ဖြစ်လေသည်။ ပဋိဝေဓ သာသနာ သည်ကား များစွာပင် မထွန်းကားသော်လည်း အရိယာများ မဆိတ်သော ခေတ်ဖြစ်သဖြင့် ထွန်းကား နေဆဲဟုပင် ဆိုရပေမည်။

ထိုသုံးရပ်သော သာသနာတွင်လည်း ပရိယတ္တိကိုအမှီ ပြု၍ ပဋိပတ္တိ ပဋိဝေဓတို့ ဖြစ်ရသည် ဖြစ်သောကြောင့် ပရိယတ္တိ ဟူသော နည်းပေး လမ်းပြ အခြေခံကောင်းမွန် မှန်ကန်ဖြောင့်မတ်မှ သာလျှင် ပဋိပတ္တိ ဟူသော သမထ

ဝိပဿနာ စသော အကျင့်တရား များသည်လည်း ကောင်းမွန် မှန်ကန် ဖြောင့်မတ်၍ ပဋိဝေဓ ဟူသော မဂ်ဖိုလ်သို့ တန်းတန်း ဖြောင့်ဖြောင့် ဆိုက်ရောက် နိုင်လေသည်။ ထိုသို့ဖြစ်သောကြောင့် ပညာရှင်များက ကိုယ်တိုင် ဆည်းပူး အားထုတ်ကြလျက် မဂ်ဖိုလ်သို့ ရောက်ကြောင်း နည်းကောင်း အကျင့်မှန်ကို အခြေခံလမ်း မမှားရအောင် စာအုပ်များ ရေးသား၍ နည်းပေးတော် မူကြပေသည်။

အရှင် **အဂ္ဂိန္ဒ** မည်သော ငါသည်လည်း သမထ ကမ္မဋ္ဌာန်းကို နှစ်ပေါင်း အတော်ကြာ အားထုတ်ခဲ့ဘူး၍ **ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး**၏ ဦးစီး နာယက တရားပြဆရာတော်ဖြစ်သော **ဦးဂန္ဓမာ** အရှင်မြတ်၏ ခြေတော်ရင်းသို့ရောက်ရှိသောအခါ ဝိပဿနာသို့ ကူးပြောင်း အားထုတ်လေသည်။ ထိုသို့ အားထုတ်ရင်း ဆရာတော်ကြီး၏ ခြေတော်ရင်း၌ပင် ခိုလှုံ၍ ကိုယ်တွေ့ ဉာဏ်ဖြင့် လုပ်ငန်းစဉ်များကို **အရှင်ဓမ္မာနန္ဒ**နှင့် အဖွဲ့ လူကြီးတို့က စေခိုင်း တိုက်တွန်းသဖြင့် စေတနာရှိရှိနှင့် ၂-နှစ်တိုင် တရားဝင်ယောဂီတို့အား နည်းပေးဟောပြော ခဲ့လေသည်။

ထိုသို့ ကိုယ်တိုင်လည်း အားထုတ်၊ တရားဝင် ယောဂီတို့အားလည်းမရှင်းမလင်းတာမရှိစေရအောင် မိမိဉာဏ်မှီသမျှ ကူညီ ဟောပြော ချီးမြှင့်နေဆဲတွင် မိမိရည်ရွယ်ရင်း ရှိခဲ့သည့်အတိုင်း ဘုရားဟော ပါဠိတော်များနှင့် ကိုက်ညီသော သမထ ဝိပဿနာဆိုင်ရာ စာအုပ်တစ်အုပ်

ရေးသားထုတ်ဝေတို့ရာ ဖြစ်ပေါ်လာလေသည်။ ထိုသို့ဖြစ်ပေါ်လာသောအခါ အတန်ကြာစဉ်းစားပြီး ကိုယ်တိုင်ဆည်းပူး အားထုတ်ခဲ့သည့်တို့ကို ဘုရားဟောပါဠိတော်များနှင့် အဋ္ဌကထာဋီကာစသော ကျမ်းတို့ကို တိုက်ဆိုင်ကြည့်ရှု၍ မဂ်ဖိုလ်ဝင် လမ်းမမှားရအောင် သမထ-ဝိပဿနာ လိုရင်းဖြစ်သော အကျင့်တရားတို့ကို ထိုထိုပညာရှင်များကဲ့သို့ စီရင်ရေးသား၍ အလွယ်သဖြင့် စာရှုသူတို့၏စိတ်၌ ရှင်းရှင်းလင်းလင်းဖြစ်၍ သမထ ဝိပဿနာယောဂီများနှင့် ပညာဗဟုသုတ လိုလားသူတိုင်း အကျိုးများလောက်အောင် သူ့အခက်နှင့်သူ အစီအစဉ်ပြုလျက် **သမထ-ဝိပဿနာ အလင်းပြကျမ်း** ဟူသောအမည်ဖြင့် ထုတ်ဝေလိုက်သည် ဖြစ်ပါကြောင်း။

---

# ရည်ရွယ်ချက်

၁။ ငါသည် ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ကျမ်းတို့ကို (၁၀)ဝါအတွင်း ပေါက်ရောက်ကြည့်ရှုနိုင်အောင် သင်ယူမည်။

၂။ မိမိနေရပ်ရှိ ဥပဇ္ဈာယ်ဖြစ်သော ဇလွန်မြို့ ကျုံခမွန်ဆရာတော်ဘုရားကြီး၏ကျောင်းတိုက်အတွင်းရှိ ဘုရားများနှင့်တန်ဆောင်းတော်ကြီး စသော အဆောက်အဦးများကို ပြန်လည်ပြုပြင်ဆောက်လုပ်မည်။

၃။ သမထ ဝိပဿနာတရားများကို ကိုယ်တိုင်ဆည်းပူးအားထုတ်၍ ဘုရားဟော ပါဠိတော်များနှင့် ကိုက်ညီသဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ မျက်စိသဘွယ်ဖြစ်သော စာအုပ်တအုပ် ရေးသားထုတ်ဝေမည်။

ဤရည်ရွယ်ချက် သုံးမျိုးသည် ရဟန်းငယ်ဘဝကပင် ရှိခဲ့သဖြင့် မဆုတ်မနစ်အောင်မြင်သည်အထိ ကြိုးစားခဲ့ရာ ဤစာအုပ်သည် ရည်ရွယ်ချက်သုံးမျိုးလုံး၏ နောက်ဆုံး အောင်မြင်ခြင်းသို့ ရောက်ခြင်းပင်ဖြစ်ပါသတည်း။

**ပညာရှင်များသို့...............**

မေတ္တာရပ်ခံပါသည်......

ဤစာအုပ်သည် လူပြိန်းများ နားလည်လွယ်အောင် စီစဉ်ရေးသားရသဖြင့် အပိုအလိုများ အကယ်၍ ပါရှိသည်ဟု ထင်မြင်ယူဆပါက ရင်းနှီးသောအနေအားဖြင့် မိမိတို့ ယူဆချက်ကို ဘုရားဟော ပါဠိတော်များနှင့်

ကိုက်ညီစွာ ရေးသားပေးပို့ပါက ကျေးဇူးတင်ရှိမည် ဖြစ်ပါကြောင်း။ ရေးသားပေးပို့ခြင်းမပြုနိုင်ပါက သည်းခံကြစေလိုပါသည်။

**အရှင်အဂ္ဂိန္ဒ** ကိုယ်တော်ကြီး

ဟံသာဝတီ ဓမ္မကထိက

ကျုံခမွန်ကျောင်းတိုက်

ဇလွန်မြို့။

# ကျေးဇူးတင်လျက်

မူအဖြစ် အကြမ်းအားဖြင့် ရေးသားပြီး ဖြစ်သော သမထ- ဝိပဿနာ အလင်းပြ ကျမ်းကို အမြန်ဆုံး ထုတ်ဖော်၍ တိုင်းပြည်သို့ အသိပေးနိုင်ရန် မူချော အဖြစ် ရောက်အောင် ကူညီဆောင်ရွက်သော ဥက္ကံမြို့ ရေတွင်းကုန်း ဘုန်းကြီး အရှင် ဥတ္တမထေရ်အား ၎င်း၊ စာအုပ်အဖြစ် ရောက်အောင် ကြပ်မကြည့်ရှု ပြင်ဆင် ဆောင်ရွက်ပေးသော ဗုဒ္ဓသာသနာပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏ ဟံသာဝတိဓမ္မကထိက အရှင်ဓမ္မာနန္ဒနှင့် ဒဂုန် ဦးထွန်းမြင့်အား၎င်း အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း။

(ပုံ) အရှင်အဂ္ဂိန္ဒကိုယ်တော်ကြီး
(၂၉-၆-၅၆)



သမထ-ဝိပဿနာ

# အလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနတ္တယံ အဟံ ဝန္ဒာမိ

ဇိနော မယှံ ဇယံ ဒေတု

---

## လိုက်နာရန်

ယောဂီ ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း အားမထုတ်မီ ရှေ့ အဘို့၌ အောက်ပါ အချက် များကို ရှေးဦးစွာ လိုက်နာ ပြုလုပ် ပြီးမှ အားထုတ် ပါက ပိုမို ကောင်းမွန် ပါသည်။

၁။ ဘုန်းတော် ကြီးမြတ်တော် မူသော မြတ်စွာဘုရား တပည့်တော်၏ ကိုယ်နှင့် အသက်ကို အရှင်ဘုရားအား လှူပါသည် အရှင်ဘုရား၊ ဤသို့ဆို၍ မိမိ၏ ကိုယ်နှင့် အသက်ကို မြတ်စွာဘုရားအား လှူပါ။

ဇူဆ္ဆာသယ ၁၄၆-၁

၂။ အမိအဘ ဆရာသမားမှစ၍ (၃၁)ဘုံရှိ သုခိတ-ဒုက္ခိတ သတ္တဝါ အပေါင်းတို့သည် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဤသို့ စသည်ဖြင့် မိမိတတ်နိုင်သ၍ မေတ္တာ ပွားပါ။

၃။ ရတနာသုံးပါး အမိအဘ ဆရာသမားစသော ဂုဏ် အားဖြင့်ရင်း အရွယ် အားဖြင့်ရင်း ကြီးသောသူ စသည်တို့ကို ရည်မှန်း၍ အကျွန်ုပ်သည် ကိုယ်မှုဖြင့်ရင်း, နှုတ်မှုဖြင့်ရင်း,စိတ်မှုဖြင့်ရင်း ပြစ်မှားမိဘူးသော အပြစ်များ ရှိခဲ့သော် အကျွန်ုပ် အပေါ်၌ အပြစ်မထား ငဲ့ညှာသနား သောအားဖြင့် သည်းခံ ခွင့်လွှတ်တော်မူကြပါ တောင်းပန် ကန်တော့ပါသည်။ အကျွန်ုပ်ကလည်း သည်းခံကျေနပ်၍ ခွင့်လွှတ်ပါသည်။ ဤသို့တောင်းပန် ဝန်ခံပါ။

၄။ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား တည့်တော်အား **သမထ**-ဖြစ်စေ **ဝိပဿနာ**-ဖြစ်စေ မိမိပွားများလိုသော ကမ္မဋ္ဌာန်း တခုခုကို အမည်တပ်၍-ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါ ဘုရား။ ဤသို့ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတောင်းပါ။

ပြဆိုခဲ့သော အချက်လေးချက်ကို လိုက်နာပြုလုပ်ပြီးလျှင် မိမိထိုင်တတ်သလို ထိုင်၍ မိမိပွားများလိုသော ကမ္မဋ္ဌာန်း တခုခုကို ပွားများပါ။ ဤသို့ ပြုလုပ်ခြင်းဖြင့် ကမ္မဋ္ဌာန်း အားထုတ်မှု၌ ဘေးအန္တရာယ် ကင်းရှင်း၍ ကောင်းမွန်စွာ အားထုတ်နိုင်ပါသည်။

## စရိုက် အကြောင်း

ဣရိယာပထတော ကိစ္စာ၊ ဘောဇနာ ဒဿနာဒိတော၊
ဓမ္မပဝတ္တိတော စေဝ၊ စရိယာယော ဝိဘာဝယေ။
ဝိသုဒ္ဓိမဂ်။

ဣရိယာပထတော၊ ဣရိယာပုထ်အားဖြင့်၎င်း။ ကိစ္စာ ဘောဇနာ ဒဿနာဒိတော၊ကိစ္စ ဘောဇဉ် ကြည့်ခြင်းအစ ရှိသော အားဖြင့်၎င်း။ ဓမ္မပ္ပဝတ္တိတော စေဝ၊ တရားတို့၏ ဖြစ်ခြင်း အားဖြင့်၎င်း။ ဣတိ၊ ဤသို့။ စရိယာယော၊ စရိုက် တို့ကို။ ဝိဘာဝယေ၊ ထင်ရှားပြရာ၏။

**စရိုက်ဆိုတာ** ပင်ကိုရိုးရာ သူတကာ ဖြစ်နေကျထက် လွန်လွန်ကဲကဲဖြစ်တတ် သည်ကို ခေါ်သည်။ စရိုက်သည် ရာဂ, ဒေါသ, မောဟ, သဒ္ဓါ, ပညာ, ဝိတက် ဟူ၍ (၆) ပါး အပြားရှိသည်။ ထိုစရိုက်သည် လူတို့၌ တပါးဖြစ်စေ နှစ်ပါးဖြစ်စေ သုံးပါးဖြစ်စေ တွဲလျက် ရှိတတ်သည်။ ဤသူသည် အဘယ်စရိုက်ရှိသည်ဟု အကဲခပ်သိနိုင်မှုမှာ အသွားအလာ အနေအထိုင် အပြောအဆို ဣရိယာပုထ်ကို ၎င်း,လုပ်မှုကိုင်မှုကိစ္စ စားသောက်မှု ဘောဇဉ် ကြည့်ခြင်း အစရှိသော ဒဿနစသည်တို့ကို ကြည့်ရှုအကဲခပ်ခြင်းဖြင့် သိနိုင်သည်။ ထိုစရိုက် (၆) ပါးတို့တွင် ရာဂနှင့် သဒ္ဓါ, ဒေါသနှင့် ပညာ, မောဟနှင့် ဝိတက် စရိုက်တို့သည် သဘောအားဖြင့် တူသလိုလို ရှိတတ်သည်။

ရာဂနှင့် သဒ္ဓါစရိုက် ရှိသောသူသည် ပကတိ သွားမြဲ သွားသည် ရှိသော်ယဉ်ယဉ် ကျေးကျေး တင့်တင့် တယ်

ရာဂ,စရိုက် ရှိသော သူသည် သွေးနီသည်။ ဒေါသစရိုက် ရှိသော သူသည် သွေးညိုသည်။ မောဟစရိုက်ရှိသော သူသည် အမဲသား ဆေးသော ရေလောက်သာ သွေးရောင် ပြောသည်။ သဒ္ဓါစရိုက် ရှိသော သူသည် သွေးဝါသည်။ ပညာစရိုက်ရှိသော သူသည် ပတ္တမြား ကြောင်မျက်ရွဲ ကဲ့သို့ ပြိုးပြိုးပြက် ရှိသည် ဖြူသည်။ ဝိတက်စရိုက် ရှိသော သူသည် ပဲပြုတ်ရေအဆင်း ကဲ့သို့ သွေးရောင်ရှိသည်။ ထိုစရိုက်တို့ ဖြစ်ရခြင်းမှာ ရှေးကံ အကြောင်း မကင်းပေ။ ရှေးဘဝက ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ အခါမှာ လောဘခြံရံ၍ ပြုလုပ်ခဲ့လျှင် လောဘစရိုက်ရှိတတ်သည်။ ဒေါသ ခြံရံ၍ ပြုလုပ်ခဲ့လျှင် ဒေါသစရိုက်ရှိတတ်သည်။ မောဟခြံရံ၍ ပြုလုပ်ခဲ့လျှင် မောဟစရိုက် ရှိတတ်သည်။ သဒ္ဓါတရားခြံရံ၍ ပြုလုပ် ခဲ့လျှင် သဒ္ဓါစရိုက် ရှိတတ်သည်။ သတိပညာ ခြံရံ၍ ပြုလုပ်ခဲ့လျှင် ပညာစရိုက် ရှိတတ်သည်။ မကောင်းသော အကြံ အစည် ထွေထွေလာလာတို့ဖြင့် ခြံရံ ပြုလုပ်ခဲ့လျှင် ဝိတက်စရိုက် ရှိတတ်သည်။ ထို့ကြောင့် နောင် အနာဂတ် ဘဝတို့၌ စရိုက် ဆိုးများ မဖြစ် ရအောင် ကုသိုလ် ကောင်းမှု ပြုလုပ်တဲ့ အခါမှာသတိပညာတို့ဖြင့် ခြံရံပြုလုပ်ကြရမည်။ သို့မှ နောင်ဖြစ်လတံ့သော ဘဝတို့၌ စရိုက် ကောင်းများ ဖြစ်နိုင်၍ ကောင်းမှုကုသိုလ် တိုးပွားပေမည်။

## စရိုက်-၆ ပါးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

၁။ ရာဂစရိုက်ရှိသော သူသည် အသုဘ (၁၀)ပါး, ကာယဂတာသတိ ဤ (၁၁)ပါးသော ကမ္မဋ္ဌာန်း တို့နှင့် သင့်လျော်ပေသည်။

၂။ ဒေါသစရိုက်ရှိသော သူသည် အပ္ပမညာ(၄)ပါး၊ နီလ,ပီတ,လောဟိတ, ဩဒါတဟု ဆိုအပ်သော ဝဏ္ဏကသိုဏ်း (၄) ပါး၊ ဤ (၈)ပါးသော ကမ္မဋ္ဌာန်း တို့နှင့် သင့်လျော်သည်။

၃။ မောဟနှင့် ဝိတက် စရိုက်ရှိသောသူသည် အာနာပါနသတိကမ္မဋ္ဌာန်းနှင့် သင့်လျော်သည်။

၄။ သဒ္ဓါစရိုက်ရှိသောသူသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဤ (၆)ပါးသော ကမ္မဋ္ဌာန်း တို့နှင့် သင့်လျော်သည်။

၅။ ပညာစရိုက်ရှိသောသူသည်မရဏာနုဿတိ၊ဥပသမာနုဿတိ၊စတုဓာတုဝဝတ္ထာန်၊ အာဟာရေပဋိကူလသညာ၊ဤ(၄)ပါးသော ကမ္မဋ္ဌာန်းတို့နှင့် သင့်လျော်သည်။

ဆိုခဲ့ပြီးသော (၃၀)သော ကမ္မဋ္ဌာန်းတို့မှ ကြွင်းကုန်သော ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကဟု ဆိုအပ်သော ကသိုဏ်း(၆)ပါး၊ အာရုပ္ပ(၄)ပါး၊ ဤ(၁၀)ပါးသော ကမ္မဋ္ဌာန်း တို့သည် အလုံးစုံသော စရိုက်(၆)ပါးလုံးနှင့် သင့်လျော်သည်။

ကသိုဏ်းတို့တွင် အလုံးစုံငယ်သော ကသိုဏ်းဝန်းသည့် ဝိတက်စရိုက် ရှိသူအား၊ ကြီးသော ကသိုဏ်းဝန်းသည့် မောဟ စရိုက်ရှိသူအား သင့်လျော်သည်။

ရာဂကိုပယ်ခြင်းငှါ အသုဘကမ္မဋ္ဌာန်းကို ပွါးအပ်သည်။
ဒေါသကိုပယ်ခြင်းငှါ မေတ္တာကို ပွါးအပ်သည်။
ဝိတက်ကိုပယ်ခြင်းငှါ အာနာပါနသတိကို ပွါးအပ်သည်။
မာနကိုပယ်ခြင်းငှါ အနိစ္စသညာကို ပွါးအပ်သည်။

ကမ္မဋ္ဌာန်း အားထုတ်လို သူတို့ သည် ပြဆို ခဲ့သော ကမ္မဋ္ဌာန်း(၄၀)တို့တွင် မိမိတို့၏ စရိုက်နှင့် သင့် မသင့် နှိုင်းချိန်၍ သင့်လျော်မည် ထင်သော ကမ္မဋ္ဌာန်း တခုခုကို ပွါးများအားထုတ်သင့်သည်။

---

## ဈာန်ရသောကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်း(၄၀)တို့တွင်ဗုဒ္ဓါနုဿတိ အစ မရဏာနုဿတိ အဆုံးရှိသော အနုဿတိ(၈)ပါး၊ အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန်၊ ဤ(၁၀)ပါးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရ သမာဓိသာရသည်။ အပ္ပနာဈာန်မရ။ ဤ(၁၀)ပါးမှ ကြွင်းသော ကမ္မဋ္ဌာန်း(၃၀) တို့သည် ဥပစာရ သမာဓိလည်းရှိသည်။ အပ္ပနာဈာန်လည်းရသည်။

ဈာန်ရသော ကမ္မဋ္ဌာန်း (၃၀) တို့တွင် ကသိုဏ်း(၁၀)ပါး၊ အာနာပါနသတိ၊ဤ(၁၁)ပါးသော ကမ္မဋ္ဌာန်းတို့သည် ရူပါဝစရပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်တိုင်အောင် ရသည်။

အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊ ဤ (၁၁)ပါးသော ကမ္မဋ္ဌာန်းတို့သည် ရူပါဝစရ ပထမဈာန် ကိုသာ ရသည်။

မေတ္တာ ကရုဏာ မုဒိတာ ဤ(၃)ပါးသည် ရူပါဝစရ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် (၄)ပါးကိုရသည်။

ဥပေက္ခာ (၁)ပါးသည် ရူပါဝစရ- ပဉ္စမဈာန်ကိုသာ ရသည်။

အာရုပ္ပ ကမ္မဋ္ဌာန်း (၄)ပါးသည် အရူပဈာန်(၄)ပါး ကိုသာ ရသည်။

---

## နိမိတ် (၃)ပါး ထင်ခြင်း

အလုံးစုံသော ကမ္မဋ္ဌာန်း (၄၀)တို့၌ ပထဝီကသိုဏ်း စသော အာရုံဟူသော ပရိကမ္မနိမိတ်သည် စ၍ပွားများလျှင် ရှေးဦးစွာ ထင်သည်။ ထို့နောက် ထိုအာရုံကိုပင် စိတ်ဖြင့် ထင်အောင် အဖန်တလဲလဲ ပွားများ၍ စိတ်၌ ထင်သော အာရုံဟူသော ဥဂ္ဂဟနိမိတ်သည် နှစ်ကြိမ် မြောက် ထင်သည်။ ထိုနောက်မှ ထိုစိတ်၌ ထင်သော အာရုံကို အဘန်ဘန် ပွားများ၍ ထိုအာရုံ၏ အတုအစား အခြားထင်ပြန်သော အာရုံဟူသော ပဋိဘာဂနိမိတ်သည် သုံးကြိမ် မြောက်ထင်သည်။ ပဋိဘာဂ နိမိတ်ထင်လျှင် မချွတ်မလွဲ ဈာန်ရတော့မည် ဖြစ်၍ စကြာမင်းဖြစ်လတ့်

သော သန္တေကဲ့သို့ ပဋိဘာဂ နိမိတ်ကို မပျောက် မပျက် ရအောင် လုံခြုံစွာ စောင့်ရှောက်အပ်သည်။

ထိုနိမိတ် (၃)ပါးတို့တွင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် နှစ်ပါးကို ကမ္မဋ္ဌာန်း(၄၀)လုံး၌ ရအပ်သည်။အတုအစား ထင်သော ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း (၁၀)ပါး အသုဘ(၁၀)ပါး ကာယဂတာသတိ အာနာပါနဿတိ ဤ(၂၂)ပါးတို့၌သာ ရအပ်သည်။ ကြွင်းသော(၁၈)ပါး တို့၌ မရအပ်။

၁။ ဖြဦးမည်.... ယောဂီ ပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်းဝန်းစသည်ကို ကြည့်၍ ပွားများမှုကို ပရိကမ် ဟု ဆိုသည်။ ပရိကမ္မနိမိတ်ဟူ၍လည်း ခေါ်သည်။

၂။ ပွားများ လတ်သော် မျက်စေ့ မှိတ်သော်ရင်း ဖွင့်သော်ရင်း မျက်စေ့ဖြင့် မြင်သကဲ့သို့ မြင်နေသော အခါ ဥဂ္ဂဟနိမိတ်ဟု ဆိုသည်။ ထိုအခါ မိမိနေရာသို့ ဝင်၍ ပွားများအပ်သည်။ တလွှာ ဘိနပ်, တောင်ဝှေးကို ဆောင်အပ်သည်။

ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်နှစ်ပါးတို့၏ **အထူးကား** ဤသို့တည်း၊ ဥဂ္ဂဟနိမိတ်၌ ကသိုဏ်းဝန်း၏ လက်ရာ စသော အပြစ်သည် ထင်သည်။ ပဋိဘာဂနိမိတ်သည် အိတ်ထဲမှ ထုတ်သော ကြေးမုံဝန်း မှန်ဝိုင်း ကဲ့သို့ရင်း, ကောင်းစွာ ပွတ်တိုက်အပ်သော ခရုသင်း-ကန္တကမာ ခွက်ကဲ့သို့ရင်း, တိမ်တိုက်ကြားမှ ဘွားကနဲ ထွက်လာ သော လ-ပြည့်ဝန်းကဲ့သို့ရင်း, မိုးစမ်းတိမ်ညိုဝ၌ ဖြူဖွေး

သော ဥဗျိုင်းကဲ့သို့ရင်း ဥဂ္ဂဟနိမိတ်ကို ဖေါက်ထွင်း၍ ထွက်သကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆ,ရာထောင်မက အလွန် စင်ကြယ်သည် ဖြစ်၍ ထင်သည်။ ထိုသို့ထင်သော ပဋိဘာဂနိမိတ်သည် အဆင်းသဏ္ဌာန်မရှိ၊ စက္ခုဝိညာဏ် ဖြင့် မသိကောင်း၊ လက္ခဏာရေးမတင်နိုင်၊ သက်သက် ဥပစာရသမာဓိရသော ပုဂ္ဂိုလ်အား ထင်သော အခြင်း အရာမျှ ဖြစ်၍ ဤအရာသည် သညာကြောင့်ဖြစ်ခြင်း သည်ဇပေတည်း။ ထို ပဋိဘာဂ နိမိတ် ဖြစ်သည်မှစ၍ နီဝရဏ တို့သည် ကွာကုန်၏။ ကိလေသာ တို့သည် ငြိမ်ဝပ်စွာ နေကုန်၏။ ဥပစာရ သမာဓိသည် စိတ်ကို ကောင်းကောင်း ထားတတ်သည် ဖြစ်၍ ထိုသမာဓိမျိုးကို ရအောင် အားထုတ်ရသည်။ ။

---

## ဘာဝနာ သုံးပါး

အလုံးစုံသော ကမ္မဋ္ဌာန်း (၄၀)တို့၌ ပထဝီ, ပထဝီ အစရှိသည်ဖြင့် ရေးဦးစွာ ပွားများခြင်းဟူသော ပရိကမ္မ ဘာဝနာကို ပြုအပ်သည်ချည်းဖြစ်သည်။ ထိုသို့ ပထဝီ, ပထဝီ အစရှိသည်ဖြင့် ရှေ့ဦးစွာ ပွားများ ခြင်းကို ပြုခြင်းသည် ပရိကမ္မ ဘာဝနာ ခေါ်သည်။ ထိုနောက် ယခင်ပွားများရင်း ကမ္မဋ္ဌာန်းကိုပင် မျက်စိဖြင့်မြင်သကဲ့သို့ စိတ်ဖြင့် ထင်အောင် ပွားများခြင်း ဟူသော ဥပစာရ ဘာဝနာကိုလည်း ပြုအပ်သည်။ ထိုသို့ ယခင် ပွားများ

ရင်း ကမ္မဋ္ဌာန်းကိုပင် မျက်စိဖြင့် မြင်သကဲ့သို့ စိတ်ဖြင့် ထင်အောင် ပွားများသဖြင့် ထင်သည်ကို ပွားများခြင်း သည် ဥပစာရဘာဝနာခေါ်သည်။ ထိုနောက်မှ ထိုသို့ စိတ်၌ ထင်သော ကမ္မဋ္ဌာန်းကို မျက်စိဖြင့်မရှုဘဲ စိတ်၌ ထင်သော အတုအစား ကိုသာ ပွားများဘန် များသဖြင့် ဈာန်ဟူသော အပ္ပနာဘာဝနာ ဖြစ်သည်။

**ဈာန်ဆိုသည်မှာ** အာရုံ၌ စိတ်ကိုထား၍ ထိုအာရုံကို ပင် ကပ်၍ရှုနေနိုင်သည်ကို ခေါ်သည်။

**အပ္ပနာ ဆိုသည်မှာ** အာရုံ၏ စိတ်၌ နှီးစွာသော အကြောင်းရှိသည်။ ထိုသို့ဖြစ်၍ ဈာန်နှင့်အပ္ပနာ မထူးခြား သည်ကို သိအပ်သည်။ ပရိကမ်မှ ဥပစာဖြစ်ရသည်။ ဥပစာမှ ဈာန်အပ္ပနာ ရနိုင်သည်။ ပရိကမ်ရှေ့, ဥပစာ အလည်, အပ္ပနာနောက်ဆုံးမှ ဖြစ်ရသည်။

ထိုဘာဝနာသုံးပါးတို့တွင် ဗုဒ္ဓါနုဿတိအစ မရဏာ နုဿတိအဆုံးရှိသောအနုဿတိ(၈)ပါး၊သညာ,ဝဝတ္ထာန် ၏(၁၀)ပါးတို့၌ ဥပစာရ ဘာဝနာကိုသာ ရအပ်သည်။ ကာမာဝစရသမာဓိမျှသာတည်း။ ကြွင်းသော ကမ္မဋ္ဌာန်း (၃၀)တို့၌ကား အပ္ပနာ ဘာဝနာကိုလည်း ရအပ်သည်။ ဈာန်သမာဓိတိုင်အောင်ရသည်။

---

## ကမ္မဋ္ဌာန်း လေးဆယ်

ကသိုဏ်း(၁၀)ပါး၊ အသုဘ(၁၀)ပါး၊ အနုဿတိ (၁၀)ပါး၊ ဗြဟ္မဝိုရ်(၄)ပါး၊ အာဟာရေ ပဋိကူလသညာ

(၁)ပါး၊ စတုဓာတုဝဝတ္ထာန် (၁)ပါး၊ အာရုပ္ပ(၄)ပါး အားဖြင့် အလုံးစုံကိုပေါင်းသော် ကမ္မဋ္ဌာန်း(၄၀)ရှိသည်။

---

## ကသိုဏ်း(၁၀)ပါး

၁။ ပထဝီကသိဏဥ္စ- မြေဟူသော ကသိုဏ်းဝန်း။
၂။ အာပေါကသိဏဥ္စ–ရေဟူသော ကသိုဏ်းဝန်း။
၃။ တေဇောကသိဏဥ္စ- မီးဟူသော ကသိုဏ်းဝန်း။
၄။ ဝါယောကသိဏဥ္စ-လေဟူသောကသိုဏ်းဝန်း။
၅။ နီလကသိဏဥ္စ- ညိုသော အဆင်း ဟူသော ကသိုဏ်းဝန်း။
၆။ ပီတ ကသိဏဥ္စ- ရွှေသော အဆင်း ဟူသော ကသိုဏ်းဝန်း။
၇။ လောဟိတ ကသိဏဥ္စ-နီသော အဆင်းဟူသော ကသိုဏ်းဝန်း။
၈။ ဩဒါတ ကသိဏဥ္စ– ဖြူသော အဆင်း ဟူသော ကသိုဏ်းဝန်း။
၉။ အာကာသ ကသိဏဥ္စ – ပိုင်းခြား အပ်သော ကောင်းကင်ဟူသော ကသိုဏ်းဝန်း။
၁၀။ အာလောကကသိဏဥ္စ-လ,နေ,အစရှိသည်တို့၏ အရောင်ဟူသော ကသိုဏ်းဝန်း။

ဤမှာနီ- ဤ ကမ္မဋ္ဌာန်း တို့သည်။ ဒသကသိဏာနိ နာမ– ကသိုဏ်း (၁၀) ပါးမည်ကုန်၏။

# အသုဘ (၁၀)ပါး

၁။ ဥဒ္ဓုမာတကဉ္စ - ဖူးဖူး တက်၍ ရောင်သော စက်ဆုပ်ဘွယ်ရှိသော အကောင်၎င်း။

၂။ ဝိနီလကဉ္စ-များသောအားဖြင့် ညိုသော အဆင်း ရှိသော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၃။ ဝိပုဗ္ဗကဉ္စ-ယိုစီးသော ပြည်ရှိသော စက်ဆုပ်ဘွယ်ရှိသော အကောင်၎င်း။

၄။ ဝိစ္ဆိဒ္ဒကဉ္စ-နှစ်ပိုင်း ပြတ်သော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၅။ ဝိက္ခာယိတကဉ္စ-ခွေး မြေခွေး အစရှိသည်တို့ အထူးထူး အပြားပြား ကိုက်ခဲသော စက်ဆုပ်ဘွယ်ရှိသော အကောင်၎င်း။

၆။ ဝိက္ခိတ္တကဉ္စ - ခွေး မြေခွေး အစ ရှိသည်တို့ အထူးထူး အပြားပြား ကိုက်ခဲ၍ ထိုထို အရပ်၌ ပစ်သော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၇။ ဟတဝိက္ခိတ္တကဉ္စ-ဓားလက်နက်ဖြင့်သတ်ဖြတ်၍ အထူးထူး အပြားပြား ဖြစ်သော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၈။ လောဟိတကဉ္စ - သွေးယိုသော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၉။ ပုဠုဝကဉ္စ-ပိုးလောက်ပြည့်သော စက်ဆုပ်ဘွယ် ရှိသော အကောင်၎င်း။

၁၀။ အင္ဂြကစ္ဆ- အရိုးချည်းသာ ကြွင်းသော စက်ဆုပ်ဘွယ်ရှိသော အကောင်ရှင်း။

ဣမေ၊ ဤကမ္မဋ္ဌာန်း တို့သည်။ ဒသအသုဘာနာမ၊ အသုဘာ (၁၀)ပါး မည်၏။ ဤဆယ်ပါးတို့သည် မတင့်တယ်သော အာရုံဖြစ်သောကြောင့် အသုဘာ မည်ကုန်၏။

---

## အနုဿတိ (၁၀)ပါး

၁။ ဗုဒ္ဓါနုဿတိစ-ဘုရားရှင်ဂုဏ်ကိုအဘန် တလဲလဲ အောက်မေ့ခြင်းရှင်း။

၂။ ဓမ္မာနုဿတိစ-တရားတော်ဂုဏ်ကို....ရှင်း။

၃။ သံဃာနုဿတိစ-သံဃာတော် ဂုဏ်ကို......ရှင်း။

၄။ သီလာနုဿတိစ-မိမိသီလကို....ရှင်း။

၅။ စာဂါနုဿတိစ-မိမိစွန့်ကြဲခြင်းကို....ရှင်း။

၆။ ဒေဝတာနုဿတိစ - ဤဂုဏ်နှင့် ပြည့်စုံသဖြင့် နတ်ဖြစ်လေ ကုန်သည် ငါလည်း ဤဂုဏ်နှင့် ပြည့်စုံ၏ဟု နတ်တို့ကို သက်သေထား၍ အဘန် တလဲလဲအောက်မေ့ခြင်းရှင်း။

၇။ ဥပသမာနုဿတိစ - နိဗ္ဗာန်၏ ဂုဏ်ကို အဘန် တလဲလဲ အောက်မေ့ခြင်းရှင်း။

၈။ မရဏာနုဿတိစ - သေရ အံ့သည်ကို အဘန် တလဲလဲ အောက်မေ့ခြင်းရှင်း။

၉။ ကာယဂတာသတိ - (၃၂) ပါးသော ကိုယ်အစုကို အောက်မေ့ခြင်းငှင်း။

၁၀။ အာနာပါနဿတိ - ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်းငှ်း။

ဣမေ-ဤကမ္မဋ္ဌာန်းတို့သည်။ ဒသအနုဿတိယော နာမ၊ အဘန်ဘန် အောက်မေ့ အပ်သော အနုဿတိ(၁၀) ပါးမည်ကုန်၏။

ကာယဂတာသတိနှင့် အာနာပါနဿတိ၌ ပဋိဘာဂနိမိတ် ရကောင်းသောကြောင့်အနုမပါ။ကြွင်းရှစ်ပါး၌သာ ပဋိဘာဂ နိမိတ် မရကောင်းသောကြောင့် အနုပါသည်၊ ခဲ၏၊(သတိရှိစေ)။

---

## ဗြဟ္မဝိဟ (၄)ပါး

၁။ မေတ္တာစ-သတ္တဝါတို့၌ ချစ်ခြင်းငှင်း။

၂။ ကရုဏာစ-သတ္တဝါတို့၌ သနားခြင်းငှင်း။

၃။ မုဒိတာစ-သတ္တဝါတို့၌ ဝမ်းမြောက်ခြင်းငှင်း။

၄။ ဥပေက္ခာစ-သတ္တဝါတို့၌ လျစ်လျူရှုခြင်းငှင်း။

ဣမေ- ဤ ကမ္မဋ္ဌာန်း တို့သည်။ စတဿောအပ္ပမညာယောနာမ-အပ္ပမညာ (၄) ပါး မည်ကုန်၏။ ဗြဟ္မဝိဟာရောတိစ-ဗြဟ္မဝိရတရား (၄) ပါး ဟူ၍ လည်း။ဝုစ္စတိ-ဆိုအပ်၏။

ဤလေးပါးတို့သည် အတိုင်းမရှိသော သတ္တဝါတို့ကို အာရုံပြု၍ ဖြစ်သောကြောင့် အပ္ပမညာ မည်ကုန်၏။ မြတ်သော ပုဂ္ဂိုလ်တို့၏ နေရာ ဖြစ်သောကြောင့် ဗြဟ္မ ဝိဟာရလည်း မည်ကုန်၏။ ဗြဟ္မဝိဟာရကို ဗြဟ္မစိုရ်ဟု ရှေးဆရာတို့ အနက်ပြန်သည်။

---

## အာဟာရေ ပဋိကူလသညာ

၁။ အာဟာရေ - မျိုအပ်သော အစာ အာဟာရ၌ ပဋိကူလသညာ-စက်ဆုပ်ဘွယ် ရှိ၏ဟု ထင်မှတ်ခြင်းသည်။ ဧကသညာ နာမ-တခုသော သညာ မည်၏။

---

## စတုဓာတုဝဝတ္ထာန်

၁။ စတုဓာတုဝဝတ္ထာနံ - ပထဝီ အာပေါ တေဇော ဝါယော - ဟူသော မဟာဘုတ်ဓာတ်လေးပါးကို ဆုံးဖြတ်ခြင်းသည်။ ဧကဝဝတ္ထာနံနာမ-တခုသော အဆုံး အဖြတ် ဧကဝဝတ္ထာန်မည်၏။ ဤအမှတ်သညာနှင့် အဆုံး အဖြတ်သည် ကမ္မဋ္ဌာန်း အရေ အတွက်၌ပါဝင်သောကြောင့် တခုသော သညာ, တခုသော ဝဝတ္ထာန် မည်၏ ဟူလို။

---

## အာရုပ္ပ (၄) ပါး

အာကာသာနဉ္စာ ယတနာဒယော - အာကာသာနဉ္စာယတန အစရှိသော ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတန လေးပါးတို့သည်။ စတ္တာရောအာရုပ္ပါနာမ - အာရုပ္ပ ကမ္မဋ္ဌာန်း လေးပါးတို့ မည်ကုန်၏။

ဤလေးပါးတို့သည် ရုပ်မှတပါးသော အာရုံရုံ ဖြစ်စေတတ်သော အရူပဈာန်၏ အခြေဖြစ်သောကြောင့် အာရုပ္ပ ကမ္မဋ္ဌာန်းမည်ကုန်၏

---

## ကမ္မဋ္ဌာန်း စီးဖြန်း ပွားများနည်း

ကမ္မဋ္ဌာန်းစီးဖြန်းပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းကို စီးဖြန်းပွားများလိုသည် ရှိသော် မြေဒွိ တထွာခန့် အဝန်း အဝိုင်း အမှတ်အသားရေး၍ ကသိုဏ်းဝန်း ပြုလုပ်ပွားများရမည်။ကမ္မဋ္ဌာန်းစီးဖြန်းပွားများသော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် မိမိ ပိုင်းခြားသော အဝန်း အဝိုင်း၏ အတွင်း၌ ကျရောက်တည်နေ၍ စိတ်၌ ထင်နိုင်မှုသည် လိုရင်းဖြစ်သည်။

သို့မဟုတ် တထွာခန့် ငွေတခုကို ပြုလုပ်ပြီးလျှင် အပေါက်မပါ ညီညွတ်သော ဝိတ်ဖြင့် မျက်နှာအပြင် ညီညွတ်အောင် တင်းတင်းပြုလုပ်ထားပါ။မျက်နှာအပြင်၌ နိမ့်ခြင်းပေါက်ခြင်း မရှိပါစေနှင့်။ရင်းပြင် မြေကို ညက်စွာ

အမှုန့်ပြု၍ ဝိတ်ပါးပါးနှင့် ချပြီးလျှင် ရေဖြင့် သမအောင် ရောစပ်၍ ယခင် ပြုလုပ် ထားသော ဝိတ်ဝိုင်းမျက်နှာ အပြင်၌ ညီညီသုတ်ပြီး ခြောက်သွေ့အောင် ထားပါ။ တသပ်နှင့် မညီလျှင် နှစ်ထပ်သုံးထပ် ညီအောင် သုတ်ပါ။ ခြောက်သွေ့သောအခါ ယူ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ မိမိ၏ ကိုယ်နှင့် အသက်ကို ဘုရားအားလှူခြင်း မေတ္တာပွါးခြင်း တောင်းပန်ဝန်ခံခြင်း ကမ္မဋ္ဌာန်းတောင်း ခြင်းတို့ကို ပြုလုပ်ပြီးလျှင် ပြုလုပ်ပြီးသောကသိုဏ်းဝန်းကို ရှေ့တည့်တည့် တတောင်ခန့်အတွင်းမှာ ချ၍ ကသိုဏ်း ဝန်းကို ရှုးရှုး စိုက်စိုက် ကြည့်ပြီး ပထဝီ ပထဝီဟု- ပွားများပါ။ ဤသို့ ပြုလုပ် ပွားများ ရသော ကသိုဏ်း ဝန်းသည် ရှေဦးစွာ ထင်ခြင်းသတိကို ဖြစ်စေရန် ပြုလုပ် ရခြင်း ဖြစ်သည်။ ရှေဦး ပရိကမ်ပြုသည်ဟု လည်း ခေါ်ရသည်။ ထိုကသိုဏ်း နိမိတ်သည် ပရိကမ္မနိမိတ် တည်း။ ထိုပရိကမ်ပြုသော ကသိုဏ်းဝန်းကို အဘန်ဘန် ထပ်ခါထပ်ခါ ပထဝီ ပထဝီဟု ပွားများဘန် များသော အခါ ထိုကသိုဏ်း ဝန်းကို မကြည့်သော်လည်း ထင်နိုင် လာပေတော့သည်။ မျက်စိ မှိတ်၍ အာရုံ ပြုလိုက်လျှင် ထိုကသိုဏ်းဝန်း အတိုင်း စိတ်၌ ထင်၍ နေတော့သည်။ ထိုအခါ ဥဂ္ဂဟနိမိတ် ရပြီဟု ခေါ်ဆိုရသည်။ ဤကား နှစ်ကြိမ်မြောက် ထင်ခြင်းဘည်း။ ထိုနောက်မှ ထိုစိတ်၌ ထင်သော အာရုံကိုပင် အဘန်ဘန်ပွားများ၍ ထိုအာရုံ၏ အတုအစား အခြားထင်ပြန်သည်။ ဂုံညင်းခန့် လိမ်မော်

သီး ဥသျှစ်သီးခန့် ပြောင်ပြောင် ဝင်းဝင်း လင်းလင်း စသည် ထင်တတ်သည်။ ထိုသုံးကြိမ်မြောက် ထင်သော နိမိတ်ကို ပဋိဘာဂနိမိတ်ဟုခေါ်သည်။ ထိုသုံးကြိမ်မြောက် ထင်သော နိမိတ်ကို မပျောက်မပျက်ရအောင် ထိန်းသိမ်း ပွားများနိုင်လျှင် ဈာန်ရသည်။ အဘိညာဏ်ကား ပါရမီ အလျောက် ဖြစ်သည်။

---

## ကသိုဏ်း (၁၀) ပါး ပွားများနည်း အကျဉ်း

၁။ ပထဝီကသိုဏ်းကို ပွားများလိုသည် ရှိသော် မြေကို အထက်ပါ အတိုင်း ကသိုဏ်းဝန်းပြု၍ ပထဝီ ပထဝီ ဟူ၍၎င်း မြေ မြေ ဟူ၍၎င်း ကသိုဏ်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၂။ အာပေါ ကသိုဏ်းကို ပွားများလိုသည် ရှိသော် တပေခန့် တထွာခန့် အကျယ်ရှိသော သန့်ရှင်းသော ခွက်၌ ရေသန့်သန့်ထည့်၍ အာပေါ အာပေါ ဟူ၍၎င်း ရေ ရေဟူ၍၎င်း ကသိုဏ်းဝန်းအာရုံ၌ စိတ်ကိုကျရောက် စေ၍ ပွားများရမည်။

၃။ တေဇော ကသိုဏ်းကို ပွားများလိုသည် ရှိသော် ဆီမီးတိုင် ဖြစ်စေ ဖယောင်းတိုင် ဖြစ်စေ ဟာရခုကို ညှိထွန်း၍ တေဇော တေဇော ဟူ၍၎င်း မီးမီး ဟူ၍၎င်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၄။ ဝါယော ကသိုဏ်းကို ပွားများလိုသည် ရှိသော် ထင်လွယ်စေခြင်း အကျိုးငှာ သစ်ခက် သစ်ရွက် တို့ကို လေတိုက်ခတ်သော အခါ လေတိုက်ခတ် မှုကြောင့် လှုပ်ရှားနေသည်ကို ကြည့်၍ ဝါယော ဝါယော ဟူ၍ဖြင့်း လေ လေ ဟူ၍ဖြင့်း လေ ဟူသော ကသိုဏ်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၅။ နီလ ကသိုဏ်းကို ပွားများလိုသည် ရှိသော် သစ်သားညိုညိုကို ဖြစ်စေ သံပြား ညိုညိုကို ဖြစ်စေ အညို ရောင် အဆင်းရှိသော ဆေးကိုညီညွတ်စွာသုတ်၍ ခြောက် သွေ့စေပြီးလျှင် နီလ နီလဟူ၍ဖြင့်း အညို အညို ဟူ၍ဖြင့်း ကသိုဏ်းဝန်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများ ရမည်။

၆။ ပီတ ကသိုဏ်းကို ပွားများလိုသည် ရှိသော် ဝါရွှေသော အဆင်းရှိသော ဆေးရောင်ကို ညီညွတ်စွာ သုတ်၍ ခြောက်သွေ့စေပြီးလျှင် ပီတ ပီတ ဟူ၍ဖြင့်း အရွှေ အရွှေ ဟူ၍ဖြင့်း ကသိုဏ်းအာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၇။ လောဟိတ ကသိုဏ်းကို ပွားများ လိုသည် ရှိသော် နီသော အဆင်းရှိသော ဆေးရောင်ကို ညီညွတ် စွာသုတ်၍ ခြောက်သွေ့စေပြီးလျှင် လောဟိတ လောဟိတ ဟူ၍ဖြင့်း အနီ အနီ ဟူ၍ဖြင့်း ကသိုဏ်းဝန်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၈။ ဩဒါတ ကသိုဏ်းကို ပွားများလိုသည် ရှိသော် ဖြူသော အဆင်းရှိသော ဆေးရောင်ကို ညီညွတ်စွာ သုတ်၍ ခြောက်သွေ့စေပြီးလျှင်ဩဒါတ ဩဒါတ ဟူ၍၎င်း အဖြူ အဖြူ ဟူ၍၎င်း ကသိုဏ်းဝန်း အာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

နီလ, ပီတ, လောဟိတ, ဩဒါတ, ဤ (၄) ပါးကိုဝဏ္ဏ ကသိုဏ်း ဟူ၍လည်း ခေါ်သည်။ အဆင်း ဟူသော အာရုံရှိသည်။

၉။ အာကာသ ကသိုဏ်းကို ပွားများလိုသည်ရှိသော် မိမိနေရာ အိမ်ကျောင်း စသည် အမိုးအကာ တခုခု၌ ဟင်းလင်းပေါက်လျက် ရှိသော အပေါက်ငယ် ကလေး တွေ့ရှိလတ့်၊ထိုအပေါက်ငယ် တခုကို ကသိုဏ်းဝန်းပြု၍ အာကာသ အာကာသ ဟူ၍၎င်း ပိုင်းခြား အပ်သော ဟင်းလင်းပေါက်ဟူ၍၎င်း ကသိုဏ်းဝန်း ပြုထားသော ထိုအာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

၁၀။ အာလောက ကသိုဏ်းကို ပွားများ လိုသည် ရှိသော် လရောင်,နေရောင်, တခုခုကို ကသိုဏ်းဝန်းပြု၍ အာလောက အာလောက ဟူ၍၎င်း အလင်းရောင် အလင်းရောင် ဟူ၍၎င်း ကသိုဏ်းပြုထားသော ထိုအာရုံ၌ စိတ်ကို ကျရောက်စေ၍ ပွားများရမည်။

ကသိုဏ်းဝန်းပြုရသည်မှာ ကသိုဏ်းကို ပွားများရာ၌ ဣန္ဒြာန်း အာရုံ နိမိတ်သည် စိတ်၌ ထင်လွယ်စေရန်

ပြုထားရသည်။ စိတ်၌ထင်လာသော အခါ ထိုကသိုဏ်း ဝန်းကို ခွါ၍ အားထုတ်နိုင် တော့သည်။ ပထဝီ ပထဝီ စသည်ဖြင့် ပွားများရမည် ဆိုသည်မှာလည်း နှုတ်က ရွတ်ဆိုနေရသည်မဟုတ် ကသိုဏ်းအာရုံ၌ ရှုးရှုးမိုက်မိုက် ကြည့်၍ စိတ်ဖြင့် သိမှတ် ပွားများနေရမည်ကို ဆိုသည်။

ဤတွင် ကသိုဏ်း(၁၀)ပါး ပွားနည်း
အကျဉ်း ပြီးသတည်း။

---

## အသုဘ ပွားနည်း အကျဉ်း

အသုဘ ကမ္မဋ္ဌာန်းကို ပွားများ လိုသည် ရှိသော် ဖူးဖူးရောင်သော သူသေကောင်ကိုရှု၍ ရှုးရှုးမိုက်မိုက် မိမိစိတ်၌ စွဲလောက်အောင် ကြည့်လျက် နိမိတ်ယူ၍ အားထုတ် ပွားများမှုသည် အထင်လွယ်ဆုံး ဖြစ်သည်။ တကြိမ်နှင့်မထင်လျှင် နှစ်ကြိမ်သုံးကြိမ်ထင်အောင်ကြည့်။ ဤသို့စသည်ဖြင့်(၁၀)ပါးစလုံး ပွားများရမည်ကိုသိလေ။

---

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားနည်းအကျဉ်း

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများလိုသည် ရှိသော် မြန်မြန်ထင်လွယ်မှုမှာ မြတ်စွာဘုရား၏ ရုပ်ပွား ပုံတော်ကို ရှုးရှုးမိုက်မိုက် မိမိစိတ်၌ ထင်မြင်လောက် အောင် ကြည့်၍ အရဟံ-အရဟံဟူ၍ရင်း, ဂုဏ်တော် တပါးကိုရင်း, နှစ်ပါး သုံးပါးစသည်ကိုရင်း, အဘန်ဘန်

ထပ်ကာထပ်ကာ ပွားများ၍ နေရမည်။ ဤသို့ဖြင့် မိမိစိတ်၌ အာရုံနိမိတ် ထင်လာသောအခါ မြတ်စွာဘုရား၏ ရုပ်ပွားပုံတော်ကို မျက်စိဖြင့် မကြည့်သော်လည်း မျက်စိမှိတ်သော်၎င်း, မမှိတ်ဘဲသော်၎င်း, ပွားများနိုင်တော့သည်။ မိမိစိတ်၌ အာရုံ ပြုတိုင်းပြုတိုင်း အာရုံနိမိတ် ပျောက်မသွားဘဲထင်နိုင်မှုသည်သာ အရေးကြီးသည်။ ပွားများဖန်များသောအခါ အပ္ပနာ ဘာဝနာချာန်ကို မရနိုင်သော်လည်း ယောဂီ ပုဂ္ဂိုလ်၏ စိတ်၌ ကာမ အာရုံများ မဝင်ဘဲ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ ပျောက်ပယ်စေနိုင်ပါသည်။ ကျန်သော ကမ္မဋ္ဌာန်း ပွားနည်းတို့ကို အနက်အားဖြင့် ရေးပြခဲ့သည်ကို ကြည့်၍ ပွားနိုင်ပြီ။ အာနာပါနသတိပွားနည်းကိုသာ ရေးပြပါတော့အံ့။

---

## အာနာပါန ကမ္မဋ္ဌာန်း ပွားများ စီးဖြန်းနည်း

အာနာပါနသတိကမ္မဋ္ဌာန်းကို ပွားများစီးဖြန်းလိုသည် ရှိသော် ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ နှာသီးများ၌ ထွက်လေ, ဝင်လေ, တိုးထိသောအခါ ထင်ရှားသော တနေရာရှိလတ့ံ။ ထိုနေရာကိုအမှတ်အသားပြု၍ ထွက်လေ ထိသည်ကို ထိတိုင်းသိ, ဝင်လေ ထိသည် ကိုလည်း ဝင်တိုင်းသိ, မိမိအမှတ်အသားပြုထားသော ထင်ရှားသော တနေရာကိုသာ အာရုံပြုလျက် ထိတိုင်း-ထိတိုင်း သတိ မလွတ်အောင် သိ-သိ-နေရမည်။ ထိုအခါ မိမိစိတ်က

ဘာကိုမှ မတွေးတော, မကြံစည်ပါနှင့်၊ နှုတ်ကလည်း ဘာကိုမှ မရွတ်ဆိုရ, ထွက်လေ ဝင်လေတို့ ထိသည် ကိုသာ ထိတိုင်းထိတိုင်း သိ-သိနေရမည်။ ထိုသို့ သိနေ ရင်း ရံဘန်ရံခါ အသက်ရှုမှားသွားလျှင် မောတတ်သည်။ ပြင်၍ ရှုပေး, ရှုဘန်-သိဘန် များလျှင် မှုဆိုးဖိုင်သင် ဆိုသကဲ့သို့ မိမိအလုပ်က မိမိကို သင်၍ ပြလိမ့်မည်။ ညောင်းအားကြီးလျှင် တဖြေးဖြေး နေရာ ပြင်၍ ပေး။ ကြမ်းကြမ်းထမ်းထမ်း မပြင်နှင့် နေရာ ပြင်၍ ပြီးလျှင် ရှုမြဲတိုင်းရှု, သိမြဲတိုင်းသိ, ကိုယ်ကို လှုပ်လှုပ်ရှားရှား မရှိစေနှင့်။ ထိုသို့ အားထုတ်သောအခါ မိမိစိတ်က ဘယ်နည်းနဲ့မဆို ပေါက်မြောက် အောင် အားထုတ် မည်ဟု လိုလိုချင်ချင်နှင့် ယုံယုံကြည်ကြည် အားထုတ်ပါ။ သို့မှ မြန်မြန် ခရီးရောက်မည်။ မိမိစိတ်က မယုံ့တယုံ မလိုချင့်လိုချင်နှင့် ပေါ့ပေါ့ဆဆ ဆိုလျှင် ပင်ပန်းရုံသာ ရှိတတ်သည်။ နောက်တခါထပ်၍ အားထုတ်သော်လည်း လွယ်လွယ်နှင့်မဖြစ်၊ ခဲရင်းတတ်သည်။ ယုံယုံကြည်ကြည် အားထုတ်ပါလေ။

ယောဂီပုဂ္ဂိုလ်သည် ဤသို့ နှာသီးဖျား၌ ရှုနေရင်း ကြည့်နေရင်း ရှုဘန်ကြည့်ဘန် များသောအခါ တခါတရံ ၁-စက္ကန့်- ၂-စက္ကန့်မှ စ၍ ၅-မိနစ် ၁၀-မိနစ်ခန့် ကြာအောင် နိမိတ် မြင်လာတတ်သည်။ နိမိတ်ဆိုသည်မှာ အာနာပါန နိမိတ် ၁၂-ပါး ဖြစ်စေ, အခြား နိမိတ်များ ဖြစ်စေ, မြင်လာတတ်သည်။ မြင်သော်လည်း မြင်မှန်း

သိပြီးသည်နှင့် တပြိုင်နက် ထွက်လေ ဝင်လေ ထိသော နှာသီးဖျားမှာပင် စိတ်ကိုထား၍ ထိတာကို သိမြဲတိုင်းသာ သိ၍သိ၍နေ၊ထိုအခါ နိမိတ်အမျိုးမျိုးတွေ့လာတတ်သည်။ ထွက်လေ ဝင်လေ တို့သည် သိနေရင်း သိနေရင်း လေအမြှောင်းကဲ့သို့ ထင်လာတတ်သည်။ထွက်လေသည် နှာသီးဝ၏အပြင်ဘက်သို့ တထွာတတောင် ရောက်အောင် ထွက်သွားသည်။ ဝင်လေသည် လည်ချောင်း - ရင်ဝ ချက်တိုင်အထိ ရောက်သွားသည်။ ဤသို့ ထင်လာတတ်သည်။

အမှာ..... အချို့က ဝင်လေကို ချက်ရောက်အောင် အားထုတ်ရမည်ဟု ထင်နေကြသဖြင့် ချက်ရောက်အောင် တမင်ရှူ၍ သွင်းနေကြသည်။ မလုပ်နှင့် မဖြစ်နိုင်ဘဲ ကြံနိုင်ကြသည် ရှုမြဲတိုင်း, သိမြဲတိုင်း, နေရာမှာသာ သိနေပါ။

ထွက်လေ-ဝင်လေတို့သည် အခိုးတွေကဲ့သို့ရင်း,မြူမြူ မီးခိုးကဲ့သို့ရင်း ထွက်လေဖြင့် နှာသီးဝ၌ ငွေမ်းတွေ အဆင့်ဆင့် ထပ်၍ထပ်၍ မြင့်မြင့်လာသကဲ့သို့ရင်း အမြူ ခိုးတွေ ထွက်လာသောအခါ အမြူခိုးနှင့် ရောလျက် လက်လက်—လက်လက်နှင့် ရွှေချည်ငွေချည်မှုံကလေးတွေ တောက်ပြောင်လျက် မီးပန်းများကဲ့သို့ ဖွါဖွါ ဖွါဖွါနှင့် ပါသွားသကဲ့သို့ရင်း, ထင်လာတတ်သည်။ တခါတရံ ပုလဲလုံးတလုံး ဖြစ်စေ, ပို၍ဖြစ်စေ, ကြီးသည်ဖြစ်စေ, ငယ်သည်ဖြစ်စေ,ထွက်လေ-ဝင်လေနှင့်ရော၍ နှာသီးဝ၌

ထွက်လိုက် ဝင်လိုက် ဖြစ်နေတတ်သည် သမာဓိပို၍ ရင့်လာလျှင် ဤပုလဲလုံးများသည်ခတ်မီးကဲ့သို့ အရောင် လင်းပြီး ဝင်လိုက်ထွက်လိုက် နေတတ်သည်။ထွက်သော အခါ ချက်မှမသည် နှာသီးဝ၏အပြင်ဘက် ထွက်လေနှင့် တကွ ရောက်သွားတတ်သည်။ဝင်သောအခါ ချက်အထိ တောက်လျှောက် ဝင်တာ သိရသည်။ ထိုအရောင်ဖြင့် ဝမ်းထဲက ရှိသမျှကိုတောင် မြင်ရတတ်သည်။တလောက လုံး အလင်းရောင်ချည်း ဖြစ်၍လည်း နေတတ်သည်။ ဤကဲ့သို့ နိမိတ်မြင်နေသောအခါ နိမိတ်ကိုသာ အာရုံပြု၍ သိလျက် သတိရှိလျက် နေတတ်သည်။ နှာသီးဖျား၌ စိတ်မရှိတော့ပြီ။ နိမိတ်ပျောက်သွားသောအခါ နှာသီးဖျား မှာ စိတ်ရောက်လာပြန်သည်။မရောက်လျှင် တမင်ထား၍ ပေးရသည်။

ထို့ပြင် (၃၁) ဘုံ၌ရှိသော အပွင့်အမျိုးမျိုး, အပင် အမျိုးမျိုး, အရောင်အမျိုးမျိုး, တော တောင် ရေ မြေ သမုဒ္ဒရာ တန်ဆောင်း ဂူကျောင်း စရပ် ပြာသာဒ်- စေတီ အလွန် သာယာဘွယ် ကောင်းသော နေရာ ဌာနတို့ရ နေ့, လ, နက္ခတ်စသည် အမျိုးမျိုး တွေ့ရ တတ်သည်။ ခတ်မီးရောင်, အလင်းရောင် ဆလိုက်မီး ထိုးသော အရောင်ကဲ့သို့ တွေ့ရတတ်သည်။ ပိုးစုန်းကြူး, မီးပန်း, မီးကျည်, မီးပွားကလေးတွေ ကဲ့သို့ တွေ့ရ တတ်သည်။ တခါဘုံ သမာဒေဝ နတ်တွေ, ရုက္ခစိုး နတ်တွေ, ဝိဇ္ဇာ-ဇော်ဂျီ, တပသီ, ဖုတ်, ပြိတ္တာ,တစ္ဆေ,

စသည်တို့နှင့် တွေ့ရတတ်သည်။ စကားပင် ပြောရတတ်သည်။သို့ရာတွင် တွေ့တုန်းအခါက လူ-လူ ချင်း တွေ့ရသကဲ့သို့ မထူးဆန်းလှ။ တချို့က အားပေး၍တောင် သွားကြသေးသည်။ တချို့က မိမိကမေးလျှင် ပြောသည်။ အလိုရှိလျှင် လည်း လာတတ်သည်။ ဤအခါ သမထ အားထုတ်သော ယောဂီသည် မိမိအလုပ်ကို မိမိဆက်၍ မလုပ်ဘဲ နတ်တွေနှင့်သာ ပျော်မွေ့၍ နေတတ်သည်။ ဝိဇ္ဇာ ယောင်ယောင် နတ်ယောင်ယောင် နှင့် တော်တော်ကြာ ဘာဘဲဖြစ်တော့ မလိုလို့နဲ့ ရူးသလို ဖြစ်သွား တတ်သည်။ ဤကဲ့သို့နှင့်ပင်တောင်မရောက်မြောက်မရောက်ဖြစ်၍ မိမိရည်ရွယ်ရင်း အလုပ် ပျက်တတ်သည်၊ သတိပြု။မိမိတရားကိုသာ မိမိဆက်၍အားထုတ်။ယောင်တောင်တောင် မလုပ်နှင့် သို့မှ ပေါက်ရောက်မည်။ ပြဆိုခဲ့ ပြီးသော အတိုင်း တွေ့ခဲ့ဘူးသော နိမိတ်အမျိုးမျိုးကို ဥဂ္ဂဟနိမိတ် ခေါ်သည်။ထိုဥဂ္ဂဟနိမိတ်များ အနက်မှ အလွန်ကြည်လင် တောက်ပသော ဖြူသော လင်းသော မကြီးလွန်း မသေးလွန်းသော ဂုံညင်းခန့် လိမ်မော်သီး ဥသျှစ်သီးခန့်ရှိသော နိမိတ်တလုံးလုံးကို မိမိစိတ်က နှာသီးဖျားနှင့်ဟတောင်ခန့် ကွာသော နေရာမှာ မျက်စိ မှိတ်လျက် အာနာပါနကို ရှုနေရင်း မြင်လာ တတ်သည်။ ထို နိမိတ်လုံးကို မှတ်၍ အာနာပါနကိုဘဲရှု။ထိုအခါ မိမိမှတ်ထားသော နိမိတ်လုံးသည် မိမိမြင်လိုသောနေရာ ထားလိုသောနေရာ၌ ရောက်လာ သလိုလို ပျောက်သွားသလိုလို ဖြစ်၍ နေတတ်သည်။

ကြာသောအခါ မပျောက်တော့ဘဲ တကယ်မြင်၍နေတတ်သည်။ မျက်စိဖွင့်၍ ကြည့်တောင် မြင်နေတတ်သည်။ သို့ရာတွင် မျက်စိကို မှိတ်ထား စိတ်ဖြင့် ကြည့်မြဲတိုင်း ကြည့်၊ မြင်အောင်ကြည့်။ ကြည့်ဘန်များလျှင် သမာဓိက ပိုသည်ထက် ပို၍ ခိုင်မြဲသည်ထက် ခိုင်မြဲလာသော အခါ ထိုနိမိတ်လုံးသည် နေရောင်, လရောင်ထက်များစွာ ပို၍ အေး၍ ကြည်၍ လင်း၍ လာလိမ့်မည်။ ထိုအခါ မိမိရှေ့တွင် ငြိမ်၍တည်နေလိမ့်မည်။ ဤကဲ့သို့ နေသောအခါ ပဋိဘာဂနိမိတ်ခေါ်သည်။ ဤပဋိဘာဂနိမိတ်ကို မပျောက် မပျက်စေရ။ ကြည့်၍ကြည့်၍ နေရသည်။ ကြာလျှင် ကြာလေ ငြိမ်လေ ကြာလေ လင်းလေ အေးလေ ကြည်လေ ငြိမ်သက်လေ ဖြစ်လာပြီး နှစ်သက်သော ပီတိ ဖြစ်၍ နေလိမ့်မည်။ ပီတိဖြစ်တယ်ဆိုလျှင် ချမ်းသာဝမ်းမြောက်သော သုခ, မတုန်မလှုပ် ငြိမ်သက် တည်ကြည်သော ကျောက်စာတိုင် ကဲ့သို့ ခိုင်မြဲသော ဧကဂ္ဂတာစိတ်တို့ ဖြစ်လာ တော့သည်။ ထိုအခါ မိမိ စိတ်သည် ပဋိဘာဂ နိမိတ်ထဲရောက်နေ သကဲ့သို့ ပဋိဘာဂနိမိတ်ကို မြင်နေသည်မှ တပါး ဘာကိုမှမသိတော့ပေ၊ ထိုပဋိဘာဂ နိမိတ်သည်ပင် မိမိ မိမိသည်ပင်လျှင် ပဋိဘာဂနိမိတ်ဟူသကဲ့သို့ ဖြစ်နေတတ်သည်။ ထိုအခါ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါငါးနှင့် ပြည့်စုံပြီး ပထမဈာန် ဓော ကျသွား တတ်သည်။ ကောင်းသည်၊ အားထုတ်ကြ ပါလေ။ သမထလမ်း အကျယ်ကို လိုမှ

သောကျွဲတောင် ဆရာတော် ဦးတိလောက ရေးသော ပဏ္ဍိတ ဝေဒနီယကျမ်း၌ကြည့်။

---

## ဈာန်အင်္ဂါငါးပါး

၁။ ဝိတက်-စိတ်ကို မိမိယူလိုသော အာရုံတခုပေါ်သို့ ရောက်အောင် ရှေ့ရှုတင်ပေးခြင်း၊

၂။ ဝိစာရ-ဝိတက်တင်ပေးသော အာရုံ၏ အပေါ်သို့ ထပ်ကာ ထပ်ကာ သုံးသပ်ခြင်း၊

၃။ ပီတိ-ဝိစာရက ထပ်ကာ ထပ်ကာ သုံးသပ်သော အာရုံကို နှစ်သက်ခြင်း၊

၄။ သုခ-ပီတိကနှစ်သက်သည်ကို ဝမ်းမြောက်လျက် ချမ်းသာစွာ ခံစားခြင်း၊

၅။ ဧကဂ္ဂတာ-ပီတိ သုခတို့ နှစ်သက် ခံစားသော အာရုံတခုတည်းကိုသာ စိတ်သည် ငြိမ်သက် တည်ကြည် နေခြင်း၊

ဤ ဈာန်ငါးပါး တို့တွင် ငါးခုမြောက် ဧကဂ္ဂတာ ဈာန်အင်္ဂါစိတ်သည် မိမိယူထားသော အာရုံတခုပေါ်သို့ သာ ငြိမ်သက် တည်ကြည် နေလျှင် ဈာန်သမာဓိ ရပြီဟု ခေါ်ရသည်။

ပီတိနှင့်သုခသဘောကို သထုံမြို့ မြသပိတ်တောင်ခြေရှိ ရွှေကျောင်း ဆရာတော် ဘုရားက အောက်ပါ အတိုင်း

မှတ်ယူအပ်ကြောင်း မိန့်လေသည်။ ထိုဆရာတော်ကြီးသည် သမထနှင့် ဝိပဿနာကို နှစ်ပေါင်း (၂၀) ကျော် အားထုတ်ဘူးခဲ့သဖြင့် သမထနှင့် ဝိပဿနာနှစ်မျိုးလုံး၏ လုပ်ငန်း သဘာဝကို ကောင်းကောင်းကြီး ပြောပြနိုင်သည်။ရေးသူကိုယ်တော်ကြီးမြသဗိတ်တောင်ခြေ၌ တရားအားထုတ်နေစဉ် ထိုဆရာတော်ကြီးသည် သက်တော် (၇၃)ဝါတော် (၅၃)ရှိပြီ။

ခရီးသွားယောကျ်ားသည် ရေငတ်သဖြင့် ရေကို အလိုရှိသောအခါ လမ်းခရီး၌ လူတယောက်ကို တွေ့သဖြင့် ရေကို အလို ရှိကြောင်း ပြောကြား၍ မေးလေသည်။ မိတ်ဆွေ ရှေ့နားမှာ ရေကန်ရှိသည်၊ ကြာမျိုး ငါးပါးနှင့် ပြည့်စုံ၍အေးမြကြည်လင်သော ရေရှိသည်ဟု ပြောသည်။ ထိုအခါ ခရီးသွား ယောကျ်ား၏စိတ်၌ သောက်ရတော့မည်ဟု ဝမ်းသာ သဖြင့် ရေကန်သို့ ရောက်သော အခါ မှော်နှင့်အမှုံတို့ကို ပယ်ရှား၍ နှစ်နှစ် ခြိုက်ခြိုက် သောက်တော့သည်။ ဤကား ဥပမာတည်း။ ဤဥပမာ၌ ရှေ့နားမှာ ရေကန်ရှိသည်။ ကြာမျိုး ငါးပါးနှင့် ပြည့်စုံ၍ ကြည်လင်အေးမြသော ရေရှိသည် ပြောသဖြင့် သောက် ရတော့မည်ဟု ဝမ်းသာသဖြင့် ဖြစ်ပေါ်နေသော စိတ်သည် ပီတိသဘောတည်း။ နှစ်နှစ်ခြိုက်ခြိုက်သောက်နေသောအခါ၌ ဖြစ်ပေါ်နေသော စိတ်သည် သုခ သဘောတည်း။ဤကား ကျမ်းဂန်နှင့်အညီ ပြောရသည်ဟု မိန့်သည်။

## ဈာန်ငါးမျိုး

ဈာန်သည် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်ဟူ၍ ငါးမျိုးရှိသည်။

၁။ ပထမဈာန်သည် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသည်။

၂။ ဒုတိယဈာန်သည် ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါ လေးပါးနှင့် ပြည့်စုံသည်။

၃။ တတိယဈာန်သည် ပီတိ, သုခ, ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသည်။

၄။ စတုတ္ထ ဈာန်သည် သုခ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည်။

၅။ ပဉ္စမဈာန်သည် ဥပေက္ခာ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည်။

ဥပေက္ခာ-ဆိုတာ လျစ်လျူ ရှုသော သဘောကို ခေါ်သည် ပဉ္စမဈာန်အရာ၌ လျစ်လျူ ရှုပုံကား ဧကဂ္ဂတာသည် တခုတည်းသော အာရုံကိုသာ ယူထားသဖြင့် ထိုဧကဂ္ဂတာ ယူထားသော အာရုံကို ပိုမိုခိုင်မြဲစေရန် တပါးသော အာရုံတို့ကို ပဉ္စမဈာန်အင်္ဂါ ဥပေက္ခာသည် လျစ်လျူရှုထား လိုက်သည်။ ဤသို့ ပဉ္စမဈာန် ဥပေက္ခာ သဘောကို မှတ်ယူအပ်သည်။

---

## ဈာန်ဆိုတာ-ဘာလဲ

ဈာန်ဆိုတာ-ကပ်၍ ရှုခြင်းကို ခေါ်သည်၊ ဘာကိုကပ်၍ ရှုသနည်းဆိုသော် အာရုံကို ကပ်၍ ရှုသည်ဟူလို။

ဥပနိဇ္ဈာန လက္ခဏံဈာနံ- ဈာနဝိဘင်း အဋ္ဌကထာ။ ဈာနံ-ဈာန်ဆိုတဲ့ တရားသည်၊ ဥပနိဇ္ဈာနလက္ခဏံ-အာရုံကို ကပ်၍ ရှုခြင်း လက္ခဏာ ရှိ၏၊ တနည်း.......လောဘ စသော ကိလေသာတို့ကို လောင်ကျွမ်းပြာကျ စေတတ် သောကြောင့် ဈာန်ခေါ်သည်။

ကိလေသေ ဈာပေတီတိ ဈာနံ။ ။ဋီကာ။

ကိလေသေ- လောဘ စသော ကိလေသာ တို့ကို၊ ဈာပေတိ၊ လောင်ကျွမ်းပြာကျစေတတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဈာနံ-ဈာန်မည်၏။

ဈာန်သည် ပထဝီကသိုဏ်းအစရှိသော ပညတ်အာရုံ များကို ကပ်၍ ရှုခြင်းဟူသော ဈာန်တမျိုး၊

ပထဝီ အာပေါ တေဇော ဝါယောဟု ဆိုအပ်သော ဓာတ်လေးပါးတို့၏ လက္ခဏာ ဖြစ်ခြင်း ပျက်ခြင်းရှိသော ရုပ်-နာမ် ဓမ္မ အနိစ္စ,ဒုက္ခ, အနတ္တ-စသည်များကို ကပ်၍ ရှုခြင်းဟူသော ဈာန်တမျိုးအားဖြင့် နှစ်မျိုးရှိသည်။

ဈာနန္တိ ဒုဝိဓံဈာနံ အာရမ္မဏူပနိဇ္ဈာနံ လက္ခဏူပနိဇ္ဈာနံ။

ဈာနဝိဘင်း အဋ္ဌကထာ၊ အဋ္ဌသာလိနီ...၁၀၀။

ဇိနတ္ထာသယ ၁၄၆-၃

ဈာနဉ္စ-ဈာန်မည်သည်ကား၊အာရမ္မဏူပနိဇ္ဈာနံ-ပထဝီ ကသိုဏ်း အစရှိသော ပညတ်အာရုံများကို ကပ်၍ရှုခြင်း ဈာန်ရင်း၊ လက္ခဏူပနိဇ္ဈာနံ-ပထဝီ တေဇော အာပေါ ဝါယောဟု ဆိုအပ်သော ဓာတ်လေးပါးတို့၏ လက္ခဏာ ဖြစ်ခြင်း ပျက်ခြင်း ရှိသော ရုပ်-နာမ်-ဓမ္မ အနိစ္စ, ဒုက္ခ, အနတ္တစသည်များကို ကပ်၍ ရှုခြင်းဈာန်ရင်း၊ ဣတိ-ဤသို့၊ ဈာနံ-ဈာန်သည်၊ ဒုဝိဓံ-နှစ်ပါး အပြားရှိ၏။

ယခုအခါ၌ ဈာန်ကိုကား ထိုက်သလို ရရှိနိုင်ကြသည်။ အဘိညာဏ်ကား ရ-မရ-မပြောနိုင်၊အားထုတ်မှုနှင့်ပါရမီ ပေါ်မှာတည်သည်။အားထုတ်မှုရှိသော်လည်းပါရမီမရှိက မဖြစ်နိုင်၊ပါရမီရှိသော်လည်း အားထုတ်မှုမရှိက မဖြစ်နိုင်။ အားထုတ်မှုလည်းရှိ ပါရမီလည်း ရှိပါက သာသနာ ခေတ်နှင့်ကြည့်သော် ဆဠာဘိညာဏ် ရဟန္တာခေတ်မရှိ သော်လည်း လောကီ အဘိညာဏ်ကိုကား ရနိုင်ဘွယ်ရှိ သည်ဟု ယုံကြည်သည်။အချို့ဆရာများကသာသနာတွင်း ဖြစ်သောကြောင့် လောကီ အဘိညာဏ်ကိုပင် မရနိုင်ဟု ဆိုကြသည်။ ရလျှင်ကောင်းသည်၊ အဘယ်ကြောင့်ဆို သော် ပုဗ္ဗေ နိဝါသအဘိညာဏ်တရကိုကြည့်၊ ပုဗ္ဗေနိဝါ သ အဘိညာဏ်သည် ရှေး၌ဖြစ်သော ဘဝခန္ဓာ အစဉ်ကို သိစွမ်းနိုင်သည်၊ မိမိဘယ်ဘဝက လာခဲ့ရသည်ကို သိရ လျှင် ဇာတိဿရ ဉာဏ်ရသော နေမိမင်းကဲ့သို့ သံဝေဂ ဖြစ်နိုင်ဘွယ်ရာ ရှိသည်။ အဘိညာဏ်ကို ရပါမူကား အဘယ်မှာ ပြောဘွယ်ရှိအံ့နည်း ဤသို့ ယူဆမိသတည်း။

တောမိမင်းသားသည် ဘွားမြင်သည်မှနောက် တလ မြောက်လျှင် ထီးဖြူအောက်၌ တန်ဆာဆင်လျက် အိပ်ရာထက် အိပ်စေသော် ကြီးမြတ်သောစည်းစိမ် ကြွက်သရေကို မြင်၍ ငါသည်အဘယ်ဘဝမှ ဤအိမ်ကိုလာသနည်းဟု ဆင်ခြင်လျှင် တာဝတိံသာ နတ်ပြည်မှ လာကြောင်း သိသည်၊ ထိုနောက် ဆက်၍ဆင်ခြင်ပြန်သော်တာဝတိံသာ နတ်ပြည်၌ မဖြစ်မီ ဥဿဒငရဲ၌ အနှစ် ၈၀ စသောင်း တိုင်အောင် ခံရကြောင်း, ငရဲ၌မခံရမီ ထိုဗာရာဏသီ ပြည်၌ပင် မင်းဖြစ်ဘူးကြောင်း,အနှစ် (၂၀) တိုင်အောင် ရှုံးမင်းဖြစ်ဘူးလျက် ငရဲ၌ ခံရကြောင်းများကို တောမိ မင်းသားသိသဖြင့် ထိတ်လန့်ခြင်း သံဝေဂဖြစ်၍ မင်းမပြု လိုသောကြောင့် စကားမပြောဘဲ နေလေသည်။ တဆဲ့ ခြောက်နှစ်သား အရွယ်သို့ရောက်လျှင်ဆွံ့အသောသားကို မွေးသည်ဟု တိုင်းတပါးက ကြားလျှင် ကဲ့ရဲ့ကြမည်ကို မိခင်ဘခင်များက စိုးရိမ်သောကြောင့် သုသာန်သို့ထုတ်၍ အသတ်ခိုင်း လေသည်။ သတ်ပြီး မြေကျင်း၌ မြှုပ်ရန် ကျင်းတူးနေဆဲတွင် ကျင်းတူးနေသော သူအား အသင် ယောက်ျား – ဤကျင်းတူးတာ ဘာလုပ်ဘို့လဲဟု တောမိ မင်းသားက မေးသည်တွင် ထိုသို့ စကားပြောသည်ကို မိဘများ သိသဖြင့် နန်းတော်သို့ ဆောင်ယူ၍ ထီးနန်း အပ်လေသော် မင်းပြုရမည်ကို ထိတ်လန့်သဖြင့် စကား မပြောဘဲ နေခဲ့ ကြောင်းများကို ပြောကြား၍ တောမိ မင်းသားသည် တောထွက်၍ တရား အားထုတ်လေသည်။

ထို့အပြင် မိထိလာပြည် အင်္ဂတိ မင်း၏ သမီးတော် ရုဇာမည်သော ရှင်အာနန္ဒာအလောင်းဖြစ်သော မင်းသမီး သည် အတိတ် ခုနစ်ဘဝ အနာဂတ် ခုနစ်ဘဝတိုင်အောင် သိသည်၊ ရာဇဂြိုဟ်တွင် ရွှေပန်းထိမ်သည်သား ဖြစ်၍ သူ့သားအိမ်ရာ လွန်ကျူးခဲ့ဘူးသော ဘဝကိုရင်း, ထိုပရ ဒါရကံကြောင့် ကောသမ္ဗီပြည်၌ မိန်းမဖြစ်ရသော ဘဝ ကိုရင်း, ထိုပရဒါရကံကြောင့်ပင် ဆိတ်ဘဝ မျောက်ဘဝ နွားဘဝ၌ ဖြစ်၍ဖြစ်၍ သင်းကွပ်ခံရသော အံ့ဘဝကိုရင်း, ထိုကံကြောင့်ပင် နပုန်း ပဏ္ဍုက်ဖြစ်ရသော ဘဝကိုရင်း, ဤသို့သော အတိတ်ခုနစ်ဘဝကိုလည်း သိသည်။ ထိုပရဒါ ရကံ ကြောင့်ပင် သိကြားမင်း မိဖုရား နတ်သမီးဖြစ် လတ္တံ့ သောဘဝ ထိုနောက် ရုဇာမင်းသမီး ဖြစ်လတ္တံ့သော ဘဝ ထိုနောက် တာဝတိံသာ၌တန်ခိုးကြီးသောနတ်သား ဖြစ်လတ္တံ့ သောဘဝ ဤသို့စသည်ဖြင့် အနာဂတ် ခုနစ် ဘဝကိုလည်း သိသည်။ ဤသို့သိသဖြင့် ထိတ်လန့်ခြင်း ဖြစ်၏ဟု ဇာတ်နိပါတ် လာရှိကြောင်း အဘိညာဉ် မဟုတ်သော ဉာဏ်ဖြင့် သိခြင်းသည် ဇာတိဿရ ဉာဏ်ဖြင့် သိကြောင်းများကို မှတ်သားဘူးသည်။

တေမိမင်းသားနှင့် ရှင်အာနန္ဒာ အလောင်းဖြစ်သော ရုဇာမင်းသမီးတို့ သိရခြင်းမှာ အဘိညာဉ်မဟုတ်သော ဇာတိဿရ ဉာဏ်ဖြင့် သိခြင်းပင် ဖြစ်သော်လည်း သိသဖြင့် ထိတ်လန့်ခြင်း ဓမ္မ သံဝေဂ ဖြစ်ရသည်ကို သိသာအောင် ထည့်ပြလိုက်ခြင်း ဖြစ်သည်။ ယခုလို

အရိယာဖြစ်နိုင်သော သာသနာခေတ်မျိုး၌ ထိုပုဂ္ဂိုလ်တို့ ကဲ့သို့ ရှေ့ဖြစ်သော ခန္ဓာအစဉ် နောင်ဖြစ်ရမည့် ခန္ဓာ အစဉ်တို့ကို သိရလျှင် အကျိုးများဘွယ်ရာ ရှိနိုင်ပါသည်။ ထို့ကြောင့် အဘိညာဏ် ရလျှင် ကောင်း၏ဟု ဆိုရ သတည်း။

---

## အဘိညာဏ် (၆) ပါး

၁။ ဣဒ္ဓိဝိဓ အဘိညာဏ်....တန်ခိုးဖြင့် အထူးထူး အပြားပြား ဘန်ဆင်းနိုင်သည်။

၂။ ဒိဗ္ဗစက္ခု အဘိညာဏ်....နတ်မျက်စိ ကဲ့သို့ မြင်ခြင်းငှာ စွမ်းနိုင်သည်။

၃။ ဒိဗ္ဗသောတ အဘိညာဏ်....နတ်နား ကဲ့သို့ ကြားခြင်းငှာ စွမ်းနိုင်သည်။

၄။ ပုဗ္ဗေနိဝါသ အဘိညာဏ်....ရှေး၌ဖြစ်သောခန္ဓာ အစဉ်ကို သိစွမ်းနိုင်သည်။

၅။ အနာဂတံသ အဘိညာဏ်........နောင်ဖြစ် လတ္တံ့ သော ခန္ဓာအစဉ်ကို သိစွမ်းနိုင်သည်။

၆။ ပရစိတ္တ ဝိဇာနန အဘိညာဏ်....သူတပါးတို့၏ စိတ်အကြံကို သိစွမ်းနိုင်သည်။

**အဘိညာဏ် ဆိုသည်ကား** အလွန့်အလွန် ထူးထူး ကဲကဲ သိတတ်သော သဘောကို ခေါ်သည် ဖြဟ္မာ များနှင့် ရှေးအခါ ရသေ့များရှိကြသည်။

## နီဝရဏတရား (၅) ပါး

၁။ ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ၊

၂။ အမျက်ဒေါသဖြစ်ခြင်းဟူသော ဗျာပါဒနီဝရဏ၊

၃။ ငိုက်မျည်းခြင်း ထိုင်းမှိုင်းခြင် ဟူသော ထိန-မိဒ္ဓ နီဝရဏ၊

၄။ စိတ်၏ ပျံ့လွင့်ခြင်း ပူပန်ခြင်း ဟူသော ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ၊

၅။ တွေးတော ယုံမှားခြင်း ဟူသော ဝိစိကိစ္ဆာ နီဝရဏ၊

ဤတရားငါးပါးတို့သည်ကောင်းမှုကုသိုလ်တရားတို့ကို ဝိတ်ပင် တားမြစ်တတ်သည် ဖြစ်သောကြောင့် နီဝရဏ မည်သတည်း။

ပြဆိုပြီးခဲ့သော ဈာန်နှင့် အဘိညာဏ် နှစ်မျိုးတို့တွင် ဈာန်သည် အဘိညာဏ်နှင့် ကင်းပြီး မိမိချည်း ဖြစ်နိုင် သည်။ အဘိညာဏ်ကား ဈာန်နှင့် ကင်း၍ မဖြစ်နိုင်။ အဘိညာဏ်ရသည် ဆိုရာ၌ ဈာန်ရပြီးမှ အဘိညာဏ်ရ ရသည်။ ဈာန်မရဘဲ အဘိညာဏ်မရနိုင် ရရိုးထုံးစံလည်း မရှိ။ ထို့ကြောင့် အဘိညာဏ်ကို အလိုရှိမူ ဈာန်သမာဓိ စိတ်များ ရရှိအောင် ပထဝီကသိုဏ်းစသော သင့်လျော် သော သမထကမ္မဋ္ဌာန်းတခုခုကို နှလုံးသွင်းဆင်ခြင်၍ပွား များ အားထုတ်ကြရသည်။ ထိုသို့ ပထဝီကသိုဏ်းစသော

သမာဓိကမ္မဋ္ဌာန်း ဈာန်တခုခုကို နှလုံးသွင်း ဆင်ခြင်၍ ပွားများ အားထုတ်ပါ များသော အခါ ဥဂ္ဂဟနိမိတ်များ ဖြစ်လာ၍ ထိုဥဂ္ဂဟနိမိတ်များမှ ပဋိဘာဂနိမိတ် တခု ပေါ်လာတတ်သည်။ ထိုပေါ်လာသော ပဋိဘာဂ နိမိတ်ကို မပျောက်မပျက်အောင် လုံခြုံစွာစောင့်ရှောက်၍ စွဲစွဲမြဲမြဲ သုံးသပ် ဆင်ခြင်ပါများလျှင် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသုခများဖြစ်၍ ထိုနိမိတ် အာရုံ၌ပင် ချမ်းသာစွာ ခံစားလျက် ဧကဂ္ဂတာသမာဓိ အပ္ပနာ ဈာန်စိတ်များဖြစ်၍ ဈာနသုခကို ခံစားရသည်။ ထိုအခါ ကာမစ္ဆန္ဒ စသော နီဝရဏတရား ငါးပါးတို့သည် ကွယ်၍, ငုပ်၍,ဝပ်၍, ကုန်တော့သည်။ ထိုရရှိသော ဈာန်သမာဓိကို ရင့်ကျက် ရင့်ကျက်လာအောင် သုံးသပ်ဆင်ခြင်ပါများလျှင် မိမိရရှိသော အာရုံနိမိတ် သမာဓိစိတ်များသည် သန့်ရှင်းသည်ထက် သန့်ရှင်း၍ ကြည်လင်လာတော့သည်။ ထိုအခါမှ အဘိညာဏ်စိတ်များ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ဈာန်ရပြီးမှ အဘိညာဏ်ရသည်ဟု ဆိုသည်။

အကြင်သူသည် ဈာနသုခကို ခံစား လို၍ သော်၎င်း အဘိညာဏ်ကို၎င်း မဂ်ဖိုလ်နိဗ္ဗာန်ကို၎င်း အလိုရှိငြားအံ့။ ထိုသူ၏ ရှေဦးစွာ သမထ သမာဓိကို ထူထောင်နိုင်မှု သည် အကောင်းဆုံးသောနည်းဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် မိမိတို့၏စိတ်သည် သိတတ်တဲ့အချိန် အရွယ်က စပြီး ပေါင်းလွတ်ပဲစား ထားခဲ့သဖြင့် နွားရိုင်းကြိုးလွတ် သဘောမျိုးကဲ့သို့ သွားချင်ရာသွား ရောက်ချင်ရာ ရောက်

ဖြစ်နေခဲ့သည့်မှာ သတိပြု၍ကြည့်ရှုလျှင် ဟုတ်မှန်ကြောင်း မိမိကိုယ်တိုင် ဝန်ခံနိုင်မည်ကား လွဲလိမ့်မည် မဟုတ်ပေ။ ထိုကဲ့သို့ သွားချင်ရာသွား ရောက်ချင်ရာရောက် ဖြစ်နေသော နွားရိုင်းကြိုးလွတ်နှင့် တူသော မိမိ၏ စိတ်လေ, စိတ်လွင့်,စိတ်ရိုင်းကလေးကို သမထ အလုပ်ဖြင့် တဖြေးဖြေး ချော့မော့ ဖမ်းယူ၍ ခြံသွင်းပြီးသကာလ ချည်တိုင်၌ ကြိုးတိုတို့နှင့် ခိုင်ခိုင်မြဲမြဲ ချည်တုပ်၍ ထားရမည်။ သို့မှ ဈာန် ကိုရင်း, အဘိညာဏ်ကိုရင်း, မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ရုပ်နာမ်ဖြစ်ပျက် အနိစ္စ အချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ပိုင်ပိုင်လှလှ ဉာဏ်ဝမှာ ထင်မြင်နိုင်သောဝိပဿနာ ဉာဏ်ပညာကိုရင်း ရရှိနိုင်ကြသည်။ သမထ သမာဓိကို မထူထောင်ဘဲ စိတ်၏ငြိမ်သက်မှု တည်ကြည်မှုကို ဖြစ်စေတတ်သော သမာဓိကို မရနိုင်။ သမာဓိကိုမရလျှင် ဈာန်ကိုရင်း အဘိညာဏ်ကိုရင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောဝိပဿနာ ဉာဏ်ပညာကိုရင်း အဘယ်မှာ ရရှိနိုင်မည်နည်း။ မရရှိနိုင်သည်သာ။ ထိုကြောင့် သမထ သမာဓိကို ရှေးဦးစွာ ထူထောင်မှုသည် အကောင်းဆုံးသောနည်း ဖြစ်သည်ဟု ဆိုသည်။

သမထသည် စိတ်ကို ငြိမ်သက် တည်ကြည်အောင် ပြုတတ်သည်။ ကိလေသာ တို့ကို သမုစ္ဆေဒ အားဖြင့် မပယ် ဖြတ်နိုင် သော်လည်း တဒင်္ဂ-ဝိက္ခမ္ဘန အားဖြင့် ငြိမ်စေနိုင်ရကား အားထုတ်အပ်သည်။ သမထကို စွဲမြဲစွာ

အားထုတ်လျှင် အားထုတ်သော ယောဂီသည် စိတ်အစဉ် သန့်ရှင်း၍ ပူပန် စေတတ် ညစ်နွမ်း စေတတ်သော ကိလေသာ အညစ်အကြေးတို့ ကင်းဝေးစင်ကြယ် သဖြင့် ကာမစ္ဆန္ဒစသော နီဝရဏတရား ငါးပါးတို့သည် ငြိမ်၍ ဝပ်၍ ငုပ်၍ နေသဖြင့် မိမိ ရရှိထားသော သမထ အာရုံ၌ သာ နှလုံးမွေ့လျော်မွေ့လျော် ချမ်းသာစွာ နေရသည်။ ထိုသို့ ဖြစ်သောကြောင့် အနည်းဆုံး ပထမဈာန် သမာဓိလောက် ရအောင် အားထုတ်နိုင်လျှင် ကောင်းလှသည်။ အားထုတ် သော ယောဂီပုဂ္ဂိုလ်သည် ထိုအာရုံဖြင့်ပင် ဤဘဝမှ စုတေ၍ သေလွန်သွားသော် ဗြဟ္မာ့ပြည် ဗြဟ္မာဘဝ၌ ဗြဟ္မာကြီးများဖြစ်ရ၍ ဗြဟ္မာချမ်းသာကိုပင်ခံစားရသည်။ သို့သော် လမ်းမဆုံးသေးပေ။ လမ်းဆုံးအောင်လိုက်လိုလျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်စေ တတ်သော ဝိပဿနာ တရားကို ကူးပြောင်း အားထုတ်ရသည်။ သို့မှ လမ်းဆုံးသို့ ရောက်မည်။

---

**သမာဓိ(၃)မျိုး**

သမာဓိသည် ခဏိက သမာဓိ၊ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိ ဟူ၍ သုံးမျိုး ရှိသည်။ ခဏိက သမာဓိ ဆိုသည်မှာ မိမိအလိုရှိနေသော အာရုံတခု၌ အာရုံပြုလျက် စိတ်တို့သည် အကြိမ်ပေါင်း များစွာ ထပ်ကာ ထပ်ကာ ခဏ ခဏ ဖြစ်နေသည်ကို ခေါ်သည်။ ထိုဖြစ်နေသော စိတ်ထဲမှာ တည်ငြိမ်မှု ဟူသော သဘာဝတရ ပါဝင်

ဖြစ်ပေါ်နေသည်။ထိုသဘာဝသည် ပထမဖြစ်သော စိတ်၌လည်း ပါဝင်ဖြစ်ပေါ်သည်။ထိုအတူ ဒုတိယ တတိယစိတ်စသော နောက်နောက်သော စိတ်တို့၌လည်း ပါဝင်ဖြစ်ပေါ်သည်။ ပထမစိတ်၌ ပါဝင်ဖြစ်ပေါ်သော တည်ငြိမ်မှုထက် ဒုတိယစိတ်၌ ပါဝင် ဖြစ်ပေါ်သော တည်ငြိမ်မှုသည် အရှိန်ရသည်။ အရှိန် ပြင်းသည်။ ဒုတိယ စိတ်၌ ပါဝင် ဖြစ်ပေါ်သော တည်ငြိမ်မှုထက် တတိယ စိတ်၌ ပါဝင် ဖြစ်ပေါ်သော တည်ငြိမ်မှုသည် အရှိန် ရသည်။ အရှိန်ပြင်းသည်။ ဤသို့တဆင့်ထက်တဆင့် နောက်နောက်သောစိတ်တို့၌ ပါဝင်ဖြစ်ပေါ်သော တည်ငြိမ်မှု တို့သည် အလေ့ အထ အရှိန် အဟုန် ပြင်းထန်လာကြ ကုန်သည်။ ထိုအခါ တည်ငြိမ်မှု ထင်ရှားတော့သည်။

**ဥပစာရ သမာဓိဆိုသည်မှာ**—မိမိစိတ်၌ အလိုရှိသလို ပိုင်းခြား၍ ထားလိုသော အဝန်းအဝိုင်း အပိုင်း အခြား အတွင်း၌သာ စိတ်ဖြင့် တည်ငြိမ်စွာနေခြင်းကို ခေါ်သည်။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများရာ၌ ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးလုံးရင်း၊သို့မဟုတ် အရဟံစသော ဂုဏ်တော်တပါးကိုရင်း၊ အာရုံပြု၍ ထိုအရဟံ စသော ဘုရားဂုဏ်တော်အတွင်း၌သာ စိတ်ကိုချုပ်၍ထားနိုင်ခြင်းမျိုးတည်း။ မိမိပိုင်းခြားထားသော ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးမှတပါး တခြားသို့ စိတ် မရောက်ရပေ။ ထိုသို့ ပိုင်းခြားသော အတွင်း၌သာ စိတ်၏တည်ငြိမ်စွာနေခြင်းကို ဥပစာရ သမာဓိခေါ်သည်။

**အပ္ပနာ သမာဓိဆိုသည်မှာ**— မိမိထားသော နေရာ၌သာ တည်ငြိမ်စွာ နေခြင်းကို ခေါ်သည်။ချည်တိုင်၌ ကပ်၍ ချည်ထားသော နွားဏ်၏ တည်ငြိမ်မှု ကဲ့သို့ အာရုံတခု၌ ဝိုင်းခြားသော ကာလအတိုင်း အလိုရှိသမျှ စွဲစွဲမြဲမြဲတည်ငြိမ်မှုဖြစ်လေသည်။

ပြခဲ့သောသမာဓိ(၃)မျိုးလုံးပင် ပညာစခန်း ဝိပဿနာလုပ်ငန်းကို အားပေးသောကြောင့် အနည်းအများဆိုသလို လေ့ကျင့်အားထုတ်သင့်သည်။

ပထမ-ခဏိက သမာဓိရအောင် အားထုတ်ရမည်။
ဒုတိယ-ဥပစာရသမာဓိမျိုးရအောင် အားထုတ်ရမည်။
တတိယ-အပ္ပနာသမာဓိမျိုးရအောင် အားထုတ်ရမည်။

သို့သော် အပ္ပနာသမာဓိကို မှုကား ဈာန်စိတ်နှင့် အဘိညာဏ် စိတ်မျိုးကိုရလိုမှအားထုတ်ပါ။မဂ်လမ်းဖိုလ်လမ်းကို ရလိုသောသူသည် ခဏိက သမာဓိ ဥပစာရ သမာဓိမျိုးဖြင့် ဝိပဿနာကိုသာ ကျိုးစား အားထုတ် သင့်သည်။ ဈာန်အဘိညာဏ်လမ်းသို့လိုက်၍ ဈာန်အဘိညာဏ်တို့ကို ရသော်လည်း လမ်းမဆုံးသေး။ လောကုတ္တရာ မဂ်ဖိုလ်ကျမှ လမ်းဆုံးသည်။ ထိုခဏိက သမာဓိ ဥပစာရ သမာဓိ ရသောအချိန်သည် ဈာန်လမ်း မဂ်လမ်းနှစ်ခုခွဲဘို့ဖြစ်သည်။ ဈာန်ပြီးမှ မဂ်ဆိုလျှင် လမ်းရှည်နေတော့သည်။ ယခုလို သာသနာခေတ်နှင့် ကြုံကြိုက်ရတဲ့ အခါအရင်လိုသဖြင့် လမ်းတိုတိုနှင့် မဂ်လမ်း ဖိုလ်လမ်းသို့

လိုက်လိုလျှင် ဝိပဿနာကိုသာ တက်ပေတော့။ မဂ်ဖိုလ် ဆိုသည့်ကား သာသနာခေတ်နှင့် ကြုံကြိုက်ရတဲ့အခါ၌ သာ ရနိုင်သည်။ သာသနာပ အခါ တို့၌ ရကောင်း သိကောင်းသော တရားမျိုး မဟုတ်။ ဈာန် အဘိညာဏ် တို့က သာသနာတွင်း သာသနာပ နှစ်ရပ်လုံး၌ ရနိုင်ကြ သည်။ ထို့ကြောင့် ရခဲသော တရားမျိုးကို ရအောင် အားထုတ်နိုင်မှုသည် ပိုမို အရေးကြီးသည် ဟု မှတ်ယူ အားထုတ်အပ်သတည်း။

တရားအားထုတ်သော ယောဂီတို့ဆက်ဆံအပ်မဆက် ဆံအပ်သည်တို့ကို ဝိသုဒ္ဓိမဂ် လာသည် အတိုင်း သိသာရုံ ထည့်သွင်း ပေါ် ပြပါအံ့။

## အဆွေ့ ခင်ပွန်းကောင်း

ဝိယော, ဂရု, ဘာဝနီယော၊
ဝတ္တာစ, ဝစနက္ခမော။
ဂမ္ဘီရဉ္စ, ကထံ ကတ္တာ၊
နောစာဌာနေ နိယော ဇယေ။

ဝိသုဒ္ဓိမဂ်။

၁။ သီလ စင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊
၂။ သီလ သမာဓိ ဂုဏ်တို့ကြောင့် အလေး အမြတ် ပြုအပ်သောဂုဏ်၊

၃။ မေတ္တာရေမခန်း ပွားစေအပ်သောဂုဏ်၊
၄။ သူ့ကို ကောင်းအောင် ဆုံးမတတ်သောဂုဏ်၊
၅။ သူတပါး၏ အဆိုကို ခံနိုင်သောဂုဏ်၊
၆။ နက်နဲသောတရားစကားကိုပြောကြားတတ်သော ဂုဏ်၊
၇။ မလျောက်ပတ်သော အရာ၌ မတိုက် တွန်း တတ်သောဂုဏ်၊

ဤသို့သော ကျေးဇူး ဂုဏ်နှင့် ပြည့်စုံသော အစိုး အပွားကို ရှာလေ့ရှိသော ကြီးပွားခြင်း အတို့၌တည်သော ကလျာဏ မိတ်ကောင်းသို့ ဆည်းကပ်အပ်သည်။

---

## ပလိဗောဓ (၁၀) ပါး

အာဝါသော စ, ကုလံ, လာဘော၊
ဂဏော, ကမ္မဉ္စ, ပဥ္စမံ။
အဒ္ဓါနံ, ဉာတိ, အာဗာဓော၊
ဂန္ထော, ဣဒ္ဓိ,တိ တေဒသ။

၁။ ကျောင်း၊ ၂။ အမျိုးဒါယကာ၊ ၃။ လာဘ်ရခြင်း၊ ၄။ ဂိုဏ်း၊ ၅။ အမှု၊ ၆။ အဝေးနှင့်ရှည်သောခရီး၊ ၇။ မိဘ စသော ဆွေမျိုး၊ ၈။ အနာ ရောဂါ၊ ၉။ ကျမ်းဂန် သင်ကြားခြင်း၊ ၁၀။ တန်ခိုးဟူ၍ ပလိဗောဓ ဆယ်ပါး ရှိသည်။ ပလိဗောဓဟူသည် ကြောင့်ကြမှုတည်း။

၁။ **ကျောင်း**ဆိုသည်ကား ကျောင်းဟူသမျှကိုဆိုသည် မဟုတ် အကြင် ကျောင်း၌ နဝကမ္မမှု များစွာသောပစ္စည်း ဘဏ္ဍာတို့ကို သိမ်း သိမ်းဆည်းရမှု စသည် တို့ဖြင့် ငဲ့ကွက်ခြင်း မကင်း နှောင့်ဖွဲ့ ငြိကပ်သော စိတ်ရှိ၍ ကြောင့်ကြ စိုက်ထုတ်ရသော ကျောင်းကိုဆိုသည်။

၂။ **အမျိုးဒါယကာ** ဆိုသည်ကား အဆွေ အမျိုး ဖြစ်သော ဒါယကာကိုရင်း, အလုပ် အကျွေး ဖြစ်သော ဒါယကာကိုရင်း, ဆိုလိုသည်။ အချို့သော ပုဂ္ဂိုလ်အား ဒါယကာချမ်းသာလျှင် ငါချမ်းသာ မည်ဟု ကြောင့်ကြ စိုက်ရသဖြင့် တရားနာမှုကိုပင် အားမထုတ်ပေ၊ ဤသို့ ကြောင့်ကြစိုက်ရသော ဒါယကာကို ဆိုသည်။

၃။ **လာဘ်**ဆိုသည်ကား လေးပါးသောပစ္စည်းတို့ကို ကြောင့်ကြ စိုက်ရခြင်းကို ဆိုသည်။ ဘုန်းကြီးသော ပုဂ္ဂိုလ်များ ရောက်လေရာရာ၌ ပစ္စည်းလာဘ် သပ္ပကာ ပေါများ၍ တရားကို နှလုံးမသွင်းနိုင်အောင် ဒါယကာတို့ ကပ်ရောက်သဖြင့် ကြောင့်ကြ စိုက်ရလေသည်။

၄။ **ဂိုဏ်း**ဆိုသည်ကား သုတ္တန်ကိုရင်း, အဘိဓမ္မာ ကိုရင်း, ဆောင်သော ဂိုဏ်းတည်း။ အကြင်ရဟန်းသည် ထိုဂိုဏ်းအား ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်းကို ပြုရ သောကြောင့် ရဟန်းတရားကိုအားထုတ်ခွင့်မရ၊ထိုရဟန်း အား ဂိုဏ်းသည် ပလိဗောဓ ဖြစ်သည်။

၅။ **အမှု**ဆိုသည်ကား အမှုသစ်ကိုဆိုလိုသည်၊ ထိုအမှုသစ်ကို ပြုသော ရဟန်းသည် လက်သမား အစရှိသည့် ရ၏ မရ၏ကို ပြုအပ်သည်၊ ထို့ကြောင့် ပလိဗောဓ ဖြစ်သည်။

၆။ **အခွန့်ရှည်သောခရီး**ဆိုသည်ကား ခရီးသွားခြင်းကို ဆိုသည်၊ အကြင် ပုဂ္ဂိုလ်သည် ရှင်ရဟန်းပြုလိုသူ ရှိသည်ဖြစ်အံ့၊ ရသင့် ရထိုက်သော ပစ္စည်း မှုလည်း ရှိအံ့၊ ထိုအကြောင်းကိုဖြတ်၍တောသို့ဝင်၍တရားအားထုတ်အံ့၊ ထိုရမှု စသည်၌ သည်းမခံနိုင်လျှင် ပလိဗောဓ ဖြစ်သည်။

၇။ **အဆွေအမျိုး** ဆိုသည်ကား ကျောင်း၌ ဆရာ ဥပဇ္ဈာယ် အတူနေ တပည့် အတွင်းနေတပည့် တူသော ဥပဇ္ဈာယ် တူသောဆရာရှိသူတို့သည် ဆွေမျိုး ဉာတိ မည်၏။ အိမ်၌ကား အမိအဘ ညီအစ်ကို အစရှိသော ဆွေမျိုးဉာတိတို့တည်း။

၈။ **အနာရောဂါ** ဆိုသည်ကား တစုံတခုသောအနာရောဂါကို ဆိုလိုသည်။ ထိုအနာရောဂါ ရှိသူသည် ကုသအပ်သည်။ မရသော် ထိုအနာကို ကြောင့်ကြ မပိုက်ရ ကြောင့်ကြပိုက်လျှင် ပလိဗောဓဖြစ်သည်။

၉။ **ကျမ်းဂန် သင်ကြားခြင်း** ဆိုသည်ကား ပရိယတ် ဆောင်ရွက် ရွတ်အံခြင်းကို ဆိုသည်။ ဆွေးနွေးခြင်း စသည်ဖြင့် အမြဲ အားထုတ်ခြင်း ရှိလျှင် ပလိဗောဓ ဖြစ်သည်။

၁၀။ **တန်ခိုးကြီးခြင်း** ဆိုသည်ကား ပုထုဇန် တို့၌ ဖြစ်သော တန်ခိုးကို ဆိုသည်။ ပုထုဇန်တို့၌ ဖြစ်သော တန်ခိုးသည် နုသည်ဖြစ်၍ ဆောင်နိုင်ခဲသည်။

---

## ကျောင်းအပြစ် (၁၈) ပါး

၁။ ကြီးလွန်းသောကျောင်း၊
၂။ အသစ်ဖြစ်သော ကျောင်း၊
၃။ အိုမင်းဆွေးမြေ့သော ကျောင်း၊
၄။ လမ်းခရီးအနီး ဖြစ်သောကျောင်း၊
၅။ ကျောက်ရေကန် ရှိသော ကျောင်း၊
၆။ ဟင်းရွက်တော အနီးဖြစ်သောကျောင်း၊
၇။ ပန်းဥယျာဉ်နီးသော ကျောင်း၊
၈။ သစ်သီးခြံ နီးသော ကျောင်း၊
၉။ လူတို့ တောင့်တ ချီးမွမ်းကြသော ကျောင်း၊
၁၀။ မြို့ကြီး ရပ်ကြီးကို မှီသော ကျောင်း၊
၁၁။ သစ်တော ဝါးတော နီးသော ကျောင်း၊
၁၂။ လယ်ယာကိုမှီသော ကျောင်း၊
၁၃။ သဘောမတူသော ရဟန်းတို့ နေရာ ဖြစ်သော ကျောင်း၊
၁၄။ ရေကြောင်း,ကုန်းကြောင်း ဆိပ်ကမ်းကို မှီသော ကျောင်း၊
၁၅။ ပစ္စန္တရစ်ကို မှီသော ကျောင်း၊

၁၆။ တိုင်းပြည်နယ်စပ်ဖြစ်သော ကျောင်း၊
၁၇။ အဆွေခင်ပွန်းကောင်းကို မရနိုင်သော ကျောင်း၊
၁၈။ မလျောက်ပတ် မသင့်လျော်သော ကျောင်း၊

ဤ(၁၈)ပါးသော အရပ်ဌာနတို့ကို ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည် ဘေးရန် ရှိသော ခရီးကဲ့သို့ ရှောင်အပ်သည်။

---

## နေအပ်သော ကျောင်း(၅)ပါး

၁။ မဝေးလွန်း မနီးလွန်းသောကျောင်း၊
၂။ နေ့အခါ လူတို့နှင့် မပြွမ်း၊ ညအခါ လူသံဆိတ်သော ကျောင်း၊
၃။ မှက်, ခြင်, မြွေ, ကင်း, သန်း စသော ဘေးရန် မရှိသော ကျောင်း၊
၄။ ပစ္စည်းလေးပါး သူနာ အထောက် အပံ့ ဖြစ်သော ကျောင်း၊
၅။ ပုဒ်-ပါဠိ ယုံမှား သက်သတို့ကို ပယ်ဖျောက်စေနိုင်သော ကျောင်း၊

ဤ(၅)ပါးနှင့်ပြည့်စုံသောကျောင်းသည် နေအပ်သည်။

---

## ကမ္မဋ္ဌာန်း(၂)မျိုး

ကမ္မဋ္ဌာန်းသည် အလုံးစုံ၌အလိုရှိအပ်သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းတမျိုး၊ စရိုက်အားလျော်စွာ ဆောင်အပ်သော

ပါရိဟာရိယ ကမ္မဋ္ဌာန်းတမျိုး ဟူ၍(၂)ပါး အပြားရှိသည်။ ထို(၂)ပါးတို့တွင် ရဟန်းသံဃာအစရှိသည်တို့၌ မေတ္တာပွါးခြင်း သည်၎င်း၊ မရဏဿတိသည်၎င်း၊ သဗ္ဗတ္ထက-ကမ္မဋ္ဌာန်းမည်၏။အသုဘသညာနှင့် ဗုဒ္ဓါနုဿတိကိုလည်း သဗ္ဗတ္ထက-ကမ္မဋ္ဌာန်းဟု အချို့က ဆိုကြသည်။ မေတ္တာပွါးခြင်း သေခြင်းတရားကို အောက်မေ့ခြင်းကို မမေ့အပ်။

---

## မေတ္တာအကျိုး(၁၁)ပါး

လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာ၊ အိမ်မက်ဆိုးကို မမြင်မက်ခြင်း၊ လူ နတ် ချစ်ခင်ခြင်း၊ နတ်များစောင့်ရှောက်ခြင်း၊ မီးဘေး မသင့်ရောက်ခြင်း၊ အဆိပ်မသင့်ခြင်း၊ လက်နက်ဖြင့် ပစ်သော်လည်း မစူးရှခြင်း၊ မျက်နှာကြည်ကြည်လင်လင်ရှိခြင်း၊တွေတွေဝေဝေမသေရခြင်း၊ ဤ(၁၁)ပါးသောအကျိုးကို မေတ္တာ ပွါးသောသူ ခံစားရသည်။

### ဆောင်ပုဒ်

ချမ်းသာသုံးမျိုး၊ အိပ်ဆိုး အိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နတ်များ၊မီးကားမလောင်၊ဆိပ်ရှောင်မသင့်၊လက်နက်ဖြင့်ပ၊မစူးရှတည်း၊ မျက်နှာကြည်ပေ၊ မတွေမဝေ၊ သေရဘိဆို၊ မင်္ဂိုလ်မရ၊ ရှိပြန်ကသော်၊ လားရမြဟ္မာ့ ပြည်၊ (၁၁)လီ၊ ပွါးသည်မေတ္တာ အကျိုးတည်း။

## ပညတ်အကြောင်း

ပညတ်ဆိုတာ ရှေးပဝေဏီ အခါက စ၍ လောကရှိ လူအများတို့ မှည့်ခေါ် သမုတ် အပ်သည်ကို ခေါ်သည်။ အရာဝတ္ထုတခုကို ဖြစ်စေ နှစ်ခု သုံးခု စသည်ကို ဖြစ်စေ တွေ့မြင်သော အခါ အရာဝတ္ထုကို ကြည့်၍ အရာဝတ္ထု အလိုက် အမျိုးမျိုး မှတ်ထင်၍ လူဟူ၍ရှင်း နတ်ဟူ၍ရှင်း ဗြဟ္မာဟူ၍ရှင်း ဆင်, မြင်း, ကျွဲ, နွား, တော,တောင်,ရေ, မြေ,သမုဒ္ဒရာဟူ၍ရှင်း ဤသို့ စသည်ဖြင့် ခေါ်ဆိုရမည်ဟု ရှေးလူတို့ သမုတ်ကြသည်။ ထိုသို့ သမုတ်လိုက်သည်ကို သမုတ်သည့်အတိုင်း ခေါ်ဆိုခြင်း မျိုးတို့သည် ပညတ်မျိုး တို့ချည်းဖြစ်သည်။ထိုပညတ်မျိုးတို့ကို လောကရှိ လူအများ တို့က အဆင့်ဆင့် မှည့်ခေါ် မှတ်သားလျက် ခေါ်ဆိုနေကြ သည်မှာ များစွာရှိလေသည်။ ထိုပညတ်တို့ကို ဝိပဿနာ လုပ်ငန်း၌ သိထိုက်သည် အားလျော်စွာ ထည့်ပြပါအံ့။

၁။ တပေါင်းတည်းဟုမှတ်ထင်သော သမူဟပညတ်။ ထိုပညတ်သည် ခေါင်းတလုံးတည်း ကိုယ်တခုတည်းဟု မှတ်ထင်ခြင်းမျိုးတည်း။

၂။ ပရမတ် ရုပ်နာမ်ကိုစွဲ၍ ယောကျ်ား, မိန်းမဟု စွဲလမ်းမှတ်ထင်သော ဥပါဒါန်ပညတ်။

၃။ ပရမတ်ရုပ်နာမ်၌ ဖြစ်သော ပုံသဏ္ဌာန်ကို စွဲ၍ မှတ်ထင်သော သဏ္ဌာနပညတ်။ ယောကျ်ား သဏ္ဌာန်,

မိန်းမသဏ္ဌာန်ကိုစွဲ၍ ယောကျ်ား မိန်းမ မှတ်ထင်သည်။ အလုံးအပြား အနိမ့်အမြင့် စသော သဏ္ဌာန်မျိုးကို စွဲ၍ အလုံးအပြား အနိမ့်အမြင့် စသည်မှတ်ထင်မှုမျိုးတို့တည်း။

၄။ ပရမတ် ရုပ်နာမ်တို့၏ ဖြစ်စဉ်ကို စွဲ၍ တစဉ်တဘန်းကြီးဟု မှတ်ထင်သော သန္တတိပညတ်။ အခုလူဟာ နံနက်က လူဘဲဟု ဤသို့ စသည်ဖြင့် မှတ်ထင်ခြင်း မျိုးတည်း။

၅။ ပရမတ်ရုပ်နာမ်တို့၌ ဖြစ်သော အမည်တို့ကိုစွဲ၍ မှတ်ထင်သော နာမပညတ်။ မောင်ဖြူ မောင်နီ မိဖြူ မိနီ စသော အမည် အမျိုးမျိုး တို့တည်း။ ဤသို့ စသည်ဖြင့် ပရမတ် ရုပ်နာမ်ကို စွဲ၍ ဖြစ်သော ပညတ်မျိုးတို့သည် များစွာပင် ရှိသည်။ ထိုသို့ ရှိသော ပညတ်မျိုးတို့ကို ပညတ်မှန်း သိထားရမည်။

ကမ္ဘာလောကကြီး တခုလုံးကို အကုန်ချုံးပြီး ကြည့် လိုက်သော် ပညတ်ဆိုတာ သမုတိနယ်မှာ ရှိကြတဲ့ လူတွေက အရာဝတ္ထု အလိုက် ခေါ်စရာမရှိလို့ အမည် အမျိုးမျိုးတပ်ပြီး ခေါ်ဆိုနေကြတာ ဖြစ်သည်။ တကယ် ရှိတာမဟုတ်။ ရှိတာက ရုပ်နာမ် နှစ်ပါးသာ ရှိသည်။ မြတ်စွာဘုရားသည် ပုဂ္ဂိုလ်၏ အလို သတ္တဝါ ဝေနေယျ တို့၏အလို စရိုက်ကိုကြည့်၍ အရာဌာန အားလျော်စွာ ဟောတော်မူသည်မှာ ဝိဒူကတ်သုံးပုံ နိကာယ် ငါးရပ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ၈၄ထောင်း လေးထောင် ကျမ်း အစောင်စောင် ရှိသည်။ ထိုသို့ပင် များပြားစွာ

ရှိသော်လည်း အကျဉ်းချုံးလိုက်တော့ ဗောဓိပက္ခိယတရား (၃၇) ပါးသာ ရသည်။ ဗောဓိပက္ခိယတရား (၃၇)ပါးကို တဖန် ချုံးလိုက်တော့ ဗောဇ္ဈင် (၇)ပါးရသည်။ ဗောဇ္ဈင် (၇)ပါး တဖန် ချုံးလိုက်ပြန်တော့ သစ္စာ (၄) ပါးရသည်။ သစ္စာ (၄)ပါး အကျဉ်း ချုံးလိုက်ပြန်တော့ ရုပ်နာမ် နှစ်ပါးသာ ကျန်တော့သည်။ ရုပ်နာမ်ကလွဲ၍ ဘာမှမရှိ၊ ဝိပဿနာ တရားကို လေ့လာ ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ထိုရုပ်နာမ်သိမှုသည် အရေးကြီးဆုံး ဖြစ်သည်။ ရုပ်နာမ်ကိုသိမှ ဝိပဿနာ ပွားလို့ ဖြစ်သည်။ ရုပ်နာမ်ကိုမှ မသိလျှင် ဘယ်ဝိပဿနာကိုမှ ပွားလို့မဖြစ်။ ထို့ကြောင့် ဝိပဿနာ တရားကို လေ့လာ ပွားများ အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည် ထိုရုပ်နာမ်ကို ရှေးဦးစွာ သိအောင် အားထုတ် ကြရသည်။

---

## အဋ္ဌကလာပ်ရုပ် (၈) ပါးအကြောင်း

ရုပ်သည်ဘာကိုမှမသိတတ်နာမ်ကသာသိတတ်သည်။ ထိုရုပ်သည် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူ၍ ရှစ်ပါးရှိသည်။ ထိုရှစ်ပါးကို ရုပ်ခဲတ်ရှစ်ပါး ပေါင်းစုနေသည် ဖြစ်သောကြောင့် အဋ္ဌကလာပ်ဟု ခေါ်သည်။ [အဋ္ဌ-ရှစ်၊ ကလာပ်-အပေါင်း အစု]။

၁။ ပထဝီ ဓာတ်သည် မာမှု သဘော နူးညံ့မှု သဘောရှိသည်၊
၂။ အာပေါဓာတ်သည် ဖွဲ့စည်းမှုသဘော ယိုစီးမှု သဘောရှိသည်၊
၃။ တေဇော ဓာတ်သည် ပူမှု သဘော အေးမှု သဘောရှိသည်၊
၄။ ဝါယော ဓာတ်သည် တွန်းကန်မှု သဘော လှုပ်ရှားမှု သဘောရှိသည်၊
၅။ ဝဏ္ဏဓာတ်သည် အဆင်းသဘောရှိသည်၊
၆။ ရသဓာတ်သည် အရသာ သဘောရှိသည်၊
၇။ ဂန္ဓဓာတ်သည် အနံ့သဘောရှိသည်၊
၈။ ဩဇာဓာတ်သည် အဆီအစေးသဘောရှိသည်။

အလုပ် အလွေးပြု၍ မျိုအပ်သည်ကို ကဗဠီကာရ, မျိုအပ်-စားသောက် ခဲ လျက် အပ်သော ထမင်း အဖျော် စသည်ကို အာဟာရ,ထိုအာဟာရဓာတ်၌ ပါသောရုပ်ကို တိုးပွားစေတတ်သော ဓာတ်ဆီကို ဩဇာဟု ခေါ်သည်။ အလုပ် အလွေးပြု၍ ဆိုတာ ထမင်း-အဖျော်စသည်ကို စားသောက် ခဲ လျက်သည်ကိုခေါ်သည်။ စားသောက် ခဲ လျက် ပြီးမှ မျိုချရိုးထုံးစံတည်း။ ဤသို့သော သဘောဖြင့် အသီးသီးတမျိုးစီရှိကြသည်။ဓာတ်တပါးနှင့် ဓာတ်တပါး သဘောအားဖြင့်မတူကြ၊ ခွဲလို့ခွါလို့လည်း မရစကောင်း၊ တပေါင်းတည်း တရိုးတည်း တစုတည်း ဖြစ်သောကြောင့်

အဝိနိဗ္ဘောဂရုပ်ဟုခေါ်သည်၊ တပါးဖြစ်လျှင်ကျန်ခုနစ်ပါး စလုံး အကုန်ဖြစ်ကြရသည်။

၁။ ပထဝီဓာတ်သည် ရုပ်အပေါင်းတို့၏ တည်ရာ မှီရာ ဖြစ်အောင် ပြုနိုင်သော သတ္တိရှိသည်။ ရုပ်တို့၏ အမာခံဓာတ်တည်း။

၂။ အာပေါဓာတ်သည်ရုပ်ကို တိုးအောင်ပွားအောင် ပြုနိုင်သော သတ္တိရှိသည်။ သိချင်လျှင် သစ်သား တခုကို ရေစိမ်ပြီးကြည့်၊ သူ့သဘာဝ ပေါ်လာလိမ့်မည်။

၃။ တေဇောဓာတ်သည့် ရုပ်ကို ရင့်ကျက်အောင် ပြုနိုင်သော သတ္တိရှိသည်။ မှုန့်မှုန့် ညက်ညက် ကြေမွ ပျက်စီး ဆွေးမြေ့သွားအောင်လည်း ပြုနိုင်သည်။

၄။ ဝါယောဓာတ်သည် ရုပ်ကို တခုနှင့်တခုဘိညပ် နေအောင် တွန်းကန်ထားနိုင်ခြင်း,အမူ အရာ အမျိုးမျိုး ဖြစ်အောင် ရွေ့ရှားလှုပ်ကြွစေနိုင်ခြင်း သတ္တိရှိသည်။

ထိုဓာတ် ၄-ပါးသည် ရုပ်တို့ကို ကြီးကြီးကျယ်ကျယ် ဖြစ်အောင် ပြုနိုင် သောကြောင့် မဟာဘုတ်ခေါ်သည်။ ဥပါဒါ ရုပ်တို့၏ မှီ၍ ဖြစ်ရာ ဖြစ်သောကြောင့် အမာခံ ဓာတ်ကြီး လေးပါးဟူ၍သည်း ခေါ်ရသည်။ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဤလေးပါးသော ဓာတ်ကား မဟာဘုတ် ရုပ်တို့ကို မှီရမှ ဖြစ်နိုင်သည် ဖြစ်သောကြောင့် ဥပါဒါ ရုပ်ခေါ်သည်။ ဝဏ္ဏ-အဆင်း ရုပ်သည် ဓာတ်ကြီးလေးပါး ရုပ်များမှ အရောင်ထွက်သော ရုပ်ဖြစ်သည်။ ဓာတ်ကြီး လေးပါးမရှိလျှင် အရောင်မထွက်နိုင်၊ အရောင်မထွက်က

ဝဏ္ဏာဟူသောရုပ်အဆင်းမရှိဟုသိလေ။ ထို့အတူဂန္ဓ-အနံ့, ရုပ်, ရသ-အရသာရုပ်, ဩဇာ-အဆီ အစေး ရုပ်တို့သည်လည်း မဟာဘုတ် ဓာတ်ကြီး လေးပါးမှ ဖြစ်၍ ထိုဓာတ်ကြီး လေးပါးမှ ဖြစ်လာသော အနံ့ရုပ်, အရသာရုပ်, အဆီအစေး ရုပ်တို့တည်း။ ဓာတ်ကြီးလေးပါး မဖြစ်လျှင် အမှီရုပ်ဟူသရွေ့ဘယ်ရုပ်မှ မဖြစ်နိုင်ဟူ၍မှတ်။

အဌကလာပ်ရုပ်ဓာတ် တခုသည် ပမာဏ အားဖြင့် အဘယ်မျှ ရှိသနည်း ဆိုသော် ပြဆိုဘို့ရာ မလွယ်ကူလှချေ။ သို့သော် ပညာရှိများက သဘောအားဖြင့် ခန့်မှန်း၍သိနိုင်ရန် ရထရေဏုမြူ တဇ္ဇာရီဏုမြူ အဏုမြူ ပရမာဏုမြူဟု မြူလေးမျိုးနှင့် ခွဲပြထားသည်။

ရထရေဏုမြူဆိုတာ ရထားများ ပြေးသွားတဲ့အခါ လွင့်စင်လာသော ဖုံမှုန့်တခုကို ခေါ်သည်။ ထိုဖုံမှုန့်တခုကို ပကတိမျက်စိနှင့် ကြည့်လျှင် မြင်နိုင်သည်။ ထိုရထရေဏုမြူတခုကို ဉာဏ်ဒါးဖြင့် (၃၆) စိတ်စိတ် တစိတ်သော အဘို့ကို တဇ္ဇာရီဏုမြူ ခေါ်သည်။ တဇ္ဇာရီဏုမြူ ဆိုတာ နေထွက်ချိန်တွင် နံရံပေါက်မှ တိုးဝင်သော နေရောင်တွင် မြင်နေရသော လှုပ်ရှား သွားလာနေသည့် မြူကလေးများကိုခေါ်သည်။ ထိုတဇ္ဇာရီဏုမြူတခုကို (၃၆)စိတ် စိတ် တစိတ်သော အဘို့ကို အဏုမြူလို့ခေါ်သည်။ အဏုမြူဆိုတာ မွေးကာစ ကလေးများ မျက်စိ၌ အပြင်ပလေ ထိတွေ့မှုမရှိသေးမီ မျက်စိအား အကောင်းဆုံးအချိန်ဖြစ်၍ ထိုအချိန် မျိုး၌ ထိုကလေး မျက်စိဖြင့် ကြည့်လျှင်

မြင်နိုင်သည်။ ထိုအကျမြူ တခုကို (၃၆)စိတ် စိတ် တစိတ်သော အဘို့ကို ပရမာကျမြူခေါ်သည်။ပရမာကျမြူ ဆိုတာ ပကတိမျက်စိဖြင့် ကြည့်လို့တော့မမြင်ရတော့ဘူး၊ လူမျက်စိ, နတ်မျက်စိ, ဗြဟ္မာ မျက်စိ, ကြည့်ချင် တာနဲ့ကြည့် ဘယ်လို ကြည့်လို့မှ မမြင် ရတော့ဘူး၊ ဉာဏ်မျက်စိဖြင့်သာ ကြည့်ရသည်။ ဉာဏ် မျက်စိဖြင့် ကြည့်မှ မြင်နိုင်တော့သည်။ ဉာဏ်က ဘယ်က ရမလဲ ဆိုလျှင် ယုံကြည်မှုသဒ္ဓါ အားထုတ်မှု ဝီရိယ အောက်မေ့မှု သတိ တည်ကြည်မှု သမာဓိ ထိုလေးပါး ပြည့်စုံလျှင် ရနိုင်သည်။ ရအောင်လဲ အားထုတ်ရသည်။

ထိုမျှလောက် သေးငယ်သော အဋ္ဌကလာပ်ရုပ် ခေတ် တခုသည် ဝါ၊ရုပ်ခေတ်ရှစ်ပါးအပေါင်းသည် သူ့အလိုလို ဖြစ်လာသည် မဟုတ်၊ ကောင်းကင်ကျ မိုးသိုးပေါ်ကျ ဒေဝါ သိကြား ဗြဟ္မာ ဗိဿနိုးစသော တန်ခိုးကြီးတဲ့ နတ်တွေက ဖန်ဆင်းလိုက်လို့ ဖြစ်လာသည်မဟုတ်။ ကံ, စိတ်, ဥတု, အာဟာရ ဤအကြောင်း တရား လေးပါး သောက်ပံ့မှုကြောင့် ဖြစ်ရသည်။ ဒါဖြင့် သစ်ပင် ချုံနွယ် တောတောင်ရေမြေ သမုဒ္ဒရာ စသော အဝိညာဏက သက်မဲ့ခေါ်သော အရာဝတ္ထုတို့ကော ကံ, စိတ်, ဥတု, အာဟာရ ဤအကြောင်း တရား လေးပါးကြောင့်ဘဲ ဖြစ်ရ သလားဆိုသော် သစ်ပင်ချုံနွယ် တောတောင် ရေမြေ သမုဒ္ဒရာစသော အဝိညာဏက သက်မဲ့ခေါ်သော အရာ ဝတ္ထုတို့ ကတော့ အကြောင်းလေးပါး မပြည့်စုံ။ ဥတု–

ဟူသောအကြောင်းတရား တပါးတည်းသာရှိသည်။ အပူ အအေးဟူသော ဥတု ပြုပြင်မှုကြောင့် ဖြစ်ကြရသည်။ထို့ ကြောင့် အဝိညာဏက သက်မဲ့ခေါ်သော အရာဝတ္ထု တို့ကို ဥတုဇ ဥတုကြောင့် ဖြစ်သောရုပ်ဟု မှတ်ရမည်။ သဝိညာဏက သက်ရှိခေါ်သော လူစသော သတ္တဝါ တို့၌သာ အကြောင်းလေးပါးထောက်ပံ့မှု ပြည့်စုံကြသည်။ ထိုအကြောင်းလေးပါး ပြည့်စုံစွာ ဖြစ်ရသော ရုပ်တို့ကို အကြောင်းအကျိုးဆက်စပ်၍ တခုစီခွဲလိုသော် အောက်ပါ အတိုင်း ခွဲနိုင်သည်။

၁။ ကမ္မဇပထဝီ၊ ကမ္မဇအာပေါ၊ ကမ္မဇ တေဇော၊ ကမ္မဇ ဝါယော။ကံကြောင့်ဖြစ်သော ရုပ်လေးပါး။ကံသည် အကြောင်းတရား။ ရုပ်ဖြစ် ရခြင်းသည်အကျိုးတရား။

၂။ စိတ္တဇပထဝီ၊ စိတ္တဇအာပေါ၊ စိတ္တဇတေဇော၊ စိတ္တဇ ဝါယော။ စိတ်ကြောင့် ဖြစ်သော ရုပ်လေးပါး။ စိတ်သည် အကြောင်းတရား။ ရုပ်ဖြစ်ရခြင်းသည် အကျိုး တရား။

၃။ ဥတုဇပထဝီ၊ ဥတုဇအာပေါ၊ ဥတုဇတေဇော၊ ဥတုဇဝါယော။ ဥတုကြောင့် ဖြစ်သော ရုပ်လေးပါး။ ဥတုသည် အကြောင်းတရား။ ရုပ်ဖြစ်ရခြင်းသည် အကျိုး တရား။

၄။ အာဟာရဇပထဝီ၊ အာဟာရဇအာပေါ၊ အာဟာ ရဇ တေဇော၊ အာဟာရဇဝါယော၊ အာဟာရကြောင့် ဖြစ်သော ရုပ်လေးပါး။အာဟာရသည်အကြောင်းတရား။

ရုပ်ဖြစ်ရခြင်းသည် အကျိုးတရား။ ဤသို့ ကံ, စိတ်, ဥတု, အာဟာရ အကြောင်း တရား လေးပါးကြောင့် ပထဝီ အာပေါ၊ တေဇော၊ ဝါယော ဟူသောအကျိုးရုပ် လေးပါး ဖြစ်ရသည်ကို ခွဲ၍ မှတ်ယူအပ်သည်။

ထိုအကြောင်း တရားလေးပါး တို့တွင် ကံ-ဆိုတာ စေတနာမှ ဖြစ်ရသည်၊ စေတနာကို ကံ ဟု ခေါ်သည်။ စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ။ ဘုရား ဟောသည်။ ဘိက္ခဝေ-ချစ်သား ချစ်သမီးတို့၊ စေတနာ-ကံ ဖြစ်အောင် ပြုပြင်ပေးတတ်တဲ့ စေတနာကို၊ ကမ္မံ-ကံ-ဟူ၍၊ အဟံ-သင်တို့ဆရာ ငါဘုရားသည်၊ ဝဒါမိ-ဟောကြားတော်မူ၏၊ ဤသို့စေတနာကို ကံ ဟု ဟောတော်မူသည်။ ထို့ကြောင့် ပညာရှိများက စေတနာကို ကံ ဖွဲ့သည်ဟု ဆိုစမှတ်ပြုကြ လေသည်။

ထိုကံသည် အတိတ်ကံ ပစ္စုပ္ပန်ကံဟု နှစ်မျိုး ရှိသည်။ အတိတ်ကံသည် လွန်ခဲ့သော အတိတ်ဘဝကဖြစ်ခဲ့သည်။ ပစ္စုပ္ပန်ကံသည် ယခုဖြစ်ဆဲ ဘဝ၌ ဖြစ်သည်။ သတ္တဝါ တဦးတယောက်သည် ဘဝတခုမှ ဒုတိယ ဘဝတခုသို့ ပဋိသန္ဓေ နေလိုသော် ဒုတိယ ဘဝတခု၌ ပဋိသန္ဓေ နေဘို့ရာ ကံနှင့်တကွ အဝိဇ္ဇာတဏှာ ဟူသောအကြောင်း သုံးပါးရှိကြသည်။ ပြည့်စုံရသည်။ ဤအကြောင်း သုံးပါး ပြည့်စုံမှ ဒုတိယဘဝတခု၌ ပဋိသန္ဓေ ဖြစ်နိုင်သည်။ ထို့ကြောင့် လယ်တီဆရာတော် ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်

ဒိပနီကျမ်း၌ ပဋိသန္ဓေဖြစ်ခြင်းမှာ အကြောင်း သုံးပါး ရှိကြောင်း ရေးသားတော်မူခဲ့လေသည်။

၁။ အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွှတ်စေမှု။
၂။ ကံ သန္ဓါရ၊ ဇနက၊ ပစ်ချဖြစ်စေမှု။
၃။ အကြောင်းသုံးဘော်၊ ညီစေသော်၊ ဖြစ်ပေါ်သန္ဓိစုံ

အဝိဇ္ဇာသည် ဘဝခန္ဓာ၏ အပြစ်ကို မမြင်အောင် ဖုံးလွှမ်း ကွယ်ကာထားတတ်သည်။ တဏှာသည် ဘဝ ခန္ဓာတခုကို လိုချင်တပ်မက် တတ်သည်။ ကံ-သည် ဘဝ ခန္ဓာဖြစ်ဘို့ရာ စေ့ဆော် ပြုပြင်ပေးတတ်သည်။

ထိုအကြောင်းသုံးပါးသည် သောတာပန် သကဒါဂါမိ အနာဂါမိ ပုဂ္ဂိုလ်များ ထိအောင် ရှိကြသည်။ ထိုကြောင့် အနာဂါမိလဲ ပဋိသန္ဓေနေရတာဘဲ၊ အနာဂါမိ အဖြစ်သို့ ရောက်သော အနာဂါမိပုဂ္ဂိုလ်သည် တဏှာမရှိတော့ဘူး ဟု ဆိုသည်မှာ ကြမ်းထမ်းသော ဝီတိက္ကမ ပရိယုဋ္ဌာန ကိလေသာမျိုး တို့ကို ဆိုသည်။ အနုသယ ဘဝ တဏှာ ကိလေသာ မျိုးကား ကျန်သေးသည်၊ ရှိသေးသည်။ ရဟန္တာဖြစ်မှဘဲ အနုသယ ဘဝတဏှာ ကိလေသာပါ လုံးလုံးပြတ်တော့သည်။ ထိုကြောင့် ရဟန္တာ ဖြစ်လျှင် နောက်တခါ ဘဝ တခု၌ ပဋိသန္ဓေ မနေရတော့ချေ။ အဘယ် ကြောင့် ဆိုသော် ပဋိ သန္ဓေ နေနိုင်သည့် အကြောင်းဖြစ်သော အဝိဇ္ဇာ တဏှာ ကံ ဤအကြောင်း သုံးပါးတို့ အမြစ်အရင်းပါမကျန် ပြတ်သွားပြီ။ပြတ်သွားပြီ။

မရှိတော့ဘူး ဖြစ်သောကြောင့်တည်း။ ဤကား အတိတ်ကံ့ကို ဆိုလိုက်ခြင်းတည်း။

ပစ္စုပ္ပန်ကံသည် ယခုမျက်မှောက် ဖြစ်သော ပစ္စုပ္ပန်ဘဝ၌ ရုပ်ကလာပ်ဖြစ်ဘို့ရာ ကံ့နှင့်တကွ စိတ်, ဥတု, အာဟာရ ဟူသော ဤအကြောင်းတရားလေးပါး ပြည့်စုံကြသည်။ သတ္တဝါတို့သန္တာန်ဝယ် ပဋိသန္ဓေစ၍တည်လာဖြစ်လာသောအခါ ဥပါဒ် ဌီ ဘင်ဟု ခဏငယ်သုံးခုအစဉ်ရှိလေသည်။ ခဏငယ်သုံးခုနောင် ပထမဘဝင် ဒုတိယဘဝင်စသည်ဖြင့် ဘဝင်ဖြစ်သည်။ ထိုသို့ဖြစ်သော ပထမဘဝင်၏ ဥပါဒ်ကာလမှ စ၍ ကံ, စိတ်, ဥတု ဟူသောအကြောင်း သုံးပါးရှိလာသည်။ ထိုပဋိသန္ဓေရုပ်ကလာပ်၌ အမိ စားလိုက်သော အစာ ပြန့်နှံ့ရာ ကာလ ဖြစ်သောနှစ်သတ္တာဟ (၁၄)ရက်မြောက်သော အခါ ရုပ်ကလာပ်ဖြစ်ဘို့ရာ အကြောင်း လေးပါးစလုံး ပြည့်စုံ လာတော့သည်။ ထိုအခါ ရုပ်ကလာပ်ဖြစ်ဘို့ရာ အားရှိလာလေပြီ။ ထိုအကြောင်း လေးပါးသည် ရုပ်တို့၏ ဖြစ်ပွားမှုကို သေလွန်သည်တိုင်အောင် အမြဲထောက်ပံ့နေကြသည်။

၁။ ကံ ကြောင့်ဖြစ်သော ကမ္မဇရုပ်များသည် သတ္တဝါတို့ သန္တာန်ဝယ် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှ စ၍ ဖြစ်သည်။

၂။ စိတ်ကြောင့် ဖြစ်သော စိတ္တဇ ရုပ်များသည် ပဋိသန္ဓေစိတ်နောင် ဘဝင်စိတ်များဖြစ်ရာ ပထမ ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်ကို ထောက်၍ ပဋိ သန္ဓေစိတ်ကို

ထောက်သော ဒုတိယစိတ်ဟု ခေါ်ရသည်။ ထိုဒုတိယ စိတ်၏ ဥပါဒ်ခဏမှ စ၍ဖြစ်သည်။

၃။ ဥတုကြောင့် ဖြစ်သော ဥတုဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီကာလမှစ၍ ဖြစ်သည်။ ဥတုသည် အဇ္ဈတ္တဥတု ဗဟိဒ္ဓဥတုဟု နှစ်မျိုးရှိရာ ဤဥတုဇရုပ်ကား အဇ္ဈတ္တဥတုကြောင့် ဖြစ်သောရုပ်တည်း။ ပြဦးမည့် ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်ကလာပ်များ ဖြစ်ရာ ထိုရုပ်ကလာပ်တွင် ဥတုခေါ်သော တေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏ၌ မိမိလည်း ဋ္ဌီသို့ရောက်ပြီ ဖြစ်၍ အားရှိရကား ဥတုဇရုပ်ကလာပ်များကို ဖြစ်စေပြန်သည်။ ဤသို့အဇ္ဈတ္တ အတွင်းသန္တာန်မှာ တည်ရှိသော ဥတုကြောင့် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏမှစ၍ ဥတုဇရုပ်ကလာပ်များဖြစ်သည်။

၄။ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်သည် အမိဝမ်း၌ ကလလရေကြည် တည်ပြီးနောက် (၇) ရက် သတ္တာဟ တသတ္တာဟ နှစ်သတ္တာဟဟု ရေ၍ နှစ်သတ္တာဟ (၁၄) ရက် မြောက်သော အချိန်မှ စ၍ ဖြစ်သည်။

ဤသို့ဖြင့် ရုပ်ကလာပ် များသည် ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇ ရုပ်ကလာပ် ဖြစ်သည်။ ပဋိသန္ဓေ စိတ်၏ ဋ္ဌီကာလ၌ ဥတုဇရုပ်ကလာပ် ဖြစ်သည်။ ပဋိသန္ဓေနောင် ပထမ ဘဝင်ခေါ်သော ဒုတိယစိတ်၏ ဥပါဒ်ကာလ၌ စိတ္တဇရုပ်ကလာပ် ဖြစ်သည်။ ပဋိသန္ဓေ

ဖိတ်၏ ဥပါဒိန္နကာမှ စ၍ ရေသည်ရှိသော (၁၄) ရုပ်ပြောက်သော အချိန်၌ အာဟာရဇ ရုပ်ကလာပ်များ ဖြစ်သည်။ ဤသို့မှတ်အပ် သိအပ်သတည်း။

ရုပ်သည် မီးစာနှင့် ဆီအစွမ်းကြောင့် တောက်ပသော မီးအလျှံကဲ့သို့တည်း။ မီးစာနှင့် ဆီအစွမ်းကြောင့်ဖြစ်သော မီးတောက် မီးအလျှံသည် မူလ မီးတောက် မပျက်ဘဲ တည်နေသည်ဟု ထင်ရသော်လည်း အသစ် ဖြစ်သော မီးတောက်ငြိမ်း၍ ချုပ်ပျောက်ရသည်။ ဤသို့ အဟောင်း ချုပ်ပျက်၊ အသစ်ဖြစ်နှင့် ဖြစ်ပျက် ဖြစ်ပျက် နေသည်။ ထိုကြောင့်ဒီပဇာလာဝိယ ဆီမီးအလျှံကဲ့သို့ဟု ဟောတော်မူသည်။ အကြောင်း ဖြစ်သော မီးစာနှင့် ဆီမရှိလျှင် မီးတောက် မဖြစ်တော့ဘဲ ငြိမ်းရတော့သည်။ ထို့နည်းတူ ရုပ်ကိုလည်း သိလေ။

ထိုရုပ်ကို ဖြစ်စေတတ်သော အကြောင်း တရားလေးပါးသည် အချင်းချင်း ညီမျှနေလျှင် ရုပ်သည် အားရှိသည်။ တိုးပွားနိုင်သည် အချင်းချင်း မညီမျှ၍ တပါးပါးက ယုတ်လျော့နေသော်အားပျော့သည်။ ရုပ်၏ တိုးပွားခြင်းကို မဖြစ်နိုင်။ စုတိသေလွန်သော အခါမျိုး ကျတော့ကာ ဥတုကြောင့် ဖြစ်သော ဥတုဇရုပ်တမျိုး တည်းသာ ကျန်တော့သည် ဖြစ်၍ ဘယ်အခါမှ ကြီးပွားမှု မဖြစ်တော့ဘဲ ရိပျော် ဆွေးမြေ့၍ ကြေမွပျက်စီးရန်သာ ဖြစ်တော့သည်။ ဤမျှဖြင့် အဋ္ဌကလာပ် ရုပ်ခတ် ရှစ်ပါးသည် မိမိ၏ ကိုယ်ခန္ဓာ သူတပါးတို့၏ ကိုယ်ခန္ဓာ

တို့၌ ဖြစ်ပေါ်နေသည်မှာ ကံ, စိတ်, ဥတု, အာဟာရ, ဟူသော အကြောင်းတရား လေးပါး အမြဲပြုပြင်ပေး နေသည်။အမြဲထောက်ပံ့ပေးနေသည့်ကိုသိအပ်သတည်း။

ဤတွင်ရုပ် (၂၈) ပါး၌ ပါဝင်သော အရေးအကြီးဆုံး ဖြစ်သော အဋ္ဌကလာပ်ရုပ်ခုတ် (၈) ပါး အကြောင်း အကျိုးဆက်သွယ် ဖြစ်နေရသည်တို့ကို တခန်းရပ်လိုက် သတည်း။

---

## ကမ္မဇရုပ် (၉) ပါး အကြောင်း

၁။ စက္ခုပသာဒ-မျက်စိအကြည်ရုပ်,

ထိုရုပ်သည် မျက်လုံးအိမ်, မျက်နက်ဝန်း, မျက်လွှာ ခုနစ်လွှာ အတွင်း၌ သန်းဦးခေါင်းမျှ ပမာဏ ရှိသော အရုပ်၌တည်သည်။ (၃၀၈) အဋ္ဌသာလိနီရူပကဏ္ဍ။

ထိုစက္ခုသည် မြွေနှင့် တူသည်။ မြွေတို့မည်သည် ထုထပ်သော တောချုံတို့ကို မှီ၍နေရမှသာ ပျော်မွေ့ နိုင်သကဲ့သို့ စက္ခုသည်လည်း ရူပါရုံဟူသော အဆင်း မျိုးစုံတို့ကို မှီ၍နေလိုသည်။ပသာဒကို အကြည်ခေါ်သည်။

၂။ သောတပသာဒ - နားအကြည်ရုပ်, ထိုရုပ်သည် နားအိမ် နားပေါက်၏ အတွင်းအမွေးနုပေါက်ရာ လက်စွပ် ကွင်းသဏ္ဌာန်ရှိသော အရုပ်၌တည်သည်။ (၃၀၀) အဋ္ဌ သာလိနီ။

ထိုသောတသည် မိကျောင်းနှင့်တူသည်။မိကျောင်းတို့မည်သည် ရေနက်ရာတို့၌ နေရမှသာ ပျော်မွေ့နိုင်သကဲ့သို့ သောတသည်လည်း နက်သော သဘော ရှိသော အသံတို့ကို သာ ကြားး၍နေလိုသည်။

၃။ ဃာနပသာဒ-နှာခေါင်းအကြည်ရုပ်၊ထိုရုပ်သည် နှာခေါင်းပေါက်အတွင်း ဆိတ်ခွါသဏ္ဍာန်ရှိသောအရပ်၌ တည်သည်။ ထိုဃာနသည် ငှက်နှင့်တူသည်။ ငှက်တို့မည်သည် လေဖြင့်လေဟုန်ကိုစီး၍ နေရမှသာ ပျော်မွေ့နိုင်သကဲ့သို့ ဃာနသည်လည်း ထွက်လေ ဝင်လေဖြင့် နေရမှုကိုသာ အလိုရှိနေသည်။

၄။ ဇိဝှါပသာဒ - လျှာအကြည်ရုပ်၊ ထိုရုပ်သည် လျှာလယ်၏ အထက် အလယ်၌ ပြတ်သော ကြာရွက်၏ အဖျားပိုင်း သဏ္ဍာန်ရှိသော အရပ်၌ တည်သည်။ထိုဇိဝှါသည် ဇီမ်ခွေးနှင့် တူသည်။ ဇီမ်ခွေးတို့ မည်သည် ညှီဟောက်သော အစာအာဟာရတို့ကို စားသောက်၍ နေရမှသာ ပျော်မွေ့နိုင် သကဲ့သို့ ဇိဝှါသည်လည်း ကောင်းသော အရသာမျိုး တို့ကိုသာ စားသောက်၍ နေလိုသည်။

၅။ ကာယပသာဒ - ကိုယ်အကြည်ရုပ်၊ ထိုရုပ်သည် ဆံဖျား အမွေးဖျား ခြေသည်း လက်သည်းဖျား ခြောက်သွေ့သောအရေများကိုချန်ထား၍ ကမ္ဗဇရုပ်ရှိရာဖြစ်သော တကိုယ်လုံး၌ ပြန့်နှံ့၍ တည်သည်။ ထိုကာယသည် တောခွေး နှင့် တူသည်။ တောခွေးတို့ မည်သည်

သိမ်မွေ့သော ထူးခေါင်း၏ အတွင်း၌ နေလိုသကဲ့သို့ ကာယသည်လည်းသိမ်မွေ့နူးညံ့သောအဝတ်အထည်များ နှင့် လုံခြုံသော အိမ်ကျောင်းစသည်တို့၌သာနေလိုသည်။

ပြခဲ့သော မြွေ,မိကျောင်း,ငှက်,အိမ်ခွေး, တောခွေး, ဥပမာ ငါးမျိုးသည် ယေဘုယျအားဖြင့် ပြဆိုလိုက်သည်။

၆။ ဟဒယဝတ္ထု-နှလုံးသားရုပ်၊ မနောဓါတ်ရ ဘဝင် စိတ်ဖြစ်ရာတည်း။ ဘဝင်စိတ်ကို မနောအကြည် ဟူ၍ လည်းခေါ်သည်။

ထိုရုပ်သည်အသားမြတ်နှစ်ခုတို့၏အကြား၌ကြာဘက် ရွက်ကိုလှန်၍ထားသကဲ့သို့အပဉ်ချောမွေ့သောအောက်သို့ အဝလှည့်၍ ကြာငုံကို မှောက်ထားသကဲ့သို့ အတွင်း၌ သဘွတ်ခါးသီးနှင့်တူသောနှလုံးအိမ်အတွင်း၌တည်သော လက်စွန်းခွဲခန့် ရှိသော သွေးကို မှီ၍ ဖြစ်သော ရုပ် အထူးတည်း။

### ကျက်မှတ်ရန် ဆောင်ပုဒ်လင်္ကာ

ဆင်းရွက်ပဒုံ၊ ကျောပြင်ပုံသို့၊ ကြာငုံအောက်ရှု၊ ဉာဏ်ရှိသူ့ဝယ်၊ စဉ်းငယ်ပွင့်တုံ၊စုငုံမလျှာ၊အပသန့်ရှင်း၊ အတွင်းသဘွတ်အူ၊နှစ်ဆူခေါင်မှီ၊ နီသည်လောဘာ၊ ဒေါသ မည်းငြား၊ သားဆေးရေမောဟ၊ ဝိတက္ကပဲရေ ပမာ၊ ဝါလျှင်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမျက်တွင်၊ ဖြူစင်လွန်ကဲ၊ လက်စွန်းခွဲမျှ၊ လောဟိတသည်၊ ပုဏ္ဏားအတ္တိ၊ တွင်းမှာရှိလတ်၊ မပြတ် လယ်ဘွေ၊ရင်မှာနေငြား၊နှလုံးသားကို၊ အများသောတု ဉာဏ်ဖြင့်ရှု။

ဟဒယဝတ္ထုရုပ်ခေါ်သောနှလုံးသားသည် အောက်သို့ အဝလှည့်၍ထားသော ကြာငုံနှင့် တူသည်၊ အပြင်အပဉ်

ကြာဘက်ရွက်ကို လှန်၍ ထားသကဲ့သို့ ချောမွေ့သည်။ အတွင်း၌ သဘွတ်အူကဲ့သို့ ရှုပ်ထွေးလျက် နေသည်။ ထိုအတွင်း၌ နှလုံးသွေးသည် လက်စွန်းခွဲမျှ အမြဲရှိနေသည်။ အောက်သို့ တစက်တစက်ကျလျက်ရှိနေသည်။ ဉာဏ်ကြီးသောသူ၌ နှလုံးသွေးကျဆင်းသော အပေါက်သည် အနည်းငယ် ကျယ်သည်။ ဉာဏ်နုနံ့သော သူ၌ ကျဉ်းသည်။ လောဘကြီးသောသူ သွေးနီသည်။ ဒေါသကြီးသောသူ မည်းနက်သည်။ မောဟကြီးသောသူ အမဲဆေးသော ရေလောက် သွေးရောင် ဖျော့လျက်ရှိသည်။ အကြံအစည် ဝိတက်များသောသူ ပဲပြုတ်ရေလောက်သာ သွေးရောင်ရှိသည်။သဒ္ဓါအားကြီးသောသူ သွေးဝါသည်။ ပညာကြီးသောသူ သွေးဖြူသည်။ ပတ္တမြား ကျောက်မျက်ရောင်ကဲ့သို့ ဖြစ်၍ ပြိုးပြိုးပြက်သော အရောင်ရှိသည်။ ဤသို့ မှတ်အပ်သိအပ်သတည်း။

ပြဆိုခဲ့သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော ဟူသော အကြည် ရုပ်တို့တွင် တပါးပါး၌ အကြောင်းလေးပါးစီ ရှိကြသည်။

### စက္ခုဝိညာဏ်ဖြစ်ခြင်းအကြောင်း

၁။ စက္ခုပသာဒတပါး, ရူပါရုံ တပါး, အာလောက ဟူသော အလင်းရောင်တပါး, မနသိကာရ နှလုံးသွင်းမှု တပါး, ဤအကြောင်း လေးပါးစုံမှ, စက္ခု ဝိညာဏ် ဖြစ်နိုင်သည်။ မျက်စိအကြည်ပျက်နေသောသူ၌ ရူပါရုံ

အာလောက မနသိကာရ ရှိနေသော်လည်း အကြောင်း တပါးချို့နေသည်ဖြစ်၍ စက္ခုဝိညာဏ် မဖြစ်ဟု မှတ်။

အဋ္ဌသာလိနီ (၂၈၆)

သောတ ဝိညာဏ် ဖြစ်ခြင်းအကြောင်း

၂။ သောတပသာဒ တပါး,သဒ္ဒါရုံတပါး,အာကာသ ဓာတ် ဟူသော နားပေါက်တပါး, မနသိကာရတပါး, ဤအကြောင်းလေပါး ပြည့်စုံမှ သောတဝိညာဏ်ဖြစ်နိုင် သည်။ နားအကြည်ရုပ်ပျက်သူ နားပေါက်ပိတ်နေသူတို့၌ သောတဝိညာဏ် မဖြစ်ဟုမှတ်။

ဃာနဝိညာဏ်ဖြစ်ခြင်းအကြောင်း

၃။ ဃာနပသာဒ တပါး,ဂန္ဓာရုံတပါး,ဝါယောဓာတ် ဟူသော မှီရာတပါး, မနသိကာရ တပါး, ဤအကြောင်း လေးပါးပြည့်စုံမှ ဃာနဝိညာဏ် ဖြစ်နိုင်သည်။ နှာခေါင်း အကြည်ရုပ် ပျက်သူ, ဝါယောဓာတ် ဝင်ခြင်းမရှိသူတို့၌ ဃာနဝိညာဏ်မဖြစ်ဟုမှတ်။

ဇိဝှါဝိညာဏ်ဖြစ်ခြင်းအကြောင်း

၄။ ဇိဝှါပသာဒ တပါး, ရသာရုံ တပါး, အာပေါ ဓာတ်ဟူသော မှီရာ တပါး, မနသိကာရ တပါး, ဤအကြောင်းလေးပါး ပြည့်စုံမှ ဇိဝှါ ဝိညာဏ် ဖြစ်နိုင် သည်။ လျှာအကြည်ရုပ်ပျက်သူ လျှာကို စွတ်စိုစေတတ် သော အာပေါဓာတ်ကိုမရသည်ဖြစ်၍ လျှာခြောက်သော သူသည် ခြောက်သောခဲဘွယ်ကို လျှာ၌ထားသော်လည်း ဇိဝှါဝိညာဏ်မဖြစ်ဟု မှတ်။

## ကာယဝိညာဏ်ဖြစ်ခြင်း အကြောင်း

၅။ ကာယပသာဒ တပါး, ဖောဋ္ဌဗ္ဗာရုံတပါး, ပထဝီဓာတ် ဟူသော မှီရာ တပါး, မနသိကာရ တပါး, ဤအကြောင်းလေးပါးပြည့်စုံမှ ကာယ ဝိညာဏ် ဖြစ်နိုင်သည်။ ကိုယ် အကြည်ရုပ် ပျက်သူ ကာယပသာဒ၏ အကြောင်း ဖြစ်သော ပထဝီဓာတ် ဟူသော မှီရာကို မရရှိသူတို့၌ ကာယဝိညာဏ်မဖြစ်ဟု မှတ်။

## မနောဝိညာဏ်ဖြစ်ခြင်းအကြောင်း

၆။ ဘဝင်စိတ်တပါး, ဓမ္မာရုံ တပါး, ဟဒယဝတ္ထု ဟူသော မှီရာ တပါး, မနသိကာရတပါး,ဤအကြောင်းလေးပါးပြည့်စုံမှ မနောဝိညာဏ် ဖြစ်နိုင်သည်။ ဟဒယဝတ္ထုဟူသော မှီရာမရှိလျှင် မနောဝိညာဏ်မဖြစ်ဟုမှတ်။ ဆိုလိုရင်းကား ဝိညာဏ်ခြောက်ပါးစလုံး အကြောင်းလေးပါးစီ ရှိကြသည်ဖြစ်သောကြောင့် အကြောင်းစုံမှ ဖြစ်သည်ဟူလို။ ဘဝင်စိတ် ဆိုသည်ကား ပါဠိတော်၌ မနောဟုရှိသည်။ အဋ္ဌကထာ၌ကား မနောတိ ဘဝင်္ဂစိတ္တံ ဟု ဖွင့်ပြသောကြောင့် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်သောစိတ်ကို ဘဝင်စိတ်ခေါ်သည်ဟုမှတ်။

အဋ္ဌသာလိနီ (၂၀၇)

ပြဆိုခဲ့သော မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် မနောဟူသော အကြည်ရုပ်တို့တွင် မျက်စိသည် ရူပါရုံကို မြင်သောအခါ စက္ခုပသာဒခေါ်သော မျက်စိ အကြည်

တပါး, မျက်စိဖြင့် မြင်ကောင်းသော ရူပါရုံခေါ်သော အဆင်းအမျိုးမျိုးတပါး, အာလောကခေါ်သော အလင်းရောင် တပါး, မနသိကာရခေါ်သော နှလုံးသွင်းမှုတပါး, ဤအကြောင်းလေးပါးပြည့်စုံမှ ဝိညာဏ် ဟူသော မြင်သိမှု ဖြစ်နိုင်သည်။ အကြောင်းတပါးပါးချို့နေလျှင် မြင်သိမှုမဖြစ်နိုင်။ ထိုအတူ သောတ ပသာဒ စသည်တို့မှာလည်း ဝိညာဏ် ဟူသော သိမှု ဖြစ်ဘို့ရာ သူ့အကြောင်းနှင့်သူ ရှိကြရသည်ချည်း ဖြစ်သည်။

ထိုအကြည်ရုပ်(၆)မျိုး၌ ဆိုင်ရာ အကြောင်းအာရုံတို့သည် တိုက်ဆိုင်တွေ့ကြုံလာသောအခါ ထိုအကြည်ရုပ်မှ သိမှုကိုဖြစ်စေရသည်။ ဆိုင်ရာ အကြောင်းအာရုံ မရှိလျှင် သူ့အလိုအလျောက် သူ့သဘောအတိုင်းသာ နေသည်။ သိမှုမဖြစ်စေနိုင်။ ဤသို့မှတ်အပ်သည်။

သိမှုဖြစ်သောအခါ၌လည်း သိသည်နှင့် တပြိုင်နက် အတည်အမြဲဟူ၍မရှိ၊ ပျက်ကြရသည်။ ဖြစ်ပျက်ဖြစ်ပျက် နေသည်။ဝိပဿနာပွားသောအခါ ဤသို့ဖြစ်ပျက်ဖြစ်ပျက် နေသည်ကို မြင်အောင်ကြည့်ရသည်။ မှတ်ထားပါ။

၇။ ဇီဝိတ- သက်စောင့်ရုပ်၊ ထိုဇီဝိတ ခေါ်သော သက်စောင့်ရုပ်သည် ရုပ်တရားတို့ကို မပုပ်မသိုးအောင် စောင့်ရှောက်တတ်သော ရုပ်တို့၏ အသက်တည်း။ ရုပ်တရားတို့ကို မပုပ် မသိုးအောင် စောင့်ရှောက်ခြင်းကို အစိုးရသောရုပ်ကို ဇီဝိတိန္ဒြေ ခေါ်သည်။ ဇီဝိတ ရုပ်ကို နာမ်ဟူ၍ မခေါ်ရ၊ ရုပ်တို့၏အသက်ဟုသာမှတ်။

၇။ ဇုဂ္ဂဳဘာဝ-မိန်းမ၏ အဖြစ် ထင်ရှားရှိသောရုပ်၊ ထိုဇုဂ္ဂဳဘာဝ ခေါ်သော မိန်းမတို့၏အဖြစ် ထင်ရှား ရှိသော ရုပ်သည် မိန်းမတို့၏တကိုယ်လုံး၌ တည်သည်။ ယောကျ်ားတို့နှင့်မတူသော ခြေ-လက် အင်္ဂါ ကြီးငယ် စသော အမူအရာ သဏ္ဌာန်ရှိသည်။

၈။ ပုရိသဘာဝ- ယောကျ်ားတို့၏အဖြစ် ထင်ရှားရှိ သောရုပ်၊ထိုပုရိသဘာဝခေါ်သော ယောကျ်ားတို့၏အဖြစ် ထင်ရှားရှိသောရုပ်သည် ယောကျ်ားတို့၏ တကိုယ်လုံး၌ တည်သည်။ မိန်းမတို့နှင့်မတူသော ခြေ-လက်-အင်္ဂါ ကြီးငယ်စသော အမူအရာ သဏ္ဌာန်ရှိသည်။ ထိုကြောင့် ယောကျ်ားတို့၏ တကိုယ်လုံး၌ တည်သော မိန်းမတို့နှင့် မတူသော ခြေ-လက် အင်္ဂါ ကြီးငယ်စသော အမူအရာ သဏ္ဌာန်တို့ကို ပုရိသဘာဝရုပ် ခေါ်သည်ဟု မှတ်ထားရ သည်။ ဇုဂ္ဂဳဘာဝရုပ်ကိုလည်း အပြန်အားဖြင့် သိလေ။

ပြဆိုခဲ့သော ပသာဒရုပ် (၅)ခု၊ ဟဒယရုပ် (၁)ခု ဇီဝိတရုပ်(၁)ခု၊ ဇုဂ္ဂဳဘာဝရုပ် (၁)ခု၊ ပုရိသဘာဝရုပ် (၁)ခု၊ အားဖြင့် (၉)ပါးသော ရုပ်များသည် ကံကြောင့် ဖြစ်သော ကမ္မဇရုပ်တို့တည်း။ စိတ်, ဥတု, အာဟာရ ကြောင့် ဖြစ်သော ရုပ်တို့မဟုတ်၊ အကြောင်းလေးပါး မပြည့်စုံဟု ဤသို့မှတ်ထားပါ။ အခေါ်ကံကြောင့်ဖြစ်သော ကြောင့် ကမ္မဇရုပ်။ ကံအကြောင်း တပါးတည်းသာ ရှိသောကြောင့် ဧကဇရုပ်၊ အကြောင်းလေးပါး စုံလျှင် စတုဇရုပ်၊ အကြောင်းသုံးပါးရှိလျှင်တိဇရုပ်၊ အကြောင်း

နှစ်ပါး ရှိလျှင် ဒွိဇရုပ်ဟု ဤသို့ အကြောင်းရှိသည် အားလျော်စွာ အသီးအသီးခေါ်လေသည်။

၁၀။ သဒ္ဒ-အသံရုပ်, နားဖြင့် ကြားကောင်းသော အသံအမျိုးမျိုးကို ခေါ်သည်။

၁၁။ ကာယဝိညတ်,ကိုယ်အမူအရာဖြင့် သူတပါးကို သိစေသောရုပ်, မျက်ခုန်းကို မြှောက်ပင့်၍ လူစင်သော တခုခုရှိသည်ဟု အမူအရာပြု၍ ပြခြင်းမျိုးတည်း။မျက်လုံး အမူအရာ ဖြင့်ရင်း မေးငေါ့၍ ရင်း ဦးခေါင်းဖြင့်ရင်း လက်ဖြင့်ရင်း ခြေဖြင့်ရင်း အမူအရာ တခုခုကို ပြု၍ သူတပါးကိုသိအောင် ပြုခြင်းမျိုးတည်း။

၁၂။ ဝစီဝိညတ်- နှုတ်အမူအရာဖြင့် သူတပါးကို သိစေသောရုပ်, သူတပါးထံ၌ ပစ္စည်းဝတ္ထုတခုခုရှိမှန်း သိသဖြင့် ထိုပစ္စည်းကို အလိုရှိနေသောအခါ တိုက်ရိုက် သော်ရင်း သွယ်ဝိုက်၍ သော်ရင်း နှုတ်အမူအရာပြု၍ သူတပါးကိုသိအောင် ပြုခြင်းမျိုးတည်း။

၁၃။ လဟုတာ- ရုပ်တို့၏ ပေါ့ပါးသည်၏ အဖြစ် ဟူသော အခြင်းအရာ,

၁၄။ မုဒုတာ- ရုပ်တို့၏ နူးညံ့သည်၏ အဖြစ်ဟူသော အခြင်းအရာ,

၁၅။ ကမ္မညတာ- ရုပ်တို့၏အမှု၌ ခန့်သည်၏ အဖြစ် ဟူသော အခြင်းအရာ,

၁၆။ အာကာသပရိစ္ဆေဒ- အကြားရုပ်၊အဇ္ဈကလာပ ရုပ် တခုနှင့် တခုတို့၏ အကြား အကြား မှာ ရှိသည်။ ပင်းလင်းအပြင်ရှိသော ရုပ်ဟူ၍လည်း ဆိုသည်။

၁၇။ ဥပစယ- ရုပ်တို့၏ ရှေ့ဦးဖြစ်စကို အာစယ၊ ရုပ်တို့၏ တိုးပွားခြင်းရှိသော ဥပါဒ်ကို ဥပစယခေါ်သည်။

၁၈။ သန္တတိ-ဖြစ်စဉ်, တိုးပွားခြင်းရှိသောရုပ်တို့၏ အဆင့်ဆင့် ဆက်ကာ ဆက်ကာ စေ့စပ်ဖွဲ့ယှက် သဖြင့် ကျယ်ပြန့်ခြင်းရှိသော ဖြစ်စဉ်တည်း။

ဤ၌ အာစယ ဥပစယ သန္တတိတို့၏ အထူးကို ဥပမာဖြင့် ပြအံ့။ မြစ်ကမ်းစပ်၌ တူးသော လက်ယက် တွင်းငယ်၌ ရေစထွက်သော ကာလကဲ့သို့ အာစယကို မှတ်အပ်သည်။ ရေပြည့်သော ကာလကဲ့သို့ ဥပစယကို မှတ်အပ်သည်။ ရေလွှမ်းမိုး၍ စီးသွားသော ကာလကဲ့သို့ သန္တတိကို မှတ်အပ်သည်။

၁၉။ ဇရတာ-ရင့်ကျက်ရုပ်,အိုရုပ်,ဟောင်းရုပ်တည်း၊ ထိုရုပ်သည် ဘင်၏အနီးသို့ ဆောင်ခြင်းကိစ္စ ရှိသည်။ ဇရာသို့ ရောက်သောသူအား ဘင်သည် မချွတ်ဖြစ်လတ့်။

အဋ္ဌသာလိနီ(၃၂၅)

၂၀။ အနိစ္စတာ- သေရုပ် ပျက်ရုပ်တည်း။ ကုန်ခြင်း ချုပ်ခြင်းကို ခယ၊ပျက်ခြင်းကို ဝယ၊ပျိုကွဲခြင်းကို ဘေဒ၊ ဘေဒကိုပင် ပရိဘေဒဆိုသည်။

အကြောင်း အားလျော်စွာ ဖြစ်၍ အစဉ် မတည် ပျက်ခြင်း သဘောကို အနိစ္စ၊ အနိစ္စဖြစ်သော ရုပ်၏ အဖြစ်ကို အနိစ္စတာဟု ဆိုသည်။ သေခြင်း သဘော၌ ရုပ်သည် ကွယ်သောကြောင့် အန္တရဓာန၊ ကွယ်သော ရုပ်သည် မမြင်ရတော့ချေ။ ရုပ်သည်သာလျှင် ကွယ်သည် မဟုတ်။ ငါးပါးသော ခန္ဓာတို့သည်လည်း ကွယ်ကုန်၏။ ရုပ်အနိစ္စသည် ရုပ်တို့၏ ထက်ဝန်းကျင် အားဖြင့် ပျက်ခြင်းဟူ၍မှတ်။ ဥပါဒ် ဋ္ဌီ ဘင် အားဖြင့် ပိုင်းခြား ခြင်း ရှိသော ရုပ်တို့၏ ပျက်ဆဲပင်တည်း။ ဉာဏ်ဖြင့်သာ သိအပ်သည်။ ပကတိမျက်စိဖြင့် မသိနိုင်ဟု ဆိုသတည်း။

အဋ္ဌသာလိနီ (၃၂၆)

ပြဆိုခဲ့ပြီးသော ရုပ်တို့ကို စက္ခုပသာဒရုပ်မှ စ၍ ရေသော် အနိစ္စတာရုပ်အထိ ရုပ်ပေါင်း (၂၀) ရှိသည်။ အဋ္ဌကလာပ်ရုပ် (၈) ပါးနှင့် ပေါင်းသော် ရုပ်(၂၈) ပါး ပြည့်စုံပြီ။ ထိုရုပ် (၂၈) ပါးတို့တွင် အဋ္ဌကလာပ်ရုပ် (၈) ပါးနှင့် အာကာသ ပရိစ္ဆေဒရုပ် ဥပစယ,သန္တတိရုပ် များသည် ကံ, စိတ်, ဥတု, အာဟာရဟု ဆိုအပ်သော အကြောင်းတရား လေးပါးကြောင့်ဖြစ်သည်။ အကြောင်း တရားလေးပါး ထောက်ပံ့မှု အမြဲရှိနေသည်။ ပသာဒရုပ် (၅)ခု ဟဒယရုပ်(၁)ခု ဇီဝိတရုပ်(၁)ခု ဣတ္ထိဘာဝရုပ် (၁)ခုပုရိသဘာဝရုပ်(၁)ခု ပေါင်း(၉)ပါးသည်ကံကြောင့် ဖြစ်သည်။

ကာယဝိညတ်ရုပ် (၁)ခု ဝစီဝိညတ်ရုပ် (၁)ခု ပေါင်း ဝိညတ်ရုပ် (၂)ပါးသည် စိတ်ကြောင့် ဖြစ်သည်။

သဒ္ဒရုပ်(၁)ပါးသည် စိတ်ကြောင့်ရင်း ဥတုကြောင့်ရင်း စိတ် ဥတု (၂)ပါးကြောင့်ရင်း ဖြစ်သည်။

လဟုတာရုပ် (၁)ခု မုဒုတာရုပ်(၁)ခု ကမ္မညတာရုပ် (၁)ခု ပေါင်း (၃)ပါးသည် စိတ်, ဥတု, အာဟာရဟု ဆိုအပ်သော အကြောင်း (၃) ပါးကြောင့် ဖြစ်သည်။ ပကတိသော ရုပ်တို့ကို ထူးအောင်ပြုတတ်သောကြောင့် ထိုရုပ်သုံးပါးကို ဝိကာရရုပ်ဟူ၍လည်း ခေါ်သည်။

ဇရတာရုပ်(၁)ခု အနိစ္စတာရုပ်(၁)ခု ထိုရုပ်(၂)ခုသည် ကံ, စိတ်, ဥတု, အာဟာရဟု ဆိုအပ်သော အကြောင်း တရား လေးပါးမှ လွတ်သည်။ ဤတွင်ရုပ် (၂၈)ပါးနှင့် အကြောင်းအကျိုးဖြစ်ပုံကို ရေးသား၍ ပြီးသတည်း။

## ဓာတ်ကြီး လေးပါး

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယော ဓာတ်ဟူ၍ ဓာတ်ကြီးလေးပါး ရှိသတည်း။ ထိုဓာတ်ကြီး လေးပါးကို ကြီးမားသည် ဖြစ်၍ ထင်ရှား ပြတတ်သော ကြောင့်ရင်း မျက်လှည့်သမားနှင့် တူသော ကြောင့်ရင်း ဘီလူးမတို့သည် နှစ်သက်ဖွယ်သော အဆင်း သဏ္ဌာန်ကို ပြ၍ သတ္တဝါတို့ကို လှည့်ပတ် ဖြားရောင်းတတ်သည်နှင့် တူသောကြောင့်ရင်း မဟာဘုတ်ဟူ၍လည်းခေါ်လေသည်။

ဋီကာကျော်။

### ပသာဒရုပ် (၅)ပါး

စက္ခု ပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါ ပသာဒ, ကာယပသာဒ ဟူ၍ ငါးပါးတည်း။ ပသာဒ ဆိုတာ ဖလ်ကြည် မှန်ကြည် ကဲ့သို့သော အကြည်ကို ခေါ်သည်။

### ဂေါစရရုပ် (၇)ပါး

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာရုံဟူ၍ ခုနစ်ပါးတည်း။ ထိုခုနစ်ပါးသည် နာမ်တရား၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ဂေါစရရုပ်ဟု ခေါ်သည်။ ထိုဂေါစရရုပ် များသည် နွားစားကျက်နှင့် တူသည်။ နာမ်တရားသည် ထိုစားကျက်၌ ကျက်စားသော နွားတို့နှင့် တူသည်။ (အာပေါသည် အကြည်ခတ်ဖြင့် တွေ့ထိ၍ မသိကောင်း သောကြောင့် ဖေါဋ္ဌဗ္ဗာရုံဟု မခေါ်ရ၊ နိပ္ဖန္နရုပ် ရေတွက် ရာ၌သာ ထိုအာပေါကို ထည့်၍ရေတွက်ရသည်)။

### ဘာဝရုပ် (၂)ပါး

ပုရိသရုပ်, ဣတ္ထိရုပ်ဟူ၍ နှစ်ပါးတည်း။ ထိုရုပ်နှစ်ပါး သည် ယောကျ်ားအဖြစ် မိန်းမအဖြစ် ရှိကြသောကြောင့် ဘာဝရုပ်ဟု ခေါ်သည်။

### ဟဒယရုပ် (၁)ပါး

ဟဒယ ဝတ္ထုရုပ်,ဟဒယ-နှလုံးသား၊ဝတ္ထု-တည်ရာ၊ ထိုနှလုံးသား၏ တည်ရာဖြစ်သော ဟဒယ ဝတ္ထု ရုပ်၌ မနော-အကြည်ဟု ဆိုအပ်သော ဘဝင်စိတ် ဖြစ်သည်။

### ဇီဝိတရုပ် (၁)ပါး

ဇီဝိတရုပ်,ထိုရုပ်သည် ရုပ်တရားတို့၏အသက်တည်း။

### အာဟာရရုပ် (၁)ပါး

အာဟာရရုပ်, ထိုရုပ်သည် မျိုအပ် စား သောက် ခဲ လျက် အပ်သော ထမင်းအဖျော်စသည်တည်း။

### နိပ္ဖန္နရုပ် (၁၈)ပါး

ဓာတ်ကြီး ၄-ပါး ပသာဒရုပ် ၅-ပါး ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ၄-ပါး ပထဝီ, တေဇော,ဝါယောဟု ဆို အပ်သော ဖေါဋ္ဌဗ္ဗာရုံသည် ဓာတ်ကြီး ၄-ပါး၌ပါသွားပြီ၊ ဘာဝရုပ် ၂-ပါး ဟဒယရုပ် ၁-ပါး ဇီဝိတရုပ် ၁-ပါး အာဟာရရုပ် ၁-ပါး အားဖြင့် ပေါင်း ၁၈-ပါးသည် ခက်ထန်သည်၏ အဖြစ် အစရှိသော မိမိ၏ သဘော လက္ခဏာ အားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် ခေါ်သည်။ ဥပါဒ် အစရှိကုန်သော လက္ခဏာ အနိစ္စ အစရှိကုန်သော လက္ခဏာတို့နှင့် တကွ ဖြစ်သောကြောင့် သလက္ခဏရုပ်ဟူ၍လည်း ခေါ်သည်။ ပိုင်းခြားခြင်း အစ ရှိသည်တို့၏ အဖြစ်ကိုကြည့်၍ မိမိ၏ သဘောဖြင့်သာလျှင် ကံအစရှိကုန်သော အကြောင်းတို့သည်ပြီးစေအပ်သည်၏ အဖြစ်ကြောင့်နိပ္ဖန္နရုပ်ဟူ၍လည်းခေါ်သည်။လက္ခဏာရေး သုံးပါး အပေါင်းသို့ တင်သော အားဖြင့် ဝိပဿနာ ဉာဏ်ဖြင့် သုံးသပ်ခြင်းငှါ သင့်လျော် လျောက်ပတ် သည်၏ အဖြစ်ကြောင့် သမ္မသနဟူ၍လည်း ခေါ်သည်။

ထို ၁၈-ပါးသော ရုပ်မှကြွင်းသော ၁၀-ပါးသော ရုပ်ကို အပြန်အားဖြင့် သိလေ။

ဤတွင် ရုပ်ခဏ်းပြီးသတည်း။

---

## နာမ်အကြောင်း

နာမ်သည် တေ-ပညာသ (၅၃)ပါးရှိသည်။ တေက (၃) ပညာသက (၅၀) ထို့ကြောင့် နာမ်တေပညာသ၊ နာမ်သည် (၅၃)ပါး ရှိသည်ဟု ဆရာစဉ်ဆက်တို့ ဆိုရိုးပြုကြသည်။ နာမ်တေပညာသဆိုတာ အာရုံကို ထူးထူး ထွေထွေ ဆန်းဆန်း ပြားပြား သိတတ်သော သဘော လက္ခဏာ ရှိသော အာရမ္မဏာ ဝိဇာနနလက္ခဏာအားဖြင့် စိတ်(၈၉)ခုကို တပါးတည်းပြု၍ စေတသိက်လက္ခဏာ (၅၂)ပါးနှင့်ပေါင်းသော် (၅၃)ပါး ရှိသည်ကိုခေါ်သည်။

အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ အာရုံ၏ သဘောကို သိတတ် ကြံစည်တတ် စိတ်ကူး တတ်သောကြောင့် စိတ်ခေါ်သည်။

ဝိဝိဓံ အာရမ္မဏံ ဉာဏံ ဝိညာဏံ၊ ဝိညာဏ်သည် အထူးထူး အပြားပြားသော အာရုံကို သိတတ်သည်။

နမတီတိ နာမံ- အာရုံသို့ ညွတ်တတ် ကိုင်းတတ် ရှိုင်းတတ် သောကြောင့်ဎင်း, (ဝိဇာနာတီတိ ဝိညာဏံ၊ သိတတ်သောကြောင့် ဝိညာဏ်ခေါ်သည်) အာရုံ၌ စိတ်ကို သွင်းယူတတ်သောကြောင့်ဎင်း, နာမ်ခေါ်သည်။ ထိုစိတ်

ဝိညာဏ် နာမ်သုံးပါးသည် သိမှုကို ပေးကြသည်ချည်း ဖြစ်သည်။ သဘောအားဖြင့် အတူတူပင်။

စိတ်သည် အိပ်ပျော်နေတုန်း ဘဝင်ကျနေသောအခါ စက်ရုပ်ထားသော ဗွီဒီယိုလာအိုးနှင့် တူသည်။ စက်ရုပ်ထားသော အခါ ဗွီဒီယိုလာအိုးတို့မည်သည် ဖွဲ့ထင်း စသည်ကို နောက်ထပ်မထည့်တော့ပေ၊ ဖွဲ့ထင်းစသည် နောက်ထပ် မထည့် သော်လည်း မီးက ရှိနေလျက်ပင် ထိုမီးသည် စက်လည်လို့ ဖြစ် သလား ဆိုတော့ စက်လည်လို့ ဖြစ်လောက်အောင်ကား မရှိ။ နောက်တနေ့ ဖွဲ့ထင်းစသည် အသစ်ထည့်ပြန်သောအခါ၌သာ လွယ်လွယ်နှင့် ပြန်လည် နိုင်သကဲ့သို့ ထို့အတူ စိတ်သည်လည်း အိပ်ပျော်နေတုန်း ဘဝင်ကျနေသော အခါ ဘဝင်စိတ်ဖြစ်၍ ရှိနေသည်။ သို့သော်ထိုအခါ၌ ဝီထိစိတ်အစဉ်ဖြစ်လောက်အောင်ကား မရှိ။ ငြိမ်ဝပ်လျက်နေသည်။ အိပ်ရာကနိုး၍ဘဝင်စိတ်မဖြစ် သော အခါ၌နောက်တနေ့ အသစ်ဖြစ်သော ဖွဲ့ထင်းတို့ကို ထည့်သည့်ပမာ စိတ်စေတသိက်တရားတို့သည် ဝီထိစိတ် အစဉ်ဖြစ်လောက်အောင် ဖြစ်လာကြပြန်သည်၊ ထိုအခါ ကောင်းမကောင်းဆိုတဲ့ ကုသိုလ် အကုသိုလ်တို့ ဖြစ်နိုင် တော့သည်။ ဘဝင်ကျ၍ ဘဝင်စိတ်ဖြစ်နေတုန်း အခါ၌ ကုသိုလ်လဲမဖြစ် အကုသိုလ်လဲ မဖြစ်ဟု မှတ်လေ။

တနည်း ဘဝင်စိတ်သည် စိမ့်ရေနှင့်တူသည်။ စိမ့်ရေတို့ မည်သည် ရေခေတ်ရှိသော်လည်း စီးဆင်းနေသည်ဟုမရှိ။ ဗိုဇွတ်၍ စီးဆင်းနေသည်ကို လည်း မတွေ့ရ၊ စိမ့်ခေတ်

သဘောကား ရှိလျက်ပင် ဖြစ်သည်။ ထို့ကြောင့် အအေးဓာတ် ရှိ၍ စိမ့်နေသော ဌာနသို့ ရောက်ရှိသော အခါ ဒိနေရာစိမ့်ရှိသည်၊ ကယ်အေးတာဘဲ စိမ့်တော်တော်များသည်။ စိမ့်ဆွဲနေသည်ဟုလည်း ဆိုစမှတ်ပြုကြသည်။

ဘဝင်စိတ် မဖြစ်သော အခါ၌ကား တသွင်သွင် စီးဆင်း နေသော စမ်းရေနှင့် တူသည်။ စမ်းရေတို့မည်သည် တသွင်သွင် စီးဆင်းလျက်ရှိသည်။ စီးဆင်းနေသည်ကိုလည်း တွေ့မြင် သိရှိနိုင်ကြသည်။ ထို့ အတူစိတ်သည်လည်း ဘဝင်စိတ်မဖြစ်သောအခါ၌ တသွင်သွင် စီးဆင်းနေသော စမ်းရေအလျဉ်ကဲ့သို့ ဝီထိစိတ် တို့သည် ဆက်ခါ ဆက်ခါ ဖြစ်နေကြသည်။ ထိုသို့ ဝီထိစိတ်တို့ ဖြစ်နေသော အခိုက်တို့၌ ဆိုင်ရာ စိတ်စေတသိက် တရားတို့သည်လည်း စိတ်၌မှီတွယ် ကပ်မျှောင်လျက် ဖြစ်ကြရသည်။ (စိတ်၌ မှီတွယ် ကပ်မျှောင်၍ ဖြစ်သည်ကို စေတသိက်ဟု မှတ်ထားပါ) စိတ်သည် မိမိ ခန္ဓာကိုယ် အတွင်း၌ အဘည်အမြဲနေသည်ဟု မရှိဘဲ။ အဝေးအာရုံ အနီးအာရုံတို့ ရှိရာသို့ ခြေထောက်ပါသော သူနှင့် မခြားသွားနေလျက် ရှိသည်။ ထိုစိတ်ကို ထိန်းသိမ်း စောင့်ရှောက်၍ မိမိခန္ဓာအိမ်အတွင်း၌သာ ငြိမ်ဝပ်စွာ ထားနိုင်လျှင် ပူပန်စေတတ်သောတရားတို့ကင်းဝေး၍ ချမ်းသာကို ဆောင်နိုင်ပါသည်။ ထို့ကြောင့် စိတ်တလုံးကို နိုင်လျှင် ကိလေသာအကုန်သေနိုင်သည်ဟု ဆိုရိုး ရှိကြလေသည်။

**သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ပါး**

၁။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ ဟူ၍ (၇)ပါးတည်း။

**ပကိဏ်းစေတသိက် (၆)ပါး**

၂။ ဝိတက်,ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ ဟူ၍(၆)ပါးတည်း။

**အကုသိုလ်စေတသိက် (၁၄)ပါး**

၃။ မောဟ,အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ ဟူ၍ (၁၄)ပါးတည်း။

**သောဘဏသာဓာရဏ စေတသိက်(၁၉)ပါး**

၄။ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ ဟူ၍ (၁၉)ပါးတည်း။

**ဝိရတိစေတသိက် (၃)ပါး**

၅။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူ၍ (၃)ပါးတည်း။

**အပ္ပမညာစေတသိက် (၂)နှင့် ပညိန္ဒြေစေတသိက်(၁)ပါး**

၆။ ကရုဏာ, မုဒိတာ, ပညိန္ဒြေ ဟူ၍(၃)ပါးတည်း။

---

## သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခု

**၁။ ဖဿ** ဆိုတာ ...... အကြည်ရုပ်နှင့် အာရုံရုပ်တို့ တခုနှင့်တခု တွေ့ဆုံ ထိခိုက်ကြသော အခါ အကြည် အာရုံတို့ ထိ သိမှု ဖြစ်သည်ကို ခေါ်သည်။ ပြပါအံ့........ အကြည်ရုပ်သည် သူ့ချည်းသက်သက်နေလို့ ဖဿမဖြစ်၊ အာရုံရုပ်သည်လည်း သူ့ချည်းသက်သက် နေလို့ ဖဿ မဖြစ်၊ ထိုရုပ်နှစ်ပါးတို့ တခုနှင့်တခု အချင်းချင်းအားဖြင့် အကြောင်း တိုက်ဆိုင်၍ တွေ့ဆုံ မိကြသောအခါ ထိမိ ကြတော့သည်။ ထိမိသည်နှင့် တပြိုင်နက် သူ့သဘာဝ အတိုင်း **သိမှု** သဘောကလေး ပေါ်လာရသည်။ ထိုသို့ ထိသိမှု ဖြစ်သည်ကို ဖဿ-ဟု ခေါ်လေသည်။ အကြည် ဆိုသည်ကား ရုပ်ခဏ်း၌ပြခဲ့သော မျက်စိအကြည်စသော အကြည် ရုပ်တို့ကိုဆိုသည်။ သင်္ဂြိုဟ်နိဿယ၌ ဖဿောစ အာရုံ၏ သဘောကို တွေ့ထိခြင်း လက္ခဏာရှိသော ဖဿ စေတသိက်ငါး,ဟု ရေးထားသည်။ တွေ့ထိတယ် ဆိုရင် သိမှုပေါ်လာတော့တာဘဲ၊ ထိုဖဿသည် အလိုရှိအပ်သော ဣဋ္ဌရသ အလိုမရှိအပ်သော အနိဋ္ဌရသ-ဟု ဆိုအပ်သော အာရုံ၏ အရသာသဘော ပေါ်ထွက် လာစေရန် အာရုံကို ကျိပ်နှိပ်ခြင်းတည်း။ ထိုဖဿသည် အာရုံ၏ ရသ-

သဘောကို ထုတ်ဖေါ်သော ဟာရးဖြစ်၍ ခပ်သိမ်းသော စေတသိက် နာမ်တရား တို့၏ ဖြစ်ပွားရန် အရင်းမူလ ဖြစ်လေသည်။ ရသ-မပေါ် ခွဲလျှင် အာရုံ ဟူသမျှသည် အသုံးကျတော့မည် မဟုတ်၊ ရသ-သဘော ပေါ်ရသည် ချည်း ဖြစ်သည်။

၂။ **ဝေဒနာ**ဆိုတာ အာရုံ၏ အရသာ သဘောကို ခံစားမှုတည်း။ ထိုဝေဒနာသည် ကောင်းသော အာရုံကို ခံစားသည် မကောင်းသော အာရုံကိုလည်း ခံစားသည် ကောင်း-မကောင်းအားဖြင့် အလတ် ဖြစ်သော အာရုံ ကိုလည်း ခံစားသည်။ ခပ်သိမ်းသော သတ္တဝါတို့သည်။ ဤခံစားမှု၌ ခေါင်းစိုက် နစ်မြုပ်လျက် နေကြလေသည်။

၃။ **သညာ**ဆိုတာ အာရုံ၏သဘောကို အမှတ်ပြုခြင်း တည်း။ ခပ်သိမ်းသော သတ္တဝါတို့သည် သူ့အမျိုးနှင့်သူ အမှတ်ရှိကြသည်ချည်းဖြစ်သည်။ မျိုးရိုးအလိုက် အမှတ်မိ စုံလင်က ဤအမှတ်ဖြင့်ပင် အလိမ်မာ ပြည့်စုံ လောက်င ရှိနေကြလေသည်။

၄။ **စေတနာ** ဆိုတာ စေ့ဆော်မှုတည်း။ နာမ်တရား တို့ကို ညီညာ ဖြဖြ ထကြွမှု ရှိကြစေရန် နှိုးဆော်မှု၊ အားပေးမှု၊ တိုက်တွန်းမှု၊ စီရင် ကြီးကြပ်မှု ဖြစ်သည်။ လောကမှာ ထိုထိုအရေး ကိစ္စတို့၌ နှိုးဆော်သူ စီရင် ကြီးကြပ်သူရှိကြလေသည်။ ထိုသူကိုသာ အရေး ကိစ္စ၏ အရှင်ပြု၍ ခေါ်ဆိုကြမြဲဖြစ်သည်။ ဘယ်အရေးကိစ္စကြီးကို ဘယ်သူပြုလုပ်သည်။ ဘယ်သူ အမှုသည် ဖြစ်သည်ဟု

ပြောကြဆိုကြရိုးဖြစ်သည်။ ထိုအတူ မြွေမှာလည်း ထိုထို ကိုယ်မှုကိစ္စ နှုတ်မှုကိစ္စ စိတ်မှုကိစ္စတို့၌ နှိုးဆော်သူ စီရင် ကြိုးကြပ်သူ ဖြစ်သော ဤ စေတနာကိုသာ အရှင်ပြု၍ ဤစေတနာကိုသာ အမှုသည်ပြု၍ စေတနာကိုသာ ကံဟူ၍ ဆိုရသည်။ စေတနာကို ကံ,ကံ-ကို ပြုလုပ်သော အမှုဟု ခေါ်သည်။

လောက၌ ခပ်သိမ်းသော ဥစ္စာ အစီး အပွား ပညာ အစီး အပွားတို့သည် ယခု ပစ္စုပ္ပန်ဘဝတွင် ကြောင့်ကြ စိုက်ထုတ် ပြုလုပ်ကြသဖြင့် ပြီးစီး ရသည်။ ထိုသို့ပြီးစီး သော အစီး အပွားတို့၌ ကိုယ်မှု,နှုတ်မှု, စိတ်မှုဟူသော ကံ-တရားတို့ ဖြစ်ပွားကြရကုန်သကဲ့သို့ ထိုအတူ သေလွန် သည်မှ နောက်ကာလ၌ အသစ် အသစ်သောဘဝ အစီး အပွားတို့သည်လည်း ရှေးရှေးသော ဘဝတို့ကကြောင့်ကြ စိုက်ထုတ် ပြုလုပ်ခဲ့ကြသဖြင့် ပြီးစီးရသည်။ ထိုသို့ပြီးစီး သော ဘဝ အစီးအပွားတို့၌ကိုယ်မှု,နှုတ်မှု,စိတ်မှုဟူသော ဤစေတနာတို့မှ ဖြစ်ပွားကြရကုန်သည်၊ ရေ, မြေ, တော, တောင်, သမုဒ္ဒရာ, သစ်ပင်နွယ်, မြက်အစဉ် အဆက် တို့သည် ဥတု ဟူသော ဓာတ်မီးမှ ဖြစ်ပွားကြရကုန်သည် ဖြစ်၍ ဓာတ်မီး၏ သားမြေးတို့ချည်း ဖြစ်ကြရကုန်သကဲ့သို့ ခပ်သိမ်းသော သတ္တဝါ အစဉ် အဆက် တို့သည်လည်း ဤစေတနာ ဟူသော ကံဓာတ်မှ ဖြစ်ပွားကြရကုန်သည် ဖြစ်၍ ကံ-ဓာတ်၏ သားမြေးတို့ချည်း ဖြစ်ကြကုန်သည်။

၅။ **ကေဂ္ဂတာ** ဆိုတာ စိတ်၏ ငြိမ်သက်တည်ကြည်မှုကို ခေါ်သည်။ သမာဓိ ဟူ၍လည်း ခေါ်ရသည်။ ဈာန်–အဘိညာဉ်ဏ် သမာပတ်တို့၌ အကြီး အချုပ်တည်း။

၆။ **ဇီဝိတ** ဆိုတာ နာမ်တရားတို့၏ အသက်တည်း။ နာမ် အစဉ်၏ ကာလ မြင့်ရှည် တည်နေမှု၌ အကြီး အချုပ်တည်း။ နာမ်တရားတို့၌ အစိုးရခြင်း ရှိသည်ကို ဇီဝိတိန္ဒြေခေါ်သည်။

၇။ **မနသိကာရ** ဆိုတာ နှလုံးသွင်းမှုတည်း။ အလိုရှိရာ အာရုံကို စိတ်၌ ဆောင်ယူ သွင်းပေးခြင်းတည်း။

ဤစေတသိက်(၇) ပါးသည် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံခြင်း ရှိသည် ဖြစ်၍ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ခေါ်သတည်း။

---

## ပကိဏ်းစေတသိက်ခြောက်ပါး

၁။ **ဝိတက်** ဆိုတာ စိတ်၏ အထွေထွေ အပြားပြား အကြံပွားခြင်းတည်း။ သင်္ကပ္ပ ဟူ၍လည်း ခေါ်သည်။ သမ္မာ သင်္ကပ္ပ အဖြစ်ကောင်းသော ကြံစည်ခြင်း ကုသိုလ်ကောင်းမှုနှင့် ဆိုင်သည်။ မိစ္ဆာသင်္ကပ္ပ အဖြစ်မကောင်းသော ကြံစည်ခြင်း မကောင်းမှု အကုသိုလ်နှင့် ဆိုင်သည်။ နှစ်မျိုးတည်း။ အာရုံ တခုပေါ်သို့ ရှေးရှုလျက် တင်ပေးခြင်းကိုလည်း ဝိတက်ဟူ၍ပင် ခေါ်သည်။

၂။ **ဝိစာရ** ဆိုတာ အာရုံ၌ စိတ်၏ တရစ် ဝဲဝဲ နေခြင်းတည်း။ အာရုံ၌ ထပ်ကာ ထပ်ကာ သုံးသပ် နေခြင်းကိုလည်း ဝိစာရဟူ၍ပင် ခေါ်သည်။

၃။ **အဓိမောက္ခ** ဆိုတာ အာရုံ၌ စိတ်၏ ကျွတ်ကျွတ် လွတ်လွတ် ဆုံးဖြတ်လိုက်ခြင်းတည်း။ ဟုတ်သည့်ဖြစ်စေ မဟုတ်သည့်ဖြစ်စေ ဒီလိုလားဟိုလိုလားဟု စိတ်နှစ်ခွမရှိ၊ စိတ်၏ အငြိအတွယ်မှ ကျွတ်လွတ်သည်။

၄။ **ဝီရိယ** ဆိုတာ အမှုကိစ္စတို့၌ စိတ်၏ ထထကြွကြွ ပေါ့ပေါ့ ပါးပါး ရှိခြင်းတည်း။ သမ္မာဝါယာမ-အဖြစ် ကောင်းသော ထကြွ ပေါ့ပါးခြင်း ကုသိုလ်ကောင်းမှုနှင့် ဆိုင်သည်။ အားထုတ်မှု, လုံ့လစိုက်မှု, ဇွဲဟူ၍လည်း ခေါ်ရသည်။ မိစ္ဆာဝါယာမ-အဖြစ် မကောင်းသော ထကြွ ပေါ့ပါးခြင်း။

၅။ **ပီတိ** ဆိုတာ စိတ်၏ နှစ်သက် သဘောကျခြင်း တည်း။ စိတ်လုံးကြီးထွားခြင်း စိတ်ရွှင်လန်းတက်ကြွခြင်း တဟုန်တည်း မြောက်ကြွခြင်း ဟူ၍လည်း ဆိုသည်။

၆။ **ဆန္ဒ** ဆိုတာ အလိုရှိခြင်းတည်း၊ သွားလိုသည်, လာလိုသည်, ပြောလိုသည်, ဆိုလိုသည်အစရှိသည်တည်း။

ဤစေတသိက် (၆)ပါးသည် အလုံးစုံသော စိတ်တို့နှင့် အကုန်မယှဉ်၊ အချို့သောစိတ်၌ ဖြိုးပြောက်သာယှဉ်သည် ဖြစ်၍ ပကိဏ္ဏက စေတသိက် ခေါ်သတည်း။ ယှဉ်သင့်မှ ယှဉ်သော စေတသိက်စုတည်း။

## အကုသိုလ် စေတသိက်စု

၁။ **မောဟ** ဆိုတာ တရားဓမ္မအရာ၌ အလွန် မသိတတ်ခြင်းကို ခေါ်သည်။ တွေတွေဝေဝေ ရှိသည်၊ အလုပ်ကိစ္စ တခုကိုမယ်မယ်ရရ ပြီးမြောက်သည်ဟူ၍ မရှိတတ်၊ ရှိုးတိုးရှေးတားနှင့်သာ အချိန်ကုန်ရတာ များသည်၊ အလုပ်ကိစ္စတခုကိုပြုလုပ်ရာ၌ ငေးမောလျက် နေရင်းပင်ပျောက်သလိုလို ဖြစ်၍ မေ့နေတတ်သည်။ မေ့ပါများသော အခါ အရူးတောင် ဖြစ်သွားတတ်သည်။ ထိုမောဟကို သတိဖြင့် ပယ်ဖျောက်မှရသည်။ ပဋာစာရီ ရူးနေတုန်းက မြတ်စွာဘုရားထံ ရောက်သွားတော့ သတိံ လဘေယျာသိဘဂိနီ-ချစ်သမီး ပဋာစာရီ သတိကို မမေ့နှင့် မြဲမြဲ ထားပါလို့ မြတ်စွာဘုရားက သတိပေးလိုက်တော့မှ သတိကို မြဲစွာ ထားလိုက်သဖြင့် အရူးပျောက်သွားရသည်။

၂။ **အဟိရိက**– ဆိုတာ အရှက် မရှိခြင်းတည်း။ မကောင်းမှု ဒုစရိုက်ကို ပြုခွင့်ဆိုက်ခဲ့သော် မိမိ၌အမိုက်မှု ငြိစွန်း၍ ညစ်နွမ်းစေတော့မည်ဟု စိုးရိမ်ခြင်းမရှိ လူသိနတ်သိ မည်ကိုလည်း မရှက်ခြင်းတည်း။

၃။ **အနောတ္တပ္ပ**–ဆိုတာ အကြောက်မရှိခြင်းတည်း။ နောက်၌ ငါမိုက်ခဲ့မိလေခြင်း ငါမှားခဲ့မိလေခြင်းဟူ၍ မိမိကိုယ်ကို မိမိစွပ်စွဲ ဆဲရေးခြင်းဟူသော အတ္တာနုဝါဒဘေး သင့်ရောက်မည်ကိုလည်း မကြောက်၊ လူသူတော်ကောင်း နတ်သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်း ဟူသော ပရာနုဝါဒ

ဘေး သင့်ရောက် မည်ကိုလည်း မကြောက်၊ အပါယ် ဘေးသင့် ရောက်မည်ကိုလည်း မကြောက်ရွံ့၊ မထိတ်လန့် ခြင်းတည်း။

၄။ **ဥဒ္ဓစ္စ** ဆိုတာ အာရုံ တခုခု၌ စိတ်၏ ရပ်တည် မရခြင်းတည်း။ စိတ်ဟိုရောက် ဒီရောက် ဖြစ်နေသည်။ လေခတ်သဖြင့် လှုပ်သော ရေကဲ့သို့၎င်း, တံခွန်ကုတ်ကား ကဲ့သို့၎င်း, မငြိမ်မသက်ရှိသည်၊ ကျောက်ဖြင့် ခတ်သော ပြာကဲ့သို့၎င်း ရှိသည်။

၅။ **လောဘ**-ဆိုတာ အာရုံ၌စိတ်၏ ငြိတွယ်စေးကပ် ခြင်းတည်း။ ဤလောဘကို တဏှာဟူ၍၎င်း အဘိဇ္ဈာ ဟူ၍၎င်း ကာမဟူ၍၎င်း ရာဂဟူ၍၎င်း ခေါ်သည်။ အာရုံ၌ ငြိတွယ်မိလျှင် ခွါမရဖြစ်၍ ကပ်နေတတ်သည် ဖြစ်သော ကြောင့် မျောက်နှဲ့ စေးနှင့် တူတော့ သည်။ မျောက်နှဲ့စေး ကဲ့သို့ဟု ထိုလောဘကို ဆိုသည်။ တော မျောက်တို့သည် မျောက်နှဲ့စေးကို လက်တဘက်ဖြင့် ကိုင်မိ သောအခါ လက်တဘက်ဖြင့် ကျူ၍ခွါသည် ရှိသော် နှစ်ဘက်စလုံး ကပ်နေတော့သည်။ ခြေတဘက်ဖြင့် ကျူ၍ ထိမိသော် ခြေတဘက်ကို ကပ်ပြန်သည်။ နောက်တဘက် ဖြင့် ထိမိ ပြန်သော် နောက်တဘက် ကပ်ပြန်သည်။ ဤသို့ ဖြင့် ခြေလက်တို့ကို အကုန်ကပ်နေသည် ဖြစ်၍ ခေါင်း, ပစပ်, ကိုယ်နှင့် ပွတ်မိ တိုက်မိပြန်သော် ထိုအရပ်သို့ ကပ်ပြန်သည် ဖြစ်၍ ခွါမရဖြစ်ပြီး တောမျောက်သည် သေရတဲ့အဖြစ်သို့ပင် ရောက်ရတော့သည်။ မျောက်နှဲ့စေး

သည့် တောမျောက်ကို သေရသည် အထိ ဒုက္ခပေးသ ကဲ့သို့ လောဘသည်လည်း လူစသော သတ္တဝါတို့ကို ဒုက္ခပေးတတ်သည်။ ဤသို့ မှတ်အပ် သိအပ်သတည်း။

အဋ္ဌသာလိနီ (၂၅၉)

၆။ **ဒိဋ္ဌိ**-ဆိုတာ တရားဓမ္မ အရာ၌ အယူမှားခြင်း တည်း။ အနိစ္စအမှန်ကို နိစ္စဟု ယူမှားခြင်း ဒုက္ခအမှန်ကို သုခဟု ယူမှားခြင်း အနတ္တအမှန်ကို အတ္တဟု ယူမှားခြင်း ကုသိုလ်ကံ အကုသိုလ်ကံကို ပယ်ခြင်း ကံ၏ အကျိုးကို ပယ်ခြင်း စသည်တည်း။

၇။ **မာန**-ဆိုတာ အထင်ကြီးခြင်းတည်း။ ငါမဟုတ် သော ရုပ်နာမ်ကို ငါဟုထင်ခြင်းထိုရုပ်နာမ်ကိုပင်ငါထင်၍ ငါ့အမျိုး မြတ်သည်၊ မည်သည့်အမျိုးက ယုတ်သည်ဟု ထင်ခြင်း အနွယ်ကို စွဲ၍ထင်ခြင်း ငါသာသိသည် ငါသာ တတ်သည်ဟု ထင်ခြင်း စသည်တည်း။

၈။ **ဒေါသ**-ဆိုတာ အာရုံ၌ စိတ်၏ ကြမ်းထမ်းစွာ ထိခိုက်ခြင်းတည်း။ ဤဒေါသကို ပဋိဃ-ဟူ၍၎င်း ဗျာပါဒ ဟူ၍၎င်း ခေါ်သည်။

၉။ **ဣဿာ**-ဆိုတာ ငြူစူစောင်းမြောင်းခြင်းတည်း။ သူတပါးကောင်းစားသည်ကို မနာလိုခြင်း ဝမ်းမမြောက် နိုင်ခြင်း မချီးမွမ်း နိုင်ခြင်း အကောင်းမပြော နိုင်ခြင်း မကောင်းပြောရန်ကိုသာ ရှာကြံခြင်းတို့တည်း။

၁၀။ **မစ္ဆရိယ**-ဆိုတာ ဝန်တိုမြော စည်းနှဲခြင်း တည်း။ မိမိကောင်းစားသည်ကို သူတပါးအား မမျှတလို

ခြင်း ရှို့ဖွက်ခြင်း သူတပါးတို့နှင့် မဆက်ဆံလိုခြင်း သူတပါးတို့နှင့်ဆက်ဆံရမည်ကို တွန့်တိုခြင်း နှာခေါင်းရှုံ့ခြင်းတို့တည်း။

**၁၁။ ကုက္ကုစ္စ**-ဆိုတာ နောင်တတတဘန် ပူပန်ခြင်းတို့တည်း။ ကျွန်လွန်ပြီးသော အခါမှ ငါမေ့ခဲ့မိလေခြင်း မှားခဲ့မိလေခြင်း မိုက်ခဲ့မိ လေခြင်းဟု တအုံနွေးနွေး ပူဆွေးခြင်းတည်း။

**၁၂။ ထိန**-ဆိုတာ စိတ်၏ ထိုင်းမှိုင်း ခြင်းတည်း။ အာရုံကိုတော့ သိသည် မပွင့်မလင်း မှေးမှေးမှိန်မှိန် ဖြစ်နေသည်။

**၁၃။ မိဒ္ဓ**-ဆိုတာ စေတသိက် တို့၏ ထိုင်းမှိုင်း ခြင်းတည်း။ အာရုံကိုတွေ့မှ ဖဿ ခံစားမှုဝေဒနာ စသည်တို့၏ မပွင့် မလင်း မှေးမှိန်ခြင်းတည်း။

**၁၄။ ဝိစိကိစ္ဆာ**-ဆိုတာ ယုံကြည်ထိုက် သည်၌ မယုံကြည်ခြင်းတည်း။ ဘုရား, တရား, သံဃာ, ရတနာ သုံးပါးသည် ယုံကြည်ထိုက်သော တရားတည်း။ ထိုယုံကြည်ထိုက်သည်ကို ဟုတ်မှ ဟုတ်ပမလားဟု တွေးတော ယုံမှားခြင်းတည်း။

ဤစေတသိက် (၁၄) ပါးသည် အကုသိုလ် တရားတို့နှင့် ဆက်ဆံသည်ဖြစ်၍ အကုသလ သာဓာရဏ စေတသိက် ခေါ်သတည်း။ စင်စစ်မကောင်းမှုမျိုး ဖြစ်၍ ပါပဓာတ် မည်ကုန်၏။

## သောဘဏ စေတသိက်ခု

၁။ **သဒ္ဓါ**-ဆိုတာ ယုံကြည်ထိုက်သော တရားတို့၌ ယုံကြည်ခြင်းတည်း။ ဤသဒ္ဓါကို ပသာဒဟူ၍ရင်း အဓိမောက္ခဟူ၍ရင်း ခေါ်သည်။

၂။ **သတိ**-ဆိုတာ ကောင်းမြတ်သော အရာတို့၌ မမေ့မလျော့ မပျောက်မကွယ်နိုင်ရန် အဘန်ဘန် ထပ်ကာ သပ်ကာ အာရုံပြုခြင်းတည်း။

၃။ **ဟိရီ**-ဆိုတာ ရှက်ခြင်းတည်း။ ရှက်သဖြင့် မကောင်းမှုကို မတိုးဝံ့ခြင်းတည်း။

၄။ **ဩတ္တပ္ပ**-ဆိုတာ လန့်ခြင်းတည်း။ အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး အပါယ်ဘေးတို့မှ ကြောက်လန့်သဖြင့် မကောင်းမှုသို့ မတိုးဝံ့ခြင်းတည်း။

၅။ **အလောဘ**-ဆိုတာ အာရုံ၌ စိတ်၏အငြိအတွယ်မရှိခြင်းတည်း။ ဤအလောဘကို နေက္ခမဓာတ်ဟူ၍ရင်း အနဘိဇ္ဈာဟူ၍ရင်း ခေါ်သည်။

၆။ **အဒေါသ**-ဆိုတာ အာရုံ၌ စိတ်ညွတ်ခြင်းတည်း။ ဤ အဒေါသကို အဗျာပါဒဟူ၍ရင်း မေတ္တာဟူ၍ရင်း ခေါ်သည်။

၇။ **အမောဟ**-ဆိုတာ အမှန်ကို သိခြင်းတည်း။ ဤ အမောဟကို ဉာဏ်ဟူ၍ရင်း ပညာဟူ၍ရင်း ဝိဇ္ဇာဟူ၍ရင်း သမ္မာဒိဋ္ဌိဟူ၍ရင်း ခေါ်သည်။ ဤ၌ ပြခဲ့သော

အလောဘ, အဒေါသ, အမောဟ ဤတရား သုံးပါးသည် အလုံးစုံသော ကလျာဏ ဓမ္မတို့၏ အရင်း အမြစ်အခြေခံ ဖြစ်သောကြောင့် ကလျာဏ မူလ တရား သုံးပါး မည်သတည်း။

၈။ **တတြမဇ္ဈတ္တတာ**-ဆိုတာ ထိုထိုအာရုံ၌ ငြိတွယ်ခြင်း ဆန့်ကျင်ခြင်း အစွန်းနှစ်ဘက် ကင်းလွတ် သဖြင့် လျစ်လျူအနေ၌ တည်ခြင်းတည်း။ ထိုတတြမဇ္ဈတ္တတာကို ဗြဟ္မဝိဟာရ အရာ၌ ဥပေက္ခာဗြဟ္မဝိဟာရ ခေါ်သည်။ ဗောဇ္ဈင် အရာ၌ ဥပေက္ခာသမ္ဗောဇ္ဈင် ခေါ်သည်။

၉။ **ကာယပဿဒ္ဓိ**-ဆိုတာ စေတသိက် အပေါင်းကို ဆိုသော နာမကာယ၏ ငြိမ်းချမ်းခြင်းတည်း။ ကာယသည် ခန္ဓာနှင့် အပေါင်း ဟောခြင်း တူသည်။ ထိုကာယသည် ရူပကာယ ရုပ်ကိုယ်, နာမကာယ နာမ်ကိုယ်ဟု နှစ်မျိုး ရှိသည်။ ရုပ်အပေါင်းကို ရူပကာယ ဝေဒနာ သညာ စသော နာမ်အပေါင်းကို နာမကာယ ရုပ်ခန္ဓာ နာမ်ခန္ဓာနှင့် အတူတူပင်။ ဤနေရာ၌ကား စေတသိက် နာမ်အပေါင်း ကိုသာ ယူလေ။

၁၀။ **စိတ္တ ပဿဒ္ဓိ**- ဆိုတာ စိတ်၏ ငြိမ်းချမ်းခြင်းတည်း။ ကုသိုလ်ကောင်းမှုတို့၌ မငြိမ်းချမ်းခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ်တရားတို့၏ ကြည်လင်ချမ်းမြခြင်းတည်း။

၁၁။ **ကာယ လဟုတာ**- ဆိုတာ နာမကာယ၏ ပေါ့ပါးခြင်းတည်း။

၁၂။ **စိတ္တလဟုတာ**-ဆိုတာ စိတ်၏ပေါ့ခြင်းတည်း။ ကုသိုလ်ကောင်းမှုတို့၌ လေးလံခြင်းကို ပြုတတ်ကုန်သော ပါပဓမ္မတို့နှင့် မယှဉ်သဖြင့် သမ္ပယုတ် တရားတို့၏ ပေါ့ပါးခြင်းတည်း။နောက်၌ ဤနည်းကိုမှီ၍ဆိုလေ။

၁၃။**ကာယမုဒုတာ**- ဆိုတာ နာမကာယ၏ နူးညံ့ခြင်းတည်း။

၁၄။ **စိတ္တမုဒုတာ**-ဆိုတာ စိတ်၏ နူးညံ့ခြင်းတည်း။

၁၅။ **ကာယကမ္မညတာ**- ဆိုတာ နာမကာယ၏ အမှု၌ ကောင်းခြင်းတည်း။ အမှု၌ ကောင်းခြင်း ဆိုတာ ကုသိုလ်ကောင်းမှု၌ မငြင်းဆန်ခြင်းတည်း။

၁၆။ **စိတ္တကမ္မညတာ**-ဆိုတာ စိတ်၏အမှု၌ ကောင်းခြင်းတည်း။

၁၇။ **ကာယပါဂုညတာ**- ဆိုတာ နာမကာယ၏ လေ့လာခြင်းတည်း။

၁၈။ **စိတ္တပါဂုညတာ**-ဆိုတာ စိတ်၏ လေ့လာခြင်းတည်း။ကြေလယ်ခြင်းတည်း။

၁၉။ **ကာယုဇုကတာ**- ဆိုတာ နာမ ကာယ၏ ဖြောင့်မတ်ခြင်းတည်း။

၂၀။ **စိတ္တုဇုကတာ**-ဆိုတာ စိတ်၏ ဖြောင့်မတ်ခြင်းတည်း။ဤစေတသိက် (၂၀)ကို တင့်တယ် ကောင်းမြတ်သောကြောင့် သောဘဏစေတသိက်ခေါ်သည်။

### ဝိရတိစေတသိက်စု

၂၁။ **သမ္မာဝါစာ**-ဆိုတာ အပြစ်ကင်းသောစကား ကို ပြောဆိုခြင်းတည်း။ မုသားပြောခြင်း,သူနှစ်ဦးတို့၏ အချစ်ကို ကွဲပြားအောင် ဂုံးချော ဂုံးတိုက် ပြုခြင်း၊ ကြမ်းထမ်းသော စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း ဤ ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်ပြောဆိုသည်။

၂၂။ **သမ္မာကမ္မန္တ**- ဆိုတာ အပြစ် ကင်းသော အလုပ်ကို ပြုလုပ်ခြင်းတည်း။ သူ့အသက်သတ်ခြင်း၊ သူတပါးဥစ္စာကိုခိုးယူခြင်း၊သူ့သားဇနီးမယားရာလွန်ကျူးခြင်း၊ ဤကာယဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်၍ ပြုလုပ်သည်။

၂၃။ **သမ္မာအာဇီဝ**- ဆိုတာ အပြစ်ကင်းသော အသက်မွေးခြင်းတည်း။ ဝစီဒုစရိုက်လေးပါး၊ ကာယ ဒုစရိုက် သုံးပါး၊ ဤဒုစရိုက် ခုနစ်ပါးတို့မှ ရှောင်ကြဉ်၍ အသက်မွေးသည်။

သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ-ဟု ဆိုအပ် သော စေတသိက်သုံးပါးကို ဒုစရိုက်တရားတို့မှ ကြဉ် ရှောင်သည် ဖြစ်သောကြောင့် ဝိရတိ စေတသိက်ဟု ခေါ်သည်။

### အပ္ပမညာစေတသိက်စု

၂၄။ **ကရုဏာ**-ဆိုတာ ဆင်းရဲနေသော သတ္တဝါကို သနား- ကြင်နာ ညှာတာခြင်း ထိုဆင်းရဲမှ ကယ်ဆယ် လိုခြင်းတည်း။

၂၅။ **မုဒိတာ**-ဆိုတာ ချမ်းသာသော သတ္တဝါကို ဝမ်းမြောက် ဝမ်းသာ ခြင်းတည်း။ ဤတရားနှစ်ပါးကို ကရုဏာ ဗြဟ္မဝိဟာရ၊ မုဒိတာ ဗြဟ္မဝိဟာရ ခေါ်သည်။ လူ-တိရစ္ဆာန် သတ္တဝါတို့မှစ၍ ခပ်သိမ်းသော သတ္တဝါတို့ကို အာရုံပြု၍ ပွားများစေအပ်သော တရားမျိုး ဖြစ်သောကြောင့် 'အပ္ပမာဏေသု သတ္တေသု ဘဝတိ အပ္ပမညာ' ဟူသည်နှင့်အညီ ထိုဗြဟ္မဝိဟာရ တရား နှစ်ပါးသည် အပ္ပမညာ မည်သတည်း။

ဤစေတသိက်(၂၅)ပါးသည် တင့်တယ်ကောင်းမြတ်သော စိတ်တို့နှင့် ဆက်ဆံ သည်ဖြစ်၍ **သောဘဏ သာဓာရဏ** စေတသိက်ခေါ်သည်။

ဤတွင် နာမ်(၅၃)ပါးအကြောင်း ပြီးသတည်း။

---

## ဖဿဖြစ်ပုံ

အာရုံ ရုပ်နှင့် အကြည်ရုပ်တို့ တခုနှင့်တခု ထိ-သိ-ကြသည်ကို ဖဿခေါ်ကြောင်း ပြခဲ့သည်။ ထိ-သိ-ပုံမှာ ရုပ်ပိုင်း၌ပြခဲ့သော မျက်စိအကြည်ရုပ်နှင့်- ရူပါရုံရုပ်တို့ တခုနှင့်တခု အကြောင်းတိုက်ဆိုင်၍ တွေ့ဆုံကြသော အခါ ရူပါရုံရုပ်သည် မျက်စိအကြည်ရုပ်အား ထိ-မိတော့ သည်။ ထိုအခါ ရူပါရုံရုပ်သည် မျက်စိအကြည်ရုပ်ကို စွဲ၍ဖြစ်သော ထိ-မှုလုံးခေါ်သော စက္ခုဝိညာဏ် စိတ် ကလေးသည် ဘွားကနဲ ဖြစ်ပေါ်လာတော့သည်။

ဥပမာ-မှန်အကြည်၌ အရိပ်ထင်သကဲ့သို့တည်း။ မှန်အကြည်သည် မျက်စိအကြည်နှင့် တူသည်။ အရိပ်ထင်စရာ လူစသော တခုခုသည် အဆင်းရူပါရုံနှင့်တူသည်။ မှန်အကြည်ထဲ၌ ထင်စွဲသော အရိပ်သည် စက္ခုဝိညာဏ်ခေါ်သော ထိသိလုံးနှင့် တူသည်။ ဤသို့ ဟာပ်ယူလေ။ ထိမှ- သိသည်။ သိသည်နှင့် တပြိုင်နက် ဖဿ ဖြစ်ပုံအကြောင်းစုံတော့သည်။

မျက်စိ အကြည်ရုပ် မျက်နေသော်ငြင်း ရူပါရုံနှင့်အကြောင်း မတိုက်ဆိုင်၍ တွေ့ဆုံခြင်း မရှိသော်ငြင်း သိမှုမလုံးပေါ်နိုင်။ သောတ စသည်ကိုလည်း ဤနည်းကိုမှီ၍ သိအပ်သတည်း။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော။

သံယုတ်ပါဠိတော်။

စက္ခုံ စ-မျက်စိအကြည်ကိုငြင်း၊ ရူပေ စ-ရူပါရုံ တို့ကိုငြင်း၊ ပဋိစ္စ-စွဲ၍၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တိဏ္ဏံ- မျက်စိအကြည် ရူပါရုံ-စက္ခုဝိညာဏ်ဟု ဆိုအပ်သော သုံးခုတို့၏၊သင်္ဂတိ-ပေါင်းဆုံလုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

သံယုတ်ပါဠိတော်။

သောတဉ္စ-နားအကြည်ကိုရင်း၊ သဒ္ဒေစ-သဒ္ဒါရုံတို့ကို ရင်း၊ ပဋိစ္စ-စွဲ၍၊ သောတဝိညာဏံ-သောတ ဝိညာဏ်စိတ် သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊ တိဏ္ဏံ- နားအကြည်,သဒ္ဒါရုံ, သောတ ဝိညာဏ်ဟု ဆိုအပ်သော သုံးခုတို့၏၊ သင်္ဂတိ- ပေါင်းဆုံ လုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။

သံယုတ်ပါဠိတော်။

ဃာနဉ္စ-နှာခေါင်း အကြည်ကိုရင်း၊ ဂန္ဓေစ - ဂန္ဓာရုံ တို့ကိုရင်း၊ ပဋိစ္စ-စွဲ၍၊ ဃာနဝိညာဏံ-ဃာန ဝိညာဏ်စိတ် သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊တိဏ္ဏံ-နှာခေါင်း အကြည် ဂန္ဓာရုံ ဃာနဝိညာဏ်ဟု ဆိုအပ်သော သုံးခုတို့၏၊ သင်္ဂတိ- ပေါင်းဆုံလုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

သံယုတ်ပါဠိတော်။

ဇိဝှဉ္စ- လျှာအကြည်ကိုရင်း၊ ရသေစ- ရသာရုံ တို့ကို ရင်း၊ ပဋိစ္စ-စွဲ၍၊ ဇိဝှါဝိညာဏံ-ဇိဝှါဝိညာဏ် စိတ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊ တိဏ္ဏံ- လျှာအကြည်, ရသာရုံ, ဇိဝှါ ဝိညာဏ်ဟု ဆိုအပ်သော သုံးခုတို့၏၊ သင်္ဂတိ-ပေါင်းဆုံ လုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

ကာယဉ္စ ပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ၊တိဏ္ဏံ သင်္ဂတိ ဖဿော။

သံယုတ်ပါဠိတော်။

ကာယဉ္စ-ကိုယ်အကြည်ကိုရင်း၊ဖေါဋ္ဌဗ္ဗေစ-ဖေါဋ္ဌဗ္ဗာရုံ တို့ကိုရင်း၊ ပဋိစ္စ-စွဲ၍၊ ကာယဝိညာဏံ- ကာယ ဝိညာဏ် စိတ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊ တိဏ္ဏံ- ကိုယ်အကြည်- ဖေါဋ္ဌဗ္ဗာရုံ-ကာယဝိညာဏ်ဟု ဆိုအပ်သော သုံးခု တို့၏၊ သင်္ဂတိ၊ပေါင်းဆုံလုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော။

သံယုတ်ပါဠိတော်။

မနဉ္စ-မနောအကြည်ကိုရင်း၊ဓမ္မေစ- ဓမ္မာရုံတို့ကိုရင်း၊ ပဋိစ္စ-စွဲ၍၊ မနော ဝိညာဏံ- မနောဝိညာဏ် စိတ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏၊တိဏ္ဏံ- မနောအကြည်, ဓမ္မာရုံ, မနောဝိ ညာဏ်ဟု ဆိုအပ်သော သုံးခုတို့၏၊ သင်္ဂတိ- ပေါင်းဆုံ လုံးထွေးမှုသည်၊ ဖဿော-ဖဿမည်၏။

**ဖဿ** ဆိုတာ ရုပ်ချည်း သက်သက်ကို ခေါ်သည် မဟုတ်၊ နာမ်ချည်းသက်သက်ကိုလည်း ခေါ်သည်မဟုတ်၊ ရုပ်နာမ်နှစ်ပါး အစုံရှိသည်ကို ခေါ်သည်။ ပါဠိတော်ကို လည်း သေသေချာချာကြည့်၊ ဒါမှသဘော ပေါက်လွယ် မည်။ ရုပ်နာမ်စုံပုံကို ခွဲပြမည်။

## ဖဿ (၆) မျိုး

၁။ မျက်စိအကြည်ရုပ်, ရူပါရုံရုပ်, စက္ခုဝိညာဏ်-မြင်သိ နာမ်၊ ရုပ်, နာမ်-နှစ်ပါးအစုံရှိသည်၊ ဖဿ။

၂။ နားအကြည်ရုပ်, သဒ္ဒါရုံရုပ်, သောတဝိညာဏ် ကြားသိ-နာမ်၊ ရုပ်-နာမ်နှစ်ပါးအစုံရှိသည်၊ ဖဿ။

၃။ နှာခေါင်းအကြည်ရုပ်, ဂန္ဓာရုံရုပ်, ဃာနဝိညာဏ် နံ့ သိ-နာမ်၊ ရုပ်-နာမ်နှစ်ပါး အစုံရှိသည်၊ ဖဿ။

၄။ လျှာအကြည်ရုပ်, ရသာရုံရုပ်, ဇိဝှါဝိညာဏ်-စား သိ-နာမ်၊ ရုပ်-နာမ် နှစ်ပါး အစုံရှိသည်၊ ဖဿ။

၅။ ကိုယ်အကြည်ရုပ်, ဖောဋ္ဌဗ္ဗာရုံရုပ်, ကာယဝိညာဏ် တွေ့ သိ နာမ်၊ ရုပ် နာမ်နှစ်ပါး အစုံရှိသည်၊ ဖဿ။

၆။ မနောအကြည်ရုပ်, ဓမ္မာရုံရုပ်, မနော ဝိညာဏ်-ကြံ သိ-နာမ်၊ ရုပ်-နာမ်နှစ်ပါး အစုံရှိသည်၊ ဖဿ။

## ပသာဒရုပ် (၆) ပါး

၁။ စက္ခုပသာဒ ... မျက်စိအကြည်ရုပ်၊

၂။ သောတပသာဒ....နားအကြည်ရုပ်၊

၃။ ဃာနပသာဒ....နှာခေါင်းအကြည်ရုပ်၊

၄။ ဇိဝှါပသာဒ....လျှာအကြည်ရုပ်၊

၅။ ကာယပသာဒ....ကိုယ်အကြည်ရုပ်၊

၆။ ဟဒယဝတ္ထု....ဘဝင်စိတ်၏ တည်ရာ၊ ထိုဘဝင် စိတ်ကို မနောအကြည်ဟု ဆိုရသည်။

### အာရုံ (၆)ပါး

၁။ ရူပါရုံ....မျက်စိဖြင့် မြင်ကောင်းသော အဆင်း အမျိုးမျိုး၊

၂။ သဒ္ဒါရုံ.... နားဖြင့် ကြားကောင်းသော အသံ အမျိုးမျိုး၊

၃။ ဂန္ဓာရုံ .... နှာခေါင်းဖြင့် နံကောင်းသော အနံ့ အမျိုးမျိုး၊

၄။ ရသာရုံ .... လျှာဖြင့် လျက်,စား ကောင်းသော အရသာအမျိုးမျိုး၊

၅။ ဖေါဋ္ဌဗ္ဗာရုံ....ကိုယ်ဖြင့် ထိကောင်းသော အတွေ့ အမျိုးမျိုး၊

၆။ ဓမ္မာရုံ ....စိတ်ဖြင့် သိကောင်းသော သဘော အမျိုးမျိုး၊

ရုပ်,နာမ်,နိဗ္ဗာန်,ပညတ်တရားတို့ကို သဘောအမျိုးမျိုး ခေါ်သည်။

### ဝိညာဏ်(၆)ပါး

၁။ စက္ခုဝိညာဏ် .... အဆင်းမျိုးစုံကို မျက်စိဖြင့် မြင်သိမှု၊

၂။ သောတ ဝိညာဏ် .... အသံမျိုးစုံကို နားဖြင့် ကြားသိမှု၊

၃။ ဃာန ဝိညာဏ် .... အနံ့မျိုးစုံကို နှာခေါင်းဖြင့် နံသိမှု၊

၄။ ဇိဝှါ ဝိညာဏ် .... အရသာမျိုးစုံကို လျှာဖြင့် စားသိမှု၊

၅။ ကာယဝိညာဏ်....အတွေ့မျိုးစုံကို ကိုယ်ဖြင့် ထိ, သိမှု၊

၆။ မနောဝိညာဏ်........သဘောမျိုးစုံကို မနောဖြင့်ကြံ သိမှု အမှန်သိမှု၊

---

## မိမိကိုယ်၌ ရုပ်နာမ်ခွဲနည်း

၁။ မျက်စိဖြင့် အဆင်း ရူပါရုံကို မြင်သော အခါ မြင်–သိမှု ပေါ်စမြဲဖြစ်သည်။မြင် သိမှု ပေါ်တိုင်း ပေါ်တိုင်း သိပြီး ချုပ်ပျက်သွား တော့သည်။ ထိုကြောင့် သံယုတ် ပါဠိတော်၌ လာသော စက္ခုံစ ပဋိစ္စ ။လ။ စက္ခု ဝိညာဏံ ဟူသော အထက်ပါ ပါဠိတော် (၆)ပုဒ်နှင့် ကိုက်ညီသော လင်္ကာ(၆)ပုဒ်ကို လယ်တီဆရာတော်ဘုရားကြီးရေးသား တော်မူခဲ့သည့်အတိုင်း ထည့်သွင်းဖော် ပြပါအံ့။

၁။ စက္ခု ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဏ်၊
ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

မျက်စိရုပ်၊ အဆင်းရုပ်၊ မြင်သိနာမ်၊ ရုပ်နာမ် နှစ်ပါး ဖြစ်ပျက် မှတ်ထားပါ။ သို့မှ ခန္ဓာ အာယတန ခေတ်ခွဲတဲ့ အခါမှာ လွယ်ကူသည်။ ခန္ဓာ အာယတန ခေတ်ဆိုတာ ရုပ်,နာမ်ကို မူတည်ပြီးခွဲရသည်။

နားဖြင့် အသံသဒ္ဒါရုံကို ကြားသောအခါ ကြားသိမှု ပေါ်စမြဲဖြစ်သည်။ ကြားသိမှု ပေါ်တိုင်း ပေါ်တိုင်း သိပြီး ချုပ်ပျက်သွားတော့သည်။

၂။ သောတသဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဏ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

နားရုပ် အသံရုပ်၊ ကြားသိနာမ်၊ ရုပ်, နာမ် နှစ်ပါး ဖြစ်ပျက်။

နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နံသော အခါ နံသိမှု ပေါ်စမြဲဖြစ်သည်။ နံသိမှု ပေါ်တိုင်း ပေါ်တိုင်း သိပြီး ချုပ်ပျက်သွားတော့သည်။

၃၊ ဃာနဂန္ဓာရုံ၊ နှစ်ပါး ဆုံလျှင်၊ ဃာနဝိညာဏ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

နှာခေါင်းရုပ်၊ အနံ့ရုပ်၊ နံသိ နာမ်၊ ရုပ်,နာမ် နှစ်ပါး ဖြစ်ပျက်။

လျှာဖြင့် အရသာ ရသာရုံကို လျက်,စားသော အခါ စားသိမှု ပေါ်စမြဲဖြစ်သည်။စားသိမှု ပေါ်တိုင်းပေါ်တိုင်း သိပြီး ချုပ်ပျက်သွားတော့သည်။

၄။ ဇိဝှါရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဏ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

လျှာရုပ်၊ အရသာရုပ်၊ စားသိနာမ်၊ရုပ်, နာမ် နှစ်ပါး ဖြစ်ပျက်။

ကိုယ်ဖြင့် အတွေ့၊ဖေါဋ္ဌဗ္ဗာရုံကို ထိသော အခါ ထိသိမှု ပေါ်စမြဲ ဖြစ်သည်။ ထိသိမှု ပေါ်တိုင်း ပေါ်တိုင်း သိပြီး ချုပ်ပျက် သွားတော့သည်။

၅။ ကာယ ဖေါဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ကာယဝိညာဏ်၊
ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

ကိုယ်ရုပ်၊ အတွေ့ရုပ်၊ ထိသိ နာမ်၊ ရုပ်,နာမ် နှစ်ပါး ဖြစ်ပျက်။

စိတ်ဖြင့် သဘော ဓမ္မာရုံကို ကြံသော အခါ ကြံသိမှု ပေါ်စမြဲ ဖြစ်သည်။ ကြံသိမှု ပေါ်တိုင်း ပေါ်တိုင်း သိပြီး ချုပ်ပျက်သွားတော့သည်။

၆။ မနော ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဏ်၊
ပေါ်မြဲပင်၊ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

ဟဒယဝတ္ထုရုပ် ဓမ္မာရုံရုပ်၊ ကြံ သိ နာမ်၊ ရုပ်, နာမ် နှစ်ပါး ဖြစ်ပျက်။

ဤ၌ ဟဒယဝတ္ထု ရုပ်ကို မှီ၍ ဖြစ်သော မနော အကြည်ကို ယူလျှင် နာမ်ဟု ယူရမည်။ ဓမ္မာရုံ၌ ရုပ်ကိုသာ ခွဲလိုက်သည်။

မိမိကိုယ်တခုလုံး၌ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်, စိတ် ဟု ဆိုအပ်သော ဣန္ဒြေ(၆)ပါးစလုံး၌လည်း တခုစီ ခွဲကြည့်သော် မျက်စိ ရုပ်နာမ်၊ နားရုပ်နာမ်၊ နှာခေါင်း ရုပ်နာမ်၊ လျှာရုပ်နာမ်၊ ကိုယ်ရုပ်နာမ်၊ မနောရုပ်နာမ်ဟု ရုပ်နာမ်နှစ်ပါးဘဲ ရသည်။ ခန္ဓာနည်းအားဖြင့် ဟောတဲ့

အခါမှာလည်း ထိုရုပ်နာမ်ကိုပင် မှတ်၍ ဘုရားရှင် ဟောတော်မူသည်။ မျက်စိ၌ မြင်သိမှု ဖြစ်ပေါ်လာသော အခါ မျက်စိရုပ်၊ အဆင်းရုပ်၊ စက္ခုဝိညာဏ် မြင်သိနာမ်ဟု ရှိရာ နာမ်ပိုင်း၌ စက္ခုဝိညာဏ် ဖြစ်တယ်ဆိုလျှင် ထိုစက္ခုဝိညာဏ်စိတ်၌ မှီတွယ် ကပ်မျှော်၍ ဖြစ်သော ဖဿဟူသော စေတသိက် နာမ်တရားသည် ရှေ့ဦးစွာဖြစ်ပေါ်လာသည်။ထိုနောက် ဝေဒနာ,သညာ စသော စေတသိက် နာမ်တရားတို့သည်လည်း အာရုံ ဝိညာဏ် အားလျော်စွာ အသီးသီးဖြစ်ပေါ်လာကြရသည်။ထိုမျက်စိ၌ ဖြစ်သကဲ့သို့ နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် ဟု ဆိုအပ်သော ဒွါရတို့၌ လည်း ထိုနည်းတူ ဖြစ်ကြသည်။ ခန္ဓာနည်း အားဖြင့်ရင်း အာယတန နည်းအားဖြင့်ရင်း ဓာတ်နည်း အားဖြင့်ရင်း ဟောတဲ့အခါ မှာလည်း မူရင်း ဖြစ်သော ရုပ်,နာမ်ကို မှတ်၍ ဟောရသည်။ရုပ်နာမ်ကိုမှ မသိလျှင်ဘာနည်းနှင့် ဟောဟော နေရာမကျ ဖြစ်သည်။ အလုပ် စခန်း၌လည်း ယောင်ဝါးဝါးသာ ဖြစ်၍ နေတော့သည်။ ထိုသို့ ဖြစ်၍ မူရင်းဖြစ်သော အရေးအကြီးဆုံး နာမ်,ရုပ်ကို သိအောင် ပြုကြရသတည်း၊

---

## ခန္ဓာငါးပါး

၁။ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သိမှု ဖြစ်သော အခါခန္ဓာနည်းအားဖြင့်မျက်စိရုပ် အဆင်းရုပ်က ရူပက္ခန္ဓာ၊

မြင်သိမှု၌ ပါသော ကောင်းမကောင်း အလတ်အားဖြင့် အာရုံ၏အရသာ သဘောကို ခံစားတာက ဝေဒနာက္ခန္ဓာ၊ အာရုံ၏ သဘောကို မှတ်ထားတာက သညာက္ခန္ဓာ၊ စေ့ဆော် ပြုပြင် ပေးမှုက သင်္ခါရက္ခန္ဓာ၊ မြင်သိမှုက ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာက လေးပါး ပေါင်းခန္ဓာငါးပါး မျက်စိ၌ ဖြစ်သည်။

၂။ နားဖြင့် အသံသဒ္ဒါရုံကို ကြားသိမှု ဖြစ်သောအခါ ခန္ဓာနည်းအားဖြင့် နားရုပ် အသံရုပ်က ရူပက္ခန္ဓာ၊ ကြားသိမှု၌ ပါသော ကောင်း-မကောင်း အလတ်အားဖြင့် အာရုံ၏ အရသာ သဘောကို ခံစားတာက ဝေဒနာက္ခန္ဓာ၊ အာရုံ၏ သဘောကို မှတ်ထာက သညာက္ခန္ဓာ၊ စေ့ဆော်ပြုပြင် ပေးတာက သင်္ခါရက္ခန္ဓာ၊ ကြားသိမှုက ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာက လေးပါး ပေါင်းခန္ဓာငါးပါး နား၌ ဖြစ်သည်။

၃။ နှာခေါင်းဖြင့် အနံ့ဂန္ဓာရုံကို နံသိမှုဖြစ်သောအခါ ခန္ဓာနည်းအားဖြင့် နှာခေါင်းရုပ် အနံ့ရုပ်က ရူပက္ခန္ဓာ၊ နံသိမှု၌ ပါသော ကောင်း-မကောင်း အလတ်အားဖြင့် အာရုံ၏ အရသာ သဘောကို ခံစားတာက ဝေဒနာက္ခန္ဓာ၊ အာရုံ၏ သဘောကို မှတ်တာက သညာက္ခန္ဓာ၊ စေ့ဆော် ပြုပြင် ပေးမှုက သင်္ခါရက္ခန္ဓာ၊ နံသိမှုက ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာ တပါး နာမ်ခန္ဓာကလေးပါး ပေါင်းခန္ဓာငါးပါး နှာခေါင်း၌ ဖြစ်သည်။

၄။ လျှာဖြင့် အရသာ ရသာရုံကို စားသိမှု ဖြစ်သော အခါ ခန္ဓာနည်းအားဖြင့်လျှာရုပ် အရသာရုပ်က ရူပက္ခန္ဓာ၊ စားသိမှု၌ ပါသော ကောင်းမကောင်း အလတ် အားဖြင့် အာရုံ၏ အရသာ သဘောကို ခံစားတာက ဝေဒနာက္ခန္ဓာ၊ အာရုံ၏သဘောကို မှတ်တာက သညာက္ခန္ဓာ၊ စေ့ဆော် ပြုပြင်ပေးတာက သင်္ခါရက္ခန္ဓာ စားသိမှုကဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါး ပေါင်းခန္ဓာငါးပါး လျှာ၌ ဖြစ်သည်။

၅။ ကိုယ်ဖြင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံကို တွေ့သိမှုဖြစ်သော အခါ ခန္ဓာနည်းအားဖြင့် ကိုယ်ရုပ် အတွေ့ရုပ်က ရူပက္ခန္ဓာ၊ တွေ့သိမှု၌ ပါသော ကောင်း မကောင်း အလတ် အားဖြင့် အာရုံ၏ အရသာ သဘောကို ခံစားတာက ဝေဒနာက္ခန္ဓာ၊ အာရုံ၏ သဘောကို မှတ်တာက သညာက္ခန္ဓာ၊ စေ့ဆော် ပြုပြင်ပေးတာက သင်္ခါရက္ခန္ဓာ၊တွေ့သိမှုကဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာ လေးပါး ပေါင်း ခန္ဓာငါးပါး ကိုယ်၌ ဖြစ်သည်။

၆။ စိတ်ဖြင့် သဘော ဓမ္မာရုံရုပ်ကို ကြံသိမှု ဖြစ်သော အခါ ခန္ဓာနည်းအားဖြင့် စိတ်နေရာ၌ မှီရာရုပ်ကို ဆိုလိုက် မည်၊ ဟဒယ ဝတ္ထုရုပ် ဓမ္မာရုံရုပ်က ရူပက္ခန္ဓာ၊ ကောင်း မကောင်း အလတ်အားဖြင့် အာရုံ၏ အရသာ သဘောကို ခံစားတာကဝေဒနာက္ခန္ဓာ၊အာရုံ၏ သဘောကိုမှတ်တာက သညာက္ခန္ဓာ၊စေ့ဆော် ပြုပြင်ပေးတာကသင်္ခါရက္ခန္ဓာ၊ကြံ

သိမှုက ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာ တပါး နာမ်ခန္ဓာလေးပါး ပေါင်ခန္ဓာငါးပါး စိတ်ဖြစ်ရာ ဟဒယဝတ္ထုရုပ်၌ဖြစ်သည်။

နာမ်ခန္ဓာ လေးပါးတွင် အာရုံတို၌ အာရုံအားလျော်စွာ ရသ-သဘောဆိုတာ ရှိကြသည်။ ထိုရသ - သဘောကို ကောင်းသော အားဖြင့်ရင်း, မကောင်းသော အားဖြင့်ရင်း, အလတ်အားဖြင့်ရင်း, ခံစားတာကို ဝေဒနာ၊ ခံစားမှုအစုကို ဝေဒနာက္ခန္ဓာ ခေါ်သည်။

ဝိညာဏ်ကသိသောအာရုံဟူသ၍အာရုံအားလျော်စွာ မှတ်သည်ကိုသညာ၊ မှတ်မှုအစုကိုသညာက္ခန္ဓာခေါ်သည်။

စိတ်ကို အာရုံပေါ်သို့ မရောက်ရောက်အောင်စေ့ဆော် ပေးမှု ပြုပြင်ပေးမှုကို သင်္ခါရ၊ ထိုစေ့ဆော်ပေးမှု ပြုပြင် ပေးမှု အစုကို သင်္ခါရက္ခန္ဓာ ခေါ်သည်။ သိမှု အစုကို ဝိညာဏက္ခန္ဓာ ခေါ်သတည်း။

၁။ မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သိမှု ဖြစ်သော အခါ အာယတန နည်းအားဖြင့် မျက်စိ အာယတန, အဆင်း အာယတန, မြင်သိအာယတန, စက္ခာယတန, ရူပါယတန, မနာယတန, မျက်စိနှင့် အဆင်း အာယတန ကား ရုပ်၊ မြင်သိ အာယတနကား နာမ်၊ ရုပ် နာမ်နှစ်ပါး မျက်စိ၌ အာယတနဖြစ်သည်။

၂။ နားဖြင့် အသံ သဒ္ဒါရုံကိုကြားသိမှုဖြစ်သောအခါ အာယတနနည်းအားဖြင့် နားအာယတန, အသံအာယတန, ကြားသိ အာယတန, သောတာယတန, သဒ္ဒါယတန, မနာယတန, နားနှင့် အသံ အာယတနကား ရုပ်၊ ကြားသိ

အာယတနကား နာမ်၊ ရုပ် နာမ်နှစ်ပါး နား၌ အာယတန ဖြစ်သည်။

၃။ နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နံ့သိမှုဖြစ်သောအခါ အာယတန နည်းအားဖြင့် နှာခေါင်း အာယတန, အနံ့ အာယတန, နံ့-သိအာယတန,ဃာနာယတန,ဂန္ဓာယတန, မနာယတန, နှာခေါင်းနှင့် အနံ့ အာယတနကား ရုပ်၊ နံ့သိအာယတနကား နာမ်၊ရုပ် နာမ်နှစ်ပါး နှာခေါင်း၌ အာယတနဖြစ်သည်။

၄။ လျှာဖြင့် အရသာ ရသာရုံကို စားသိမှု ဖြစ်သော အခါ အာယတန နည်းအာဖြင့် လျှာအာယတန,အရသာ အာယန, စား သိ အာယတန, ဇိဝှါယတန,ရသာယတန, မနာယတန, လျှာနှင့် အရသာ အာယတနကား ရုပ်၊ စား သိအာယတနကား နာမ်၊ရုပ် နာမ်နှစ်ပါး လျှာ၌အာယတန ဖြစ်သည်။

၅။ ကိုယ်ဖြင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံကို တွေ့သိမှုဖြစ်သော အခါ အာယတန နည်းအားဖြင့် ကိုယ်အာယတန, အတွေ့ အာယတန, တွေ့သိအာယတန, ကာယာယတန,ဖောဋ္ဌဗ္ဗာ ယတန, မနာယတန, ကိုယ်နှင့် အတွေ့ အာယတနကား ရုပ်၊ တွေ့သိ အာယတနကား နာမ်၊ရုပ်,နာမ်နှစ်ပါး ကိုယ်၌ အာယတနဖြစ်သည်။

၆။ စိတ်ဖြင့် သဘောဓမ္မာရုံကိုကြံသိမှု ဖြစ်သောအခါ အာယတန နည်းအားဖြင့် မနောအာယတန, သဘော အာယတန, ကြံသိအာယတန, မနာယတန, ဓမ္မာယတန,

ကြိုသိ အာယတန၊ ရုပ်,နာမ်နှစ်ပါး မနှော၌ အာယတန ဖြစ်သည်။

---

## နိဗ္ဗာန်အကြောင်း

နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်ဟု နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုး တို့တွင် သဉပါဒိ သေသနိဗ္ဗာန်သည် ခန္ဓာငါးပါး ရှိသေးသည်၊ ထိုခန္ဓာ ငါးပါးသည် ပြုပြင်အပ်သော သင်္ခတတည်း၊ ထိုသို့ပြုပြင် အပ်သော သင်္ခတသဘော ရှိနေသေး သော်လည်း ဝါ၊ ပြုပြင်တတ်သော အကြောင်းတရားတို့ မကင်းသဖြင့် ပြုပြင်အပ်သော ခန္ဓာအစဉ်တို့ ရှိနေသေးသော်လည်း ကံ, စိတ်,ဥတု,အာဟာရ ဟူသော အကြောင်းတရား လေးပါး သည် ပြုပြင်တတ်သော တရားတည်း။ ရုပ်,နာမ်သည် ပြုပြင်အပ်သော တရားတည်း။ အပါယ်သို့ ကျရောက် ဖြစ်စေတတ်သော အတ္တဒိဋ္ဌိ တရားဆိုးသည် ပြတ်ကွယ် သွားသည် ဖြစ်၍ ဝါ၊ နွယ်ကြိုးကို ဒါးဖြင့် တိကနဲ ပြတ်အောင် ဖြတ်လိုက် သကဲ့သို့ မဂ်က အတ္တဒိဋ္ဌိကို ဖြတ်ပယ်လိုက်သည် ဖြစ်၍ အပါယ်သို့ ကျရောက် ဖြစ်စေ တတ်သော အတ္တဒိဋ္ဌိ အကြောင်း တရားသည် စွဲလမ်းခြင်း ပြတ်သဖြင့် အပါယ်ခန္ဓာ၌ ငြိမ်းရတော့သည်။ အပါယ် လေးပါး၌ ဖြစ်ပွားတတ်သော အပါယ်ခန္ဓာ အစဉ်သည် နိရောဓ သဘောဖြင့် ချုပ်ကွယ်သွားပြီဖြစ်၍ ထိုပုဂ္ဂိုလ်ကို

သောတာပန် အဖြစ်သို့ ရောက်ရှိသော သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်သည်။ ထိုသောတာပန် ပုဂ္ဂိုလ်၏ အပါယ် လေးပါး၌ အပါယ်ခန္ဓာ ငြိမ်းခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်တည်း။

ထိုသဥပါဒိသေသ နိဗ္ဗာနဓာတ် ရှိသော သောတာပန် ပုဂ္ဂိုလ်သည် ထိုဘဝမှ စုတေသော် ဘုံအားဖြင့် အပါယ် လေးပါးမှ ငြိမ်းသည်၊ ကျန်သော ကာမသုဂတိ ခုနစ်ဘုံ တို့၌၎င်း ရူပ, အရူပ ဘုံတို့၌၎င်း ခုနစ်ကြိမ် ဖြစ်နိုင် သေးသည်။ အနုသယ သံယောဇဉ်နှင့် ကိလေသာပယ်ပုံ ငြိမ်းပုံတို့ကို အောက်တနေရာ၌ ပြမည်။

သကဒါဂါမ် ပုဂ္ဂိုလ်သည် ထိုဘဝမှ စုတေသော် လူ့ဘုံ၌ တကြိမ်သာ ဖြစ်၍ လူ့ဘုံ၌ ခန္ဓာ ငြိမ်းမည်။ အထက် ကာမဘုံ တို့၌၎င်း ရူပ, အရူပ ဘုံတို့၌၎င်း ငါးကြိမ်သာ ဖြစ်ခွင့်ရှိသည်။

အနာဂါမ် ပုဂ္ဂိုလ်သည် ထိုဘဝမှ စုတေသော် ကာမ ဘုံ၌ ဖြစ်ခွင့်မရှိ ကာမခန္ဓာငြိမ်းမည်၊ အထက်သုဒ္ဓါဝါသ ဘုံတို့၌ သုံးကြိမ်သာ ဖြစ်ခွင့် ရှိသည်။

ထိုသောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့ သည် အများဆုံးအားဖြင့် သောတာပန်သည် ခုနစ်ကြိမ်, သကဒါဂါမ်သည် ငါးကြိမ်, အနာဂါမ်သည် သုံးကြိမ်, ခန္ဓာအစဉ် ဖြစ်ကြပြီးလျှင် ရဟန္တာဖြစ်ကြ၍ ထိုရဟန္တာ အဖြစ်မှ စုတေသော် ခန္ဓာ ငါးပါး မရှိ ခန္ဓာ ငါးပါး ချုပ်ငြိမ်းသော နိဗ္ဗာန်သို့ ရောက်ရလေသည်။

ထိုသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့သည် အပါယ်ခန္ဓာ စသည်အားဖြင့် ငြိမ်းသော်လည်း ခန္ဓာ မငြိမ်းသေး သဖြင့် သဉပါဒိသေသ နိဗ္ဗာန်ကိုသာ ရရှိနေသည်။ ရဟန္တာဖြစ်၍ ထိုရဟန္တာ အဖြစ်မှ ပရိနိဗ္ဗာန် ပြုသောအခါ ခန္ဓာငါးပါး မရှိတော့ပြီ ခန္ဓာငါးပါးသည် အကြွင်း အကျန် မရှိ ချုပ်ငြိမ်း လေပြီးဖြစ်သောကြောင့် ထိုအခါမှ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်ပြီဟူ၍မှတ်။

၁။ သဉပါဒိသေသ နိဗ္ဗာန်-ခန္ဓာငါးပါး ရှိသဖြင့် ငြိမ်းအေးသောနိဗ္ဗာန်။
၂။ အနုပါဒိသေသ နိဗ္ဗာန်-ခန္ဓာငါးပါးမရှိသဖြင့် ငြိမ်းအေးသောနိဗ္ဗာန်။

တနည်း နိဗ္ဗာန်သည် သင်္ခတနိဗ္ဗာန် အသင်္ခတနိဗ္ဗာန်ဟု နှစ်မျိုး ရှိသေးသည်၊ သင်္ခတနိဗ္ဗာန်သည် အကြောင်းတရားတို့ ပြုပြင်ခြင်းရှိသဖြင့် အပါယ်စသည်မှ ငြိမ်းအေးသော သဉပါဒိသေသ နိဗ္ဗာန် မျိုးတည်း။ အသင်္ခတနိဗ္ဗာန်ကား အကြောင်းတရားတို့ ပြုပြင်ခြင်း မရှိသဖြင့် ခန္ဓာ ရုပ် နာမ်မှ ငြိမ်းအေးသော နိဗ္ဗာန်တည်း။

ထိုနိဗ္ဗာန် နှစ်မျိုးတွင် သင်္ခတ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့ ခံစားကြ ရသည်။ အသင်္ခတ နိဗ္ဗာန်ကား သောတာပန် ပုဂ္ဂိုလ်သည်သောတာပတ္တိ မဂ်သို့မရောက်မီ ပရိကံ, ဉပစာ, အနုလုံဟု, အနုလုံဇော သုံးကြိမ်ကျ၍ ဂေါတြဘူဇော,တကြိမ်ကျသည်။ ထိုနောက်မှ မဂ်ဇော, တကြိမ်ကျလေသည်၊ မဂ်ဇော တကြိမ်ကျပြီးလျှင် ထိုကွ

မန္တအလျောက် ဖိုလ်ဇောနှစ်ကြိမ် သုံးကြိမ်ကျမြဲဖြစ်သည်၊ ထိုသို့ ဖြစ်ရာ၌ မဂ်စိတ်သည် နိဗ္ဗာန်ကို အာရုံ ပြု၍သာ ဖြစ်သောကြောင့် တနည်းဆိုသော် နိဗ္ဗာန်ကို အာရုံပြုရမှ မဂ်ဇော ကျနိုင်သောကြောင့် မဂ်ဇောကျသည့် အချိန်၌ အသင်္ခတ နိဗ္ဗာန်ကို အနိုက်အတန့်မျှသာ မျက်မှောက်ပြုရသည်ဟု ဆိုလေသည်။

ဤ၌ ဂေါတြဘုဉာဏ်နှင့် မဂ်ဉာဏ်တို့၏ အထူးကို သိအပ်သည်၊ ထိုဉာဏ်နှစ်ပါးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်၊ ထိုသို့ပင် မျက်မှောက်ပြုကြ သော်လည်း ဂေါတြဘု ဉာဏ်သည် သံယောဇဉ်ကို မပယ်ရသေးသောကြောင့် ပြုဘွယ် ကိစ္စကို မပြုနိုင်သည့် အတွက် မြင်သည်ဟု မဆိုနိုင်။ မဂ်ဉာဏ် သည်သာ ထင်ရှားလေသည်။ ထိုသို့ဖြစ်၍ဂေါတြဘုဉာဏ်၏ နိဗ္ဗာန်ကို မြင်ခြင်းသည် ဇနပုဒ်သားယောကျ်ားကဲ့သို့ ဖြစ်သည်။ ဇနပုဒ်သားယောကျ်ားသည် အမှတ်မရှိသော အရပ်၌ မင်းကို မြင်၍ လက်ဆောင် ပဏ္ဏာ ပေးပြီးလျှင် ကိစ္စ ပြီးလောက်အောင် မတွေ့ရ သောကြောင့် ယနေ့လည်းဘုရင် မင်းမြတ်ကို မတွေ့ရဟုဆိုသကဲ့သို့ ဂေါတြဘု၏နိဗ္ဗာန်မြင်ခြင်းကိုမှတ်။ ဂေါတြဘုသည် နိဗ္ဗာန်ကို မြင်သော်လည်း မြင်သည် မမည် မဂ်သည် သာမြင်သည်မည်သတည်း။

အဋ္ဌသာလိနီ(၃၄၁)

ယောဂီပုဂ္ဂိုလ်သည် မဂ်ရောက်လျှင် ဖိုလ်သို့ရောက်မြဲဖြစ်သည်၊ တိက္ခ, မန္တ, အလျောက် ဖိုလ်ဇောများ

ကျပြီး၍ ပစ္စဝေက္ခဏာဇောဖြင့် မိမိရသော မဂ်ဖိုလ်တို့ကို ဆင်ခြင်တာလည်း ရှိသည် မဆင်ခြင်တာလည်း ရှိသည်။ ဆင်ခြင်လျှင် ပစ္စဝေက္ခဏာ ဇောကျ၍ ထိုဇော၏အဆုံး၌ ဘဝင်ကျရသည်၊ မဆင်ခြင်လျှင်ဖိုလ်ဇော၏အဆုံး၌ဘဝင် ကျလေသည်၊ ထိုအရိယာ ပုဂ္ဂိုလ်တို့သည် သမာပတ်ကို ဝင်စား နိုင်ရန် ဝသီဘော် ပြုရသည်။ ဝသီဘော် ဆိုသည်ကား မိမိရရှိပြီးသော တရားကို အလိုရှိ၍ ဝင်စား လိုသောအခါ လျင်လျင် မြန်မြန် ဖြစ်နိုင်ရန် အလေ့အကျင့် ပြုထားရသည်ကို ဆိုသည်။

> ဝသီဘော်နိုင်သည် ဆိုတာ အလေ့ အကျင့် နိုင်သည်ကို ဆိုသတည်း။

ထိုဝသီဘော်သည် သမထ လမ်း၌ အဘိညာဉ်ကို ဝင်စားလိုသောအခါ လျင်လျင် မြန်မြန် ဝင်စားနိုင်ရန် ပထမဈာန်မှစ၍ အဘိညာဉ်၏ အခြေ ဖြစ်သော ပဉ္စမဈာန် သမာဓိသို့ တိုင်အောင်အပြန်ပြန်အလှန်လှန် အလေ့အကျင့် ပြုထားရသည်။ ထိုသို့အလေ့အကျင့် ပြုထားသော ယောဂီ ပုဂ္ဂိုလ်သည် အဘိညာဉ်ဝင်စားလိုက လျင်လျင် မြန်မြန် ဝင်စားနိုင်သည်၊ အရိယာ ပုဂ္ဂိုလ်တို့သည်လည်း ထိုကဲ့သို့ လျင်လျင် မြန်မြန် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရန် အလေ့ အကျင့်ရထားကြရလေသည်။ သို့မှဖလသမာပတ် နိရောဓ သမာပတ် ဝင်စားသော ကာလတို့၌ လျင်မြန်စွာ ဝင်စား နိုင်ကြသည်။

ဖလ သမာပတ် ဝင်စားသည်ဆိုတာ ဖိုလ်သို့ရောက်၍ မိမိရောက်ရှိသော ဖိုလ်ကို မိမိဝင်စားသည်ကို ဆိုသည်။ အရိယာ ပုဂ္ဂိုလ် လေးယောက်တို့သည် မိမိ ရရှိသော ဖိုလ်ကို မိမိဝင်စား နိုင်ကြသည်။

သင်္ဂြိုဟ် ကမ္မဋ္ဌာန်းပိုင်း ဋီကာ သမာပတ္တိ ဘေဒဝိနိစ္ဆယ အဘိဓမ္မတ္ထ သင်္ဂဟ ဋီကာ (၃၆၇)၌ ကြည့်နိုင်သည်။

ယောဂီ ပုဂ္ဂိုလ် များသည် ဈာန်ကိုရင်း ဖိုလ်ကိုရင်း ဝင်စား နေသောအခါ ဝိထိစိတ်ကို မှတ်ခြင်းမရှိ၊ မမှတ် ရပေ၊အပ္ပနာ ဇောတို့သာ ဖြစ်ကြသည်။ အပ္ပနာဇောသည် ရူပ,အရူပ,ကုသိုလ်,ကြိယာ ဇော (၁၈)ခု လောကုတ္တရာ မဂ်ဇော ၄-ခု ဖိုလ်ဇော ၄-ခုအားဖြင့် (၂၆)ခုရှိသည်။ ထိုအပ္ပနာဇော (၂၆)ခုသည် ဣရိယာပုထ် လေးပါးလုံး ခိုင်မြဲစေတတ်သည် ဖြစ်သောကြောင့် သင်္ဂြိုဟ်ကျမ်း ရူပ သမုဋ္ဌာနနယ၌ အပ္ပနာဇဝနံ ဣရိယာ ပထံပိ သန္နာ မေတိ၊ အပ္ပနာ ဇဝနံ-အပ္ပနာ ဇော(၂၆)ခုသည်၊ ဣရိယာ ပထံပိ-ဣရိယာ ပုထ်ကိုလည်း၊ သန္နာ-မေတိ-ခိုင်မြဲ စေ၏ဟု ဆိုထားသည်။

ပစ္စဝေက္ခဏာရဘုံ၌ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမ် ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သည် နိရောဓ သမာပတ်ကို ဝင်စားနိုင်ကြသည်။သောတာပန် သကဒါ ဂါမ်တို့ မဝင်စားနိုင်၊ သောတာပန် သကဒါဂါမ် တို့သည် အဘယ့်ကြောင့် မဝင်စားနိုင်သနည်း ဆိုသော် ကာမစ္ဆန္ဒ

စသော နီဝရဏ တရားတို့ကို အကြွင်းမဲ့ မဖြတ်နိုင်ခြင်းကြောင့်၎င်း သမာဓိတရား၌ ဖြည့်ကျင့်ခြင်းကို ပြုလေ့ မရှိသောကြောင့်၎င်း သမထ အားနှင့် မပြည့်စုံသောကြောင့်၎င်း မဝင်စားနိုင်။ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အနာဂါမိ ပုဂ္ဂိုလ်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သည် နီဝရဏ တရားကို အကြွင်းမဲ့ ဖြတ်ခြင်း သမာဓိ တရား၌ ဖြည့်ကျင့်ခြင်း သမထအားနှင့် ပြည့်စုံခြင်းတို့ ရှိသည်၏ အဖြစ်ကြောင့် နိရောဓ သမာပတ်ကို ဝင်စားနိုင်ကြသည်။

ပဉ္စဝေါကာရ ဆိုတာ ခန္ဓာငါးပါး ရှိသော ဘုံကို ဆိုသည်။ ခန္ဓာလေးပါးရှိသော စတုဝေါကာရ ဘုံ၌ကား ပထမဈာန် စသည် တို့၏ ဖြစ်ခြင်း မရှိသောကြောင့် သမာပတ် ဝင်စားခြင်း၌ မတတ်နိုင်၊ ဝတ္ထုရုပ်လည်းမရှိ၊ ထိုကြောင့် မဝင်စားနိုင် မှတ်လေ။ နိရောဓ သမာပတ် ဝင်စားပုံကို အဘိဓမ္မတ္ထဒီပက ကျမ်း၌ ရှိသည် အတိုင်း ထည့်ပြပါအံ့။

သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမိ ရဟန္တာ ပုဂ္ဂိုလ်သည် လေးလံလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင် ရသဖြင့် လွန်စွာ ငြီးငွေ့လှ၍ ပြည်ကြီး စည်ကြီးကို ခံစား ရသော ပြည့်ရှင် မင်းကဲ့သို့ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ချမ်းသာစွာ နေခြင်း၌ သမာပတ် ရှစ်ပါးကို ဝင်စား လိုသည် ရှိလတ်သော် ဆိတ်ငြိမ်ရာ အရပ်၌ ခင်းထား အပ်သော နေရာဝယ် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ထက်ဝယ် ဘွဲခွေ နေပြီးလျှင် ကမ္မဋ္ဌာန်းကို

ရွှေရှုသော သတိကို ဖြစ်စေ၏။ ပထမ ဈာန်ကို ဝင်စား ပြီးလျှင် ထိုဈာန်၌ရှိသော သင်္ခါရကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာ ရှု၏။

ဤနည်းတူစွာ ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်, ပဉ္စမဈာန်, အာကာ, ဝိညာ, အာကိဉ္စညာယတနဈာန် တိုင်အောင် အသီးသီး ဝင်စားပြီးလျှင် အာကိဉ္စညာယတန ဈာန်မှထ၍—

၁။ သမာပတ် အတွင်း၌ ငါ၏ ကျောင်း သင်္ကန်း သပိတ် ပရိက္ခရာတို့ကို ရေ,မီး,မင်း, ခိုးသူ,မချစ်, မနှစ်လိုသော သူတို့သည် မဖျက်ဆီး နိုင်စေ သတည်းဟု ဓိဋ္ဌာန်ခြင်း။

၂။ ငါ့ကို သံဃာတော်များ တောင့်တလျှင် သမာ ပတ်မှ ထစေသတည်းဟု ဓိဋ္ဌာန်ခြင်း။

၃။ ဘုရား ခေါ်တော်မူလျှင် သမာပတ်မှ ထစေ သတည်းဟု ဓိဋ္ဌာန်ခြင်း။

၄။ ခုနစ်ရက် ရှိသောအခါ သမာပတ်မှ ထစေ သတည်းဟု ဓိဋ္ဌာန်ခြင်း။

ဤပုဗ္ဗကိစ္စ လေးပါးတို့ကို ပြုပြီး၍ နေဝသညာ နာ သညာ ယတန ဈာန်ကို ဝင်စားရသည်။ ရှုပ ဘုံ၌ကား ဤလေးကိစ္စကို ပြုဘွယ်မရှိ၊နေဝသညာ နာသညာယတန ဈာန်နှစ်ကြိမ်၏ အဆုံး၌ ကာမသုဂတိ ခုနစ်ဘုံ ဖြစ်လျှင် ခုနစ်ရက်သာ ဝင်စားရ၏၊ ရူပဘုံဖြစ်လျှင် အလိုရှိတိုင်း ဝင်စားရ၏၊ စိတ်-စေတသိက်-စိတ္တဇရုပ်-တို့ ချုပ်သဖြင့်

ကမ္မဇရုပ်-ဥတုဇရုပ်–ဒွိဇရုပ်–ခုနစ်ရက်အတွင်း၌ အာဟာရကို မစား မသောက်ရသော်လည်း သမာပတ် ဝင်စ၍ စားသောက် အပ်သော အာဟာရသည် ခုနစ်ရက် တိုင်အောင်ပြန့်နှံ့၍ ရုပ်ကိုဖြစ်စေနိုင်သောကြောင့် ကမ္မဇ-ဥတုဇ-အာဟာရဇ-ဟု ဆိုအပ်သော တိဇရုပ်တို့၏ တည်မြဲခြင်း ဖြစ်ခြင်းသည် နိရောဓ သမာပတ် မည်၏။ နိရောဓ သမာပတ်မှ ထသောအခါ နိဗ္ဗာန်ကို အာရုံပြု၍ အနာဂါမိ ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်တကြိမ် ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်တကြိမ် ဘဝင်အကြိမ်များစွာဖြစ်၍ချုပ်၏။

ဣမံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာ နာသညာယတနံ
သမာပဇ္ဇတိ အထေ ကံဝါ ဒွေဝါ စိတ္တဝါရေ
အတိက္ကမိတွာ အစိတ္တကော ဟောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဣမံပုဗ္ဗကိစ္စံ–ဤပုဗ္ဗကိစ္စကို၊ ကတွာ-ပြု၍၊ နေဝသညာ နာသညာယတနံ-နေဝသညာ နာသညာ ယတန ဈာန်ကို၊ သမာပဇ္ဇတိ-ဝင်စား၏၊ အထ-ထိုနောင်မှ၊ ဧကံဝါ-တကြိမ်လည်းဖြစ်သော၊ ဒွေဝါ–နှစ်ကြိမ်လည်း ဖြစ်ကုန်သော၊ စိတ္တဝါရေ–ဝိထိ စိတ်ဖြစ်သော အကြိမ်တို့ကို၊ အတိက္ကမိတွာ–လွန်၍၊ အစိတ္တကော–ဝိထိစိတ်ချုပ်သည်၊ ဟောတိ–ဖြစ်၏။

ဖလ သမပတ္တိ ကာလေ ဗဟုက္ခတ္တုံ နိရောဓာ
ဝုဋ္ဌဟန္တဿ ဒွိက္ခတ္တုံ ဥပဇ္ဇတိ။

ဝိသုဒ္ဓိမဂ်ဋီကာ။

ဖလသမာ ပတ္တိ ကာလေ-ဖလ သမာပတ်ကို ဝင်စား သောကာလ၌၊ ဗဟုက္ခတ္တုံ-အကြိမ် များစွာ၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ နိရောဓာ-နိရောဓ သမာပတ်မှ၊ ဝုဋ္ဌဟန္တဿ-ထသော ပုဂ္ဂိုလ်အား၊ ဒွိက္ခတ္တုံ-နှစ်ကြိမ်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏။

နိဗ္ဗာန် (၃) မျိုး

၁။ ရာဂ-ဒေါသ-မောဟတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတနိဗ္ဗာန်၊

၂။ ရာဂ-ဒေါသ-မောဟ-တည်းဟူသော အကြောင်း ကင်းသည်၏ အဖြစ်ကြောင့် အနိမိတ္တနိဗ္ဗာန်၊

၃။ ရာဂ-ဒေါသ-မောဟ-တည်းဟူသော တောင့်တခြင်း ကင်းသည်၏ အဖြစ်ကြောင့် အပဏိဟိတနိဗ္ဗာန်၊

ဤသို့ နိဗ္ဗာန် သုံးမျိုးကို အဘိဓမ္မတ္ထ သင်္ဂဟ ရူပ ပရိစ္ဆေဒ၌ ပြသည်။

ဝါနဟု ဆိုအပ်သော တဏှာစသည်မှ ကင်းသော ကြောင့် ချမ်းသာခြင်းသို့ရောက်သောနိဗ္ဗာန်အခဏ်းသည် ဤတွင်ပြီးသတည်း။

---

## အနုသယ

အပ္ပဟီနဋ္ဌေန အနု အနု သန္တာနေသေန္တီတိ အနုသယာ။

ဋီကာ။

ယေဓမ္မာ–အကြင်ကာမရာဂ စသော တရားတို့သည်၊ အပ္ပဟီနဋ္ဌေန – အရိယာမဂ်ဖြင့် မပယ် အပ်သေးသည်၏ အဖြစ်ကြောင့်၊ အနု အနု–အဘန် တလဲလဲ၊ သန္တာနေ– သတ္တဝါတို့၏သန္တာန်၌၊ ဝါ–သတ္တဝါတို့၏ စိတ်အစဉ်၌၊ သေန္တိ-ဖြစ်တတ် ကုန်၏၊ ဝါ-ကိန်းတတ် ကုန်၏၊ ဣတိ တသ္မာ-ထိုသို့ သတ္တဝါတို့၏ သန္တာန် အစဉ်၌ အဘန် တလဲလဲကိန်းတတ်သောသတ္တိကြောင့်၊တေဓမ္မာ–ထိုကာမ ရာဂ စသော တရားတို့သည်၊ အနုသယာ- အနုသယ မည်ကုန်၏။ သတ္တဝါတို့၏ သန္တာန် အစဉ်၌ ဖြစ်တတ် ကိန်းတတ်သောကြောင့် အနုသယ မည်သတည်း။

---

## အနုသယ(၇)ပါး

ကာမရာဂါနုသယ,ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, အဝိဇ္ဇာနုသယ, ဝိစိကိစ္ဆာ နုသယဟူ၍ အနုသယ ခုနစ်ပါးရှိသည်။

**အနုသယ(၇)ပါး မဂ်ဖြင့်ပယ်ပုံ**

၁။ သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာ နုသယကို ပယ်သည်။

၂။ သကဒါဂါမိမဂ်ဖြင့် ကာမရာဂါနုသယ ပဋိဃာ နုသယ အဝိဇ္ဇာနုသယ တို့ကို ခေါင်းပါးအောင် ပြုသည် ပယ်နိုင်သော တရားမရှိ။

၃။ အနာဂါမိ မဂ်ဖြင့် ကာမရာဂါနုသယ ပဋိဃာနုသယကို ပယ်သည်။

၄။ အရဟတ္တမဂ်ဖြင့် ဘဝရာဂါနုသယ,မာနာနုသယ, အဝိဇ္ဇာနုသယတို့ကိုပယ်သည်။

---

## သံယောဇဉ်

သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ။

ဋီကာ။

ယာနိ-အကြင်သဘောတရားတို့သည်၊ သတ္တေ-သတ္တဝါတို့ကို၊ သံယောဇေန္တိ ဗန္ဓန္တိ-တုပ်နှောင် ဖွဲ့ချည်တတ်ကုန်၏၊ ဣတိ တသ္မာ-ထိုသို့ သတ္တဝါ တို့ကို တုပ်နှောင်ဖွဲ့ချည်တတ်သော သတ္တိကြောင့်၊ တာနိ-ထိုသဘောတရားတို့သည်၊ သံယောဇနာနိ-သံယောဇဉ်မည်ကုန်၏။

သတ္တဝါတို့ကို တုပ်နှောင် ဖွဲ့ချည် တတ်သောကြောင့် သံယောဇဉ် မည်သတည်း။

---

## သံယောဇဉ်(၁၀)ပါး

ဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်, ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာန သံယောဇဉ်, ဘဝရာဂ သံယောဇဉ်, အဝိဇ္ဇာ သံယောဇဉ် ဟူ၍ သံယောဇဉ် ဆယ်ပါး ရှိသည်။

အဋ္ဌသာလိနီ(၃၆၄)။

## သံယောဇဉ်(၁၀)ပါး မဂ်ဖြင့် ပယ်ပုံ

၁။ သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌိ သံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ် ဣဿာသံယောဇဉ် မစ္ဆရိယ သံယောဇဉ် ဤငါးပါးသော သံယောဇဉ်တို့ကို ပယ်သည်။

၂။ သကဒါဂါမိ မဂ်ဖြင့် ပယ်နိုင်သော သံယောဇဉ် ဟူ၍မရှိ တနုကရအားဖြင့် ခေါင်းပါးရုံသာ ပြုသည်။

၃။ အနာဂါမိ မဂ်ဖြင့် ကာမရာဂ သံယောဇဉ် ပဋိဃ သံယောဇဉ် ဤနှစ်ပါးကို ပယ်သည်။

၄။ အရဟတ္တ မဂ်ဖြင့် မာန သံယောဇဉ် ဘဝရာဂ သံယောဇဉ် အဝိဇ္ဇာ သံယောဇဉ် ဤသုံးပါးကိုပယ်သည်။

---

## ကိလေသာ

ကိလိဿတိ ဥပတပ္ပတီတိ ကိလေသာ။

ဋီကာ။

ဧတေဟိ - ဤ သဘော တရား တို့ဖြင့်၊ စိတ္တံ စိတ်သည်၊ ကိလိဿတိ ဥပတာပ္ပတိ-ပူပန်တတ်၏။ ဣတိ တသ္မာ-ထိုသို့ ပူပန်ကြောင်း ဖြစ်သော သတ္တိကြောင့်၊ တေဓမ္မာ - ထို သဘော တရား တို့သည်၊ ကိလေသာ-ကိလေသာတို့ မည်ကုန်၏။ စိတ်ကိုပူပန်စေ တတ်သော သတ္တိကြောင့် ကိလေသာမည်သတည်း။

## ကိလေသာ (၁၀)ပါး

ဒိဋ္ဌိ, ဝိစိကိစ္ဆာ, လောဘ, ဒေါသ, မောဟ, မာန, ထိန, ဉဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူ၍ ကိလေသာ ဆယ်ပါးရှိသည်။

### ကိလေသာ(၁၀)ပါးကို မဂ်ဖြင့် ပယ်ပုံ

၁။ သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာ နှစ်ပါးကို ပယ်သည်။

၂။ သကဒါဂါမိ မဂ်ဖြင့် ပယ်နိုင်သော ကိလေသာ ဟူ၍ မရှိ ခေါင်းပါးအောင်သာ ပြုသည်။

၃။ အနာဂါမိ မဂ်ဖြင့် ဒေါသ ကိလေသာ တပါးကို ပယ်သည်။

၄။ အရဟတ္တ မဂ်ဖြင့် လောဘ, မောဟ, မာန, ထိန, ဉဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ကိလေသာ ခုနစ်ပါးလုံး ပယ်သည်။

---

## နိဝရဏ

ကုသလပဝတ္တိံ အာဝရန္တီတိ အာဝရဏာ၊ နိဝါရေန္တီတိ နိဝရဏာ။ (ဋီကာ)

ကုသလပဝတ္တိံ-ကုသိုလ် ဖြစ်ခြင်းကို၊ အာဝရန္တိ-ပိတ်ပင်တတ် ကုန်၏၊ ဣတိတသ္မာ- ထိုသို့ ဖြစ်ခြင်းကို ပိတ်ပင်ကြောင်းဖြစ်သော သတ္တိကြောင့်၊ အာဝရဏာ-အာဝရဏတို့ မည်ကုန်၏။ နိဝါရေန္တိ- တားမြစ်တတ်

ကုန်၏၊ ဇုတိတသ္မာ- ထိုသို့ကုသိုလ် ဖြစ်ခြင်းကို တားမြစ်ကြောင်း ဖြစ်သောသတ္တိကြောင့်၊ နိဝရဏာ-နိဝရဏတို့ မည်ကုန်၏။

ကုသိုလ် ဖြစ်ခြင်းကို ဝိတ်ပင် တားမြစ်ကြောင်း ဖြစ်သော သတ္တိကြောင့် နိဝရဏ မည်သတည်း။

---

## နီဝရဏ(၅)ပါး

ကာမစ္ဆန္ဒနိဝရဏ, ဗျာပါဒနိဝရဏ, ထိနမိဒ္ဓနိဝရဏ, ဥဒ္ဓစ္စ ကုက္ကုစ္စနိဝရဏ, ဝိစိကိစ္ဆာ နိဝရဏ။

### နိဝရဏ(၅)ပါးတို့ကို မဂ်ဖြင့် ပယ်ပုံ

၁။ သောတာပတ္တိ မဂ်ဖြင့် ကုက္ကုစ္စ နိဝရဏ, ဝိစိကိစ္ဆာ နိဝရဏ တို့ကို ပယ်သည်။

၂။ သကဒါဂါမိ မဂ်ဖြင့် ပယ်နိုင်သော နိဝရဏမရှိ။

၃။ အနာဂါမိ မဂ်ဖြင့် ကာမစ္ဆန္ဒနိဝရဏ ဗျာပါဒ နိဝရဏ တို့ကိုပယ်သည်။

၄။ အရဟတ္တ မဂ်ဖြင့် ထိန မိဒ္ဓ နိဝရဏ ဥဒ္ဓစ္စ နိဝရဏ တို့ကိုပယ်သည်။

ဤ၌ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စသည် ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏ ဟု တပါးတည်းပင် ရေတွက်ရသော်လည်း သောတာပန် ပုဂ္ဂိုလ်သည် စိတ်၏ ပျံ့လွင့် လှုပ်ရှားခြင်း ဥဒ္ဓစ္စသဘော ရှိသဖြင့် မဂ်ပယ် စဉ်၌ ကုက္ကုစ္စကို ခွဲ၍ ယူရသည်။
အဋ္ဌသာလိနီ(၃၇၀)။

## ဉာဏ်(၁၄)ပါးဖြင့် ပယ်ပုံ

၁။ နာမ်ရုပ်ကို ပိုင်းခြား မှတ်သား တတ်သော နာမရူပ ဝဝတ္ထာနဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကိုပယ်သည်။

၂။ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသော ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိ ဝိသမဟေတု ဒိဋ္ဌိကိုပယ်သည်။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏အကျိုး သည် မရှိဟု ယူခြင်းသည် နတ္ထိက ဒိဋ္ဌိမည်၏။ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိဟု ယူခြင်းသည် အကြိယဒိဋ္ဌိ-မည်၏။ ထိုကံ-နှစ်ပါးလုံးကိုပယ်ခြင်းသည် အဟေတုက ဒိဋ္ဌိ မည်၏။ ဘောက်ပြန်သောအားဖြင့် ယူခြင်းသည် ဝိသမဟေတုကဒိဋ္ဌိမည်၏။

၃။ ထိုပစ္စယပရိဂ္ဂဟဉာဏ်၏သာလျှင် နောက်အဘို့၌ ဖြစ်သော ကင်္ခါဝိတရဏ ဉာဏ်ဖြင့် ဝိစိကိစ္ဆာကို ပယ် သည်။

၄။ ရုပ် နာမ် တို့၏ အပေါင်းအစုကို သုံးသပ်သော ကလာပ သမ္မသန ဉာဏ်ဖြင့် ငါ ငါ၏ ဥစ္စာ ဟူသော မှားသောအားဖြင့် စွဲလမ်းခြင်းကိုပယ်သည်။

၅။ မဂ်ဟုတ်သည်မဟုတ်သည်ကို ပိုင်းခြားမှတ်သား သော မဂ္ဂါမဂ္ဂ ဝဝတ္ထာနဉာဏ်ဖြင့် မဂ်မဟုတ်သည်၌ မဂ်ဟူသော အမှတ်ကိုပယ်သည်။

၆။ သင်္ခါရတို့၏ အဖြစ်ကို ရှုသော ဥဒယဒဿန ဉာဏ်ဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်သည်။ ဥစ္ဆေဒဒိဋ္ဌိဆိုတာ

ဤဘဝက ရုပ်နာမ်သည် ထိုဘဝသို့ မလိုက်ဘဲ ဤဘဝ၌သာ အကြောင်းအကျိုးဖြစ်သည်ဟု ယူခြင်းတည်း။

၇။ သင်္ခါရတို့၏ အပျက်ကို ရှုသော ဝယဒဿန ဉာဏ်ဖြင့် သဿတဒိဋ္ဌိကိုပယ်သည်။**သဿတဒိဋ္ဌိ**ဆိုတာ ဤဘဝကရုပ်နာမ်သည် ထိုဘဝသို့လိုက်သည်ဟု ယူခြင်းတည်း။

၈။ သင်္ခါရ တို့၏ ဘေးဟု ရှုသော ဘယဒဿန ဉာဏ်ဖြင့် ဘေးရှိသည်၌ ဘေးမရှိဟူသော အမှတ်ကို ပယ်သည်။

၉။ အပြစ်ကို ရှုသော အာဒီနဝ ဒဿနဉာဏ်ဖြင့် သာယာဘွယ်ရှိ၏ ဟူသော အမှတ်ကိုပယ်သည်။

၁၀။ ငြီးငွေ့သောအခြင်းအရာအားဖြင့် အဘန်တလဲလဲ ရှုသော နိဗ္ဗိဒါ နုပဿနာ ဉာဏ်ဖြင့် မွေ့လျော်ဘွယ် ဟူသော အမှတ်ကိုပယ်သည်။

၁၁။ သင်္ခါရ တို့မှ လွတ်လိုသည်၏ အဖြစ် တည်း ဟူသော မုဉ္စိတုကမျတာ ဉာဏ်ဖြင့် မလွတ်လိုသည်၏ အဖြစ်ကို ပယ်သည်။

၁၂။ လျစ်လျူရှုသော ဥပေက္ခာဉာဏ်ဖြင့် လျစ်လျူ မရှုခြင်း၊ သင်္ခါရတို့မှ မဆုတ်မနစ်ခြင်း၊ ကပ်ငြိတွယ်တာ အာလယဖြစ်ခြင်းကို ပယ်သည်။

၁၃။ အနုလောမဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်၌ ၎င်း၊ နိဗ္ဗာန်၌၎င်း ဆန့်ကျင်သည်၏အဖြစ်ကို ပယ်သည်။

၁၄။ ဝေါဒြဘူဉာဏ်ဖြင့် သင်္ခါရနိမိတ်ကိုယူခြင်းကို တဒင်္ဂအားဖြင့် ပယ်သည်။

---

## ပဟာန်(၅)ပါး

ပြဆိုခဲ့သော ထိုထို နာမရူပ ဝဝတ္ထာန ဉာဏ်စသော အင်္ဂါဖြင့် ထိုထို သက္ကာယဒိဋ္ဌိစသည်ကို ပယ်ခြင်းသည် တဒင်္ဂပဟာန်မည်၏။

၁၅။ အိုးဖြင့်ခတ်ခြင်းဖြင့် ရေအပြင်၌ရှိသော မှော်ကို ပယ်ရှားခြင်း ကဲ့သို့ နီဝရဏ တရားတို့ကို ဥပစာရသမာဓိ အပ္ပနာ သမာဓိဖြင့် ပယ်ခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။

၁၆။ သောတာပတ္တိမဂ်အစရှိသည်ဖြင့်လေးပါးသော အရိယာပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာ တို့ကို ပယ်ခြင်းသည် သမုစ္ဆေဒ ပဟာန်မည်၏။

၁၇။ ဖိုလ်၏ ခဏ၌ ကိလေသာတို့၏ ငြိမ်းသည်၏ အဖြစ်သည် ပဋိပ္ပဿဒ္ဓိပဟာန်မည်၏။

၁၈။ အလုံးစုံသော သင်္ခတတရားတို့မှ လွတ်သည် အဖြစ်ကြောင့် နိဗ္ဗာန်သည် နိဿရဏပဟာန်မည်၏။

စွန့်ခြင်း ပယ်ခြင်းကို ပဟာန၊ ကိုယ်-နှုတ်-စိတ်-တို့၏ ဘောက်ပြန်သော အားဖြင့် ဖြစ်ခြင်းကို ပယ်ခြင်းသည် ဝိနယ၊ ထိုနှစ်ပါးသောသတ္တိကို ပဟာနဝိနယ ခေါ်သည်။

အဋ္ဌသာလိနီ(၃၄၄)။

## သုဒ္ဓိ(၂)ပါး

၁။ ကိလေသသုဒ္ဓိ- ကိလေသာမှစင်ခြင်း။

၂။ ပရမတ္ထသုဒ္ဓိ- မြတ်သော စင်ကြယ်ရာ ဖြစ်၍ ဖြစ်သော နိဗ္ဗာန်။

အဋ္ဌသာလိနီ(၃၄၇)။

---

## ဘာဝနာခန်း

ဘာဝေတာဗ္ဗံ- ပွားများအပ်၏၊ ဝဍ္ဎေတိ- တိုးပွားစေတတ်၏၊ ဥပ္ပါဒေတိ- ဖြစ်စေတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ဘာဝနာ- ဘာဝနာမည်၏။

ပွားများအပ်သောကြောင့်ရင်း၊ ကုသိုလ် တရားတို့ကို တိုးပွားစေတတ်သောကြောင့်ရင်း၊ မဂ်ဖိုလ် တရား တို့ကို ဖြစ်စေတတ်သော ကြောင့်ရင်း ဘာဝနာဟု ဆိုလေသည်။ ထိုဘာဝနာသည် သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် သမထ ဘာဝနာသည် မိမိစိတ်၏ ပျံ့လွင့်ခြင်း မငြိမ်သက်ခြင်းကို ငြိမ်သက် တည်ကြည်လာစေတတ် လေသည်။ ထိုစိတ်၏ ငြိမ်သက် တည်ကြည်လာမှုကြောင့် လောဘ စသော ကိလေသာ တို့ကို တဒင်္ဂ ဝိက္ခမ္ဘန အားဖြင့် ငြိမ်းစေတတ် ရကား ထိုသမထ ဘာဝနာကို ပွားများရလေသည်။

သမထံ ကရောတီတိ သမထော၊ ကိလေသေ သမေတိတိ သမထော။ သမထံ-ငြိမ်သက် သည်ကို၊ ကရောတိ- ပြုတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ သမထော-သမထ

မည်၏။ကိလေသေ- လောဘ စသော ကိလေသာတို့ကို သမေတိ- ငြိမ်းစေတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ သမထော- သမထ မည်၏။

ဝိပဿနာ ဘာဝနာသည် ဘုံသုံးပါး၌ ဖြစ်သော ဖြစ်ပျက်သဘောရှိသော ရုပ်နာမ်ခန္ဓာ သင်္ခါရ တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သိရသဖြင့် တွယ်တာခြင်း ကင်းသည် ဖြစ်၍ မဂ်ဖိုလ် နိဗ္ဗာန် တရားတို့ကို ဖြစ်စေ ရောက်စေတတ်လေသည်။ ထိုဝိပဿနာသည် လောဘ စသော ကိလေသာတို့ကို မဂ်ဖြင့် ဖြတ်ပယ်သော အခါ သမထကဲ့သို့ တဒင်္ဂဝိက္ခမ္ဘန သဘောအားဖြင့် ငြိမ်းရုံသာ ပြုသည်မဟုတ် သမုစ္ဆေဒအားဖြင့် တိတိရိရိ ဖြတ်ပယ် လေသည်။ ထိုကဲ့သို့ ဖြတ်ပယ်နိုင်သည် ဖြစ်၍ မဂ်ဖြင့် ကိလေသာတို့ကို ဖြတ်ပယ်ပြီးသော အရိယာပုဂ္ဂိုလ်သည် အပါယ်သို့ မကျ မရောက် တော့ဘဲ အပါယ်ခန္ဓာ ငြိမ်းရ လေသည်။

အနိစ္စာဒိဝသေန ဝိဝိဓေကာရေန တေဘူမကာ
သင်္ခါရေပဿတိတိ ဝိပဿနာ။

ဋီကာ။

ယာ ပညာ- အကြင်ဝိပဿနာပညာသည်၊ အနိစ္စာဒိဝသေန-အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်၊ဝိဝိဓေကာရေန- အထူးထူး အပြားပြား များသော သဘော အားဖြင့်၊ တေဘူမကာ သင်္ခါရေ-ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်သင်္ခါရ တရားခန္ဓာ တို့ကို၊ ပဿတိ- ရှုတတ်၏၊ ဣတိတသ္မာ-

ထို့ကြောင့်၊ သာပညာ- ထို ဝိပဿနာ ပညာသည်၊ ဝိပဿနာ-ဝိပဿနာ မည်၏။

ဝိပဿနာ ပညာသည်ရုပ်နာမ်ဖြစ်ပျက်ကို မြင်ရသည်။ ရုပ်နာမ် ဖြစ်ပျက်ကို မြင်ရသဖြင့် ဖြစ်ပျက်၏ ဆုံးရာ နိဗ္ဗာန်သို့ ရောက်စေတတ်ရကား ဝိပဿနာ ဘာဝနာကိုလည်း ပွားများရလေသည်။

ထို ဘာဝနာ နှစ်မျိုးလုံး၌ငြိမ်သက် တည်ကြည်မှုဆိုတာ ရှိကြ ရသည်။ ထိုငြိမ်သက် တည်ကြည်မှုကို သမာဓိဟူ၍ရင်း ဧကဂ္ဂတာဟူ၍ရင်း ခေါ်သည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ။ ဘိက္ခဝေ-ချစ်သားချစ်သမီးများတို့၊သမာဓိံ-သမာဓိကို၊ ဘာဝေထ- ပွားများဖြစ်စေကြကုန်လော့။

သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတိ။

အင်္ဂုတ္တရာ(၁၀၄)။

သမာဟိတော-တည်ကြည်သောသူသည်၊ ဝါ၊ သမာဓိဖြင့် အညီအညွတ် ကောင်းစွာ အာရုံ၌ ထားအပ်သော စိတ်ရှိသော သူသည်၊ ယထာဘူတံ-ဟုတ်မှန်တိုင်း၊ ပဇာနာတိ-သိ၏၊ ပဿတိ-မြင်၏။

သမထ ဘာဝနာ ဝိပဿနာ ဘာဝနာ နှစ်မျိုးလုံး၌ ပွားများ ဖြစ်စေရသော သမာဓိသည် မိမိ အလိုရှိသည် အားလျော်စွာ သမထ သမာဓိကို ဖြစ်စေလိုလျှင် သမထ စခန်း၌ ပြခဲ့သည့်အတိုင်း ပွားများ ဖြစ်စေ ရသည်။ ဝိပဿနာ သမာဓိကို ဖြစ်စေလိုလျှင် သီလကို လုံခြုံစေ၍

ဝီရိယ-ရုပ်နာမ်ကို သိအောင် အားထုတ်မှု၊ သတိ-မိမိနှလုံး သွင်းဆဲဖြစ်သော ရုပ်နာမ် တရားကို မမေ့မှု၊ ထို ဝီရိယ သတိ နှစ်ပါးပြည့်စုံခြင်းဖြင့် ရုပ်နာမ်၏အပေါ်၌ စိတ်သည် တည်ကြည်၍ ရုပ်နာမ်၏သဘောအမှန်ကို သိလာပေမည်။ ရုပ်နာမ်သည် ဖြစ်ပျက် သဘော ရှိသည်။ ဉာဏ်နဲ့ မြင်အောင်ကြည့်။

ရူပတိတိရူပံ၊ ရုပ်သည် ဖောက်ပြန် တတ်သော ဖြစ် ပျက်တတ်သော သဘော ရှိသည်။ ဝိပရိနာမတော-ဖောက်လွဲ ဖောက်ပြန် ဖြစ်ခြင်း သဘော။ အညထာ ဘာဝတော-ရှေ့ရုပ် အစဉ်နှင့် မတူ၊ နောက်ရုပ် အစဉ် ဖြစ်ခြင်း သဘော။ ရှေ့ရုပ် အစဉ်နှင့် နောက်ရုပ်အစဉ် မတူဟု ဆိုသည်မှာ ဖောက်လွဲ ဖောက်ပြန် ဖြစ်သော ကြောင့် မတူတာ ဖြစ်သည်။ ဖောက်လွဲ ဖောက်ပြန် ဖြစ်သည် ဆိုတာ စက္ကန့်,မိနစ် မစဲအောင် ဖြစ်ပျက် ဖြစ်ပျက်နေသည်ကို ဆိုသည်။

ကေဿဂ္ဂကောဋိ ကောဋိ သတ သဟဿ
သဉ္ဇာနိ စိတ္တာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။

ကေဿဂ္ဂကောဋိ-လက်ဖျစ်တတွက် လျှပ် တပြက် ခဏာ၌သာလျှင်၊ ကောဋိ သတ သဟဿ သင်္ချာနိ-ကုဋေ တသိန်း အရေအတွက် ရှိကုန်သော၊ စိတ္တာနိ-စိတ်တို့သည်၊ ဥပ္ပဇ္ဇိတွာ-ဖြစ်၍၊ နိရုဇ္ဈန္တိ-ချုပ်ကုန်၏။

နာမ်သည်လည်း လက်ဖျစ်တတွက် လျှပ်တပြက်ခဏ အတွင်း၌ ကုဋေတသိန်း ချုပ်သည်ဟု ဆိုသောကြောင့်

နာမ်သည် ရုပ်ထက်ပင် ဖြစ်ပျက်မြန်နေသည်မှာ ထင်ရှား လေသည်။ ထိုရုပ်နာမ်နှစ်ပါးကို အလျားတလံ အနံတထွာ ခန့်ရှိသော မိမိ ခန္ဓာကိုယ်၌ တွေ့အောင် ရှာရမည်။ ရုပ် ဆိုသည်ကား ရုပ်ခဏ်း၌ ပြခဲ့သော ရုပ်(၂၈)ပါးတွင် အဓိက ဖြစ်သော ဓာတ်(၄)ပါးကို ဆိုသည်။ ထိုဓာတ် ၄-ပါးသဘောကို မိမိခန္ဓာကိုယ်၌ မြင်အောင် ကြည့်ရ သည်။ နာမ်ဆိုသည်ကား နာမ်ခဏ်း၌ ပြခဲ့သော သိမှု သဘောကို ဆိုသည်။ မိမိ၏ခန္ဓာကိုယ်၌ရင်း ဘုံသုံးပါး၌ ဖြစ်နေကြ ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါ တို့၌ရင်း ထိုရုပ်နာမ် နှစ်ပါးက လွဲ၍ လောက၌ အမှန် ရှိသော တရားဟူ ဘယ်မှာမှ မရှိ။ အဘိဓမ္မာ ကျမ်းဂန်စသည်၌ ဟောထားသော ပရမတ္ထတရားဆိုတာလည်း ဘုံသုံးပါး၌ ဖြစ်သော ရုပ်နာမ်ကို မှတည်၍ ထိုရုပ်နာမ်၏ ဆုံးရာသည် နိဗ္ဗာန်ပင်တည်းဟု ရုပ်နာမ် နိဗ္ဗာန်ကိုပင် ဘုရားရှင်ဟော တော်မူရင်း ဖြစ်သည်။

ရုပ်နာမ်သည် လောကအတွင်း၌ ဖြစ်သောတရား။

နိဗ္ဗာန်သည် လောကမှ ထွက်မြောက်သောတရား။

ပရမတ္ထတရား၌ ရုပ်နာမ် နိဗ္ဗာန်ဟု သုံးမျိုး ရှိသည်။ ရုပ်နာမ် ဖြစ်ပျက်၏ အဆုံးနားမှာ နိဗ္ဗာန်ရှိသည်။ သူ့ ရုပ်နာမ်နှင့် သူ့နိဗ္ဗာန်ရှိသည်။ရုပ်နာမ် ဖြစ်ပျက်၏ အဆုံး နားမှာ နိဗ္ဗာန်တွေ့လိမ့်မည်။ ဉာဏ်နဲ့ မြင်အောင်ကြည့်။

တရားအားထုတ်တော့မည်ဟု ရည်ရွယ်ချက် ဖြစ်ပေါ် နေသော ပုဂ္ဂိုလ်တို့သည် တရားအားမထုတ်မီ အားထုတ်

မည်သဲသဲတို့၌ မိမိကိုယ်ကို အောက်ပါ အချက်များဖြင့် ရှေးဦးစွာ မေးမြန်းသင့်သည်။

၁။ သင်သည် ဘာကိုအလိုရှိ၍ တရားအားထုတ်မည်နည်း၊
၂။ သင် အားထုတ်မည့် တရားသည် ဘယ်မျှလောက် အကျိုးရှိမည်နည်း၊
၃။ သင်ပေါက်ရောက်သည်အထိ အားထုတ်နိုင်ပါမည်လား၊

ဤမျှဖြင့် မိမိ အလိုရှိသော တရား,ထိုတရား၏ အကျိုးကျေးဇူး,ပေါက်ရောက်အောင် အားထုတ်နိုင်မည်,မထုတ်နိုင်မည်တို့ကို အဖြေ ထွက်လာပါလိမ့်မည်။ ပါရမီ ဖြစ်ရုံလောက်ဆိုလျှင် မိမိစိတ်ဆန္ဒအားလျော်စွာ အားထုတ်ပါ။ အကျိုး ရှိပါသည်။ အကယ်၍ ပေါက်ရောက်အောင် အားထုတ်မည်ဆိုလျှင် ပဋ္ဌာန်း ဒေသနာတော်၌ ဘုရားဟောတော်မူသော အဓိပတိပစ္စယော-ဟူသောပုဒ်၌ အဓိပတိ တရားလေးပါးကို ခိုင်မြဲစွာ ထားရှိစေရမည်။

---

## အဓိပတိလေးပါး

၁။ ဆန္ဒာဓိပတိ-ဆန္ဒတရား ကြီးမား ထက်သန်ခြင်း၊
၂။ စိတ္တာဓိပတိ-စိတ်ဓာတ် တရား ကြီးမား ထက်သန်ခြင်း၊
၃။ ဝီရိယာဓိပတိ-အားထုတ်မှု လုံ့လဝိရိယမှု တွင်ကြီးမားထက်သန်ခြင်း၊

၄။ ဝိမံသာဓိပတိ-ဟုတ်မှန်သော တရား သဘောကို သိစွမ်းနိုင်မှု, ဆင်ခြင်နိုင်းချိန်မှု, ပညာ တရား ကြီးမားထက်သန်ခြင်း။

ဤအဓိပတိပစ္စည်းတရား လေးပါးတို့တွင် ဆန္ဒ–ဝိတ္တ– ဝီရိယတို့သည် ကုသိုလ်ကောင်းမှု ပြုလုပ်သော အခါ တို့၌ မကြီးမား မထက်သန်သော်လည်း ထိုက်သလိုတော့ ရှိကြလေသည်။ ဝိမံသာဓိပတိဟူသော ပညာတရားကား နည်းပါးတတ်သည်။ ပညာသည် ဟုတ်မှန်သော တရား သဘောကို·ထင်မြင်သိရှိလာအောင် ဆင်ခြင်နိုင်းချိန်နိုင်မှု ရှိသည်။ထက်မြက်စူးရှသည်။အရာရာမှာ ဆန္ဒ-ဝိတ္တ-ဝီရိယ တို့ထက် အရေးကြီးသည်။ ပညာမရှိက အမှန်ကို သိနိုင် ခဲသည်။ အမှန်သိမှ လောကီ, လောကုတ္တရာ နှစ်ဖြာလုံး တို့၌ လမ်းဖြောင့်အောင် သွားနိုင်မည် ဖြစ်သောကြောင့် ပညာသည် အရာရာမှာ အရေးကြီးသည်ဟု ဆိုရသည်။

လောက၌ စိတ်သည် သုံးမျိုးရှိသည်။

၁။ အထက်တန်းကျသော စိတ်တမျိုး၊

၂။ အလတ်တန်းကျသော စိတ်တမျိုး၊

၃။ အောက်တန်းကျသော စိတ်တမျိုး၊

အထက်တန်း ကျသော စိတ်ဓာတ်ရှိထား သူသည် အထက်တန်း အလုပ်ကိုသာလုပ်လို၍ အထက်တန်းသို့သာ ရောက်လိုသည်။အလတ်တန်းကျသော စိတ်ဓာတ် ရှိထား သူသည် အလတ်တန်း အလုပ်ကိုသာ လုပ်လို၍ အလယ်

တန်း လောက်ကိုသာ ရောက်လိုသည်။ အောက်တန်းကျသော စိတ်ဓာတ်ရှိထား သူသည် အောက်တန်းစား အလုပ်ကိုသာ လုပ်လို၍ သူတပါးတို့၏ အောက်တန်း နောက်တန်းကသာ နေရတာများသည်။

အဓိပတိဆိုတာ အလတ်တန်းစား အောက်တန်းစား စိတ်ဓာတ်မျိုး မဟုတ်။ အထက် တန်းစား ကျသော စိတ်ဓာတ်မျိုး ဖြစ်သည်။ အဓိပတိ စိတ်ဓာတ် ရှိထားသူသည် အထက်တန်း ကျကျ အလုပ်ကိုသာ လုပ်လို၍ အထက်တန်းကသာ နေလိုသည်ဖြစ်သောကြောင့် ပဋ္ဌာန်းပါဠိတော် အဘွင့်၌ အဓိပတိ ပစ္စည်းသည် လေးကျွန်းလုံးကို အစိုးရသော လေးကျွန်း သဌေးနှင်း စကြာမင်းကြီးနှင့် တူကြောင်း ဘွင့်ဆို ရေးသားတော် မူခဲ့ပေသည်။ လေးကျွန်းလုံးကို အစိုးရသော လေးကျွန်း သဌေးနှင်း စကြာမင်းကြီး၏ စိတ်ဓာတ်သည် ကြီးမားထက်သန်လေသည်။လေးကျွန်းလုံး၌ ရှိနေကြသော ကျွန်းနေသူ ဗိုလ်လူအပေါင်းတို့ အပေါ်၌ လွှမ်းမိုး အုပ်ချုပ်ခါ နေရသဖြင့် အလတ်တန်းစား စိတ်ဓာတ် အောက်တန်း နောက်တန်း ကျသော စိတ်ဓာတ် မျိုးကို ဘယ်အခါမှ မထားပေ။ အထက်တန်း ကျကျ စိတ်မျိုးဖြင့် လွှမ်းမိုး အုပ်ချုပ်လျက်ရှိပေသည်။ ထိုလေးကျွန်း သဌေးနှင်းစကြာမင်းကြီး အတူ အဓိပတိ စိတ်ဓာတ်မျိုး ရှိထားသူသည်လည်း အထက်တန်း စိတ်မျိုးဖြင့် အထက်တန်း သို့သာ ရောက်လို နေလို ပေသည်။ ရောက်အောင်လဲ

လုပ်လော့ရှိသည့် အောက်တန်း နောက်တန်း အလုပ်မျိုးကို မလုပ်လို၊ လုပ်ဘို့လဲ စိတ်မကူး။

အထက်တန်းကျကျ ဟူသော စကား၌ အဓိပတိ သဘောသည် မာန သဘောမျိုးမဟုတ်။ မာနသဘော ကား ငါသိသည်။ ငါလုပ်ထားသော ဟုတ်သည်။ ငါပြော တာသာမှန်သည်။ ငါ့အမျိုးသာ မြတ်သည် စသည်ဖြင့် တက်ကြွ ထောင်လွှားသော အကုသိုလ် သဘောတည်း။ အဓိပတိသဘောကား သူတပါးကို နှိမ့်ချ ဘိနှိပ်လိုသော စိတ်မျိုးမရှိ။ မိမိကိုယ်ကို အထက်တန်း ရောက်ဘို့ ရသော ဖြစ်လေသည်။

အဓိပတိသည် ကြီးမား ထက်သန်သော အကြောင်း တရား ဖြစ်၍ အကျိုးပေးတဲ့ အခါမှာလည်း အဓိပတိ ပစ္စည်း သဘောဖြင့် ကျေးဇူး ပြုသောအခါ ကြီးကျယ် မြင့်မြတ်သော အထက်တန်း ကျကျ အကျိုးကို ခံစား ရတတ်သည်၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်ကြရ လေသည်။ အကြောင်း မကြီးလျှင် အကျိုး မကြီးနိုင် အကြောင်း ကြီးမှ အကျိုး ကြီးလေသည်။ မြတ်စွာ ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီဖြည့် ကျင့်တော်မူရလေသည်။ သုမေဓာ ရှင်ရသေ့ ဖြစ်တော် မူစဉ် ဘဝကစ၍ ဘုရားအဖြစ်သို့ ရောက်တော် မူသော ဘဝတိုင်အောင် ဘုရားအဖြစ်သို့ ရောက်တော် မူလိုသော ဆန္ဒ, သတ္တဝါ ဝေနေယျ အများတို့ကို သံသရာတည်း ဟူသော ခန္ဓာ့ရုံ့ညွှန်တွင်းမှ ထုတ်ဆောင်ကယ်တင်တော်

မှုလိုသော ဆန္ဒ, သန္တိသုခ ငြိမ်းချမ်းသော နိဗ္ဗာန်သို့ ကိုယ်တော်မြတ်နှင့်အတူ ဆောင်ယူတော်မူလိုသော ဆန္ဒ တရား တို့သည် ကြီးမား ထက်သန်တော် မူခဲ့သည်။ ထို့အတူ စိတ်ဓာတ်တရားလည်း ကြီးမားထက်သန်တော် မူခဲ့လေသည်။

ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ။

ဝီရိယရှိသူသည် အဘယ်မည်သော အမှုကိစ္စမျိုး မဆို အောင်မြင်ခြင်းသို့သာ ရောက်ရသည် ဆိုသည် အတိုင်း မင်းစီးဆင်သည် စစ်ပွဲသို့ရောက်သောအခါ ဆုတ်နစ်ခြင်း မရှိ စပလိန်ကဲ့သို့ တွန့်ယုတ်သော စိတ်ဓာတ် မျိုးကို မထားဘဲ အောင်မြင် မှုကိုသာ ကြိုးစားလေ သကဲ့သို့ ဖွဲ့ဟူသော လုံ့လဝီရိယကိုလည်း အဘယ်အခါမှ အလျော့ မပေးခဲ့ဘဲ ကြီးမား ထက်သန်တော် မူခဲ့သည်ချည်း ဖြစ်သည်။ ဒါကြောင့်လဲအောင်မြင်တာများတာဘဲ၊ မြတ်စွာ ဘုရားအလောင်းတော်သည် သုမေဓာ ရှင်ရသေ့ ဖြစ်စဉ် ဘဝကစ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည့် ဘဝ တိုင်အောင် အောင်မြင်မှုကိုသာ မဆုတ်မနစ် ကြိုးစားခဲ့ သဖြင့် အောက်တန်း နောက်တန်းက မနေခဲ့ရဘဲ အထက် ကချည်း နေခဲ့ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းစတဲ့ အောင်မြင်မှုကို ရသည်ကိုလည်း သတိပြုကြည့်ပါ။ ပြဆိုခဲ့ ပြီးသော ဆန္ဒ, စိတ္တ, ဝီရိယတို့ ကြီးမား ထက်သန်သည့် အလျောက် ပညာဆိုတာလဲ ဖြစ်လေရာရာ ဘဝတို့၌ အထက်တန်းကျကျ ကြီးမားတော်မူခဲ့ရသည်ချည်း ဖြစ်၍

တိရစ္ဆာန် ဘဝပင် ဖြစ်ရသော်လည်း အောက်တန်း မကျခဲ့ပေ။

မဟာတုဏ္ဍိလ ဝက်မင်း ဖြစ်စဉ်တုန်းက အသက် ဘေးကြောင့် ထွက်ပြေးတိမ်းရှောင် လာခဲ့သော ညီစူလ တုဏ္ဍိလကို တရားဟောသည်တွင် အရက်နှင့် မြည်းရန် သတ်ဘို့ရန် စီမံနေသော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့၏ အလောင်း ဖြစ်သော အရက်သမား လူပေါင်းသုံးဆယ် သည် ဝက်မင်း၏ တရားကို ကြားနာရသဖြင့် မသတ် တော့ဘဲ အကျွတ်တရား ရကြလေသည်။ ထိုသတင်းကို ဗာရာဏသီ ပြည်သူပြည်သားတို့နှင့်တကွ ပြည့်ရှင်မင်းကြီး ကြားသဖြင့် နန်းတော်သို့ ခေါင်ယူ၍ ဝက်မင်းတရားကို နာကြလေသည်တွင် မင်းကြီးသည် ကြည်ညို သဘော ကျသည်ဖြစ်၍ တရားသူကြီး အရာ၌ ထားလျက် တရား ကိုပင် စီရင်စေသည်။ မင်းကြီးကို ခွင့်ပန်၍ တောကို ထွက်သည့်အခါ ဝက်မင်း၏ စီရင်ထုံးကိုပင် အသုံးပြုကြ လေသည်။ ဤမဟာတုဏ္ဍိလဝက်မင်းထုံးကိုထောက်သော် ပညာရှိလျှင် အထက်တန်းကနေရသည်မှာ ထင်ရှားသည်။

နှစ်သင်္ချိုနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်တော်မူမှ ဘုရားအဖြစ်သို့ ရောက်တော်မူကြရသော ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့ကျတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့လောက် သဒ္ဓါ, ဝီရိယ, ဝိမံသဟူသော အဓိပတိတရား ကြီးမား ထက်သန်တော် မမူသဖြင့် သမ္မာသမ္ဗုဒ္ဓဘုရား ရှင်တို့လောက် အကျိုးပေး ကြီးမားတော် မမူကြပေ။

တသင်္ချေနှင့် ကမ္ဘာ့တသိန်း ပါရမီ ဖြည့်ကျင့်တော်မူကြရသော အဂ္ဂသာဝက မဟာသာဝက အရှင်မြတ်ကြီးတို့ ကျပြန်တော့လဲ အဓိပတိတရားတို့ ကွာခြားသဖြင့်အကျိုးပေးလဲ ကွာခြားကြပြန်လေသည်။

လှေကြီး စီး၍ တဘက် ကမ်းသို့ ကူး လိုသော ယောက်ျားနှင့်တူသော ပကတိ သာဝကတို့ ကျတော့လဲ ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသဟူသော အဓိပတိ တရားတို့ ကွာခြားသည့် အလျောက် အကျိုး ပေးလဲ အမျိုးမျိုး ကွာခြားကြပြန်ပါသည်၊ သတိပြု။

လှေကြီးစီး၍ တဘက်ကမ်းသို့ ကူးလိုရောက်လိုသော သူသည် မိမိရောက်လိုသော တဘက်ကမ်းသို့ ရောက်ဘို့ ရာသာ လိုရင်းဖြစ်သည်။ ဘယ်လှေနဲ့ လိုက်ရ လိုက်ရ လှေကြီးကို တွေ့အောင် ရှာ၍ ကြုံရာ လှေနှင့် အမိအရ လိုက်ဖြစ်အောင် လိုက်ကြရသည်။ လိုက်မှလဲရောက်မည်။ ထိုလှေကြီးစီး၍ တဘက်ကမ်းသို့ ကူးလို ရောက်လိုသော ယောက်ျားနှင့်တူသော ပကတိသာဝက မိန်းမ ယောက်ျား ရဟန်း ရှင် လူအများတို့သည် သာသနာ့ မဂ္ဂင်ဖေါင် တည်းဟူသော လှေကြီးနှင့် ယခုလို တွေ့ကြုံသောအခါ လောကထက်မြတ်သော မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ဘို့ရာ-

၁။ မဂ်ဖိုလ် နိဗ္ဗာန်တည်း ဟူသော တဘက်ကမ်းသို့ ရောက်ဘို့ရာ ကူးလို ရောက်လိုသော ဆန္ဒတရားကြီးမားထက်သန်မှုရှိခြင်း။

၂။ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်လိုသော စိတ်ဓာတ်တရား ကြီးမားထက်သန်မှု ရှိခြင်း။

၃။ ဗွဲ-ဟူသောလုံ့လဝီရိယ ဝိုက်မှုဖြင့် မြန်မြန်ပေါက်ရောက်အောင် ဧကော ဓမ္မောအရ တခုတည်းသော ကမ္မဋ္ဌာန်းတရားကို မရမနေ စိတ်မျိုးဖြင့် စွဲမြဲအားထုတ်မှု ထက်သန်စွာရှိခြင်း။

၄။ ဟုတ်တိုင်းမှန်စွာ သိမြင်လာအောင် တည်ကြည်သော သမာဓိ စိတ်မျိုးကို ဖြစ်စေ၍ ပညာတရား ကြီးမား ထက်သန်မှု ရှိခြင်း။

ဤအဓိပတိ သဘော တရားဖြင့် ကြီးမားသော စိတ်ဓာတ်များကို မိမိသန္တာန်၌ ဖြစ်ပေါ်ကျရောက်လာအောင် ပြုပြင် ပြောင်းလွဲ စေ၍ မိမိပွားများ လိုသော ဘာဝနာ ကမ္မဋ္ဌာန်း တခုခုကို ဆင်ခြင်ပွားများရပေမည်၊ သို့ရာတွင် လမ်းမှန်ကျအောင် ပြသတတ်သော ကမ္မဋ္ဌာန်း ဆရာတဦးဦး၏ အထံ၌ နည်းယူအားထုတ်လျှင် သာ၍ပင် ကောင်းပါသည်၊ မိမိက နားလည်ထားပါမူ ဆရာ့ထံ သွားနေဘို့ မလို။ ပေါက်ရောက်အောင် အားထုတ်နိုင်ဘို့သာ အရေးကြီးပါသည်။

ဆန္ဒ, စိတ္တ, ဝီရိယ တို့ထက် ပညာသည် အရေးကြီး ကြောင်း ပြဆို ရေးသားခဲ့သည်ကို နားလည်ရုံ ထပ်ပြပါဦးမည်။ ဒါနပြုမှု, သီလဆောက်တည်မှု, ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများမှု စသော ပညာဦးစီးသော ကုသိုလ် ကောင်းမှု တခုခု ပြုလုပ်သော အခါ တို့၌

ပြုလုပ်နိုင် သလောက် အကျိုး ကြီးသည်။ ပညာ နောက်ကန်း ကျနေသော ကုသိုလ် ကောင်းမှု တို့၌ ပြုလုပ်နိုင်သလောက် အကျိုးမများချေ။ အကျိုးများချင် စေကာမူ နှုန်းနှေးတတ် လေသည်။ ပညာ ဦးစီးသော ကုသိုလ်သည် ဘယ်လောက် ဘဲပြုနိုင် ပြုနိုင် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝကို အလိုမရှိပေ။ ဘဝ ဆိုရင် ဘယ်လောက် ချမ်းသာသည်။ ဘယ်လို စည်းစိမ် မျိုးကို စံစားနေရသည် ဆိုပေမဲ့ အနည်းငယ်မျှ အားမကျ ဘဝဆိုရင် ခန္ဓာရုပ် နာမ်နှင့်မကင်းသည်ကို သိရှိနေသဖြင့် ခန္ဓာ ရုပ် နာမ်၏ အပြစ်ကို ပညာက မြင်နေပြီဖြစ်၍ ခန္ဓာ ရုပ်နာမ်မှ ငြိမ်းအေးသော နိဗ္ဗာန် တခုတည်း ကိုသာ တောင့်တ တော့သည်။ အလိုရှိတော့သည်။ ကုသိုလ် ကောင်းမှု ပြုလုပ်ရာတို့၌ ခန္ဓာ ရုပ်နာမ် တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် ကိုသာ အာရုံ ပြု၍ လုပ်တော့သည်။ ခန္ဓသမံ ဒုက္ခံနာမနတ္ထိ– ခန္ဓာငါးပါးနှင့် တူသော ဆင်းရဲမရှိ။ ခန္ဓာငါးပါးသည် အဆင်းရဲဆုံးဟု ဆိုလိုသည်။ ဘုရားရှင် သည်ပင် ခန္ဓာဝန်နှင့် မကင်းသေး သဖြင့် ခေါင်းတော် ကိုက်ရခြင်း ဝမ်းတော်သွန်ရခြင်း ဇီဝက၏ ထက်လှ စွာသော ဒါးဖြင့် ခြေမတော်ဝယ် အခွဲခံရခြင်းစသော ဒုက္ခအမျိုးမျိုးတို့ကို ကျင်နာစွာ ခံရသေးသည်။

ထိုသို့ ဆင်းရဲသော ခန္ဓာဝန်ကြီးကို ပညာနောက် ကန်းကျနေသော သူတို့သည် မမြင်ကြချေ။ လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ လူမင်း, လူမိဖုယား တို့၏

စည်းစိမ် ချမ်းသာ နတ်မင်း, နတ်မိဖုယားတို့၏ စည်းစိမ် ချမ်းသာ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာဟု ကြားဘူး ကြသည်ကို ဟုတ်နိုးနိုး မှတ်ထင် နေကြသဖြင့် နှစ်သက် သဘောကျကြသည်။ ကုသိုလ် ကောင်းမှု ပြုလုပ်သော အခါတို့၌ ထိုလူမင်း စသော စည်းစိမ်မျိုးကိုပင် ရရပါ လို၏ဟု နှစ်နှစ် ခြိုက်ခြိုက် ဆုတောင်းနိုင် ကြသည်။ ကိုယ်က မတောင်းပေမဲ့ ဒီလို ဆုမျိုးကို သူတပါးက ပေးလျှင်လည်း နှစ်သက်ကြသည်။ သဘောကျကြသည်။ ဒါကြောင့်လဲ ဆင်းရဲဒုက္ခ အမျိုးမျိုး တွေနှင့် ကြုံတွေ့ နေရပြီး ဤမျှလောက် ကြာရှည်အောင် သံသရာမှာ ကျင်လည်၍ နေကြရတာ ဖြစ်လေသည်။

ဘုရားအလောင်း ဝိဓူရ အမတ်ကြီး ဖြစ်စဉ်တုန်းက သိကြားမင်း,ကောရဗျမင်း, ဂဠုန်မင်း, နဂါးမင်း လေးဦး တို့တွင် လွန်ခဲ့သောဘဝက မိမိဟပညာဓာတ်ခံ မရှိတော့ မိမိကိုးကွယ်သောဆရာ ရသေ့ပြောသည်ကိုပင် သဘော ကျ နှစ်သက်မိ၍ ဆုတောင်းမှားကြ သဖြင့် ဒါယကာ နှစ်ဦး တို့သည် အပါယ် တိရစ္ဆာန်ဘဝ၌ ဂဠုန်, နဂါး ဖြစ်ကြလေသည်။ ဒါယကာ နှစ်ဦးကား သိကြားမင်းနှင့် ကောရဗျမင်း ဖြစ်ကြရသည်။ ထိုလေးဦးတို့သည် ဝိဓူရ အမတ်ကြီး၏ တရားကို နာခံ၍ အသက်ထက်ဆုံး သီလ၌ တည်မြဲကြသတည်း။ ဤမျှဖြင့် ပညာဓာတ်ခံ မရှိလျှင် မှားတတ်ကြောင်း ပညာရှိမှုသည် အရေးကြီးကြောင်း သိသာလောက်ပြီ။

သံသရာတည်း ဟူသော ရွှံ့ညွှန်တွင်းဟု ဆိုခဲ့ရာ၌ ရှင်းပြဦးမည်။ သံသရာဆိုတာ ဖြစ်ပျက် ဖြစ်ပျက်နေသော ခန္ဓာ အစဉ်ကို ဆိုသည်။ မိမိခန္ဓာကိုယ်ကြီးသည် ရွှံ့ညွှန် တွင်းနှင့် တူသည်ဟု ဆိုလိုသည်။ ရွှံ့ညွှန် တွင်းတို့ မည်သည် ကောင်းမွန် သန့်ရှင်းသော ရွှေ, ငွေ, စိန်, ကျောက်, နီလာ, မြသား, ပတ္တမြား စသော အဘိုးတန် ရတနာတို့သည်၎င်း မွှေးကြိုင် သန့်ရှင်းသော နံ့သာမှုန့်, နံ့သာမွှေးတို့ သည်၎င်း ရွှံ့ညွှန် တွင်းသို့ ကြုံကြိုက် ကျရောက်သော အခါ နှစ်မြှုပ်စိမ့်ဝင်၍ သွားကြသည်၊ အဘိုးမတန်သော သံတုံး, သံခဲ, ကျောက်တုံး,ကျောက်ခဲ တို့သည်၎င်း, မသန့်ရှင်းသော မစင်, ကျင်ပုပ်တို့ သည်၎င်း ကြုံကြိုက် ကျရောက်သော အခါတို့ ၌လည်း နှစ်မြှုပ် စိမ့်ဝင်၍ပင် သွားကြသည်။ ဤကား ဥပမာကို ထင်ရှားအောင် ပြခြင်းတည်း။

ဤဥပမာကို ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်။ မိမိ၏ ခန္ဓာကိုယ်သည် ရွှံ့ညွှန်တွင်းနှင့် တူကြောင်း ထင်ရှား လာလိမ့်မည်။

မိမိခန္ဓာကိုယ်၌ ဘုရား, တရား, သံဃာ, ဒါန, သီလ, ဘာဝနာစသော ကောင်းသောအာရုံ,လောဘအကုသိုလ်, ဒေါသ အကုသိုလ်, မောဟ အကုသိုလ် စသည်တို့ ဖြစ်ဘို့ရာ ရူပါရုံ စသော အဆင်း,အသံ, အနံ့,အရသာ, အတွေ့, သဘောဟူသော မကောင်းသော ကာမအာရုံ, ထိုကောင်း မကောင်း အာရုံတို့ ကြုံကြိုက် ကျရောက်

ဘို့ရာ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, စိတ်ပေါက်ဟု အပေါက် ခြောက်ပေါက် ရှိသည့်တွင် ထိုအပေါက်ခြောက်ပေါက်၌ ပြဆိုခဲ့သော ဘုရား စသော ကောင်းသောအာရုံ, ရုပ်ရုံ စသော မကောင်းသော ကာမအာရုံတို့သည် ကြုံကြိုက် ကျရောက်လာသော အခါ ဘုရား စသော ကောင်းသော အာရုံ တွေလည်း နစ်မြုပ် စိမ့်ဝင်၍ သွားကြသည်။ ရုပ်ရုံစသော မကောင်းသော ကာမ အာရုံတွေလည်း နစ်မြုပ်စိမ့်ဝင်၍ သွားကြသည်။ ထို့ကြောင့် မိမိ၏ ခန္ဓာ ကိုယ်သည် နစ်မြုပ် စိမ့်ဝင်စရာအပေါက် ခြောက်ပေါက် ရှိနေသည်ဖြစ်၍ ရွှံ့ညွန်တွင်းနှင့် တူသည်ဟု ဥပမာ ဆောင်ပြလိုက်သည်။ ရွှံ့ညွန်တွင်းကား ဥပမာန, မိမိခန္ဓာ ကိုယ်က ဥပမေယျ, ရွှံ့ညွန်တွင်းကဲ့သို့ ဆိုတာက ဥပမာ ဇောတက, မိမိခန္ဓာ ကိုယ်သည် ရွှံ့ညွန်တွင်း ကဲ့သို့ဟု ဆိုလိုသည်။ ရွှံ့ညွန်တွင်းနှင့် ခန္ဓာ ကိုယ် တူသည်ကို ဥပမာ ခေါ်သည်။

ထိုရွှံ့ညွန်တွင်းနှင့်တူသော မိမိခန္ဓာကိုယ်၌ ကြုံကြိုက် ကျရောက်စရာ အာရုံသည် ကောင်းမကောင်း နှစ်မျိုး ရှိကြောင်း သိသာထင်ရှားပြီ။ ဘုရားအစရှိသော ကောင်း သော အာရုံသည် ကြုံကြိုက် ကျရောက်လာသောအခါ မိမိစိတ်၌ သဒ္ဓါစိတ် ပညာစိတ်များဖြစ်၍ တကိုယ်လုံး၌ သဒ္ဓါ–ပညာတို့ဖြင့် ထုံမွှန်းစိမ့်ဝင်၍ ကောင်းစိတ်များဖြစ် တတ်လေသည်။ ထိုကောင်းစိတ်များ ဖြစ်ပေါ်နေလျှင်

ထိုပုဂ္ဂိုလ်သန္တာန်၌ စိတ်ဓာတ်၏ သန့်ရှင်းလာမှုကြောင့် ကိုယ်– အမူအရာ နှုတ်အမူအရာ တို့သည်လည်း နူးညံ့သိမ်မွေ့၍ရုပ်ဓာတ်၏ ကြည်လင်သန့်ရှင်းခြင်း သီလရနံ့တို့၏ ပြည့်စုံခြင်းတို့ဖြင့် လောက တမလွန် နှစ်မျိုးလုံး၌ လူကောင်းသူကောင်းများ ဖြစ်ကြရ၍ လောက၏ အထွဋ်အထိပ်သို့ပင် ရောက်ကြရသည်။

မကောင်းသော စိတ်ဓာတ်များ ဖြစ်ပွားစေတတ်သော ရူပါရုံစသော ကာမအာရုံတို့ ကြုံကြိုက်ကျရောက်လာသော အခါတို့၌ ဣဋ္ဌာရုံဖြစ်လျှင် လောဘ အကုသိုလ်ဖြစ်တတ်သည်။ အနိဋ္ဌာရုံ ဖြစ်လျှင် ဒေါသ အကုသိုလ်ဖြစ်တတ်သည်။ သတိကင်းလွတ်ပြီး အမှုမဲ့အမှတ်မဲ့နေမိလျှင် မောဟအကုသိုလ်ဖြစ်တတ်သည်။ဤသို့ စသည်ဖြင့် မကောင်းသော စိတ်ဓာတ်များ ဖြစ်၍ တကိုယ်လုံး၌ လောဘ, ဒေါသ, မောဟ, စသော မကောင်းသောစိတ်တို့ဖြင့် ထုံမွှန်းစိမ့်ဝင်၍ မကောင်းစိတ်များ ဖြစ်တတ်ကြလေသည်။ ထို မကောင်းစိတ်များ ဖြစ်ပေါ်နေလျှင် ထိုပုဂ္ဂိုလ်သန္တာန်၌ စိတ်၏ညစ်နွမ်းလာမှုကြောင့် ကိုယ်အမူအရာ နှုတ်အမူအရာ တို့သည်လည်း ကြမ်းကြုတ်၍ ရုပ်ဓာတ်၏ ညစ်နွမ်း ကြမ်းထမ်း ခြင်းတို့ဖြင့် လောက တမလွန် နှစ်မျိုးလုံး၌ ဆိုးယုတ်သောသူများ ဖြစ်ကြရ၍ လောက၏ အောက်တန်းနောက်တန်းသို့ပင် ကျရောက်ကြရသည်။ ဤကား ရှုံညွှန်တွင်း ဥပမာ ရှင်းလင်းချက်တည်း။

တရားအားထုတ်တော့မည်ဟု ရည်ရွယ်ချက်ဖြစ်ပေါ်နေသောအခါ၌ ဖြစ်စေ, ကောင်းသော အမှုကိစ္စ ကုသိုလ်တခုခုကိုပြုလုပ်မည့်အခါ၌ဖြစ်စေ, မိမိကိုယ်ကို သင်သည် လူကောင်း သူကောင်း အဖြစ်မျိုးနဲ့ အထက်တန်းစိတ်ဖြင့် လောက၏ အထွဋ် အထိပ်သို့ ရောက်လိုပါသလား ဟူသော မေးခွန်းဖြင့် မေးမြန်းသင့်သေးသည်။ မေးမြန်းပြီးလျှင် ရောက်လိုသည်ဟု အဖြေထွက်လာသောအခါ-

၁။ အထက်တန်းသို့ ရောက်လိုသောဆန္ဒ။

၂။ အထက်တန်းသို့ ရောက်လိုသောစိတ်။

၃။ အထက်တန်းသို့ ရောက်ရန် ဖွဲ့ ဟူသော လုံ့လဝီရိယထုတ်မှုဝီရိယ။

၄။ အထက်တန်းကျကျ ကြံစည် စိတ်ကူးမှုနှင့် ဟုတ်မှန်စွာ သိမြင်ဆုံးဖြတ်နိုင်မှုဟူသောပညာ။

ဤနေရာ၌ ယုတ်မာသော မကောင်းသော စိတ်ကူးတွေကို မကူးရ။ ပျောက်အောင် ဖျောက်ပယ်နိုင်ရမည်ဟူလို။ ဤလေးပါးသော အဓိပတိ အကြောင်းတရားတို့ကို ကြီးမားထက်သန်စေ၍ မိမိကိုယ်ဝယ်သို့ အထက်တန်းစိတ်များ ကျရောက်လာအောင် စိတ်ဓာတ်ကို ပြုပြင်ပြောင်းလွဲပေးပြီးလျှင် မရောက်-ရောက်အောင် ကြံဆောင်အားထုတ်ပါ။ အမှန်ပင် ရောက်လာပါလိမ့်မည်။

ရန္တာသယ ၁၄၆-၁၀

ငှင်းပြင် တရားအားထုတ်မည့်နေရာသို့ ရောက်ရှိသော ယောဂီပုဂ္ဂိုလ်သည် အောက်ပါ ဗလငါးတန်နှင့် ပြည့်စုံစေရမည်ကိုလည်း သတိပြုထားပါဦး။

---

**ဗလငါးတန်**

၁။ သဒ္ဓါဗလ- ယုံကြည်မှုအားကောင်းခြင်း။

၂။ ဝီရိယဗလ- လုံ့လဝိုက်ထုတ်မှုဖွဲ့ အားကောင်းခြင်း။

၃။ သတိဗလ- မိမိအလိုရှိ၍ သိနေသော အာရုံကို မမေ့ခြင်း။

၄။ သမာဓိဗလ- မိမိယူထားသော အာရုံတခုပေါ်၌ စိတ်တို့သည် ထပ်ကာ ထပ်ကာ ကျရောက်တည်ငြိမ်နေမှု အားကောင်းခြင်း။

၅။ ပညာဗလ- ရုပ်-နာမ် တို့၏ သဘာဝ အမှန်ကို ထင်မြင်အောင် ဆင်ခြင် သိစွမ်း နိုင်မှု အားကောင်းခြင်း။

ဤဗလငါးတန်တွင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိဖြင့် သမထလမ်း၌ အထက်တန်းသို့ရောက်နိုင်သည်။သို့သော် ထိုက်သင့်သော ပညာလည်း ပါရသည်။ ဗလငါးတန် စလုံး အားကောင်းပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်ကား ဝိပဿနာ၏ အထွဋ်အထိပ်သို့ ရောက်၍ လောက၏ အထက်တန်းဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ကေန်မလွဲ ရောက်နိုင်လေသည်။

သဒ္ဓါဟူသော ယုံကြည်မှုသည် ဘုရားအစရှိသော ကောင်းသော အာရုံ၌ ယုံကြည်ခြင်းကို ဆိုသည်။ ပါဏာတိပါတစသော ဒုစရိုက်မကောင်းမှုတို့၌ ယုံကြည်သည် ဆိုသည်ကား သဒ္ဓါမဟုတ်။ အကုသိုလ် စေတနာ သဘော ဖြစ်သည်။ဤသို့လည်း ခွဲ၍သိထားပါ။ သဒ္ဓါသည် ဘုရား, တရား, သံဃာ, ရတနာသုံးပါးတို့၌ အစစ်အမှန် ဖြစ်ကြောင်း ယုံကြည်သည်။ဒါနကုသိုလ်ကံပြုလျှင်ပစ္စည်း ဥစ္စာ ရတနာ စသည် ပေါများမည်။သီလဆောက်တည်မှု ကုသိုလ်ကံကိုပြုလျှင် ကိုယ်စိတ်နှစ်ပါးတို့ ချမ်းသာမည်။ သမထ-ဘာဝနာ ကုသိုလ်ကံပြုလျှင် ပူပန်စေတတ်သော ကိလေသာတရားတို့ ငြိမ်ဝပ်မည်။ ဝိပဿနာ ဘာဝနာ ကုသိုလ်ကံပြုလျှင် ပူပန်စေတတ် လောင်မြိုက်စေတတ် သော ကိလေသာတရားတို့ ကုန်ဆုံး ချုပ်ငြိမ်းခြင်းသို့ ရောက်မည်။ ဤသို့ စသည်ဖြင့် အကြောင်းကံကိုရင်း၊ ထိုကံ၏ပေးလတ္တံ့သော အကျိုးတရားတို့ကို ၎င်း၊ ထိုဒါန, သီလ, သမထ- ဝိပဿနာ အကြောင်းကံအားလျော်စွာ ရသင့်ရထိုက် ခံစားသင့် ခံစားထိုက်သော အကျိုးတရား တို့ကို ဧကန်မလွဲ ခံစားရမည်ဟု ယုံကြည် စိတ်ချ လေသည်။

ယောဂီပုဂ္ဂိုလ်သည် တရားကို ဆင်ခြင်အားထုတ်ရာ၌ ပြဆိုခဲ့သော အကြောင်းကံအားလျော်စွာ အကျိုးဖြစ်နိုင်ပုံ ခံစားရပုံတို့ကို ဖြေဦးစွာ မိမိစိတ်သန္တာန်၌ ယုံကြည် စိတ်ချမှု သဒ္ဓါသဘော ဖြစ်ပေါ် ကျရောက်စေ၍ အား

ကောင်းအောင် ပြုပြင်ပြီးလျှင် လုံ့လစိုက်ထုတ်မှု ဖွဲ့ဖြင့် အရိုးကျေကျေ အရေစုပ်စုပ်ဆိုတဲ့ သဘောမျိုးနဲ့ မရမနေ အားထုတ်ရသည်။ အားထုတ်နေသောအခါ မိမိ အလိုရှိ၍ နေသော ကမ္မဋ္ဌာန်း အာရုံကို အသိ လွတ်မသွားရအောင် အထူးဂရုစိုက်၍ အမြဲသိနေပါ၊ မေ့မသွားပါစေနှင့်၊ မေ့လျှင် ပျောက်သွားမည်။ ပျောက်သွားလျှင် နောက်ထပ် တဖန် ရှာနေရသဖြင့် ဘေးအာရုံတွေ ဝင်လာတတ်လေသည်။ အသိစိပ်မှ သမာဓိဖြစ်လွယ်သည်။ သမာဓိဖြစ်မှု သမာဓိ အားကောင်းမှုသည်ကား ဝီရိယ-သတိတို့ ပြည့်စုံညီညွတ် ဘို့ရာ အလွန် အရေးကြီးပေသည်။ ဝီရိယ-သတိ-ပြည့်စုံ လျှင် သမာဓိ ဖြစ်လာမည်။ ဝီရိယ-သတိ-အားကောင်း သလောက် သမာဓိလဲ အားကောင်းလာမည်။ သမာဓိ ပြည့်စုံ အားကောင်းလာသော အခါ ပညာ အားသည် ထိုက်သလို ဖြစ်လာတော့သည်။ ဝိပဿနာ၏ အထွင်ရှိ အထိပ်သို့ ရောက်လိုသော ပုဂ္ဂိုလ်သည် ဆရာကောင်းထံ နည်းခံ၍ ထိုဗလ ငါးတန်နှင့် ပြည့်စုံ ညီညွတ်အောင် ကြိုးစားလျှင် အလိုရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်ရပါ လိမ့်မည်။ ထို့ကြောင့် ကြိုးစားနိုင်ကြ ပါစေသတည်းဟု ဆုတောင်းလိုက်ပါသည်။

ယောဂီပုဂ္ဂိုလ်သည် အလေးမူသော နွားရှင်၏ ပြည့်စုံ ခြင်းနှင့် တူစေ ရမည်ဟု ဆိုချင်ပါသည်။ နွားရှင်တို့ မည်သည် မိမိနွားကို ဘယ်နေရာမှာတွေ့တွေ့ ဟုတ်သည် မဟုတ်သည်ကို ခွဲခြား၍ သိရမည်ဟူသော ယုံကြည်မှု

သဘောရှိထားသည်။စားကျက်တွင်းသို့ လွှတ်ထားသော အခါ မိမိထားလိုသော နေရာမှ တခြားတပါးသို့ ထွက်မသွားရန် ထိန်းကျောင်း တားဆီးမှု ဝီရိယ သဘောလည်း ရှိသည်။ စားကျက် တွင်း၌ ရှိသော မိမိနွားကို မိမိ ရှေ့မှောက် မျက်စိအပြင်အောက်က ပျောက်မသွားစေရန် မမေ့သော သတိသဘောဖြင့် အမြဲတစေ စောင့်ရှောက် လေ့လည်းရှိသည်။စားကျက်တွင်း၌ နွားအကောင်ပေါင်း မည်မျှလောက် ရှိနေစေကာမူ အလိုမရှိပေ၊ မိမိနွားကိုသာ အလိုရှိနေ၍ ရှုးရှုး ဝိုက်ဝိုက် ထပ်ကာ ထပ်ကာ သမာဓိ သဘောဖြင့် တည်ငြိမ်စွာ ကြည့်ရှုလေ့လည်း ရှိသည်။ မြင်တိုင်းမြင်တိုင်းသော အခါတို့၌ မိမိနွား ဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော ပညာ သဘောလည်း ရှိသည်။ ဤနေရာ၌ ပညာ သဘော ဆိုသော်လည်း သဘောအားဖြင့် သိလွယ်အောင် ဆောင်ပြ ခြင်းသာ ဖြစ်သည်။ စင်စစ်ကား သညာသိတည်း။

ဤငါးပါးသော ပြည့်စုံခြင်း တို့သည် အလေးမူသော နွားရှင်တို့၌ ရှိကြလေသည်။ ထိုနွားရှင်တို့ ပြည့်စုံခြင်း ကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း သဒ္ဓါ-ဝီရိယ-သတိ-သမာဓိ-ပညာ ဟူသော အားငါးပါးနှင့် ပြည့်စုံအောင် အလေးမူကြရမည်။ သို့မှ မိမိ အလိုရှိသလို ပြည့်စုံနိုင် ပေမည်။ပြည့်စုံသော ယောဂီသည် နွားရှင်၏ပြည့်စုံခြင်းနှင့် တူတော့သည်။ ကမ္မဋ္ဌာန်းအာရုံသည် နွားနှင့် တူသည်။ နွားရှင်က အလေးမမူလျှင် နွားပျောက်သွား တတ်သည်။

ထို့အတူ ယောဂီပုဂ္ဂိုလ်က အလေးမမှုလျှင်လည်း ကမ္မဋ္ဌာန်းအာရုံ ပျောက်သွားတတ်သည်ကိုလည်း သိပါ။

ပြဆိုခဲ့သော ဗလငါးတန်သည် ဗောဓိပက္ခိယ တရား (၃၇)ပါး၌ လာသောတရားစုဖြစ်ပေသည်။ အချုပ်အချာ ဖိုလ်ငါးဦးသဘွယ် ဖြစ်သောကြောင့် အလွန် အရေးကြီးလှသည်။ ဗလငါးတန် ပြည့်စုံသော ပုဂ္ဂိုလ်သည် ယခု မျက်မှောက် ဘဝ၌ပင် ဝိပဿနာ အလင်း ပေါက်ပြီး မဂ်ဖိုလ် နိဗ္ဗာန်သို့ ကြောက် ရောက်နိုင်လေသည်။ လူသာမန် နတ်သာမန်တို့ ပြည့်စုံအောင် အားထုတ် နိုင်ခဲသည့် ဖြစ်သောကြောင့် မှတ်ရှင်းအောင် ထပ်ပြဦးမည်။

ဗလငါးတန်၊ ပြည့်ဝရန်၊ အားသန် ကြိုးစားကြ။
ပြည့်ဝသောခါ၊ နိဗ္ဗုတာ၊ ရောက်မှာကေန္တ။

သဒ္ဓါဗလ......သဒ္ဓါသည် ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သည်။ ထို့အတူ တရားတော်၌လည်း သက်ဝင် ယုံကြည်သည်။ သံဃာတော်၌လည်း သက်ဝင် ယုံကြည်သည်။အတိတ်ကာလကဖြစ်ခဲ့သော ဘဝဟောင်း ရှိသည်။နောင်ဖြစ်လတ္တံ့သော ဘဝအသစ်လည်း ရှိသည်။ ကောင်းမှုကံ မကောင်းမှုကံ ရှိသည်။ ထိုကံ အားလျော်စွာ အကျိုး ပေးဘို့ရာ ကောင်းကျိုး မကောင်းကျိုးလည်း ရှိသည်ဟု သက်ဝင် ယုံကြည်သည်။ ဒါနပြုလျှင် သီလ ဆောက်တည်လျှင် သမထ ဘာဝနာ ပွားများလျှင် ထိုဒါန သီလ-သမထ-ကံအား လျော်စွာ လူ့ဘဝ-နတ်ဘဝ-ဗြဟ္မာဘဝတို့၌ အကြောင်းကံအားလျော်စွာ အကျိုးခံစား

ရမည်။ ဝိပဿနာ-ဘာဝနာကံကို ပွားများလျှင် မှုကား ထိုကံအားလျော်စွာ အပါယ်လေးပါးမှ လွတ်၍ မင်္ဂဖိုလ် နိဗ္ဗာန်အကျိုးကို ကောင်းစွာ ခံစားရမည့် စသည်ဖြင့် သက်ဝင် ယုံကြည်သည်။ ကိုယ်မှု-နှုတ်မှု-စိတ်မှုဟု ဆိုအပ်သော အကုသိုလ်ဒုစရိုက်မှုများကို မထိန်းသိမ်း မစောင့်ရှောက် နိုင်လျှင် ထိုဒုစရိုက် ကံအားလျော်စွာ အပါယ်လေးဘုံ၌ နှစ်မြုပ်ခံစားရမည်။ အပါယ်လေးပါး၌ ဘောန် နှစ်မြုပ်စေ တတ်သော ထိုဒုစရိုက်မှုမျိုးတို့ကို ငါသည် မဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်၍ အပါယ်လေးပါးမှ လွတ်ရာ လွတ်ကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုတို့ကိုပွါးများ၍ နေတော့အံ့ စသည်ဖြင့် ကောင်းသော သက်ဝင်ယုံကြည် ခြင်းတို့သည် သဒ္ဓါမှ ဖြစ်ပွားသော တရားတို့တည်း။

သဒ္ဓါစိတ်သည် ကြည်လင် သန့်ရှင်း လေသည်။ ထိုသဒ္ဓါစိတ် ဖြစ်ပေါ်လာသော အခါ ညစ်နွမ်းသော စိတ်များပျောက်ကွယ်ရသည်။ ဥပမာ နောက်ကျုသော ရေခွက်၌ ပတ္တမြားရတနာကို ထည့်လိုက်သည် ရှိသော် အနယ်အနောက်တွေ အောက်သို့ ကျဆင်း၍ ရေ ကြည် လာရသကဲ့သို့တည်း။ ညစ်နွမ်းသော စိတ်သည် နောက် ကျုသော ရေနှင့်တူသည်။ သဒ္ဓါစိတ်သည် ပတ္တမြား ရတနာနှင့်တူသည်။ ထို့ကြောင့် နောက်ကျုသောရေနှင့် တူသော ညစ်နွမ်းသောစိတ်ဓာတ်များ ဖြစ်ပေါ်ရောက်ရှိ နေလျှင် ပတ္တမြားရတနာနှင့်တူသော သဒ္ဓါစိတ် ဖြစ်ပေါ် ရောက်ရှိလာအောင် ပြုပြင် ပြောင်းလွဲ ပေးခြင်းဖြင့် သဒ္ဓါ

စိတ်၏ အစွမ်းကြောင့် ညစ်နွမ်းသောစိတ်များသည် အလို အလျောက် လျော့ကျ သက်ဆင်း၍ သွားပါလိမ့်မည်။ ထိုအခါ ကြည်လင်သော စိတ်များ ဖြစ်ပေါ်လျက် ဝိဝိ ကိစ္စာ စသော အကုသိုလ်စိတ် မကောင်း စိတ်တို့ ကင်းကွာ၍ ယုံကြည်မှု အားကောင်းလာနိုင်သတည်း။

သဒ္ဓါပေမ၊ မရောရ၊ သိမှခွဲတတ်မည်။
ခွဲတတ်သောခါ၊ ကြည်သဒ္ဓါ၊ စဉ်လာတိုးပွားမည်။

သဒ္ဓါနှင့် ပေမ ရောနှော၍ နေတတ်သည် ကိုလည်း သတိပြု၍သိထားပါ။ အနေအထိုင် အပြော အဆုံး အမ ကောင်းသော ပုဂ္ဂိုလ်၏အပေါ်၌ ထိုအနေ အထိုင် အပြော အဆုံး အမကို ကြည့်၍ ကြည်ညိုသည် ကြည်ညိုရာမှ ဆွေရင်း မျိုးချာကဲ့သို့ ချစ်ခင်တတ်သည်။ ဤသို့ ဖြစ်ရာ ကြည်ညိုခြင်း သဘောကား သဒ္ဓါတည်း။ ချစ်ခင်ခြင်း သဘောကား ပေမတည်းဟု ခွဲခြား၍ သိပါ။ ဆရာတော်တပါး မိန့်ကြားဘူးသည်မှာ ကြည်ညိုတာရယ် ကျေးဇူးတင်တာရယ် နှစ်မျိုးရှိသည်။ ကြည်ညိုတာက ကြာရှည်စွာ ခိုင်မြဲ တတ်သည်။ ကျေးဇူးတင် တာက မခိုင်မြဲတတ်ဘူး။ မကြာမီ ပျက်တတ် သည်ဟု အမိန့် ရှိလေသည်။ ကျေးဇူးတင် ဆိုသည်မှာ ထိုသူ၏ အမှုကိစ္စ တခုခုကို ဆောင်ရွက် ပေးဘူးသောကြောင့် ထိုဆောင် ရွက်ပေးဘူးသော အကြောင်းကိစ္စကို စွဲ၍ ကြည်ညိုခြင်း မျိုးတည်း။ ဤကား စင်စစ် ကြည်ညိုခြင်းမဟုတ် ပေမ သဘောဖြင့် ကျေးဇူးတုံ့ပြန်ခြင်း ဖြစ်သည်။ ထို့ကြောင့်

ပေမ သဘော ရောရှက် နေသော ကျေးဇူးတင် တာကို မနှစ်သက်ယောင် အမိန့်ရှိလေသည်။

ကြည်ညိုသည် ဆိုသော်လည်း ကြည်ညိုနေရုံနှင့်ကိစ္စ မပြီးသေးချေ။ မိမိကြည်ညို နေသော ပုဂ္ဂိုလ်ကောင်း ဆရာကောင်း၏ ဟောပြောဆုံးမမှုကို လိုက်နာနိုင် မှုကား အရေးကြီးသည်။ ဘုရားရှင်လက်ထက်တော်က ဝက္ကလိ ရဟန်းသည် ဘုရားရှင်ကို ကြည်ညို၍အနားက မခွါဘဲ တစိမ့်စိမ့် ကြည့်လျက် ကြည်ညို နေလေသည်။ ထိုအခါ ရှင်တော်ဘုရားက ဝက္ကလိဩ့ ခက်နေပြီ ငါ့ကိုကြည်ညို နေလိုက်ထာအနားကတောင် မခွါတော့ဘူး။ ဒီလိုကြည်ညို နေပေမဲ့ သူ့မှာအကျိုးမများဘူးဟု ဣမိနာ ပူတိကာယေန ကိံ တေ ဝက္ကလိ ဟူသော စကားဖြင့် မိန့်ကြားတော် မူသည်။ ဝက္ကလိ-ချစ်သား ဝက္ကလိ၊ ဣမိနာ ပူတိကာယေန- ဤငါဘုရား၏ အပုပ်ကိုယ်ကောင်ကြီးကိုကြည့်ရှုကြည်ညို နေရုံ မျှဖြင့်၊ တေ- သင်ချစ်သားအား၊ ကိံ-ဘာအကျိုး ရှိမည်နည်း။ ဤသို့ ဟောကြားတော်မူ သည့်ကိုထောက် သော် ကြည်ညိုနေရုံမျှဖြင့် မြတ်စွာဘုရား နှစ်သက်တော် မမူပုံကို ထင်ရှားနိုင်သည်။ ထို့နောက် မြတ်စွာဘုရားက ချစ်သားဝက္ကလိ သင်သည် ငါဘုရားကို ကြည်ညိုနေ သော်လည်း ငါဘုရားကို မြင်သည် မမည်ဘူး။ ငါဘုရား ဟောကြား ညွှန်ပြတော်မူသော တရားစကားကို လိုက်နာ ကျင့်ကြံမှ သာလျှင် ငါဘုရားကို မြင်သည် မည်သည်။ ယောခေါ ဝက္ကလိ- ဓမ္မံနပဿတိ သောမံ နပဿတိ

စသော စကားဖြင့် ဟောကြားတော်မူ၍ အနှားမှနှင်ထုတ် လိုက်ရာ ဝက္ကလိသည် အနှားမှ ဘဲခွါခဲ့၍ တရားကို နှလုံးသွင်း အားထုတ်တော့မှ တရားအစစ်ရ၍ ရဟန္တာ ဖြစ်ရသည်။ ထိုအခါ မြတ်စွာဘုရားကို ကြေ တွေ့မြင် သဖြင့် ကြည်ညို ဝမ်းမြောက်လို့ မဆုံး ဖြစ်ရလေသည်။

ဝက္ကလိ-ချစ်သားဝက္ကလိ၊ခေါ-စင်စစ်။ ယော-အကြင် သူသည်၊ ဓမ္မ-တရားကို၊ နပဿတိ-မမြင်၊သော-ထိုတရား ကို မမြင်သော သူသည်၊ မံ- ငါဘုရားကို၊ နပဿတိ- မြင်သည် မမည်၊ ဤသို့ ဟောတော်မူ သည်ကို ထောက်သော် တရားမြင်မှ ဘုရားစစ်ကို မြင်နိုင်ကြောင်း ထင်ရှား လေသည်။ဝက္ကလိ ရဟန်း၏ ဘုရားကို ကြည်ညို မှုသည် သဒ္ဓါစစ် မဟုတ်သောကြောင့် ဘုရားရှင် အလို မကျသည် မှာလည်း ထင်ရှားလေသည်။ ထို့ကြောင့် ဘုရားအလိုကျ ဖြစ်သော သဒ္ဓါစစ်မျိုး ဖြစ်လာအောင် ကျိုးစားရပေမည်။

သို့သော် ဘုရားရှင် အလိုကျဖြစ်သော သဒ္ဓါစစ်မရမီ ပုဂ္ဂိုလ် ခင်မှ တရားမင် ဆိုတာလို နည်းပေး လမ်းပြ မှန်ကန်အောင် သွန်သင်တတ်သော ဆရာကောင်း ပုဂ္ဂိုလ် ကောင်းကို ခင်မင်ပါက သံယောဇဉ် ပေမပင် ဖြစ်စေ ကာမူ အသိ အလိမ္မာ ပညာပါရမီ ကုသိုလ် တရားများ တိုးပွား၍ အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော ဟူသော ပဋ္ဌာန်းဒေသနာ တော်ကို ထောက်ချင့်သောအားဖြင့် အကုသိုလ် ဖြစ်သော

တရားက ကုသိုလ် ဖြစ်သောတရားအား ပကတူပနိဿယ ပစ္စည်းတမျိုးဖြင့် ကျေးဇူးပြုတတ်သည် ဖြစ်သောကြောင့် နည်းပေးလမ်းပြ ကောင်းမွန် မှန်ကန်အောင် သွန်သင် ပြတတ်သော ဆရာကောင်း ပုဂ္ဂိုလ်ကောင်းကို ခင်မင်ပါက သင့်လိမ့်သတည်း။

ယခုအခါ ဗုဒ္ဓသာသနာ တော်ကြီးနှင့် ကြုံကြိုက်ရတဲ့ အခိုက်ဖြစ်သောကြောင့် ပြဆိုခဲ့ပြီးသောသဒ္ဒါ အကြောင်း တို့ကို ပြန်ပြောင်းစဉ်းစား၍ မြတ်စွာ ဘုရား၏ အလို အကျဆုံး ဖြစ်သော သဒ္ဓါစစ် သဒ္ဓါမှန်မျိုးကို ရရှိ လာအောင် ဗုဒ္ဓ၏ တရားတော်ကို ကိုယ်တိုင်သိ လိုက်နာ ကျင့်ကြံ၍ သဒ္ဓါဗိုလ် အားကောင်းကောင်းနှင့် ပွားများ နိုင်ကြပါစေကုန်သတည်း။

---

## သုပ္ပဗုဒ္ဓ

အခါတပါး သာကေတ် ထင်ရှား မြတ်စွာဘုရား ရှိတော်မူစဉ် အခါတုံးက သုပ္ပဗုဒ္ဓ ဒါယကာသည် ပစ္စည်း ဥစ္စာကလည်းမဲ့ ကုဋ္ဌနူနာကလည်း စွဲနေသဖြင့် သူတပါး တို့ပေးစာ ကမ်းစာကိုဘဲ တောင်းရမ်း စားသောက် နေရရှာသည်။ တနေ့သောအခါ မြတ်စွာဘုရား တရား ဟောနေသော ပရိသတ် အနီးသို့ ရောက်သွားသဖြင့် ပရိသတ် အစွန်နားက နေ၍ တရားတော်ကို ရှုးရှုး

ဝိုက်ဝိုက် ဝိတ်ပါစွာ နာကြားလေရာ တရားနာရင်းပင် သောတာပန် အဖြစ်သို့ ရောက်သွားရသည်။ ထိုအခါ မြတ်စွာဘုရားကို လိုက်လိုက် လှဲလှဲ ကြည်ညိုနေသဖြင့် သိကြားမင်းက အလို စမ်းလိုသည် ဖြစ်၍ သုပ္ပဗုဒ္ဓ ဒါယကာထံ လာရောက်ပြီးလျှင် အချင်းသုပ္ပဗုဒ္ဓ သင်ကား ကိုယ်မသန့်မရှင်းသဖြင့် နာမကျန်း ရှိလေသည်။ ပစ္စည်း ဥစ္စာလည်း ဆင်းရဲပေသည်။ ထို့ကြောင့် သင်ယခု ကြည်ညိုနေသော ဘုရားနှင့်တရား သံဃာတို့ကို ငါသည် အလိုမရှိတော့ပါဟုသင် ယခုဆိုလျှင် သင်၏ရောဂါလည်း ပျောက်စေမည်။ ပစ္စည်း ဥစ္စာ တို့ဖြင့် ချမ်းသာစွာ နေရအောင်လည်း ငါစောင်မ မည်။ သင်ယခု ဆိုပါ လောဟု သိကြားမင်းက ပြောသော အခါ ဟယ် သိကြားမိုက် ငါ့အား အဘယ်သို့ သင်ထင်မှတ်သနည်း၊ ငါသည် ဘုရားရှင်၏ အမွေ အနှစ်ကို ရထားသော သူဖြစ်သည်။ ငါသည် မဆင်းရဲ ချမ်းသာသော သူတည်း။ ငါ ရ ထားသော ပစ္စည်း ဥစ္စာကား ဘယ် အခါမှ မပျက်စီးနိုင်၊ သင်ပေးမည့် ပစ္စည်း ဥစ္စာကား အဘယ်မျှ တည်မြဲနိုင်မည်နည်း၊ ဟယ် သကြားမိုက် သင်ယခုပင် သွားပါလောဟု ရင့်ရင့် သီးသီး နှင်ထုတ် လိုက်လေ သတည်း။ ထိုသုပ္ပဗုဒ္ဓ ဒါယကာ၏ သဒ္ဓါမျိုးသည် တရား စစ်ကို ရထားပြီ ဖြစ်၍ အဘယ် အခါမှ မပျက်စီး နိုင်တော့ပေ။ ထိုသဒ္ဓါမျိုးကို ရရှိထားနိုင်အောင်ကျိုးစား ကြပါကုန်။

ဝိရိယ ဗလ–တရားအားထုတ်တဲ့ အခါမှာ ဆဲဒိဝိရိယ သည်အရေးကြီးပေသည်။ဝိရိယမရှိလို့ ပေါ့လျော့နေလျှင် အကြောင်းအမျိုးမျိုးပြ၍ အချိန်ဖြုန်းကာ အချည်းနှီးဖြစ် တတ်ကြသည်။ဗုဒ္ဓ သာသနာတော်ကြီးနှင့် ကြုံကြိုက်ရတဲ့ ယခုလိုအချိန်ကောင်းမှာအချိန်ရှိခိုက် လုံ့လစိုက်ဆိုသကဲ့ သို့ပြုလုပ်သင့်ကြပေသည်။ရခဲသော လူ့အဖြစ်ကိုလည်းရ နေကြရသည်။ဖြစ်နိုင်ခဲတဲ့ သဒ္ဓါစိတ်မျိုးလည်း ဖြစ်နိုင်ကြ သည်။အလွန့်အလွန် ကြားနာရခဲသောသူတော်ကောင်းတို့ ဟောပြော ညွှန်ပြသော ခန္ဓာ ရုပ်နာမ် ဖြစ်မှု ပျက်မှု အနိစ္စ, ဒုက္ခ, အနတ္တ, တရားတို့ကိုလည်း ကြားနာရဘို့ရာ အခန့် သင့်လျက် အချိန်ကောင်း အခါကောင်းနှင့် တိုးမိနေသည်။ ယောကျ်ားများ အဘို့ ရှင်ရဟန်းပြု၍တောင် အားထုတ် နိုင်သေးသည်။ ထိုသို့ ဖြစ်ပါလျက် အချိန်ရှိခိုက် လုံ့လ မစိုက်နိုင်ဘဲ အမိုက် ဘဝနဲ့ နေသွား ကြမည် ဆိုလျှင် နောင် ဒိသာသနာတော်ကြီးနှင့် ကြုံတွေ့ နိုင်ဘို့ရာ အဝေးကြီး ဝေးလှတော့သည်။ အမိုက် ဆိုသည်ကား မောဟကို ဆိုသည်။မောဟတည်းဟူသော အမိုက်မှောင် ကြီးက ဖုံးလွှမ်းကွယ်ကာထားသဖြင့် တရားအားထုတ်ဘို့ အရေး ဝန်လေးလှသည်ဟုအထင်ရောက်လျက် နေတတ် ကြသည်။စင်စစ်ကား၌လိုမဟုတ်၊ တရားကိုအားထုတ်မှ ခန္ဓာဝန်ကြီးပေါ့၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ကြမည်။ တရားကို အားမထုတ်ဘဲ နေရင် ခန္ဓာဝန်ကြီးသည် လေးသထက်လေးကာ တခါတရံ လူ့ဘုံ, နတ်ဘုံ,

ပြဗ္ဗာ့ဘုံသို့ ရောက်၍ ထိုမှတဘန် အပါယ်လေးပါး၌ နှစ်မြှုပ်လျက် တပြောင်းပြန်ပြန် လည်နေရပေမည်။ ထိုသို့ လည်နေရမည်ကို မသိကြ၊ မမြင်ကြတော့ ဝန်းလေးသည်ကို ဝန်လေးလှသည်ဟု မထင်ဘဲ ဝန်မလေးသည်ကိုပင် ဝန်လေးလှသည်ဟု ထင်တတ်ကြလေသည်။ အချို့သော သူတို့သည် တရားအားထုတ်ဘို့ရန် တိုက်တွန်းသောအခါ အေးပါသေးသည်၊ ပူပါသေးသည်၊ ဒီနေရာမှာ အားထုတ်လို့ ဖြစ်မှာမဟုတ်ပါဘူး၊ တရားဆိုတာ တောထဲ တောင်ထဲမှာမှ အားထုတ်ရသည်။ နှဲနဲ့ နေမကောင်းသေးလို့ပါ၊ နေကောင်းစမ္ရိး သွားစရာရှိနေလို့ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် စသည်ဖြင့် အမျိုးမျိုးဆင်ခြေပေးလျက် အေးနေတတ်ကြသည်။ ဘုရားက ပူတဲ့အချိန်၊ အေးတဲ့အချိန် အားမထုတ်ရ။ တောထဲ တောင်ထဲ သွားပြီး အားထုတ်မှ တရား ရမတဲ့လား- လျောက်ပတ်မှုသာ အရေးကြီးပါသည်။ ဒီလို ဆင်ခြေပေးနေတဲ့လူတွေကို သေမင်းကကော စောင့်နေမတဲ့လား။ မိမိရှေ့မျှောက်မှာ သေသွားတဲ့ သူတွေကို ကြည့်ပါ။

ရှေးခေတ်ကား နေ့မြင်ညပျောက်ဟု ဆိုရိုးစကားရှိပါသည်။ ယခုခေတ်ကား ဒီလိုမဟုတ် ချမြင် ချပျောက် ဆိုရမဲ့ခေတ်သို့ ရောက်နေပေသည်။ တော်ကြာ ဘယ်နားမှာ သတ်သွားပြန်ပြီ။ ဘယ်နေရာမှာ ဘယ်လိုဖြစ်လို့ သေပြန်ပြီ။ တော်ကြာ လေဖြတ်လို့ တော်ကြာ ဘာဖြစ်လို့ စသည်ဖြင့် အသေအမျိုးမျိုးတွေနဲ့ သေကြရသည်မှာ

များလှသည်။ အသေဆန်းသလောက် သရမ်းကြသည်ကိုလည်း အလေးမမှု ဂရုမစိုက်ကြ။ ဩော်.... ကြောက်ဘွယ် ကောင်းလေစွတကား။ တရားလက်လွတ် ငှက်တောင်ကျွတ်ဆိုသကဲ့သို့ တရားကို ဂရုမစိုက်ကြဘဲ ပေါ့ဆဆ နေသွားကြမည်ဆိုလျှင် အမွှေးအတောင်တွေ ကျွတ်နေသောငှက်သည် မိမိပျံလို- သွားလိုရာသို့ မပျံ မသွားနိုင်ဘဲ မြေသို့ ဖုံးကနဲ့ကျ၍သေရသကဲ့သို့ အပါယ်လေးပါးသို့ နစ်မြှုပ်ကြရပေတော့မည်။ တရားကို အဖော်လုပ်ပြီး နေနိုင်ကြမှသာ သက်သာရာ ရပေမည်။ အရေးကြီးလှသည်။ ဘုရားရှင်လက်ထက်တော်က တောထဲ-တောင်ထဲသွားပြီး အားမထုတ်ပေမဲ့ တရားရတဲ့ ပုဂ္ဂိုလ်တွေ အနမတဂ္ဂ များလှပါသည်။ ယခုလည်း သာသနာတော် ထင်ရှားရှိပါ၍ အားထုတ်လျှင် ရနိုင်ပါသည်။ ဟိုတုန်းက လူတွေက ပါရမီရှိသည်ဟု ဆိုချင်ပါလျှင် ယခုလူတွေကော ပါရမီမရှိဘူးလို့ ပြောနိုင်ပါသလား။ အကြောင်းအမျိုးမျိုးပြ၍ နေမှုသည် မိမိပျင်းသည်ကို သူတပါးအား ပေါ်ပြရာရောက်ဘတ်ပါသည်။ သို့သော် ပေါ်ပြတာမပြတာက အရေးမဟုတ် အတ္တာဟိ အတ္တနော- နာထော ဟူသော ဒေသနာတော်အရ မိမိကိုယ်ကို မိမိအားကိုးနိုင်မှုကား အရေးကြီးလှပါသည်။

အတ္တာနမ္ဗေ ပိယံဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ဓမ္မပဒ-ပါဠိတော်။

အတ္တာနံ- မိမိကိုယ်ကို၊ ပိယံ- ချစ်အပ်သောသူဟူ၍၊ စေဇညာ၊ အကယ်၍သိငြားအံ့၊ သုရက္ခိတံ- ကောင်းစွာ စောင့်ရှောက်အပ်သော၊နံအတ္တာနံ-ထိုမိမိကိုယ်ကို၊ ပဏ္ဍိတော- ကြောင်းကျိုးမြင်သိ ပညာရှိသည်၊ ရက္ခေယျ- အပြစ်မရှိအောင် စောင့်ရှောက်ရာ၏။ တိဏ္ဏံ-သုံးပါးသော အရွယ်တို့တွင်၊ အညတရံယာမံ-တပါးပါးသောအရွယ်၌၊ ပဏ္ဍိတော- ကြောင်း ကျိုး မြော်မြင် ပညာရှင်သည်၊ ပဋိဇဂ္ဂေယျ- ကျရောက်သမှု အပြစ်စုကို ကြိုးစားမနေ ရှာဖွေသုတ်သင်ရာ၏။

အကြောင်းအကျိုး မြော်မြင်သိရှိသော ပညာရှိပုဂ္ဂိုလ်သည် မိမိကိုယ်ကို အကယ်၍ ချစ်အပ်သောသူဟု သိရှိပါလျှင် အပြစ်မရှိအောင် စောင့်ရှောက်ရမည်။ ပဌမအရွယ်, ဒုတိယ အရွယ်, တတိယအရွယ်ဟု အရွယ်သုံးပါးရှိရာတွင် တပါးပါးသော အရွယ်၌ ကျရောက်မိဘူးသော အပြစ်ဟူသမျှကို ကြိုးစားရှာဖွေ၍ မနေ-မနား သုတ်သင် ပစ်ရမည်ဟု ဟောတော်မူသည်။ လိုရင်းကား မိမိကိုယ်ကို ချစ်အပ်သော သူဟု သိလျှင် အပြစ်မရှိအောင်နေ။အပြစ်ရှိလျှင် အရေးတကြီး ပပျောက်အောင် ပယ်ရှားသုတ်သင်ပစ်ဟု ဆိုလိုသည်။ မိမိကိုယ်ကို စစ်တမ်းထုတ်ကြည့်။ ငါသည် လောဘ,ဒေါသ,မောဟ စသော အကုသိုလ်အပြစ်တွေများ ရှိခဲ့သလား၊ ရှိလျှင် သုတ်သင် ပြီးပလား။ ဘုရားကတော့ သုတ်သင်ပစ်ရမည်လို့ ဆိုသည်။ဘုရားစကား နားမထောင်ဘဲ လောဘ,

ဒေါသ, မောဟ, စသော အကုသိုလ် အဖြစ်တွေ တန်းလန်းကြီးနဲ့ သေသွားလျှင် ငါဘယ်သွားရမလဲဆိုတာ မေးကြည့်ပါ။ အပါယ်လေးပါးသို့ သွားရမည်ကို ကောင်း သိလာပါလိမ့်မည်။ဘာဖြစ်လို့လဲဆိုတော့ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, စိတ်ပေါက်ဟုဆိုအပ်သော ဤအပေါက်ခြောက်ပေါက်က အကုသိုလ်တွေ နေ့မစဲ ညမစဲအောင် တဖွဲဖွဲဝင်နေလို့ ဖြစ်သည်။ ဒီတော့ အပါယ်ဘေးကလွတ်နိုင်ပါ့ခုန်းမလား၊ စဉ်းစားကြည့်။ မျက်စိပေါက်က မိမိသဘောကျတဲ့ ဇုဗ္ဗာရုံကို တွေ့တော့ လိုချင်တဲ့လောဘစိတ်နဲ့ နှစ်သက် လိုက်တယ် ဆိုရင်ဘဲ ဘယ်သွားရမလဲကြည့်စမ်း။

ယေဘုယျေန ဟိ သတ္တာ တဏှာယ
ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။

ဟိသစ္စံ၊ ငါဆိုသောစကားသည်မှန်၏၊ယေဘုယျေန- များသောအားဖြင့်၊ သတ္တာ- သတ္တဝါတို့သည်၊တဏှာယ- တဏှာ လောဘ ကြောင့်၊ ပေတ္တိဝိသယံ- ပြိတ္တာဘုံသို့၊ ဥပပဇ္ဇန္တိ- ကျရောက်ရကုန်၏။

ကဲ- သေသေချာချာကြည့်။ လောဘ တန်းလန်းနဲ့ သေသွားလျှင် ဘယ်သွားရမတဲ့လဲ၊ ပြိတ္တာဘုံ-သွားရမယ် ဆိုပါလား။ ဒါဖြင့် မိမိသဘောမကျတဲ့ အနိဋ္ဌာရုံကို တွေ့ရလို့ ဖြစ်မှားတဲ့ ဒေါသစိတ်နဲ့ စိတ်ဆိုးမိရင်ကော ဘယ်သွားရမတဲ့လဲ။

ဇာဿာသယ ၁၄၆-၁၁

ဒေါသေန ဟိ စဏ္ဍာဇာတိကာယ
ဒေါသ သဒိသံ နိရယံ ဥပပဇ္ဇန္တိ။

ဟိသစ္စံ- ငါဆိုသော စကားသည် မှန်၏၊ ဒေါသေန- ဒေါသသည်၊ စဏ္ဍဇာတိကာယ- ကြမ်းထမ်းသော သဘောရှိသည့်၏အဖြစ်ကြောင့်၊ ဒေါသ သဒိသံ- ဒေါသနှင့် တူသော၊ နိရယံ- ငရဲသို့၊ ဥပပဇ္ဇန္တိ- ကျရောက်ရကုန်၏။

ဒေါသ တန်းလန်းနဲ့ သေသွားလျှင် ငရဲသွားရမယ်တဲ့၊ ဣဋ္ဌာရုံကိုတွေ့တော့ လိုချင်တဲ့ လောဘစိတ် ဖြစ်မိလျှင် လောဘက ပြိတ္တာဘုံကို သံကြိုးရိုက်လိုက်ပြီ၊ သွားရတော့မယ်။ အနိဋ္ဌာရုံကိုတွေ့တော့ ပြစ်မှားတဲ့ ဒေါသစိတ် ဖြစ်မိလျှင် ဒေါသက ငရဲဘုံကို သံကြိုးရိုက်လိုက်ပြန်ပြီ။ သွားရတော့မယ်။ တွေ့လိုက်သော အာရုံကို လိုချင်သည် လည်း မဟုတ်၊ မလိုချင်ဘူးလဲ မဟုတ်၊ အမှုမဲ့အမှတ်မဲ့ နေမိလျှင် မောဟစိတ်ဖြစ် ဘယ်သွားရမတဲ့လဲ။

မောဟေန ဟိ မုယှနသဘာဝတာ
တိရစ္ဆာနယောနိယံ ဥပပဇ္ဇန္တိ။

ဟိသစ္စံ- ငါဆိုသောစကားသည်မှန်၏၊ မောဟေန- မောဟသည်၊ မုယှနသဘာဝတာ-တွေဝေသော သဘော ရှိသည့်၏အဖြစ်ကြောင့်၊ တိရစ္ဆာနယောနိယံ-တိရစ္ဆာန် ဘုံသို့၊ ဝါ-အသူရကာယ်ပြည်သို့၊ ဥပ ပဇ္ဇန္တိ- ကျရောက် ရကုန်၏။

မောဟ တန်းလန်းနဲ့ သေသွားလျှင် တိရစ္ဆာန်ဘုံ၊ အသူရကာယ်ပြည်တဲ့။ ဒီတော့ ကိုယ့်ကိုယ်ကို စဉ်စားကြည့်။ ငါသည် လောဘ, ဒေါသ, မောဟ စသော အကုသိုလ်တွေ တန်းလန်းနဲ့ အသေခံနိုင်ပမလား။မခံနိုင်ဘူးလားဆိုတာ ကြည့်ပေါ့။ ဖြစ်သမျှ အကြောင်း အကောင်းချည်းဘဲ ချရမှာကလဲ ကိုယ် လုပ်ထားတဲ့ အလုပ်တွေက အကောင်းချည်း မဟုတ်တော့ ဒီလိုလဲ မချနိုင်ဘူး။ဒါဖြင့် သေတာမဆန်းပါဘူးလို့ ဆိုရမှာကလဲ ဘုရားက လူအဖြစ်ကိုရဘို့ရာခဲယဉ်းတယ်လို့ ဟောထားသည်။ဘယ်လောက်များခဲယဉ်းသလဲဆိုလျှင် လူ့ပြည်က အပ်တစင်း ဗြဟ္မာ့ပြည်က အပ်တစင်း ချလိုက်လျှင် အပ်သွားချင်းသာ တချန့်တခ ထိနိုင်ဘွယ်ရာရှိသည်။ လူအဖြစ် ရနိုင်ဘို့ရာ ထို့ထက် ခဲယဉ်းသည်ဟု ဆိုထားသည်။ ဒါလောက် ရခဲတဲ့ လူ့အဖြစ်ကို ရနေပါလျက် လူဖြစ်ကျိုး နပ်အောင် မလုပ်လိုက်ရလျှင် သေဒါနဲ့ တပြိုင်နက် အပါယ်လေးပါး ကျသွားမည် ဆိုတာ ကျိန်းသေနေသည်ဖြစ်၍ အကုသိုလ်တွေ တန်းလန်းနဲ့ သေရလျှင် ရခဲတဲ့လူအဖြစ်ကို ရင်းစား ပြန်ပြီးရဘို့ရာ ခဲယဉ်းပုံကို သိပြန်တော့ သေတာ မဆန်းပါဘူးလို့လဲ ဘယ်နည်းနဲ့မှ မဆိုနိုင်ဘူး။

ကိုယ့်လမ်း ကိုယ်သွားရမှာဘဲ ဘာအရေးပိုက်စရာရှိသလဲ ဆိုရမှာကလဲ ကိုယ်သွားရမဲ့လမ်းက ကောင်းတဲ့လမ်းလား၊မကောင်းတဲ့လမ်းလားဆိုတာ တဖန် ကြည့်ပြန်

တော့ အကုသိုလ်တွေ တန်းလန်းနဲ့ သွားရလျှင် ဘယ်နည်းနဲ့မှ ကောင်းတဲ့လမ်းကို မသွားရဘူးဆိုတာ ဒီလိုသိနေပြန်တော့ ဘာအရေးကိုက်စရာရှိသလဲဆိုရမှာကလဲ မဖြစ်နိုင်။ မျက်စိ,နား, နှာ,လျှာ, ကိုယ်,စိတ် ဤအပေါက်ခြောက်ပေါက်တို့တွင် မျက်စိပေါက်က မြင်လိုက်ထာနဲ့ တပြိုင်နက် လောဘဖြစ်ရင်ဖြစ် လောဘမဖြစ်ရင် ဒေါသဖြစ်၊ လောဘလဲ မဖြစ်ဘူး ဒေါသလဲ မဖြစ်ဘူးဆိုလျှင် အမှုမဲ့ အမှတ်မဲ့နေမိတော့ မောဟဖြစ်၊ အကုသိုလ်တွေ တခုမဖြစ် တခုဖြစ်နေသည်။ မျက်စိပေါက်က လောဘ, ဒေါသ, မောဟ,အကုသိုလ်တွေ နေ့မစဲ-ညမစဲ အမြဲတမ်း တဖွားဖွား ဖြစ်နေသလို နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်,စိတ်ပေါက် တို့ကလဲ လောကီအာရုံ ခြောက်ပါး ကာမဂုဏ်တရားတွေနဲ့ တွေ့တိုင်းတွေ့တိုင်း အကုသိုလ်တွေ ဖြစ်နေကြသည်။ ဘုရားက ဒီအကုသိုလ်တွေ မဖြစ်အောင် စောင့်ရှောက်ရမည်၊ ကျရောက်သော အပြစ်များရှိနေခဲ့လျှင်လဲ အရေးတကြီး ပပျောက်အောင် သုတ်သင်ဖြစ်ရမည်လို့ ဟောထားသည်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ်,ဤအပေါက်ခြောက်ပေါက်တို့က အကုသိုလ်တွေ မဖြစ်ရအောင် စောင့်ရှောက်မိရဲ့လား စဉ်းစားပါ၊ ကျရောက်နေသော အကုသိုလ်အပြစ်များရှိနေခဲ့လျှင် အရေးတကြီးပပျောက်အောင် ပယ်ရှားသုတ်သင်ပစ်ရမည်ဆိုတာကော ပယ်ပြီးသုတ်သင်ပြီးပလား။ မပယ်ရသေးလျှင် ဘယ်နည်းနဲ့

ပယ်မလဲ ဒါနနဲ့ပယ်မလား၊ သီလနဲ့ပယ်မလား၊ သမထနဲ့ ပယ်မလား၊ ဒါန သီလက လူ့ဘဝ- နတ်ဘဝ လောက် အကျိုးပေးနိုင်တော့ ဒါန, သီလနဲ့ မပယ်နိုင်သေးဘူး၊ သမထ ကတော့ သမထကလဲ ဗြဟ္မာ့ပြည်လောက်ဘဲ အကျိုးပေးနိုင်တော့ သမထနဲ့လဲ မပယ်နိုင်သေးဘူး။ ဗြဟ္မာ့ပြည်၌ ဗြဟ္မာမင်းကြီး ဖြစ်နေရပေမဲ့ ဗြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရှုတ်ရှုတ်လို့ လယ်တီ ဆရာတော်ဘုရားကြီး ဟောထားတော်မူတာလို ဗြဟ္မာ့ ပြည်၌ ဗြဟ္မာကြီး ဖြစ်နေရပေမဲ့ အပါယ်မကျဘူးတော့ မအောက်မေ့နဲ့ စိတ်မချရဘူး ကျမှာဘဲ။

ဥပမာ အားကောင်းသော သူတယောက်သည် ခဲ တလုံးကို ကောက်ယူ၍ အားရှိသလောက် ကောင်းကင် သို့ မြှောက်ပစ်လိုက်သည်ရှိသော် အားအရှိန်ရှိသလောက် ကောင်းကင်သို့ တက်၍ အရှိန်ကုန်သည်နှင့် တပြိုင်နက် မြေ၌ ပြန်ကျရသကဲ့သို့ ဤသိုလ် အရှိန် ရှိသလောက် ဗြဟ္မာ့ပြည်၌ ဖြစ်ရ၍ အရှိန်ကုန်သည်နှင့် တပြိုင်နက် အပါယ်သို့ ကျရမည်ကား မလွဲတည်း။ ထိုကြောင့် အဖြစ် ရှိလျှင် အရေးတကြီး သုတ်သင် ပယ်ရှား ပစ်ရမည်ဟု ဟောတော်မူသည်။ ပယ်တို့ကလဲ ဒါနကလဲ မပယ်နိုင်၊ သီလ ကလဲ မပယ်နိုင်၊ သမထ ကလဲ မပယ်နိုင်ဘူး ဆိုတော့ ဘာနဲ့ ဘယ်လိုလုပ်ပြီး ပယ်မလဲ။ ပယ်နိုင်တဲ့ တရားကို ရှာရလိမ့်မယ်။ခေါင်းကုတ်ပြီး ထိုင်မှိုင်နေလို့ဖြင့် မဖြစ်တော့ဘူး။ ပယ်နိုင်တဲ့တရားကလဲ ဝိပဿနာ အစစ်

ဖြစ်တဲ့ အနုတ္တ တရားမှသာ ပယ်နိုင်သည်။ အနုတ္တ ကုသိုလ် တရားရဘို့ကလည်း ဝီရိယနဲ့ အားထုတ်မှရမည်။ ဝီရိယ မရှိလျှင် ဘယ်နည်းနဲ့မှ မရနိုင်ဘူးတဲ့။ ဝီရိယ ရှိပြန်တော့လဲ တခြားကုသိုလ်တရားမျိုးလို အခါခပ်သိမ်းရနိုင်တဲ့ တရား မျိုးမဟုတ်။ သာသနာတော်နဲ့ ကြုံကြိုက်ပါမှ ရမည်တဲ့။ ဒါကြောင့် နဝကနိပါတ် အင်္ဂုတ္တိုရ်ဋီကာ၌ အနုတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။ ဗုဒ္ဓုပ္ပါဒါ- ဘုရား ပွင့်တော် မူရာ ခေတ်ကာလကို၊ ဝိနာ–ကြဉ်ကင်း၍၊ အနုတ္တ လက္ခဏံ- အနုတ္တ လက္ခဏာ ကုသိုလ်တရားသည်၊ နပညာယတိ- အရိပ်အယောင်လောက်မျှ မသိမမြင် မထင်နိုင်ချေ။

ယခု သာသနာတော်နဲ့ ကြုံကြိုက် ရတဲ့ အခိုက်မှာ ကြုံရခဲတဲ့ အနုတ္တကုသိုလ်တရားကြီးကို ရဘို့ရာ စားရကံ ကြုံဘော့ မုတ်ဆိတ်ပျားစွဲဆိုတာလို အခွင့်သင့် အခါသင့် နီးနီးကပ်ကပ် ဖြစ်နေရပါလျက် မစားမိလိုက်လို့ ရှိလျှင် နောင်မှ နောင်တ တဖန် ပူပန်နေသော်လည်း ဉပါယာသ ဘေးကြီး နှိပ်စက်၍ ဝန်လေးသည်ထက် လေးရုံသာ ရှိတော့မည်။ ထို့ကြောင့် ရခဲတဲ့ အနုတ္တ ကုသိုလ်တရား ကြီးကို ကြုံကြိုက်ရတဲ့အခါ ဝီရိယ နောက်မဆုတ်ဘဲ လေးလေးစားစားနဲ့ အားထုတ်ကြရပေမည်။ အားထုတ် ဆိုတာကလည်း တခြားမှာ သွားရှာပြီး အားထုတ်မှ ရတာမဟုတ်ပါဘူး။ တရားရှာ ကိုယ်မှာ ဆိုသည့်အတိုင်း ရှာတတ်လျှင် မိမိ၏ ခန္ဓာကိုယ်ထဲမှာပင် တွေ့နိုင်ပါသည်။ ကိုယ်မှာတွေ့မှ အနုတ္တအစစ် ဖြစ်ပါသည်။ မရှာတတ်လျှင်

ပြ သ တတ်သော ဆရာကောင်းထံ နည်းခံ၍ ရှာရသည်။ ဆရာ ရှာအပ်ကြောင်းကိုလည်း ဘုရားရှင် ဟောတော် မူထားပါသည်။

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

သံယုတ်ပါဠိတော်။

ယထာဘူတံ – ဖြစ်ချုပ် ကြွင်မဲဖန် အတန်တန်သော ရုပ်နာမ်ဖြစ်ပျက် တရားကို ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ- သိခြင်းငှါ၊ သတ္ထာ-ပြတတ်သော ဆရာကို၊ ပရိယေသိ တဗ္ဗော–ရှာမှီးအပ်၏။

ဆရာရှာသော အခါမှာ ဖြစ်ချုပ်ကြွင်မဲဖန် အတန်တန် ဖြစ်ပျက်နေသော ရုပ်နာမ် ဖြစ်ပျက်တရားကို ဟုတ်တိုင်း မှန်စွာ သိရှိနိုင်အောင် ပြတတ်သော ဆရာကို ရှာရသည်။ တရားရှာသော သူက ယထာဘူတ ကျကျ ဟုတ်တိုင်း မှန်စွာ လိုချင်ပါသော်လည်း ဆရာလုပ်သူက စာတတ် ရုံနှင့် ပုဂ္ဂိုလ်ဘိုင်းပြလို့မဖြစ်။ မိမိကိုယ်တိုင်က နေရာ တကျ အားထုတ်ကျင့်ကြံဘူးမှ ဖြစ်သည်။ ၎င်းပြင် အဘိ ဓမ္မာ ဗဟုသုတကလဲ ရှိရသည်။ သို့မဟုတ်လျှင် တပည့် လုပ်သူက ဆရာရယ် တရားအားထုတ်နေတုန်း ဘယ်လို တွေ့လာသည်၊ ဘယ်လို ဖြစ်သွားသည်ဆိုလျှင် ဆရာက ကိုယ်တိုင်မှ မတွေ့ဘူးတော့ နားမလည် မဆုံးဖြတ်တတ် ဖြစ်နေတတ်သည်။ နားမလည်ဘူး ဆိုရမှာ ကလည်း ရှက်သဖြင့် မိမိ ထင်တာတွေ ရှောက်ပြော နေတတ်

လေသည်။ ဒီတော့ တပည့်လုပ်သူလည်း နစ်နာ၊ ဆရာ လုပ်သူလည်း စိတ်မချမ်းသာ ဖြစ်တတ်သည်။ထို့ကြောင့် ဆရာရှာသောအခါ ယောင်ဝါးဝါး ဆရာ မဖြစ်ရအောင် အဘိဓမ္မာကျမ်းဂန် ဗဟုသုတနှင့် အလုပ်စခန်း၌ ကိုယ် တိုင်အားထုတ်ကျင့်ကြံခဲ့ဘူးသော ဆရာကိုသာ ရှာသင့် လေသည်။ ဟုတ်မှန်စွာ ပြသနိုင်သော ဆရာကောင်းနှင့် တွေ့လျှင် တရားရှာ ကိုယ်မှာ-ဆိုသည့်အတိုင်း မရှာတတ် လို့သာ မတွေ့တာဘဲ၊ ရှာတတ်တော့လဲ အနီးသားဘဲဟု ကိုယ်ဘိုင်သိ ဖြစ်လာမည်။ မိမိကိုယ်မှာပင် တရား ရှိကြောင်း မြတ်စွာဘုရားလဲ ဟောထားတော် မူပါသည်။

အပိစာဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညာပေမိ၊ လောကသမုဒယဉ္စ လောက နိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ။

သံယုတ်ပါဠိတော်။

အာဝုသော-ရောဟိတသ နတ်သား၊ အပိစ-စင်စစ် သော်ကား၊ အဟံ-ငါဘုရားသည်၊ သသညိမှိ-အမှတ် သညာရှိသော၊ သမနကေ - စိတ်ရှိသော၊ ဗျာမမတ္တေ- အလျားတလံ အနံတထွာမျှလောက်သော၊ ကဠေဝရေ-၌ကိုယ်ကောင်၌သာလျှင်၊ လောကဉ္စ-ဖြစ်ရ ပျက်ရသော ရုပ်နာမ်နှစ်ပြာ ဒုက္ခသစ္စာ တရားကိုငင်း၊ လောကသမုဒယဉ္စ-ဖြစ်ရ ပျက်ရသော ရုပ်နာမ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာတရားကိုငင်း၊လောက

နိရောဓဒုက္ခ- ဖြစ်ရ ပျက်ရသော ရုပ်နာမ်၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာတရားကိုင်း၊ လောက နိရောဓဂါမိနီပဋိပဒါ- ဖြစ်ရ ပျက်ရသော ရုပ်နာမ်၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော မဂ္ဂသစ္စာတရားကိုင်း၊ ပညာပေမိ-ဟောကြား သိစေတော်မူ၏။

အလျား တလံ အနံ တထွာမျှလောက်သာ ရှိသော ဤကိုယ်ကောင်ကြီး၌ ဖြစ်ရ ပျက်ရသော ရုပ်နာမ် ဒုက္ခသစ္စာတရား၊ ရုပ်နာမ် ဖြစ်ကြောင်း ဖြစ်သော သမုဒယ သစ္စာတရား၊ ရုပ်နာမ် ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာတရား၊ ရုပ်နာမ်ချုပ်ငြိမ်းကြောင်းဖြစ်သော မဂ္ဂသစ္စာ တရား၊ ဤသစ္စာလေးပါး တရားသည် အမှန် ရှိကြောင်း ရောဟိတာသ နတ်သားအားဟောကြားတော်မူလေသည်။ ဤသို့ ရောဟိတာသ နတ်သားအား ဟောကြားတော်မူ သည်ကို ထောက်သော် ရှာတတ်လျှင် ကိုယ်မှာရှိကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့် ရှာတတ်လျှင် ကိုယ့်ဟာ ကိုယ်ရှာ၍ မရှာတတ်လျှင် ဆရာကောင်းထံ နည်းခံမှတ် သားပြီးလျှင် အချိန် ရှိခိုက်မှာ လုံ့လစိုက်၍ သစ္စာ လေးပါး အနတ္တ ကုသိုလ်တရား တို့ကို မနေမနား အားထုတ်ကြိုးစားရပေမည်။ သို့မှ အပါယ်တံခါး ပိတ်၍ နိဗ္ဗာန်တံခါး ပွင့်လင်းနိုင်ပါသတည်း။

ဝါယမေထေဝ ပုရိသော နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော၊ ပညာ ရှိသော ယောကျ်ားသည် အားထုတ် ကြိုးစားမှုကို မပျင်းရဟု ဆိုသည်ကိုင်း ဝိရိယဝတော ကိံ နာမကမ္မံ

နသိဋ္ဌတိ ဝိရိယရှိသူအား အဘယ်အမှုမျိုးမဆို မပြီးဘူး မရှိရ ကြိုးစားက ဘုရားဖြစ်နိုင်သည်ဟု ဆိုသည်ကိုဥင်း ယောက်၍ အားထုတ်ကြိုးစားကြပါကုန်။

သုတ်မဟာဝါ သတိပဋ္ဌာန် ပါဠိတော်၌ ပြဆို ထားသော သုဗြဟ္မာ နတ်သားနှင့် နတ်သမီး ငါးရာ အကြောင်းကို ကြည့်က ဝိရိယအားကြောင့် အပါယ် ဘေးမှ သိသိကလေး လွတ်သွားရသည်မှာ ထင်ရှား သိသာနိုင်ပါသည်။

---

## သုဗြဟ္မာနတ်သားနှင့် နတ်သမီးငါးရာ

အခါတပါး မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော် မူစဉ်တုန်းက နတ်သမီးတထောင် အခြံအရံရှိသောသုဗြဟ္မာ မည်သော နတ်သားသည် နတ်သမီးတထောင်နှင့် ကသစ် ပန်းပင် ရှိရာသို့ သွားကြ၍ ငါးရာသော နတ်သမီးတို့သည် ကသစ်ပန်း တက်ခူးကြလေသည်။ ကသစ်ပန်းပင်ပေါ်သို့ ရောက်ကြသော အခါ တေးတကျော်ကျော် သီဆိုလျက် ကသစ်ပန်းတွေကို ခူး၍ အောက်သို့ ချပေးကြသည်တွင် ကသစ်ပင် အောက်၌ ရှိသော နတ်သမီး ငါးရာ တို့က တပျော် တပါးကြီး သူ့ထက်ငါ ကောက်ယူ သီကုံး၍ အနီးတွင်ရှိသော သုဗြဟ္မာနတ်သားအား ပေးဆက်ကြ လေသည်။အတန်ကြာသောအခါ တေးတကျော်ကျော်နှင့် ကသစ်ပင်ပေါ်၌ကသစ်ပန်းခူးနေကြသော နတ်သမီးငါးရာ

တို့၏ အသံသည် ပျောက်သွား သဖြင့် သုဗြဟ္မာနတ်သားသည် ကသစ်ပန်းပင်ပေါ်သို့ လှမ်း၍ကြည့်လိုက်ရာ ပန်းခူးနေသော နတ်သမီးငါးရာတို့ကို မတွေ့ရှိတော့ပေ။ ထိုအခါ သုဗြဟ္မာ နတ်သားသည် အထိတ်တလန့် ဖြစ်ခါ အလိုဘယ်ဆီများ ရောက်သွားကြပါလိမ့်မလဲဟု ဟိုဟိုဒီဒီ ပြာရီပြာရာ ကြည့်မိတော့သည်။ အနီးတွင် မတွေ့တော့မှ သဟဿက္ခ မျက်စိတထောင် အလင်း ဆောင်ပြီး ကြည့်လိုက်လျှင် နတ်သမီးငါးရာတို့သည် အတိတ်က မိမိတို့ပြုမိခဲ့သော အကုသိုလ်ကံ အကြောင်းတရားက အကျိုးပေးခွင့်ဆိုက်လာသဖြင့် အပါယ်ငရဲ၌ ကျရောက် ခံနေရသည်ကို အတပ်တွေ့မြင်ရသည်ဖြစ်၍ သုဗြဟ္မာနတ်သားမှာ ချစ်လှစွာသော နတ်သမီးငါးရာ အတွက် အပူမီးတောက်၍ စိတ်မသက်သာ ဖြစ်ကာ မျက်နှာတော် ညှိုးနွမ်းလျက် ပင်ပန်း ကြီးစွာ မနေတတ်မထိုင်တတ် ဖြစ်ရတော့သည်။ ခက်ကြပြီကွယ်တို့ ဘယ်လိုမှ မကြံတတ်တော့ပါကလားဟု တညည်းတွားတွားဖြစ်ခါ မိမိနှင့် ကျန်ရှိသောနတ်သမီးငါးရာအတွက် စိတ်မချ ရှိသဖြင့် ကြည့်လိုက် ပြန်သော် နောက် ၇-ရက်ကြာလျှင် အဝီစိငရဲ၌ မိမိတို့လည်း ခံကြရမည်ကို တွေ့သိရပြန်တော့ ရှေ့ကထက် ပို၍ ကြီးစွာသော ဆင်းရဲဒုက္ခ ရောက်ရပြန် တော့သည်။

ထိုအခါ မိမိ၏ အထက်၌ ရှိသော နတ်မင်းများထံ ကယ်မပါရန် အကြောင်း အဆောတလျင် သွားရောက်ပြောကြားသော်လည်း အားကိုးရာမရ မကယ်နိုင် ရှိကြ

သည့်ကိုသိရသဖြင့်သိကြားမင်းထံသို့ ပြေးကြရပြန်သည်။ သိကြားမင်း ကလဲ ငါလဲ မကယ်နိုင်ဘူး သုပြဟ္မာ နတ်သား သို့သော် အချိန်ရှိခိုက် လုံ့လစိုက်၍ ဘုရား ထံသို့ သင်တို့ သွားကြချေ။ ဘုရားတော့ ကယ်နိုင်ကောင်း ကယ်နိုင်လိမ့်မည်ဟု စေလိုက်လေသည်။ အလျင် အမြန် ဘုရားထံ သွားကြ၍ ရောက်သော အခါ ကယ်မပါရန် အကြောင်း လျှောက်ထား တောင်းပန်ကြ ပြန်သည်။ ဘုရားက ငါလဲ မကယ်နိုင်ဘူးဟု ပြောလိုက်သော အခါ သုပြဟ္မာ နတ်သားနှင့် တကွ နတ်သမီး ငါးရာ တို့သည် ဘယ်မျှလောက် ကြောက်လန့်၍ အတိဒုက္ခ ပြင်းထန်စွာ ရောက်နေကြ မည်ကို စဉ်းစားသာ ကြည့်ကြ ပေတော့။ သို့သော် သုပြဟ္မာ နတ်သားနှင့် နတ်သမီးငါးရာ တို့အား အောက်ပါတရားကို လိုက်နာအားထုတ်နိုင်ပါ လျှင်တော့ လွတ်နိုင်ပါရဲ့လို့ ပြောကြား၍ ဟောကြားတော် မူသည်။ ထို အခါ အားရဝမ်းသာ ဖြစ်ပြီး တရားကို လိုချင်တဲ့ စိတ်နဲ့ တသိုင်တည်း လိုက်နာ အားထုတ်လိုက်ရာ တရား တော်၏ အဆုံး သောတာပန် တည်ကြရ လေသည်။ သောတာပန် တည်သွားသဖြင့် အဝီစိငရဲဘေးမှ သီသီ ကလေး လွတ်၍ ချမ်းသာစွာ နေကြရတော့ သတည်း။ ထိုသုပြဟ္မာနတ်သားနှင့် နတ်သမီးငါးရာ တို့သည် ဝီရိယ စိုက်ထုတ်၍ ရှာမှုကြောင့် အဝီစိငရဲဘေးမှ လွတ်ကြောင်း ဖြစ်သော တရားကို ရကြလေသည်။ ဝီရိယ ပေါ့လျော့ နေလျှင် နောက် ၇-ရက်ကြာက အဝီစိငရဲ၌ ကျေနကျကြ

တော့မည်မှာ မလွဲတည်း။ ထို့ကြောင့် ဝီရိယ ရှိသူအား အဘယ် အမှုမျိုး မဆို မပြီးဘဲ မရှိရဟု ဆိုခဲ့သည်။ ကောင်းသော အလုပ်ကိစ္စ တခုကို အောင်မြင်သည်အထိ ကြိုးစားကြပါကုန်။

နာညတြ ဗောဇ္ဈာတပသာ၊
နာညတြိန္ဒြိယ သံဝရာ။
နာညတြသဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

သုတ်မဟာဝါပါဠိတော်။

ဗောဇ္ဈာတပသာ- ဗောဇ္ဈင်ခုနစ်ပါး အကျင့် တရားကို၊ အညတြ-ကြဉ်ထား၍၊ ပါဏိနံ- သတ္တဝါတို့၏၊ သောတ္ထိံ ချမ်းသာ ခွင့်ကို၊ အဟံ- သင်တို့ ဆရာ ငါဘုရားသည်၊ နပဿာမိ- မြင်တော်မမူ။ ဣန္ဒြိယသံဝရာ - ဣန္ဒြေငါးပါး စောင့်ရှောက်မှုတရားကို၊ အညတြ-ကြဉ်ထား၍၊ ပါဏိနံ- သတ္တဝါတို့၏၊ သောတ္ထိံ-ချမ်းသာ ခွင့်ကို၊ အဟံ-သင်တို့ ဆရာ ငါဘုရားသည်၊ နပဿာမိ- မြင်တော်မမူ၊ သဗ္ဗနိဿဂ္ဂါ-အလုံးစုံသောသံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာနိဗ္ဗာန်ကို၊ အညတြ-ကြဉ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ- ချမ်းသာ ခွင့်ကို၊ အဟံ- သင်တို့ ဆရာ ငါဘုရားသည်၊ နပဿာမိ- မြင်တော်မမူ။ ဤတရားသည် သုပြဗ္ဗာ နတ်သားနှင့် နတ်သ္မီး ငါးရာအား ဟောကြားသောတရားတည်း။

သတိဗလ တရားအားထုတ်တဲ့ အခါဖြစ်စေ ကုသိုလ်ကောင်းမှု တခုခုကို ပြုလုပ်တဲ့အခါ ဖြစ်စေ သတိသည် အရေးကြီးသော အချက်တခု ဖြစ်သည်။ ထိုသတိသည် ရှေးရှေးက မိမိပြုခဲ့ဘူးသော ကုသိုလ်ကောင်းမှု တခုခု ရှိသည်။ ထို ကုသိုလ်ကို ယခု အမှတ် ရမိသည်။ တရား စကား ပြောဟော နေသော အခါ ဆုံးမ ဩဝါဒ ပေးနေသော အခါ တို့၌လည်း မှတ်မိအောင် သတိထား၍ နားထောင်သည်။ မိမိဆောက်တည် ကျင့်သုံးနေသော သီလသိက္ခာပုဒ်များကို မကျိုး မပေါက်အောင် သတိထားသည်။ နက်ဖြန်ပြုမည့်ကုသိုလ် နောက်အတော်ကြာမှပြုရမည့်ကုသိုလ်ကိုလည်း တင်ကြို၍အမှတ်ရသည်။ လောဘ, ဒေါသ, မာန်မာနစသော အကုသိုလ် တရားတို့ မဖြစ်ရအောင်လည်း တင်ကြို အမှတ်ရသည်။ နောက်တုန်းက ဆရာသမားများ ဆုံးမ ဩဝါဒ ပေးဘူးသည် ကိုလည်း အမှတ်ရသည်။ ကမ္မဋ္ဌာန်း တရားကို နှလုံးသွင်း ဆင်ခြင်နေသည့်အခါ ထိုမိမိနှလုံးသွင်း ဆင်ခြင်နေသော ကမ္မဋ္ဌာန်း အာရုံကို မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်၍အမှတ်ရနေမှုစသည်ဖြင့်ကုသိုလ်ကောင်းမှုဆိုင်ရာတို့၌ အမှတ်ရနေခြင်း ဟူသမျှသည် သတိ၏ သဘောချည်း ဖြစ်သည်။ အကုသိုလ်မှု၌ အမှတ်ရသည်ကို သတိဟု မခေါ်ရ၊ သညာသဘောပင်တည်း။ တရားအားထုတ်နေသော ယောဂီ ပုဂ္ဂိုလ်သည် မိမိ ဆင်ခြင်နှလုံးသွင်းနေသော ကမ္မဋ္ဌာန်း အာရုံ တခုခုကို ပျောက်

မသွားရအောင် အမြဲတစေ သတိရနေမှုသည် အလွန် အရေးကြီးလှသည်။ သတိ လွတ်သွားလျှင် လွတ်သွား သည်နှင့် တပြိုင်နက် တခြား အာရုံတခု ဝင်ရောက်လာ တတ်သည်။ ထိုဝင်လာသော အာရုံကို လက်ခံမိပါက ဝိတက်များ ဖြစ်၍ မိမိနှလုံးသွင်းနေဆဲ အာရုံ များပင် ပျောက်ကွယ်လျက် တခြားအာရုံနောက်သို့သာလိုက်သွား တတ်လေသည်။ ထိုသို့ ပျောက်မသွားရန် သတိဖြင့် အမြဲ တစေ စောင့်ရှောက်၍ နေကြရသည်။

သတိသည် မောဟကို တိုက်ဖျက်သော နည်းကောင်း တခုတည်း။ ထိုသတိသည် စောင့်ရှောက် နိုင်သလောက် အကျိုး များပါသည်။ နဲနဲစောင့်ရှောက်လျှင် မောဟနဲနဲ ယုတ်သည်။ များများစောင့်ရှောက်လျှင် မောဟများများ ယုတ်နိုင်သည်။ ထို့ထက် စောင့်ရှောက်ပါက မောဟ သည် ထို့ထက် လျော့၍ လျော့၍ သွားနိုင်တော့သည်။ သတိမရှိလျှင် မောဟသည် ဖိ၍ ဖိ၍ နှိပ်စက်သဖြင့် ကုသိုလ်ကောင်းမှု ဆိုင်ရာတို့၌ အမှတ် မရနိုင်အောင် ဖြစ်တတ်တော့သည်။ထိုသို့ ဆိုးဝါးလှသော မောဟသည် အမိုက်တိုက်ကြီး ပြုလျက် ဖုံးလွှမ်း ချယ်လယ် မှုကြောင့် တဏှာတည်းဟူသော လက်သွား ဆရာကြီးက ခန္ဓာအိမ် အမျိုးမျိုး ပြု၍ ဖန်တီး လာသည်ကို သိရှိတော်မူသော မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ အနေကဇာတိ သံသာရံ စသော ဥဒါန်းစကားဖြင့် ရေးဦးစွာ ကြွေးကြော်မူတော့သည်။

မိမိ၏ ခန္ဓာကိုယ်၌ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော အပေါက် ခြောက်ပေါက် ရှိသည်တွင် ထိုအပေါက် ခြောက်ပေါက်ကနေ၍ သတိဖြင့်လုံခြုံအောင် ထိန်းသိမ်း၍ မထားနိုင်ပါက အကုသိုလ်တွေ တဖွားဖွား ဝင်နေကြတော့သည်။ ထိုသို့ ဝင်နေသည်ကို မောဟတည်း ဟူသော အမိုက်မှောင်ကြီးကဖုံးလွှမ်းထားသဖြင့် မသိနိုင် မမြင်နိုင်ကြဘဲ ရှိနေကြရပေသည်။ ထို့ကြောင့် ပညာရှိများက သတိတမန် ညက်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့အုပ်-ဟု ဆိုထားပါသည်။ သတိကို တာ-တမန်ကဲ့သို့ လုံခြုံစွာ ကာရန် ထားရမည်ဟု ဆိုသည်။ တာတမန်တို့ မည်သည် အနည်းငယ် မျှသော အပေါက်ငယ်ကလေးကို ဂရုစိုက်၍ မပိတ်ပါက တဖြေးဖြေး ရေစား၍ ကျယ်ကျယ် လာသဖြင့် တာတမန် ကျိုး၍ အသက် ဒုက္ခ ရောက်ရ တော့သည်။ ထိုအတူ သတိဖြင့် လုံခြုံအောင် ကာရံ စောင့်ရှောက်ခြင်းပြုမထားနိုင်ပါကလည်းအကုသိုလ်တွေ ဘယ်မျှလောက် ဝင်လာမည်ကို ဉပမာဖြင့် သိပါ။

---

## ပန်းသားနှင့် ချည်ပါသား

တနေ့သော အခါ ပန်းသားနှင့် ချည်ပါသားတို့ ဖိုးပင်ချဒ်း အသီးပြိုင်ကြရာ ပန်းသားက ပြောသည်မှာ ကျုန်ုပ်ဖိုးပင်သည် အလွန် သီးသည်။ ဘယ်လောက် သီးသလဲ ဆိုလျှင် အမြစ်ရင်းက နေပြီး အကိုင်းဖျား

ထိအောင် သီးစရာ သီးကွက်ကိုရှာမရအောင်သီးသည်ဟု ပြောလေသည်။

ထိုအခါ ချည်ပါသားက ပြောသည်မှာ မင်းအပင် သီးတာကဘာဟုတ်သေးသလဲ ကျွန်ုပ်အပင်က မင်းအပင် ထက် သီးတာပေါ့ဟု ပြောပြန်လေသည်။

(ပခန်းသား) ကျွန်ုပ် အပင်က သီးစရာ သီးကွက် ရှာမရအောင် သီးလုံးချင်းထပ်ပြီး နေတာ မင်းအပင်က ဘယ့်နှဲ့ ပိုသီးနိုင်မှာလဲ။

(ချည်ပါသား) ကျွန်ုပ် အပင်က မြစ်ရင်းက နေပြီး အကိုင်းများထိအောင် သီးလုံးချင်း ထပ်ပြီး သီးကွက်ရှာ မရအောင် သီးရုံမကဘူး တလုံး တလေ လေတိုက်လို့ ဖြစ်စေ ခဲဖြင့် ပေါက်၍ ထိမိလို့ ဖြစ်စေ ကြွေကျ သွားလျှင် သီးတို့ရာ အောက်မှာစောင့်နေတာပင် နှစ်တင်း သားလောက် ရှိသည်တဲ့ အဲဒါ ဥပမာဘဲ။ ယခုလဲ သတိဖြင့်မစောင့်ရှောက်နိုင်လျှင်အပေါက် ခြောက်ပေါက် ကဝင်ဘို့ရာ စောင့်နေသော အကုသိုလ်တွေ ဒင်းကြမ်း အပြည့်များလှသည်။ သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့ အခါ အိပ်တဲ့အခါ ဣရိယာပုထ်တိုင်း၌ အမှတ်မဲ့ သတိ မရှိဘဲ နေမိလျှင် အကုသိုလ်တွေ ဝင်လာမဲ့ ဖြစ်နေ တတ်သည်။ အမှုကိစ္စတခုခုကို ပြုလုပ်သောအခါ ပြောဆို သောအခါ ကြံစည် စိတ်ကူးသောအခါ တို့၌လည်း သတိ

လွတ်ကင်းနေလျှင် အကုသိုလ်တွေ တဖွားဖွား ဝင်လာ တတ်လေသည်။

သတိပဋ္ဌာန် ဒေသနာတော်၌လည်း ဣရိယာပုထ်လေး ပါးစလုံးသတိဖြင့် နေရမည်ဟု ဂစ္ဆန္တောဝါ-ဂစ္ဆာမီတိ ပဇာနာတိ၊ စသည်ဖြင့် ဟောတော်မူလေသည်။ ဣန္ဒြိယ သံဝရ ပိုင်း၌ကား မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, တွေ့ထိခြင်း, ကြံသိခြင်းတို့၌ မြင်ရုံမျှ, ကြားရုံမျှ, နံရုံမျှ, စားရုံမျှ, တွေ့ထိရုံမျှ, ကြံသိရုံမျှသာ ဖြစ်စေရမည်ဟု ဒိဋ္ဌေ ဒိဋ္ဌမတ္တံဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဟူ၍ ဟောထားတော် မူလေသည်။ ဤသို့ဟောထားတော် မူသည်ကို ကြည့်သော် သတိသည် ဘယ်မျှလောက် အရေးကြီးကြောင်း သိနိုင်ပါသည်။ တရားကို နှလုံးသွင်း အားထုတ်သော အခါ၌ နွားရိုင်း ကြိုးလွတ် ဆိုသကဲ့သို့ စိတ်သည် ခြေထောက်မပါဘဲ သွားချင်ရာသွားနေသည်ကို သတိဖြင့် မိအောင် ဖမ်းယူရသည်။ ထိုစိတ်ကို ဖမ်းယူ နေရသည်မှာ အဘယ်မျှ ခဲယဉ်းသည်ကို ယောဂီပုဂ္ဂိုလ် သိပါသည်။ ထိုမျှလောက် ခဲခဲယဉ်းယဉ်း ဖမ်းယူရသော စိတ်ကို မိလာသော် မိမိခန္ဓာကိုယ် ခြံတွင်းသို့ တဖြေးဖြေး သွင်း၍ ကြိုးတိုတိုနှဲ့ချည်တုပ် ထားရပါသည်။ ဒါပေမဲ့ လစ်ထာနဲ့ တပြိုင်နက် ဟန်းကနဲ ရုန်းကန်၍ ထွက်သွား တတ်ပါသေးသည်။

သတိ၏ သဘောသည် အိမ်လည် ယောက်ျားနှင့် တူလှသည်။ အိမ်လည်ယောက်ျားတို့ မည်သည့် နံနက် အိပ်ရာက နိုးသည်နှင့် တပြိုင်နက် ရွာရိုး ကိုးပေါက် ရောက်ချင်ရာရောက် ရှောက်လည်နေတော့သည်။အိပ်ချိန် ကျမှ ပြန်လာသည်။ ထိုသို့ လည်နေသဖြင့် မိမိအိမ်၏ အဖြစ်အပျက်ကို ဘာမှမသိရချေ။ မလည်နိုင်၍ အိမ်ပြန် ကပ်နေသော အခါမှ မိမိအိမ်၏ အဖြစ်အပျက် ချို့ယွင်း ချက်တွေကိုသိရလေသည်။ထိုအိမ်လည်ယောက်ျားကဲ့သို့ သတိသည်လည်း အိမ်တည်းဟူသော ခန္ဓာကိုယ်ထဲမှ အမြဲ လည်နေရပေသည်။ ထိုသတိကို ခန္ဓာ ကိုယ်အိမ် ထဲသို့ ရောက်အောင်သွင်း၍ ရောက်ရှိနေသော အခါမှ မိမိခန္ဓာ ကိုယ်၏ ချို့ယွင်းချက်တွေကို ထင်ရှား သိနိုင်ပေသည်။

ပေါင်ဦးလမထေရ်ကြီးကို ရှင်သာမဏေဘဝက စေခိုင်း သည်မှာ အရှင်ဘုရား တောင်ပို့တခုတွင် အပေါက် ခြောက်ပေါက်ရှိရာ ငါးပေါက်ကို ပိတ်၍ တပေါက်က စောင့်ဖမ်းလျှင် တောင်ပို့ ထဲ၌ ရှိသော ဖွတ်ကောင်ကို မိနိုင်ပါသည်တဲ့။ အဲဒါ ဥပမာဘဲ၊ ယခုလဲ မိမိ၏ ခန္ဓာ ကိုယ်၌ မျက်စိ- နား- နှာ- လျှာ- ကိုယ်- စိတ် ဟူသော အပေါက် ခြောက်ပေါက် ရှိနေသည်။ ထိုအပေါက် ခြောက်ပေါက် တို့တွင် ငါးပေါက်ကို အလုံပိတ်၍ စိတ် ပေါက်က စောင့်ဖမ်းလျှင် မိမိ ခန္ဓာကိုယ် အတွင်း၌ ရှိနေသော ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော တရား တွေကို မိနိုင်သည်ဟု ဆိုလိုသည်။ ထိုကြောင့် ယောဂီမှာ

သဒ္ဓါရှာ အပ္ပမာဒေန သမ္ပာဒေထဟု မြတ်စွာဘုရား မှာထားတော်မူခဲ့သည့်အတိုင်း ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ် သင်္ခါရတရားတို့ကို မမေ့သော သတိဖြင့် စောင့်ရှောက်နိုင်ကြ ပါစေကုန်သတည်း။

ကောသလမင်းကြီး၏မိဖုရားမလ္လိကာသည် အသဒိသ ဒါန စသော များစွာသော ကုသိုလ် ကောင်းမှုတို့ကို မင်းကြီးနှင့်အတူ ပြုဘူးလျက် ရှိခဲ့သည်။ သေခါနီးတွင် တခါတုန်းက မတရား သက်သက် လှည့်ဖြား၍ ကော သလမင်းကြီးအား လိမ်မိခဲ့သည်ကို အမှတ်ရမှုကြောင့် သေသည်၏ အခြားမဲ့၌ ငရဲသို့ ကျရသတဲ့။

ကဿပ ဘုရားရှင်လက်ထက်က ရဟန်းကြီး တပါး သည် ရဟန်းတရားကို အနှစ် နှစ်သောင်း အားထုတ် ပါသော်လည်း တမဂ်-တဖိုလ်မျှ မရသဖြင့် သေခါနီးအခါ မိမိသီလစင်ကြယ် မစင်ကြယ်ကို စစ်ဆေး ကြည့်သော် ဟိုစဉ်တုန်းက လှေပေါ်မှနေ၍ သမန်းမြက်ဖျား တခုကို ကိုင်ကြည့်မိစဉ် လှေလှော်လိုက်သဖြင့် ပြတ်သွားသည်ကို ဒေသနာခံ ပုဂ္ဂိုလ်တပါးမျှ မရှိ၍ ဒေသနာ မကြားလိုက် ရလေခြင်းဟု အနည်းငယ် ပူပန်မိသဖြင့် စုတေလတ်သော် ထိုစွဲလမ်းချက်ကြောင့် ဧရကပတ္တနဂါး ဖြစ်ရရှာသည်။

သတိကို စောင့်ရှောက် နိုင်ပါလျှင် အရှုံးတောင် ပျောက်ရလေသည်။ ထို့ကြောင့် သတိကို အရှုံး ပျောက် သော ဆေးကောင်းတခုဟု ဆိုချင်သည်။ ပဋ္ဌာစာရီကို ကြည့်ပါ။

၁။ ပဋ္ဌာစာရှိသည့် သားကြီး ရေလွှန် သားငယ် ငွန်သုတ် လင်သက်ဝေမြွေခဲ ဇွိမ်လဲ၍ မိန့်ဘ မောင်ကာစ သေဆုံးကြသဖြင့် အဆွေအမျိုး ပျက်စီးခြင်းဆိုတဲ့ ဉာတိဗျသနဘေးနှင့် ရင်ဆိုင်တွေ့ရသည်။

၂။ ပစ္စည်းဥစ္စာ ဆုံးပါးပျက်စီးခြင်း ဆိုတဲ့ ဘောဂ ဗျသနဘေးနှင့်လည်း ရင်ဆိုင်တွေ့ရသည်။

၃။ ထိုသို့သော ပျက်စီးခြင်း ဘေးတို့နှင့် တွေ့ကြုံ ရသဖြင့် အရူးမကြီး ဖြစ်ရခြင်းဆိုတဲ့ ရောဂ ဗျသန ဘေးနှင့်လည်း ရင်ဆိုင်တွေ့ရသည်။

၄။ အရူးဖြစ်၍ ကိုယ်မှု နှုတ်မှု မလုံခြုံတော့ သဖြင့် သီလ ပျက်စီးရခြင်းဆိုတဲ့ သီလဗျသန ဘေးနှင့်လည်း ရင်ဆိုင်တွေ့ရသည်။

၅။ ငါ့ကိုယ် မဟုတ်သည်ကို ငါ့ကိုယ်ဟု စွဲယူထင် မှတ်၍ ငါ့ကိုယ် ငါအစိုးရသည်။ ငါ့အလို လိုက်သည်။ ငါ့လင် ငါ့သား စသည်ဖြင့် အထင်အယူ မှားယွင်း ပျက်စီးခြင်းဆိုတဲ့ ဒိဋ္ဌိဗျသန ဘေးနှင့်လည်း ရင်ဆိုင် တွေ့ရသည်။

ထိုဗျသန ငါးပါးဘေးနှင့် ရင်ဆိုင် ကြုံတွေ့ နေရပြီး အရူးမကြီးဖြစ်ခါ ခါးဝတ်ပင် မကပ်နိုင်အောင် ဖြစ်နေစဉ် မြတ်စွာဘုရားထံ ရောက်သွားသော အခါ သတိံ လဘေ ယျာသိ ဘဂိနီဟူသောအားဖြင့် ချစ်သမီးပဋာစာရီ သတိကို မြဲစွာထားပါလော့။ သတိပေးစကား ဘုရားရှင်ပြောကြား

လိုက်တော့ ဖြူးကနဲ သတိကို ချုပ်လိုက်ရာ အရှုးပျောက် သွားရသည်။ ထို့ကြောင့် သတိကို အရူးပျောက်ဆေးဟု မှတ်ယူသင့်သည်။ ပုထုဇ္ဇနော ဥမ္မတ္တကော အရ ပုထုဇဉ် အရူးတို့သည်လည်း ထိုသတိဖြင့် ကုစား အပ်သတည်း။

သမာဓိဗလ-ဟုခေါ်သော အာရုံကို အစွဲပြုလျက် စိတ်တို့၏ အကြိမ်များစွာ ထပ်ကာထပ်ကာ ဖြစ်ပေါ်မှုကို သမာဓိဟု ခေါ်သည်။ ထိုသမာဓိစိတ်သည် ငြိမ်သည်၊ တည်သည်၊ ဟိုအာရုံ ဒီအာရုံသို့ မပြောင်းဘဲ တခုတည်းသော အာရုံအတွက် စိတ်တို့၏ အစဉ်မပြတ် ထပ်ကာထပ်ကာ ဖြစ်ပေါ်နေသည်။ တခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ ဧကဂ္ဂတာဟုလည်း ခေါ်သည်။ ထိုသမာဓိစိတ် ဖြစ်ပေါ်လာသောအခါ အနေအထိုင် အပြော အဆို တည်ကြည်သည် သွားလာသည့်အခါ ဣန္ဒြေရရသွားလာမှုရှိသည်။ ပေါင်းသင်း ဆက်ဆံ ရာမှာလည်း တည့်မတ်သည်။ ကိုယ်-နှုတ်-စိတ် အမှုအရာတို့သည် ရှေ့အခါနှင့် မတူ၊ တမျိုးအားဖြင့် ပြောင်းသွားသည်။ သို့သော် စွဲမိစွဲရာကိုလည်း စွဲလမ်း နေတတ်သည် ဖြစ်၍ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်ကို ကမ္မဋ္ဌာန်း အာရုံ၌ မှန်မှန်ကန်ကန် ဖြစ်အောင် တခါတခါ ပြောပေး ပေးရသည်။မေးစစ် ကြည့်ရသည်။ထိုသမာဓိစိတ်ဖြစ်လာသော ယောဂီသည် ဖြစ်လာသော သမာဓိကို ကျောက်တိုင်ကို လေတိုက်ခတ်သောအခါ မယိုင်မလဲ ခိုင်မြဲ တည့်မတ်စွာ နေသကဲ့သို့ ဖြစ်လာအောင် ကျိုးစားထားရမည်။တခုသော

အာရုံ၌ စိတ်တို့ အကြိမ်များစွာ ထပ်ကာထပ်ကာ ဖြစ်ပေါ်သည် ဆိုသည်မှာ–

ဥပမာ ပန်း ဝါသနာ ပါသော သူသည် နှင်းဆီပန်း တခုကို အာရုံပြုလျက် စိတ်ပေါင်း သိန်းသန်း ကုဋေ မက အောင် ချုပ်ပျောက် သွားသော်လည်း ထိုစိတ်တို့သည် တခြားကို အာရုံမပြုဘဲနှင့် နှင်းဆီပန်း တခုကိုသာ အာရုံပြုသကဲ့သို့ မှတ်ရမည်။ နှင်းဆီပန်းကိုသာ အာရုံ ပြုလျက် စိတ်တွေ သိန်းသန်းကုဋေမကအောင် ချုပ်ပျောက် သွားလေသည်။ ထိုချုပ်ပျောက် သွားသော စိတ်တွေထဲမှာ တည်ငြိမ်မှု ဟူသော သဘာဝတခု ပါဝင် နေသည်။ ထိုတည်ငြိမ်မှုသည် ပထမဖြစ်သော စိတ်မှာလည်း ပါဝင်သည်။ ဒုတိယဖြစ်သော စိတ်မှာလည်း ပါဝင်သည်။ တတိယ စိတ်မှာလည်း ပါဝင်သည်။ထိုအတူ စိတ်ပေါင်း သိန်းသန်း ကုဋေ တွင်လည်း ပါဝင် ဖြစ်ပေါ်နေသည်။ ဒုတိယစိတ်တွင် ပါဝင် ဖြစ်ပေါ်သော တည်ငြိမ်မှုသည် အရှိန်ရသည်၊ အရှိန်ပြင်းသည်၊ နောက်နောက် စိတ်၌ ပါဝင် ဖြစ်ပေါ်သော တည်ငြိမ်မှုတို့သည် အလေ့အထ အရှိန်အဟုန် ပြင်းထန် လာကြ ကုန်သည်။ ထိုအခါ တည်ငြိမ်မှု ထင်ရှားတော့သည်။

ဥပမာ စက်ဘီး စီးသွားသော သူသည် စက်ဘီး ပေါ်၌ တည်ငြိမ်စွာ ထိုင်လျက် စီးသွားပုံကို ကြည့်ပါ။ စက်ဘီးအပတ်သည် ပထမ၌ ဖြေးဖြေးနှင့် မှန်မှန်လည်၍ သွားသည်။ နောက်အခါ စက်ဘီး အပတ်တို့သည် မည်မျ

လောက် မြန်မြန်လည်၍ ပြေးသွားနေစေကာမူ စက်ဘီး ပေါ်၌ တည်ငြိမ်စွာ ထိုင်နေနိုင်သည့်ပြင် လက်ကိုင်ကို လွယ်ကူစွာ ကိုင်သကဲ့သို့ ဖြစ်၍ တည်ငြိမ်မှု ပိုမို ထင်ရှား တော့သည်။ ဤဥပမာ၌ စက်ဘီး တပတ် လည်ခြင်းနှင့် စိတ်တခု၏ ဖြစ်ပျက်ပုံတူသည်။ စက်ဘီး အပတ်ပေါင်း များစွာ လည်ပတ်ခြင်းနှင့် စိတ်တွေ များစွာ ဖြစ်ပျက်ကြပုံ တူသည်။ စက်ဘီးပေါ်၌ တည်ငြိမ်စွာ ထိုင်နိုင်မှုနှင့် သမာဓိ တည်ငြိမ်မှု တူသည်။ ထိုသမာဓိ သည်လည်း သုံးမျိုးရှိသည်။

၁။ ခဏိကသမာဓိ၊

၂။ ဥပစာရသမာဓိ၊

၃။ အပ္ပနာသမာဓိ၊

ထိုသုံးမျိုးတွင် အထက်ဖော်ပြခဲ့သော နှင်းဆီပန်း စက်ဘီး ဥပမာတို့၌ ပါဝင်သော တည်ငြိမ်မှုမျိုးသည် ခဏိကသမာဓိ တည်ငြိမ်မှုမျိုးဖြစ်သည်။

ဥပစာရ သမာဓိ တည်ငြိမ်မှုမှာ အကျယ်ချုပ်နှင့် ထားသော အကျဉ်းသမား၏ တည်ငြိမ်မှုမျိုးဖြစ်သည်။ ဥပမာ လူတယောက်ကို ဤမြို့တွင်း၌သာ နေရမည်။ မြို့ပြင်သို့ မထွက်မသွားရဟု အကျယ်ချုပ်နှင့်ထားသော် မြို့တွင်း၌ ကြည့်ရှုစရာ အားလုံးတို့ကို လည်ပတ်ကြည့်ရှု နိုင်သည်။ မြို့ပြင်ကိုတော့ မထွက်ရ။ ဤနည်းအတိုင်း ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၌ရင်း၊ တရားတော်ဂုဏ်-

ခြောက်ပါး၌ရင်း၊ သံဃာ ဂုဏ်တော် ကိုးပါး၌ ရင်း၊ သို့မဟုတ် ဘုရားဂုဏ်တော်ကိုးပါးတွင် တပါးပါး၌ရင်း စိတ်ကိုထား၍ တခြားအာရုံသို့ မသွားစေဘဲ စိတ်ကို ချုပ်ထားခြင်းသည် ဥပစာရသမာဓိမျိုးဖြစ်သည်။အရဟံ ဂုဏ်တော်တခုကို ပွားနေရိုက် အရဟံဂုဏ်တော်မှတပါး တခြားဂုဏ်တော်သို့ စိတ်ပြောင်းရွှေ့မသွားပေ။

အပ္ပနာသမာဓိ တည်ငြိမ်မှုမှာ ချည်တိုင်၌ ကပ်၍ ချည်ထားသော နွား၏ တည်ငြိမ်မှုကဲ့သို့ အာရုံတခု၌ စွဲစွဲမြဲမြဲ အလိုရှိသမျှ ဓိဓိပိုင်းခြားသော ကာလအတိုင်း တည်ငြိမ်နေမှု ဖြစ်သည်။ အာရုံတခုကိုစွဲ၍ အကုသိုလ် စိတ်ဓာတ်တွေ ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာရာတွင် လည်း တည်ငြိမ်မှု ပါဝင်သည်။ ထို တည်ငြိမ်မှုမှာ မကောင်းသော တည်ငြိမ်မှုဖြစ်သောကြောင့် မကောင်း မိစ္ဆာ သမာဓိခေါ်သည်။ထိုသမာဓိမျိုးကို အလိုမရှိအပ်၊ ဖော်ပြခဲ့သော သမာဓိ သုံးမျိုးလုံးပင် ပညာစခန်း ဝိပဿနာ လုပ်ငန်းကို အားပေးသောကြောင့် အနည်း အများ ဆိုသလို လေ့ကျင့် အားထုတ်ကြရသည်။

ပထမ ခဏိကသမာဓိကိုရအောင် လေ့ကျင့်အားထုတ်ရသည်။
ဒုတိယ ဥပစာရသမာဓိမျိုးရအောင် လေ့ကျင့်အားထုတ်ရသည်။
တတိယ အပ္ပနာ သမာဓိမျိုးရအောင် လေ့ကျင့်အားထုတ်ရသည်။

သို့သော် အပ္ပနာသမာဓိမျိုးကိုကား ဈာန်အဘိညာဉ် စိတ်မျိုးကို အလိုရှိမှ အားထုတ်ပါ။ မဂ်ဖိုလ်လမ်းကို အလိုရှိသောသူသည် ခဏိကသမာဓိ ဥပစာရသမာဓိ

မျိုးဖြင့် ဝိပဿနာကို ကြိုးစား အားထုတ်သင့်ပါသည်။ ဈာန် အဘိညာဉ် လမ်းသို့လိုက်၍ ဈာန်-အဘိညာဉ်တို့ကို ရပေမဲ့ လမ်းမဆုံးသေး။ လောကုတ္တရာ မဂ် ဖိုလ် ကျမှ လမ်းဆုံးသည်။ ထို ခဏိက သမာဓိ ဥပစာရ သမာဓိ ရသော အချိန်သည် ဈာန်လမ်းနှင့် မဂ်လမ်း နှစ်ခုတို့ ခွဲဘိုရာဖြစ်ပါသည်။ ဈာန်ပြီးမှ မဂ်ဆိုလျှင် လမ်းရှည် တော့သည်။ အရင်လို၍ လမ်းတိုတို လိုက်လိုလျှင် ဝိပဿနာကိုသာ တက်ပေတော့။

---

## စိတ်ကို ပြုပြင်ကြ

အာရုံတခုတည်း၌ တည်ငြိမ်နေစေရန် ချုပ်တည်း ထားသောအခါ ရုတ်တရက် တချိန်တည်းနှင့် မဖြစ်နိုင်။ မွေးဘွားလာသောအချိန်မှစ၍ ပေါင်းလွှတ် ပစား ထားခဲ့ သော နွားကို တကြိမ်တခါတည်းနှင့် ချည်တိုင်တွင် ရပ်တည်နေအောင် ထားလို့ မရနိုင်သကဲ့သို့ ဖြစ်သည်။ ထိုစိတ်ကိုယဉ်ကျေးလာအောင် စိတ်၏အလိုကိုတဖြေးဖြေး သိအောင်ပြု၍ မိမိအလိုသို့ ကျရောက်သည်အထိ ပြုလုပ် ရသည်။ အကြမ်းနည်းဖြင့် မပြုလုပ်ရ။ အထက် သမာဓိ လမ်းကို တက်လှမ်း- ပြုလုပ်လိုသောသူသည် မိမိ၏ စိတ်ကို လုပ်နည်း (၅) မျိုးဖြင့် တဖြေးဖြေးလေ့ကျင့်၍ သုံးမသွားရသည်။

## ပထမနည်း

၁။ တပုံတခုသောအာရုံကိုအကြောင်းပြု၍ မကောင်းသော စိတ်ကူးတွေ၊ အကြံအစည်တွေ ဖြစ်ပေါ်လာသောအခါ စိတ်ကို ကောင်းသော အာရုံတခုခုသို့ ပြောင်းလွဲကျရောက်စေ၍ တည်ငြိမ်အောင် ဆုံးမပေးရသည်။ ဥပမာ လိမ္မာသော လက်သမားသည် ကျိုးပဲ့ ဘိညပ်နေသော သပ်ကို ထုတ်ပယ်၍ သပ်ကောင်းတခုကို အစားထိုးသကဲ့သို့တည်း။ ဤပထမ နည်း၌ စိတ်ကို မပြောင်းလွဲရ။အာရုံပြောင်းလွဲရန်ကိုသာ စဉ်းစားရသည်။ ဥပမာ စာမေးပွဲ ကျဆုံးသောအာရုံကို အကြောင်းပြု၍ စိတ်ညစ် ပူဆွေး ရှက်ကြောက်ခြင်း ဖြစ်ပေါ်နေလျှင် ထိုစိတ်ကိုဖျောက်၍ ဗဟုသုတ တိုးပွားစေရန် စာချခြင်း စာအံခြင်း စာကြည့်ခြင်း စာရေးခြင်း စသော အာရုံသို့သာလျှင် ပြောင်းရွှေ့ကျရောက်စေ၍ စိတ်ကို တည်ငြိမ်အောင် ပြုလုပ်ရသည်။ စာမေးပွဲ ကျသဖြင့် စိတ်ညစ်ပူဆွေး နေပါက ကျန်းမာရေးကိုပင် ထိုးရိမ်ရသည်။ အချို့သော သူတို့သည် စိတ်ညစ်ပြေအောင် အရက်သောက်ခြင်း စသည်ကို ပြုကြသည်။ မှားလေစွ စိတ်ကို တည်ငြိမ်လိုခြင်းမှာ မိမိတို့၏ ရည်ရွယ်ချက် ဖြစ်သောကြောင့် လုပ်နည်းလွဲနေသဖြင့် ရည်ရွယ်ချက်အတိုင်း မထိရောက်တော့ပေ။ ထို့ကြောင့် စိတ်ကို အပြစ်ကင်းသော အာရုံတခုခုသို့ ပြောင်းလွဲ ကျရောက်စေမှသာလျှင်

တည်ငြိမ်မှုကို ရရှိနိုင်လေသည်။ စိတ်၏မှီရာ စင်ကြယ်မှ စိတ်စင်ကြယ်သည်၊ စိတ်စင်ကြယ်မှ တည်ငြိမ်မှုရလွယ်သည်။

---

## ဒုတိယ နည်း

၂။ ပဌမနည်းကို ပြုလုပ် လေ့ကျင့် သော်လည်း စိတ်တည်ငြိမ်မှုကို မရဘဲ ယုတ်မာသော စိတ်ကူးတွေ အကြံအစည်တွေ ဆက်လက် ဖြစ်ပွားနေခဲ့လျှင် ထို မကောင်းသော စိတ်ကူးခြင်း၊ ကြံစည်ခြင်းတို့ကို ဝေဘန် ကြည့်ရသည်၊ဤစိတ်ကူး၊ဤအကြံအစည်သည်ဘာကြောင့် အပြစ်ရှိသည်။ ဘာကြောင့် မတရား ဖြစ်နေသည်။ ဤစိတ်ကူးအတိုင်း လုပ်လိုက်လျှင် မကောင်းကျိုးကိုသာ ရရှိတော့မည် စသော တွေးတော ဝေဘန်ခြင်းဖြင့် မိမိ တို့၏စိတ် တည်ငြိမ်မှုကို ရရှိပေမည်။ ဥပမာ....အလှ ပြင်လိုသော မိန်းကလေးကဲ့သို့တည်း။ အလှပြင်လိုသော မိန်းကလေးသည် မိမိကိုယ်ကို လှပအောင် အချိုးကျကျ ပြင်ရသူတို့စိတ်၌ ရှုချင်စဖွယ်ဖြစ်လာအောင် ဘယ်ကဲ့သို့ ပြုပြင်ရလျှင် ကောင်းမည်နည်းဟု စိတ်ကူးခြင်း တွေးတော ကြံစည်ခြင်း ပြုသကဲ့သို့ ထို့အတူ မိမိ၏ စိတ်ကိုလည်း စိတ်ကူးခြင်း တွေးတော ကြံစည် ခြင်းဖြင့် ပြုပြင် ပေးရသည်။

## တတိယနည်း

၃။ အကယ်၍ ဒုတိယနည်းဖြင့် စိတ်ကို ဆုံးမသော်လည်း ထိုမကောင်းသော စိတ်ကူးတွေ အကြံအစည်တွေ ဖြစ်ပေါ်နေတုန်းရှိသော် ထိုစိတ်ကူး အကြံအစည်တွေကို ဂရုမစိုက်ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်အောင် ပြုလုပ်ရသည်။ ထိုသို့ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ပြုလုပ်ခြင်းဖြင့် စိတ်၏ တည်ငြိမ်မှုကို ဖြစ်စေရသည်။ ဥပမာ.... မျက်စိအမြင်ရှိသော ပုဂ္ဂိုလ်တယောက်သည် မိမိ၏ရှေ့၌ ကျရောက်လာသော အာရုံကို ဂရုမစိုက်ဘဲ နေသကဲ့သို့တည်း။ ဤတတိယ ပယ်ဖျောက်နည်းသည် စိတ်ကိုမဟုတ်၊ စိတ်၏ မှီရာဖြစ်သော စာမေးပွဲအာရုံကို အလေးမမူ ဂရုမစိုက်နှင့်ဟု ဆိုလိုသည်။

---

## စတုတ္ထနည်း

၄။ အကယ်၍ တတိယနည်းကို လေ့ကျင့် သဖြင့် စိတ်ကို ဆုံးမသော်လည်း ထိုမကောင်းသော စိတ်ကူး အကြံအစည်တွေ ပေါ်လာနေတုန်းဘဲ ဖြစ်အံ့၊ထိုဖြစ်ပေါ်နေသော စိတ်ကူးတို့၏ ဖြစ်စဉ် သန္တာန်ကို စဉ်းစားခြင်းဖြင့် မိမိစိတ်၏တည်ငြိမ်မှုကိုဖြစ်စေရသည်။ဥပမာ.... လူတယောက်သည် မြန်မြန် သွားမည် နှေးနှေး သွားမည် စသည်ဖြင့် အကျိုးကျေးဇူး ရှိမရှိတို့ကို စဉ်းစား ပြုလုပ်သကဲ့သို့တည်း။ ထိုသူသည် ကြမ်းသမ်းသော ဇာရိယာ

ပုထ်ကိုပယ်၍ သိမ်မွေ့သော ဣရိယာပုထ်ကို တဆင့်ပြီး တဆင့် ယူသဖြင့် ငြိမ်းအေးခြင်းသို့ ရောက်ရသည်။ဤနည်း အတူ စာမေးပွဲကျဆုံးရခြင်း အကြောင်းမှန်ကို ပုံသဏ္ဌာန် ကို ပေါ်လာအောင် စဉ်းစားခြင်းဖြင့် မိမိစိတ်ကို တည်ငြိမ် အောင် ပြုလုပ်ရသည်။

---

## ပဥ္စမနည်း

၅။ အကယ်၍ စတုတ္ထနည်းဖြင့် ပယ်ဖျောက်သော် လည်း ထိုမကောင်းသော စိတ်ကူးတွေ ပေါ်လာတုန်းဘဲ ဖြစ်အံ့၊ ထိုအခါ ယောကျ်ားကောင်းတို့၏ သတ္တိကိုဖြစ်ပေါ် စေ၍ သွား အံကြိတ် ပြီးလျှင် အာစောက် အရပ်သို့ ရောက်အောင် လျှာကို ထိစေ၍ ထိုမကောင်းသော စိတ် တွေကို ကောင်းသောစိတ်ကူး ကောင်းသော ကြံစည်ခြင်း တို့ဖြင့် အတင်းဖိနှိပ်ရသည်။ ထိုသို့ အတင်းဖိနှိပ် ခြင်းဖြင့် စိတ်၏ငြိမ်သက်တည်ကြည်မှုကိုဖြစ်စေရသည်။ဥပမာ...... အလွန်အားကြီး၍ ထောင်ထောင် မောင်းမောင်း ဖြစ်သော ယောကျ်ားတယောက်သည် ပိန်ကြုံချိနဲ့ ခွန်အားနည်းသော ယောကျ်ားတယောက်အား ဦးခေါင်းဂုတ်ဇက် စသည်ကို ကိုင်၍ တွန်းလှဲ ဖိသတ်ပါက လွယ်ကူစွာ ဖိသတ်နိုင် သကဲ့သို့ ထိုအတူ အထက်ကဖော်ပြခဲ့သော ပထမ-ဒုတိယ တတိယ-စတုတ္ထ နည်းတို့ဖြင့် အပယ်အသတ် အကြိတ် အနယ် ခံခဲ့ရသော အာရုံကို ပဥ္စမနည်းဖြင့် လွယ်လွယ်

ကူကူပင် ကောင်းသော အကြံအစည် ကောင်းသော စိတ်ကူး အသစ်တခုက ထိုအဟောင်းစိတ်ကူး စိတ်ယုတ်မာတို့ကို ပယ်သတ်နိုင်သည် ဖြစ်တော့သည်။ ဤသို့ ပယ်သတ်နိုင် သဖြင့်လည်း မိမိ၏စိတ်ကို တည်ငြိမ်အောင် ပြုလုပ်ရသည်။

ပထမ-နည်းဖြင့် အစားသွင်း၍ ပယ်ခြင်း၊
ဒုတိယ-နည်းဖြင့် စိတ်ကူး၍ အပြစ်ကို ဝေဘန်၍ ပယ်ခြင်း၊

တတိယ-နည်းဖြင့် စိတ်ရောအာရုံပါ ဂရုမစိုက်ဘဲ ပယ်ခြင်း၊

စတုတ္ထ-နည်းဖြင့် စိတ်ကူးတို့၏ အစဉ် သန္တာန်ကို တခုချင်း စဉ်းစား၍ ပယ်ခြင်း၊

ပဉ္စမ-နည်းဖြင့် အတင်းဖိနှိပ်လျက် ရှေ့စိတ်ကူးကို နောက်စိတ်ကူးဖြင့် ပယ်ခြင်း၊

ဤငါးမျိုးသော စိတ်ဆုံးမနည်းဖြင့် အလေ့ အကျင့် ပြုကာ ဆုံးမသော ပုဂ္ဂိုလ်သည် စိတ်ကူးမှု၌ အလေ့ အကျင့်ရသဖြင့် အကြင်စဉ်းစား စိတ်ကူးမှုကို ပြုလိုသည် ဖြစ်အံ့၊ ထိုစဉ်းစား စိတ်ကူးမှုကို ပြုနိုင်သည်။ အကြင် စဉ်းစားစိတ်ကူးမှုကို အလိုမရှိ ထိုစဉ်းစား စိတ်ကူးမှုကို မပြုဘဲ နေနိုင်တော့သည်။ ထိုပုဂ္ဂိုလ်သည် သူများထက်

စိတ်အဘက် လေ့လာကျွမ်းကျင်ပြီးလျှင် စိတ်ကို သွမ်းမိုးနိုင်သဖြင့် တက်ကြွသော မာနာနုသယကိုပယ်၍ ဆင်းရဲ၏အဆုံးသို့ ရောက်ရသည်။

ပြဆိုခဲ့ပြီးသော စိတ်ဆုံးမနည်း(၅)မျိုးကို ဗုဒ္ဓ အရှင်သည် စိတ်အထက်တန်း ကျလိုသော ပုဂ္ဂိုလ်များအတွက် မူလပဏ္ဏာသ ပါဠိတော် ဝိတက္ကသဏ္ဌာနသုတ်၌ဟောကြားနည်းပေးတော် မူခဲ့သည်။ ထို့ကြောင့် သမာဓိ လမ်းကို တက်လှမ်း လိုကြသော ပုဂ္ဂိုလ်တို့သည် မွေးကတဲက ပေါင်းသွတ် ပဲစား ထားခဲ့သော နွားရိုင်းနှင့် တူလှသော စိတ်ခါတ်ကို တခုတည်းသော အာရုံဟူသော ချည်တိုင်၌ ရုတ်တရက် မချည်သေးဘဲ အထက်ပါ နည်းအတိုင်း နေ့စဉ်နေ့တိုင်း လေ့ကျင့်ပါဦး။

လေ့ကျင့်ဘန်များသောအခါ မိမိ၏စိတ်သည် မည်မျှယဉ်ကျေးနေပြီဟူသော ဒီဂရီကို မိမိကိုယ်တိုင် အသိဖြစ်တော့သည်။ ထိုသို့ ကိုယ်တိုင်သိ ဖြစ်သောအခါ ဒီဂရီ အဆင့်အတန်း မှီသလောက် ခဏိက သမာဓိကိုဖြစ်စေ ဥပစာရ သမာဓိကို ဖြစ်စေ အပ္ပနာသမာဓိကို ဖြစ်စေ ငွဲစွဲမြဲမြဲ ဆက်လက် အားထုတ်ကြပါ။ သမာဓိသက်သက် အလုပ်မှာ ဝီရိယဟူသော ဇွဲသာလျှင် ပဓာနဖြစ်သည်။ ဇွဲရှိရှိနှင့် အားထုတ်လျှင် ဈာန်ရနိုင်ပါသည်။ အဘိညာဏ် သည်လည်း ပါရမီ အားလျော်စွာ ရနိုင်သည်ဟု ယုံကြည်ပါသည်၊အားထုတ်ကြပါကုန်။

## စိတ်ကို ပြုပြင်ခြင်းဖြင့် ရုပ်ရေပြောင်းနိုင်သည်

သမာဓိ အလုပ်သည် စိတ်လုပ်ငန်းသက်သက်ဖြစ်၍ သမာဓိစိတ် ဖြစ်ပေါ်လာသောအခါ ရုပ်ရေ ငါးပါးတို့ တဖြေးဖြေး သိမ်းဆည်း၍ ကိုယ်- နှုတ် အမူအရာတို့ပင် ပြောင်းလွဲလာတတ်သည်။ စိတ်သည် မိမိယူလိုသော အာရုံတခုကိုသာ စွဲမြဲစွာ ယူထားသည်ဖြစ်၍ မိမိယူထား သော အာရုံမှ တပါးသော အာရုံတို့ကို အလိုမရှိတော့ သဖြင့် မလိုက်တော့ပေ။ အလေးမမူ ဂရုမစိုက်၊ မိမိ ယူထားသော အာရုံတခုကိုသာ အလေးမူ ဂရုစိုက်သည်။ ထိုအခါ အနည်းအများဆိုသလို သမာဓိရှိမရှိ ရုပ်ရေတို့ကို ကြည့်ရှုခြင်းဖြင့် အကြမ်းအားဖြင့် သိနိုင်တော့သည်။

ဥပမာ လောက၌ လူအများတို့သိနေကြသော စပါး သီးနှံကိုကြည့်ပါ။ စပါးပင်၌ အသီးအနှံ ထွက်လာသော အခါ ရှေဦးစွာ နီရည်ခေါ်သော အနှစ်ရှိစ ပြုလာသည်။ ထိုအခါ စပါးသီးနှံသည် အနည်းငယ် ကိုင်းညွတ်လာ သည်။ နီရည် ခေါ်သော အနှစ်သည် တဖြည်းဖြည်း ပြည့်လာခဲ့သော် ရှေးကထက်ပင် တဆင့်တဆင့်ပို၍ ကိုင်းညွတ်လာတော့သည်။ ထိုအတူ သမာဓိအနည်းငယ် ရှိသောသူသည်လည်း ရုပ်ရေတို့သည် အနည်းငယ် သိမ်းဆည်းလာတတ်သည်။ တဆင့်ထက်တဆင့် ရင့်ရင့် လာသောအခါ ရှေကထက်ပင်ပို၍ သိမ်းဆည်းတတ် ကြောင်းကို သိအပ်သည်။

ရဋ္ဌာသယ ၁၄၆-၁၃

ပြခဲ့သော ဥပမာ၌ စပါးသီးနှံတို့သည် အနှံတိုင်း ကိုင်းညွတ်ခြင်း မရှိပေ။ အချို့သော စပါးနှံများကား ထောင်လျက် ရှိကြသည်။ ကိုင်းညွတ်သော စပါးသီးနှံတို့ကား အနှစ်အဆံ ပြည့်ကြသည်။ အနှစ်အဆံပြည့်လေလေ- ကိုင်းညွတ်လေလေ ဖြစ်သည်။ အနှစ်အဆံ မပြည့်၍ အဖျင်းရှိသောစပါးနှံများကား အနည်းငယ်သာ ကိုင်းညွတ်သည်။ ဖလံဖြူ ခေါ်သော စပါးသီးနှံများ ကျတော့ လုံးလုံးကို ကိုင်းညွတ်ခြင်းမရှိ ထောင်လျက်ပင်။ ထို့ကြောင့် အနှစ်ရှိမရှိ မြင်ရုံနှင့် သိနိုင်သည်ဟု ဆိုစမှတ်ပြုကြသည်။ ထို့အတူ သမာဓိ ရှိမရှိ မြင်ရုံနှင့် သိနိုင်သည်ဟု ဆိုအပ်ပြန်သည်။

---

## သမဏာနတ်သား

အခါတပါး မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် တုန်းက ရဟန်း တပါးသည် တရား အားထုတ်နေသည်တွင် သမာဓိစိတ် ဖြစ်ပေါ် နေစဉ် မဂ်ဖိုလ်မရမီ သေလွန်သွားရှာသည်။ ထိုရဟန်းသည် တာဝတိံသာနတ်ပြည်၌ သမဏာနတ်သားဟု ထင်ရှားစွာ ဖြစ်ရလေသည်။ ထိုအခါ ရတနာတို့ဖြင့် တင့်တယ်သော ရွှေဗိမာန်ကြီး၌ အသင့်ရှိနေကြသော နတ်သမီးများက ဝိုင်းရံလျက် နေကြသည်။ ထိုနတ်သားကား လူ့ပြည် တုန်းက ကဲ့သို့ ဇာခြုံကြီးစွာဖြင့် ဥက္ကောင်းကို အောက်သို့

ဝိုက်ကာ မျက်လွှာချလျက် ငြိမ်သက်စွာ နေလေသည်။ အပါးတွင်ရှိနေကြသော နတ်သမီးများသည် ထိုနတ်သား၏ ရှုမြှော်ကိုကြည့်၍ အလိုမကျဖြစ်နေကြသည်တွင် ပါးနပ်သော နတ်သမီးတယောက်က ကိုယ်လုံးပေါ် မှန်ပြင်ကြီး တခုကိုယူ၍ နတ်သား၏ရှေ့တည့်တည့် မြင်လောက်သော နေရာ၌ ချထားလေသည်။ ထိုသို့ချထားသောအခါ ရဟန်း လူထွက် နတ်သားသည် မိမိအရိပ်ကို မြင်လိုက်ရသဖြင့် နတ်သားဖြစ်နေမှန်း သိတော့သည်။ ထိုအခါ နတ်သမီး များနှင့် ရွှေဗိမာန်ကြီးကိုပါ မိမိနှင့်တပါတည်း မြတ်စွာ ဘုရားထံမှောက် အရောက်ပြု၍ အကြောင်းစုံကို လျှောက် ထားတော့သည်တွင် မြတ်စွာဘုရားက ပရိသတ်တို့အား တရားဟောနေတုန်းဖြစ်သဖြင့် ထိုအကြောင်းကို ပရိသတ် တို့အား သိစေ၍ ကရုဏာတော်၏ဂုဏ်ကျေးဇူးနှင့် သစ္စာ လေးပါး တရားတို့ကိုဟောကြားသည်တွင် ထိုနတ်သား သည် သောတာပန်တည်ရလေသည်။ ထိုရဟန်းလူထွက် သမထနတ်သားကဲ့သို့ သမာဓိစိတ်ကိုဖြစ်စေ၍ ရှုမြှော်ကို သိမ်းဆည်းနိုင်ကြရန် နည်းယူကြစေလိုသတည်း။

---

## စိတ်ဖြစ်ပုံကို ခွဲခြားကြ

စိတ်သည် (၁)ကောင်းသောစိတ် (၂)မကောင်းသော စိတ်ဟူ၍ ၂-မျိုးရှိသည်။ ကောင်းစိတ်သည် ကုသိုလ် ကောင်းမှု ပြုဘို့ရာ ကြံစည်စိတ်ကူးသောအခါ ပြုလုပ်ဆဲ, ပြုလုပ်တုန်း, ပြောဆိုဆဲ,ပြောဆိုတုန်း အခါတို့၌ ဖြစ်ပေါ်

တတ်သည်။ ထို့အတူ မကောင်း စိတ်သည်လည်း မကောင်းမှုပြုဘို့ရာ ကြံစည်စိတ်ကူးသောအခါ ပြုလုပ်ဆဲ, ပြုလုပ်တုန်း, ပြောဆိုဆဲ, ပြောဆိုတုန်း အခါတို့၌ ဖြစ်ပေါ်တတ်သည်။ ထိုကောင်းစိတ်, မကောင်းစိတ်, ၂-မျိုးလုံးကိုပင် စဉ်းစားလျှင် သိနိုင်သည်။ ကောင်းစိတ် ဖြစ်ပေါ်နေတုန်းအခါ မကောင်းစိတ် မဖြစ်နိုင်၊ မကောင်းစိတ် ဖြစ်ပေါ်နေတုန်း အခါ၌လည်း ကောင်းစိတ် မဖြစ်နိုင်။ ထိုကောင်းစိတ်, မကောင်းစိတ်, ၂-မျိုးကို ဆင်ခြင်စဉ်းစားစိတ်ကူးကြံစည်ခြင်းဖြင့် ကောင်းစိတ်ကို တိုးပွားစေ၍ မကောင်းစိတ်ကို ပယ်ဖျောက်နိုင်သည်။ ကောင်းစိတ်သည် ကောင်းသော အမှုအရာတို့ကို ပြုလုပ် ပြောဆိုတတ်သဖြင့် ကောင်းကျိုးကို ဖြစ်စေတတ်သည်။ မကောင်းစိတ်သည် မကောင်းသော အမှုအရာတို့ကို ပြုလုပ်ပြောဆိုတတ်သဖြင့် မကောင်းကျိုးကိုဖြစ်စေတတ်သည်။ ထိုကဲ့သို့ဖြစ်တတ်ပုံခံစားရတတ်ပုံတို့ကိုသဘောပေါက်လာအောင် လေးနက်စွာ စဉ်းစားပါ။

ထိုကောင်းစိတ် မကောင်းစိတ် ဖြစ်ပုံကို ဒါနပြုမှု တခု စဉ်းစား ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ သတ္တဝါ တို့၏ ပင်ကိုယ်သဘောသည် မိမိပိုင် ဖြစ်သော ပစ္စည်း တစုံ တခုကို-

၁။ နှစ်သက် စရာဟု ကပ်ငြိသော သဘောဖြင့် စွဲသည်။

၂။ သူများဟာမဟုတ်ဟု တက်ကြွသောသဘောဖြင့် စွဲသည်။

၃။ ငါ့ပစ္စည်း အမှန်ဟု အမြင်မှားသော သဘောဖြင့် စွဲသည်။

ဤအစွဲမျိုးသည် ညစ်နွမ်းသော သဘာဝတွေ ဖြစ်သောကြောင့် တချို့ မကောင်းချေ။ ထိုသဘာဝတွေကို စွန့်လွှတ်၍ လှူဒါန်းပါက စင်ကြယ်သည်။ မိမိသင်ကြားခဲ့ဘူးသော စာဆိုအရ မဟာကုသိုလ်စိတ် (၈) ပါးတွင် တပါးပါးသည် ပစ္စည်းကိုစွန့်လွှတ်မည်ဟု ကြံစည်စိတ်ကူးတုန်းအခါ ပေးသူ၌ ဖြစ်ပေါ်ရမည်ဟု ဆိုပေတော့မည်။ သတိနှင့်ပညာသည် ထိုသဘာဝတွေကိုအတိအကျသိရန် ကူညီ ဆောင်ရွက် ပါလိမ့်မည်။ ဘုရားရှင် ကိုယ်တိုင် သတိပဋ္ဌာန သုတ္တန်စိတ္တာနုပဿနာ ခဏ်းတွင် ဟောတော်မူသည်မှာ-

၁။ ရာဂစိတ် ဖြစ်ပေါ်လျှင် ကပ်ငြိသော သဘောပါဝင်သောစိတ်၊

၂။ ဒေါသစိတ် ဖြစ်ပေါ် လျှင် ကြမ်းသမ်းသော သဘော ပါဝင်သောစိတ်၊

၃။ မောဟစိတ် ဖြစ်ပေါ်လျှင် တွေဝေသော သဘော ပါဝင်သောစိတ်၊

စိတ်ကို ဆင်ခြင် လေ့လာသော (စိတ္တာနုပဿီ) ပုဂ္ဂိုလ်သိသည်။ ကုသိုလ်ရှင်သည် ကုသိုလ်စိတ် ဝါ-

ကောင်းစိတ် ဖြစ်သည်ကို မိမိကိုယ်တိုင် သိရမည်၊ သိမှလည်း ကောင်းမည်။ သိအောင်လည်း လေ့ကျင့်ရသည်။

ထိုကောင်း မကောင်း သဘောကို လက်တွေ့ သိရန် တပည့်များ သင်ကြားသော အခါ ခက်ခဲသဖြင့် မသိနိုင်ကြောင်း တပည့်များက ပြန်ပြော ကြသည်။ ထိုအခါ အောက်ပါအတိုင်းမေးသဖြင့် ကောင်းစိတ် မကောင်းစိတ် ဖြစ်ပုံကို စဉ်းစားလျှင်သိနိုင်ကြောင်း သဘောပေါက်လာကြသည်။

မေး။ တပည့်တို့ စိတ်ဆိုးဘူးသလား။

ဖြေ။ ဆိုးဘူးပါသည်။

မေး။ ထိုဆိုးဘူးသော စိတ်ကို ယခုအခါ သိနိုင်ပါသလား။

ဖြေ။ သိနိုင်ပါသည်။

မေး။ ဘယ်လို သိနိုင်သလဲ၊ ပြောပြစမ်းပါ။

ဖြေ။ စိတ်ဆိုးနေတုန်းက ရင်ထဲမှာ အောင့်သလိုလို ထိတ်ခနဲ ဖြစ်သွားပါသည်။ မျက်နှာ နီသွားပါသည်။ အသားများတုန်လာပါသည်။ တကိုယ်လုံးပူထူနေသည်ဟု ထင်ရပါသည်။ စကားပြော ထစ်နေသလို အာခြောက် သလိုတောင် ဖြစ်သွား ပါသည်။ ထိုအခါ ဘေးနားရှိ လူကပင် စိတ်ဆိုး နေသည်ဟု သိရပါသည်။ တပည့်များက ပြောပြကြသည်။

**ဆရာ**။ ဟုတ်ပြီ အဲဒီ အမှု အရာ များသည် ဆိုးစိတ်ကြောင့် ဖြစ်လာတာဘဲဟု ဆရာက ပြောလိုက်သည်။

**တပည့်**။ အဲဒီ အမှု အရာတွေကို ကိုယ်တိုင် သိသဖြင့် ဆိုးစိတ်ကို သိရပါသည်။

**မေး**။ ဒါဖြင့် တပည့်တို့ ဆိုးစိတ်ကို သိနိုင်လျှင် ကောင်းစိတ်ကိုဘာ့ကြောင့်မသိနိုင်သလဲ၊ စိတ်ချင်းအတူတူ ဆိုးစိတ်ကိုသာ အသိ လုပ်ကြ၍ ကောင်းစိတ်ကိုတော့ အသိမလုပ်ကြဘူးလား။

**ဖြေ**။ ဖြစ်သော စိတ်က ဒေါသလို ပြင်းပြင်း ထန်ထန် မဟုတ်ထာက တကြောင်း တပည့်တို့ ဂရုမစိုက်မှုက တကြောင်း ဒီအကြောင်း ၂-ခုကြောင့် ကောင်းစိတ်ကို တာဘဲဟု ပြန်ဖြေကြသည်။

**ဆရာ**။ ပြင်းပြင်းထန်ထန်ဆိုသောစကားကို သဘောပေါ်လွင်အောင် အောက်ပါအတိုင်း ပြန်မေးရသည်။

**မေး**။ တပည့်တို့ စိတ်မှာ ပွဲကြော်ငြာ၊ ခါတ်ရှင်ကြော်ငြာတို့ကိုတွေ့ရစဉ်အခါ ဘယ်လိုနေသလဲ။

**ဖြေ**။ ကြည့်ရတော့မည်ဟု ဝမ်းသာနေပါသည်။

**မေး**။ ထိုဝမ်းသာစိတ်သည် ဒေါသလို ပြင်းပြင်း ထန်ထန် ဘဲလား။

**ဖြေ**။ မဟုတ်ပါဘူး။

**မေး**။ ဘယ်လိုခြားနားသလဲ။

**ဖြေ**။ ဒေါသ ပြင်းထန်ပုံက ကြမ်းထမ်းပါသည်။ ဝမ်းသာစိတ်က မကြမ်းထမ်းပါ။

**မေး။** ဒါဖြင့် ကြမ်းထမ်းလို့ သိတာမဟုတ်ဘူးပေါ့။

**ဖြေ။** မဟုတ်ပါဘူး၊ သတိမူဂရုစိုက်လျှင် တဖြေးဖြေး တော့ သိလာမှာပါဘဲ။ ။ထိုအခါ ဆိုးစိတ် ဖြစ်ခိုက်မှာ ဒေါသစိတ်ဖြစ်ပုံ၊ ဝမ်းသာစိတ်ဖြစ်ခိုက်မှာ လောဘစိတ် ဖြစ်ပုံနှင့် ဆန္ဒ လောဘတို့ ခြားနားပုံကို ပြောပြသဖြင့် တပည့်များ ကျေနပ်သဘောကျလေသည်။

ဒါနပြုမှု၌ ပေးလှူသော အခိုက်မှာ ကောင်းစိတ်ဖြစ်ပုံ ကို မေးမြန်းရာ-

၁။ အပူငြိမ်းသည်။

၂။ နှစ်မြို့သည်။

၃။ အေးမြသာယာသည်။

၄။ ဝမ်းမြောက်သည်။

၅။ မျက်နှာရွှင်သည်။

၆။ ကိုယ်လက်ပေါ့ပါးသည်။

၇။ ကြမ်းကြမ်းထမ်းထမ်းမဖြစ် ဟု ပြောကြသည်။

ထိုအခါ မဟာကုသိုလ်စိတ် (၈) ပါး တို့တွင် ဝမ်းမြောက်ဝမ်းသာဖြစ်သောစိတ်၊ ဝမ်းမြောက်ဝမ်းသာ မဖြစ်သောစိတ်၊ သိမှုယှဉ်သောစိတ်၊ သိမှုမယှဉ်သောစိတ်၊ တိုက်တွန်းခြင်းရှိသောစိတ်၊ တိုက်တွန်းခြင်း မရှိသော စိတ်တို့ကို တခုစီပြောပြ၍ ဆန္ဒ- စိတ္တ- ဝီရိယ- ပညာတို့ အသီးအသီး ကြီးမှူးကြလျှင် စိတ်ဖြစ်ပုံ တမျိုးစီ ဖြစ်တတ် ကြောင်း ပြောပြလိုက်သည့်ဖြင့်-

၁။ ဖြူစင်သော အကြောင်းသည် ဖြူစင်သောအကျိုး ဖြစ်ပုံ။

၂။ ညစ်နွမ်းသော အကြောင်းသည် ညစ်နွမ်းသော အကျိုး ဖြစ်ပုံ။

ဤသဘာဝဓမ္မတို့၏ ထုံးစံကို ကိုယ်တိုင်သိဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုက်သေးသည်။ ဤမျှဖြင့် ကောင်းစိတ်ဖြစ်စေ၊ မကောင်းစိတ်ဖြစ်စေ၊ စိတ်ဖြစ်ပုံကို စဉ်းစားလျှင် သိနိုင်ကြောင်း အသီးအသီးသဘောပေါက် ဝန်ခံလေသည်။

ထိုသို့ စဉ်းစားလျှင် သိနိုင်သောစိတ်ကို စိတ်ဖြစ်ပုံ သန္တာန်ပေါ်လာအောင် စဉ်းစားဆင်ခြင်၍ ဖြူစင်ကောင်း မြတ်သောစိတ်ဓာတ်များ ဖြစ်ပေါ် ပြောင်းလဲ လာအောင် ပြုပြင်ပြီး သကာလ သမာဓိလမ်းကို တက်လှမ်းနိုင်ကြပါ စေကုန်သတည်း။

ပညာဗလ-ပညာသည် ရုပ်နာမ်တို့၏သဘာဝအမှန်ကို ထင်မြင်အောင် ဆင်ခြင် သိစွမ်း နိုင်သော ဝိပဿနာ အနိစ္စပညာ၊ ဒုက္ခပညာ၊ အနတ္တပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ ဟူ၍ ရှိကြသည်။ ထိုပညာမျိုးကား လောကုတ္တရာပညာ စစ်တည်း။ လောက၌ သုံးစွဲကြသော အိုင်အေ-ဘီအေ-စသော ပညာ၊ စက်မှု-လက်မှု-အင်ဂျင်နီယာ၊ ပန်းထိမ်၊ ပန်းဘဲ၊ ပန်းချီ ဆေးရေး၊ လက်သမား၊ ပန်းပုစသော ပညာမျိုးလည်း ရှိသေးသည်။ ထိုပညာမျိုးကား စင်စစ် ပညာစစ်မဟုတ်၊ သညာ-သဘောသာဖြစ်သည်။ ဤအရာ၌

သညာ သဘောကို အလိုမရှိအပ်။ တလောကလုံးမှာ ရှိနေကြသောသူတို့သည် များသောအားဖြင့် လူ-နတ်-ဗြဟ္မာ ငါသူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ရှိသည်ဟု မြင်နေ- သိနေကြသည်။ ထိုသို့ဖြစ်သည်ကို ဝိပဿနာ ပညာမျက်စိဖြင့် ရှာဖွေနှိုက်ကြည့်က လူ·နတ် ဗြဟ္မာဆိုတာ မရှိ၊ ငါသူတပါး ယောကျ်ား မိန်းမ မရှိ။ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာလည်း မရှိ၊ ရှိတာက ရုပ် နာမ် ၂-ပါးသာ ရှိသည်ဟု သိရသည်။ ထိုကဲ့သို့ တကယ် ရှိသောတရားကို အမှန်သိသော ဝိပဿနာ ပညာစစ် ကိုသာ လိုအပ်သတည်း။ ထို့ကြောင့် ပါဠိတော်၌ ပညာ မျက်စိဖြင့် ရှာဖွေကြည့်က ရုပ်နာမ် ၂-ပါးသာရှိကြောင်း ဟောထားတော်မူသည်။

လောကေ သတ္တောတိ ဝေါဟာရေ၊
ကာယေသန္တာ ပုနပ္ပုနံ။
နာမ ရူပံဝ ပဿန္တိ၊
နတ္ထိ အညံ ကုဒါစနံ။

လောကေ- သုံးဖြာဘုံဘ သုံးပါးသော ကာလကြီး ထဲ၌၊ သတ္တောတိ-လူ-နတ်-ဗြဟ္မာ ငါသူတပါး ယောကျ်ား မိန်းမသတ္တဝါဟူ၍၊ဝေါဟာရေ-ခေါ်ဝေါ်ပညတ် သမုတ် အပ်သော၊ကာယေ-ခြေမှခေါင်းဆုံး တကိုယ်လုံး၌၊သတ္တ-သန္တာယခေတ် ပူးကပ်စွဲယူ လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှကို၊ ပုနပ္ပုနံ- ကြိမ်ဖန်မပြတ် အထပ်ထပ်၊

သေဿာ-ပညာ မြေနိုက် ရှာဖွေလိုက်ကုန်သည် ရှိသော်၊ နာမရူပံဝ- ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ပရမတ္ထတရား အနှစ်ကိုသာလျှင်၊ ပဿန္တိ - ဉာဏ်မျက်စိဖြင့် တတ်သိ ထင်ထင် တွေ့မြင်ကြလေကုန်၏။ အညံ- ရုပ်-နာမ်နှစ်ပါး ပရမတ္ထတရားမှတပါးသော လူ-နတ်ပြဟ္မာ ငါသူတပါး ယောကျ်ား မိန်းမဟူသမျှသည်၊ ကုဒါစနံ- တစုံတရာမျှ၊ နဟိ-နတ္ထိဝေ-ရှာဖွေတိတိ မရရှိသည်သာလျှင်တည်း။

တလောကလုံးမှာ လူ-နတ်-ပြဟ္မာမရှိ ငါ သူတပါး ယောကျ်ား, မိန်းမ မရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နာမ် နှစ်ပါး ပရမတ္ထအစစ် တရားသာ ရှိသည်။ ဉာဏ်၌ မြင်အောင်ကြည့်။

**မေး။** ကတမဉ္စ ဘိက္ခဝေ ရူပံ၊ ချစ်သား ရဟန်းတို့ ပရမတ်အနှစ် ရုပ်-ခန္ဓာ အစစ်သည် အဘယ်နည်း။ ဤသို့ မေး၍ မြတ်စွာဘုရားသည် မိမိကိုယ်တိုင်ပင် အောက်ပါ အတိုင်း ဟောကြားဖြေဆိုတော်မူသည်။

စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါ ဒါယရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။

ပရမတ်အနှစ် ရုပ်ခန္ဓာအစစ်ကို သိလွယ်လိုငြား အို- ချစ်သားတို့ လေးပါးကုန်သော မဟာဘုတ်တို့သည်၎င်း၊ လေးပါးကုန်သော မဟာဘုတ်တို့အား မှီ၍ ဖြစ်သော ဥပါဒါရုပ်သည်၎င်း၊ ဤနှစ်ပါးအပေါင်းကို ပရမတ်အနှစ် ရုပ်ခန္ဓာ အစစ်ဟူ၍ ဆိုအပ်သည်ဟု ဟောတော်မူသည်။

လူတို့၏ ခန္ဓာကိုယ်၌ လူမှန်းခြောက်တွေနှင့် တူသော တွေ့အပ် ထိအပ် အမှန်အဖတ် အမာခံ ဓာတ်သဘော တွေကား ပထဝီမြေဓာတ်။

သွေးရေနှင့်တူသော အဖိုအစွတ် အဖွဲ့အစည်း အရည် အချော် သဘောတွေကား အာပေါရေဓာတ်။

လပ်-ဆပ်-နူဖတ် ပြော့ပြောင်းအောင် ပူနွေးရင့်ကျက် စေတတ်သော အပူအအေး အနွေးအငွေ့ သဘောကား တေဇော မီးဓာတ်။

ပေါင်းပွ တိုးဝှေ့ တွန်းကန် တောင့်ခိုင်စေတတ် သော လေတွေကား ဝါယော လေဓာတ်၊ ထိုဓာတ် လေးပါးကို မဟာဘုတ် လေးပါးဟူ၍ခေါ်သည်။ ထိုဓာတ် လေးရပ် မဟာဘုတ်ကိုမှီ၍ဖြစ်သော ဝဏ္ဏ-အဆင်းဓာတ်၊ ဂန္ဓ-အနံ့ဓာတ်၊ ရသ-အရသာဓာတ်၊ ဩဇာ-အဆီအစေး ဓာတ်၊ ဤဓာတ်လေးပါးကိုတော့ မဟာဘုတ် ဓာတ်လေး ပါးကို မှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် အမှီရုပ်ဟူ၍ ခေါ်သည်။ ဤမဟာဘုတ် ဓာတ်လေးပါး ဥပါဒါရုပ် လေးပါး အပေါင်းကိုတော့ ဓာတ်ရှစ်ပါး ပေါင်းစုနေသည် ဖြစ်သောကြောင့် အဋ္ဌကလာပ်ရုပ်(၈)ပါးဟု ခေါ်သည်။ ဤဓာတ်ရှစ်ပါးအပေါင်းကို ပရမတ်အနှစ် ရုပ် ခန္ဓာအစစ် ဖြစ်ကြောင်း ဟောတော်မူသည်၊ ရုပ်ဆိုတာ ဒါဘဲဟု သေချာစွာ မှတ်အပ်သတည်း။

**မေး။** ကတမဉ္စ ဘိက္ခဝေ ဝိညာဏံ၊ ချစ်သားတို့ ပရမတ်အနှစ် နာမ်ခန္ဓာအစစ်သည် အဘယ်နည်း။ ဤသို့

မေး၍ မိမိကိုယ်တိုင်ပင် အောက်ပါအတိုင်း ဖြေဆို ဟောကြားတော်မူပြန်သည်။

ဆယိမေ ဘိက္ခဝေ ဝိညာဏကာယာ စက္ခုဝိညာဏံ
သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါဝိညာဏံ
ကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိဝိညာဏံ။

ပရမတ်အနှစ် နာမ်ခန္ဓာ ဝိညာဏ်အစစ်ကို သိလွယ်လိုငြား အို—ချစ်သားတို့ နာမ်ခန္ဓာ ဝိညာဏ် အစုတို့သည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနော ဝိညာဏ်ဟူ၍(၆)ပါးတို့ပေတည်း။ ဤ(၆)ပါး အပေါင်းကို ပရမတ်အနှစ် နာမ်ခန္ဓာ အစစ် ဟူ၍ ဟောတော် မူသည်။ နာမ်ဆိုတာ ဤဝိညာဏ်(၆)ပါးကို ခေါ်တာဘဲဟု မှတ်အပ်သတည်း။

ဤဝိညာဏ်(၆)ပါး အသိတရားသည် ဒွါရခြောက်ပါး၌ အကြောင်းအာရုံ တိုက်ဆိုင်လာသော အခါ အမြဲမပြတ် ဒလစပ်ဖြစ်၍နေသည်။အကြောင်းအာရုံ တိုက်ဆိုင်မှု မရှိလျှင် မဖြစ်နိုင်၊ အသိ ဆိတ်နေသည်။ ပသာဒအကြည်ရုပ် ပျက်စီးနေလျှင်လည်း မသိနိုင်၊ ဤဝိညာဏ်ကိုပင် ဆန်းကြယ်စွာ ကြံစည်တတ်ရကား စိတ်ဟူ၍ခေါ်ဆိုသည်။ အာရုံသို့ သွင်းတတ်သောကြောင့် နာမ်ဟူ၍လည်း ခေါ်ဆိုသည်။

ထိုပြဆိုခဲ့ပြီးသော ရုပ်ဓာတ်- နာမ်ဓာတ် ပရမတ်တရားကိုပင် လောက၌ လူ-နတ်-ဗြဟ္မာ ငါ- သူတပါး

ယောကျ်ားမိန်းမ ပုဂ္ဂိုလ်-သတ္တဝါဟု ထင်နေကြသည်။ ထိုသို့ ထင်ခြင်းမှာ ဝိဇ္ဇုဝိပ္ပလ္လာသကြောင့် ဖြစ်ကြရတာ ဖြစ်လေသည်။ ဝိပဿနာ ပညာမျက်စိဖြင့် ကြည့်ပါ။

ရုပ်၌ ပထဝီသည် မာမှုသဘော နူးညံ့မှု သဘော ရှိသည်၊ အာပေါသည် ဖွဲ့စည်းမှုသဘော ယိုစီးမှုသဘော ရှိသည်၊ တေဇောသည် ပူမှုသဘော အေးမှုသဘော ရှိသည်၊ ဝါယောသည် တွန်းကန်မှုသဘော လှုပ်ရှားမှု သဘောရှိသည်၊ ဝဏ္ဏ-အဆင်းသဘော၊ ဂန္ဓ-အနံ့သဘော၊ ရသ-အရသာသဘော၊ ဩဇာ-အဆီအစေး သဘော၊ ရုပ်သည် ဤရှစ်ပါး၏ အပေါင်းဖြစ်သည်။ ထိုရုပ် ရှစ်ပါး အပေါင်းကို တခုစီ ဉာဏ်နှဲ့ ရှာကြည့်ပါ။သဘောအားဖြင့် တမျိုးစီဖြစ်၍ ပထဝီကို လူခေါ်သလား-နတ်ခေါ်သလား-ဗြဟ္မာခေါ်သလား၊ ငါလား-သူတပါးလား- ယောကျ်ား လား-မိန်းမလား-ပုဂ္ဂိုလ်ခေါ်သလား-သတ္တဝါခေါ်သလား သေသေ ချာချာကြည့်၊ ပထဝီကို လူခေါ်တာမဟုတ်-နတ်ခေါ်တာမဟုတ်-ဗြဟ္မာခေါ်တာမဟုတ်-ငါလဲမဟုတ်-သူလဲမဟုတ်- ယောကျ်ားလဲ မဟုတ်- မိန်းမလဲ မဟုတ်-ပုဂ္ဂိုလ်လဲမဟုတ်-သတ္တဝါလဲ မဟုတ်သည်ကို သိလာပါ လိမ့်မည်။ ထို့အတူ အာပေါ- တေဇော- ဝါယောတို့ကို ကြည့် လူ-နတ်-ဗြဟ္မာ ငါသူတပါး ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ မဟုတ်ဟု သိလာမည်။

ထိုသို့ သိသောအခါ ရုပ်ဘက်၌ လူ-နတ်-ဗြဟ္မာ-ငါ-သူတပါး-ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါဟု ထင်နေ

သည့်ကို အထင်မှားနေကြောင်း အမှား မြင်နေကြောင်း ထင်ရှားသိလာမည်၊ နာမ်ဘက်၌လဲကြည့်၊ သိတတ်တဲ့ သဘောကို နာမ်ခေါ်သည်၊ ထိုနာမ်ကို လူခေါ်မလား- နတ်ခေါ်မလား-ဗြဟ္မာခေါ်မလား၊လူ-နတ်- ဗြဟ္မာမှမရှိဘဲ ဘယ်က လူ-နတ်-ဗြဟ္မာက သိမလဲ၊နာမ်ကသာသိသည်၊ ငါ- သူတပါး- ယောကျ်ား- မိန်းမ- ပုဂ္ဂိုလ်-သတ္တဝါလဲ သိသည်မဟုတ်၊ သိတတ်တဲ့သဘောသည် နာမ်၊ ထိုနာမ် ကသာ သိသည်။ ဤကဲ့သို့ သဘောပေါက်အောင် ကြည့်၊ လူ-နတ်-ဗြဟ္မာ-ငါ-သူတပါး-ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်- သတ္တဝါ ဆိုတာ မရှိ၊ ရှိတာက ရုပ်နာမ်သာ ရှိသည်။ ဤသို့ သေချာစွာ သိလာလျှင် အမြင်မှန် ရလာပြီဟုမှတ်။

ဓမ္မသင်္ဂဏီ ပါဠိတော် ကုသလာဓမ္မာ ဟူသော ပုဒ်၌ ကုသလာ အနာဝဇ္ဇ သုခဝိပါက လက္ခဏာ- အပြစ်မရှိ ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်သော၊ ဓမ္မာ နိဿတ္တနိဇ္ဇီဝသဘာဝါ - သတ္တလည်း မဟုတ် ဇီဝ လည်းမဟုတ်ကုန်သောသဘောတရားတို့သည်၊သံဝိဇ္ဇန္တိ- ရှိကုန်၏။ ဤသို့ ဟောတော်မူသည်။

ဤပါဠိတော်အရ ဓမ္မာ ဟူသော ပုဒ်၌ သတ္တဝါ မရှိ ဇီဝခေါ်သော အသက်လိပ်ပြာဆိုတာလည်း မရှိကြောင်း ကို နိဿတ္တနိဇ္ဇီဝသဘာဝါဖြင့် သတ္တမဟုတ် ဇီဝမဟုတ်ဟု ဟောထားသည်။ သတ္တဝါဆိုတာ ရှာကြည့်ပါ၊ အသက် လိပ်ပြာ ဆိုတာ ရှာကြည့်ပါ၊ ဘုရားက မရှိဘူးလို့ ဟောထားတာ ကိုယ်ကရှိတယ်ထင်ပြီး ရှာနေသော်လည်း

ဘယ်နည်းနဲ့မှ မရ၊ သို့သော် အဝိုင်အခဲ ဟူသော ဃန ပညတ်၊ ယောကျ်ားသဏ္ဌာန်-မိန်းမသဏ္ဌာန်-လူသဏ္ဌာန်-နွားသဏ္ဌာန်- ခွေး သဏ္ဌာန်- ဝက် သဏ္ဌာန် ဟူသော သဏ္ဌာနပညတ်၊ ဤပညတ်တရားက ဖုံးအုပ် ထားတော့ ပညတ်ကို ပေါက်အောင် မကြည့်နိုင်သဖြင့် ပညတ်ကို မြင်ပြီး သတ္တဝါဟု ထင်နေကြသည်။ ထိုသတ္တဝါ၌ အသက် လိပ်ပြာ ရှိသည်ဟု ထင်နေကြသည် မြင်နေကြသည်။

ရဇ္ဇုယောဂါ ဒါရုယန္တံ၊
သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊
အညမည သမာယုတံ။

ဝိသုဒ္ဓိမဂ် ဂါထာ။

ဒါရုယန္တံ - လက်ပံ သစ်သား ထုလုပ်ထားသည့်၊ မင်းသား-မင်းသမီးစသော သစ်သားရုပ် အပေါင်းသည်။ ရဇ္ဇုယောဂါ-ခြေကြိုး တင်ကြိုး ရင်ခါးကြိုးနှင့်ခေါင်းကြိုး ဂုတ်ကြိုးအမျိုးမျိုးကို လျှိုထိုးစပ်ယှဉ် ဆွဲငင်ကပြ ပေးကြလေသောကြောင့်၊ သဗျာပါရံဝ- အရုပ်ကိုက ဆိုပြလေယောင်, က,လေယောင်နှင့် အိပ်ယောင်ထသွား လှုပ်ရှား ပြုပြင်သကဲ့သို့၊ ခါယတိ-လူရာ လူရေး ညက်နူသေးသည့် ကလေးသူငယ်၊ လူမမယ်တို့၊စိတ်ဝယ်မှတ်သား၊ ထင်မှတ်မှားတတ်လေ၏။ဧဝံ-ဤသို့ ရုပ်သေးသစ်သား၊ပမာထား၍၊ မခြားတမူ၊ အလားတူ။ သုညံ-သတ္တဇီဝ၊ ပုဂ္ဂလတို့၊ ဘာမျှ

လုံးလုံး သုဉ်းသော။ နာမရူပ်–စိတ်ထင်မှတ်မှား၊ ပညတ် အားဖြင့်၊ ယောကျ်ား–မိန်းမ၊ ခေါ်ဝေါ်ကြသည့်၊ ဓမ္မ လမ်းမှန်၊ ရုပ်နာမ်နှစ်ပါး၊ ဤတရားသည်၊ အညမညသမာ ယုတံ–ဖွဲ့ကြိုးချည်ကာ၊ နာမ် ခန္ဓာနှင့်၊ ပမာ သစ်သား၊ ရုပ်တရားတို့၊ကြောင်းအားလျော်ညီ၊ပေါင်းဆုံမှီ၍၊ယှဉ်တွဲ သည်ဖြစ်၍၊ သဗျာပါရံဝ–သွားတတ်လေယောင်၊ ဟန် ဆောင်လှည့်ဖြား၊ လှုပ်ရှားထကြွလေသကဲ့သို့၊ ခါယာဒိ– ရုပ်နာမ်နှစ်ဖြာ၊ ဝိပဿနာ–ဘာဝနာ အရေး၊ ဉာဏ်နု သေးသည့်၊လူကြီးကလေး၊ စိတ်အတွေး၌၊ ရေးရေးရှုမြင်၊ မှတ်ထင်၍–လာတတ်လေ၏။

လောက၌ ရုပ်သေးပွဲများကို သွားရောက် ကြည့်ကြ သောအခါ လက်ပံ သစ်သားများကို ထုလုပ် ထားသော မင်းသား–မင်းသမီးစသော အရုပ်များကို တွေ့မြင်ကြသည်။ ထိုအရုပ်များကို ခြေကြိုး တင်ကြိုး ရင်ကြိုး ခါးကြိုး စသည်တို့ဖြင့် သျှိသိုး၍ ဆွဲငင်ကပြကြသောအခါ ဉာဏ် နုသော ကလေးသူငယ်များ စိတ်သည် အရုပ်ကိုက တကယ် ကပြနေသည်ဟု မှတ်ထင်ကြသည်။ ခြေကြိုး တင်ကြိုး ရင်ကြိုး ခါးကြိုး စသည်တို့က ဆွဲငင် ပြုပြင် ပေးမှုကြောင့် လက်ပံ သစ်သားရုပ်က လှုပ်ရသည်။ ကြွရသည် ကသောအမှုအရာ ဖြစ်ရသည်ဟု မမြင်ကြပေ၊ ထိုသစ်သား ရုပ်အတူ မိမိ၏ ခန္ဓာကိုယ် သည်လည်း သွားခြင်း ရပ်ခြင်း ထိုင်ခြင်း–လျောင်းခြင်း ကွေးခြင်း– ဆန့်ခြင်း စသော အမှုအရာ အမျိုးမျိုး ဖြစ်ပေါ်နေသည်။

ထိုအမျိုးမျိုးသော အမူအရာတွေ ဖြစ်ပေါ်ရခြင်းကို ကြည့်။ သူ့အလိုလို ဖြစ်ရသည်မဟုတ် စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်က စိတ်ပြုပြင်ပေးမှုကြောင့် အမူအရာတွေ ဖြစ်ရသည်။ သွားချင်သည်ဆိုတာ စိတ်က သွားချင်တာ ဖြစ်သည်။ စိတ်ကသွားချင်တော့ သွားသည်။ သွားချင်တာ ကစိတ်၊ သွားတာက ဝါယောဓာတ်၏ အမူအရာ၊ ဝါယော ဓာတ်၏ အမူအရာသည် သူ့အလိုလို ဖြစ်သည် မဟုတ်၊ စိတ်ကြောင့် ဖြစ်ရသည်။ ပရမတ် ရုပ်ကို ဉာဏ်နဲ့ မြင်အောင်ကြည့်၊ ကြည့်ပါများသောအခါ ပရမတ် ရုပ် တွေကို အမြင် သန်လာလိမ့်မည်။ ထို့အတူ ရုပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ကွေးခြင်း ဆန့်ခြင်း စသော အမူ အရာတွေ ပြုတိုင်းပြုတိုင်းလည်း ကြည့်ရသည်။ ကြည့်ပါ များ၍ ရုပ်သဘောကို ပိုင်နိုင်စွာ သိလာလျှင် ထိုအမူအရာ ပြုတိုင်း ပြုတိုင်း သိသိနေသော နာမ်သဘောကိုလည်း ကြည့်၊ အမူအရာ ပြုတိုင်း ပြုတိုင်း သိသိနေခြင်းသည် နာမ်ဘဲဟု ဉာဏ်အမြင်သန်လာလိမ့်မည်။ ထိုသို့ ရုပ်နှင့် နာမ် အမြင်မှန် အသိမှန်ရလာသောအခါ ထိုရုပ်နာမ်သည် ကံ-စိတ်-ဥတု-အာဟာရ အကြောင်း တရား လေးပါး ကြောင့် ဖြစ်ရသည်။ ထိုအကြောင်း လေးပါးကြောင့် ဖြစ်သော ရုပ်နာမ်ကို သုံးသပ် ကြည့်ရှုပါ များသော အခါ ရုပ်တရား နာမ်တရားတို့ ဖြစ်ပျက်နေပုံကိုလည်း ဉာဏ်၌ မြင်လာလိမ့်မည်။ မမြင်သေးလျှင်လည်း မြင်အောင်ကြည့်၊ ထပ်ကာ ထပ်ကာကြည့်၊ ကြည့်ပါများလာသော အခါ

မိမိ၏ ကိုယ်ခန္ဓာ အတွင်း၌ ရှိသောပရမတ်ရုပ်တရားတို့ ဖြစ်ပျက်နေပုံကို သိလာမြင်လာမည်။ ထိုအခါ တကိုယ်လုံး တကောင်လုံး၌ ရှိနေကြသော ရုပ်တို့သည် အတည်အမြဲ ဟူ၍ မရှိ။ အသစ် အဟောင်း ပြောင်းလဲ၍ တသုတ်သုတ် တလှုပ်လှုပ် ဖြစ်နေပျက်နေပုံကို ကြည့်လေ မြင်လေ ဖြစ်လာတော့သည်။ ရုပ်တရားတွေ ဖြစ်ပျက် ဖြစ်ပျက်နေ သည်ကို သိ သိနေသော နာမ်တရား ကလည်း အတည် အမြဲမရှိ။ သူလဲ ဖြစ်ပျက် ဖြစ်ပျက်နေသည်။ ဤကဲ့သို့ ရုပ် နာမ်နှစ်ပါး ပရမတ်တရားတို့ တကိုယ်လုံး တကောင်လုံး ဖြစ်ပျက်နေသည်ကို သိနိုင်သည်မှာ ပညာမျက်စိဖြင့်သာ မြင်ရသည်။ သိရသည်။ သညာဖြင့်မသိနိုင်။ ထိုပညာမျိုးကို ရလာလျှင် ဝဋ်ဒုက္ခမှ ထွက်နိုင်သည် ဖြစ်သောကြောင့် ထိုပညာမျိုးကို ရအောင် အားထုတ် ကြရသည်။ အားထုတ်၍ ရရှိလာသော ပုဂ္ဂိုလ်ကို ပညာရှိ အစစ်ဟု ကြေန် ဆိုရတော့သည်။

> ပညဝါ ဟောတိ ဥဒယတ္ထ ဂါမိနိယာ ပညာယ
> သမန္နာဂတော။ အရိယာယ နိဗ္ဗေဓိကာယ
> သမ္မာဒုက္ခက္ခယ ဂါမိနိယာ။

ပညဝါ-ပညာရှိသည်၊ ဟောတိ-ဖြစ်၏၊ ဥဒယတ္ထ ဂါမိနိယာ-မိမိခန္ဓာ သူတပါးခန္ဓာတို့၌ ရုပ်တရား နာမ်-တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်၍နေမှု ခဏမစဲ တသဲသဲချုပ်ကွယ်၍နေမှုတို့ကို အမှီလိုက်နိုင်စွာထသော၊

အရိယာယ-ပုထုဇဉ်သာမန် လူသာမန်တို့နှင့် မတန် မရော မွန်မြတ်စွာထသော၊နိဗ္ဗာန်ကာသ-ကျောက်အတိ ပြီးသော တောင်အထွဋ်၌ ဘောင်အထု တိုက်ကို မှန်မှန် ညက်ညက် ရက်ရက်ခဲခဲ ပက်ပက်ခွဲနိုင်သောအစွမ်းလည်းရှိထသော၊ သမ္မာ- မချွတ် မယွင်း၊ ဒုက္ခကျွယ ဂါမိနိယာ - ဝဋ်ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းမြေ့ပိုင်ပိုင် ဆိုက်ရောက်နိုင်စေထသော၊ ပညာယ- ညဏ်ပညာအရေးနှင့်၊ သမ္ပန္နာဂတော - ပြည့်စုံခြင်းသို့ ရောက်သည်၊ ဟောတိ- ဖြစ်ရလေတော့၏။

---

## ပညာရှိ

ပညာရှိဆိုတာ ဘယ်လို သိနိုင်သော ပုဂ္ဂိုလ်ကိုခေါ် သနည်း ဆိုသော် ရုပ် နာမ်နှစ်ပါးပေါင်းစပ်တည်နေသော မိမိ၏ ကိုယ်ခန္ဓာ သူတပါး၏ ကိုယ်ခန္ဓာတို့၌ ရုပ်တရား နာမ်-တရားတို့သည် နာရီ မိနစ် စက္ကန့်မစဲအောင် တသဲသဲ တသုတ်သုတ် တလှုပ်လှုပ် တရွရွ အတည်အမြဲ ဟူ၍မရှိ။ မပြတ် တလဲစပ် ဖြစ်ပျက်နေ သည်ကို မြင်နိုင်သော ညဏ်ကိုခေါ်သည်။ ထိုညဏ်မျိုး သည်လည်း ပုထုဇဉ် သာမန် လူသာမန် နတ်သာမန်တို့နှင့် ထိုက်တန်သော ဉာဏ်မျိုးမဟုတ်။ ပုထုဇဉ် လူထူး နတ်ထူးတို့နှင့်သာ ထိုက်တန်သော ဉာဏ်မျိုးဖြစ်လေသည်။ ထိုဉာဏ်မျိုး သည် ဘယ်လောက်ထက်မြက် ရှူးရှသလဲဆိုလျှင် ဥပမာ

သိကြားမင်း၏ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ထက်မြက် ရူးရှသည်ဟု ဆိုလေသည်။ သိကြားမင်း၏ ဝရဇိန် မိုးကြိုးစက်သည် ကျောက်အတိပြီးသော တောင်အထွဋ် တောင်အထုတို့ကို မှုန့်မှုန့်ညက်ညက် ကြေမွသွားအောင် ပစ်ခွင်းနိုင်သော အစွမ်းရှိသည်။ ထိုသိကြားမင်း၏ ဝရဇိန်မိုးကြိုးစက်အလားကဲ့သို့ ထက်မြက်ရူးရှသော ဝိပဿနာ ဉာဏ်မျိုးကို ပညာစစ်ဟုခေါ်သည်။ ထိုပညာသည် အဓ္ဓကလာပ်ရုတွေ ပေါင်းစုတည်နေသော ရုပ်တုံး ရုပ်ခဲကြီးကို အာကာသ ခြားလျက် မှုန့်မှုန့်ညက်ညက် ကြေမွသွားအောင် ပစ်ခွင်းထိုးဖေါက်၍ သိနိုင်သော အစွမ်းရှိပေသည်။ ထိုဝိပဿနာ ပညာစစ်မျိုးကို ရရှိသော ပုဂ္ဂိုလ်ကို ပညာရှိဟု ခေါ်သတည်း။ သာမန်ပုဂ္ဂိုလ်တို့မရ။ ထူးသောပုဂ္ဂိုလ်တို့သာ ရနိုင်လေသည်။ ထိုပညာမျိုးကို ရရှိသော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် မြေကြီး လက်ဝါးနှင့် ပုတ်လျှင်လွဲလျှင်လွဲဦးမည်။ မလွဲတော့ဘူးတဲ့။ သမ္မာဆိုတဲ့ ပုဒ်က မချွတ်မယွင်း ဆိုတာ ချွတ်ယွင်းခြင်းမရှိ ဧကန်မလွဲ ရမည်ဟု ဆိုသည်။ ဘာကိုရမလဲဆိုလျှင် ယောဂီ၌ အလိုရှိနေသော ဝဋ်ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်ကို မလွဲတန်းရမည်။ ထို့ကြောင့် ထိုပညာမျိုးကို မရ ရအောင် အားထုတ်ကြရသည်၊ရလျှင်ရရှိသောယောဂီပုဂ္ဂိုလ်သည်ထိုပညာဖြင့်ဝဋ်ဒုက္ခ၏ကုန်ရာစခန်း နိဗ္ဗာန်နန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းမြေ့ဒိုင်ပိုင် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိနိုင်လေသည်။ ထိုသို့ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်

ကို ပညာအထူးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်ဟု ဆိုအပ်သတည်း။

ဤနေရာ၌ ပြဆိုရေးသားခဲ့သော ပညာသည် အနိစ္စ, ဒုက္ခ, အနတ္တ ဟူသောလက္ခဏာရေးသုံးပါးမဂ်, ဖိုလ်တရားတို့ကို သိစွမ်းနိုင်သည် ဖြစ်သောကြောင့် ထိုပညာမျိုးကို ရရှိမှုသည် လိုရင်းပဓာန ဖြစ်လေသည်။ ထိုပညာမျိုးကို ရရှိဖို့ရာကလည်း သူ့အလိုအလျောက် ပေါ်ပေါက်လာနိုင်သည် မဟုတ်။ သမာဓိရရှိအောင် ထူထောင်ရသည်။ သမာဓိသည် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော တရားဖြစ်သည်။

သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။

အဋ္ဌသာလိနီ။

သမာဟိတော - တည်ကြည်သော သမာဓိရှိသောသူသည်၊ ယထာဘူတံ- ဟုတ်မှန်တိုင်း၊ ဇာနာတိ- သိ၏၊ ပဿတိ-မြင်၏။

သမာဓိ ရရှိအောင်ကလည်း ဝီရိယကအားထုတ် သတိကို မြဲစွာထားရသည်။ သို့မှ သမာဓိဖြစ်နိုင်သည်။ ဝီရိယနှင့် သတိ ပြည့်စုံဖို့ရာ ကျပြန်တော့လည်း သဒ္ဓါ ဟူသော ယုံကြည်မှုမရှိလျှင် မဖြစ်နိုင်။ ယုံကြည်မှုရှိမှသာ အားထုတ်နိုင်မှုရှိကြသည်။ ထို့ကြောင့် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ပညာ ဟူသော ဗလငါးတန်စလုံး ပြည့်ဝ အားကောင်းနိုင်ရန် ကြိုးစားအားထုတ်အပ်သတည်း။

## ဗလငါးတန်နှင့် မဟာနာမ်မင်းကြီး

သဒ္ဓါ, ဝီရိယ,သတိ,သမာဓိ, ပညာ ဤဗလငါးတန်နှင့် ပြည့်စုံသော သူသည် မြတ်စွာဘုရား၌ နှစ်သက် စေနိုင် သည်ဟု မြတ်စွာဘုရားသည် မဟာနာမ် မင်းကြီးအား ဟောတော်မူသည်။

မြတ်စွာဘုရားသည် ဟဆဲ့ ငါးဝါမြောက် ဖြစ်သော နိဂြောဓာရုံ ကျောင်း၌ ဝါဆိုတော် မူသောအခါ ဝါလ ကျွတ်၍ သင်္ကန်းကိစ္စပြီးလျှင် အရပ်တပါးသို့ ဒေသစာရီ ကြွချီတော် မူမည်ကို မဟာနာမ် မင်းကြီး သိသဖြင့် ကျောင်းတော်သို့ လာရောက်၍ မြတ်စွာ ဘုရားအား လျှောက်ထား သည်မှာ–ဘုန်းတော် ကြီးသော မြတ်စွာ ဘုရား သင်္ကန်းကိစ္စ ပြီးသော် အရပ်တပါးသို့ ကြွချီတော် မူပါက တပည့်တော်တို့သည် အရှင်ဘုရားနှင့် ကင်း၍ နေသော် အဘယ်သို့ နေရပါမည်နည်း ဘုရားဟု လျှောက် ထားသော အခါ မဟာနာမ် - ထိုသို့ မေးခြင်းသည် အမျိုးသား ဖြစ်ကုန်သော မဟာနာမ် မင်းတို့အား လျှောက်ပတ် ကုန်သည်။ ဤသို့ မိန့်တော် မူပြီးလျှင် ဒကာတော် မဟာနာမ်မင်းကြီး–

၁။ သဒ္ဓါတရား ရှိသော သူသည် မြတ်စွာဘုရားကို နှစ်သက်စေနိုင်သည်။ သဒ္ဓါတရား မရှိသော သူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။

၂။ အားထုတ်အပ်သော ဝီရိယ ရှိသော သူသည် မြတ်စွာဘုရားကို နှစ်သက် စေနိုင်သည်။ ပျင်းသော သူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။

၃။ ထင်သော သတိရှိသော သူသည် မြတ်စွာ ဘုရားကို နှစ်သက်စေနိုင်သည် လွတ်သောသတိရှိသော သူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။

၄။ စိတ်တည်ကြည်သော သူသည် မြတ်စွာဘုရားကို နှစ်သက် စေနိုင်သည်။ စိတ်မတည်ကြည်သော သူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။

၅။ ပညာရှိသော သူသည် မြတ်စွာဘုရားကိုနှစ်သက် စေနိုင်သည်။ ပညာ မရှိသော သူသည် မြတ်စွာ ဘုရားကို မနှစ်သက်စေနိုင်။

မဟာနာမ် ဤသို့ သဘောရှိကုန်သော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ တည်းဟူသော ဤငါးပါးသော တရား တို့၌ တည်၍ ခြောက်ပါးသော တရားတို့ကို ဆောင်သည်။ ထိုထက်အလွန် မဟာနာမ် ပွားလော။ ဤသို့ မဟာနာမ် မင်းကြီးအား ဟောတော်မူသည်။

ထိုသို့ မဟာနာမ်မင်းကြီးအား ဟောတော် မူသည်ကို အသင့်နှလုံးသွင်း၍ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဤ၅လငါးတန် ပြည့်စုံ တည်ရှိသောသူသည် ဘုရားကို နှစ်သက် စေနိုင်သည်ဟု သိနိုင်သည်။ ခြောက်ပါးသော တရား တို့ကို ဆောင်သည်ဟု ဆက်လျက် ဆိုပြန်

သောကြောင့် ဗလငါးတန် ပြည့်စုံစွာ တည်ခြင်းဖြင့် တရားတော် တည်နိုင်သည်မှာလည်း သိနိုင် ပြန်သည်။ ဘုရားကို နှစ်သက် စေနိုင်လျှင် တရားတော် တည်နိုင်သည်၊ တရားတော် တည်လျှင် ရတနာ သုံးပါးစလုံး တည်နိုင်တော့သည် ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ကြေန် ရောက်ရှိနေသော သူဟု မှတ်ယူအပ်သတည်း။

---

## မဂ္ဂင် ရှစ်ပါး

၁။ သမ္မာဝါစာ–အပြစ်ကင်းသောစကား၊

၂။ သမ္မာကမ္မန္တ-အပြစ်ကင်းသောအလုပ်၊

၃။ သမ္မာအာဇီဝ–အပြစ် ကင်းသော အသက်မွေးမှု၊

၄။ သမ္မာဝါယာမ – ကောင်းမွန် ထက်သန်သော အားထုတ်မှု-ဖွဲ၊

၅။ သမ္မာသတိ – ကောင်းသော သဘာဝ တို့ကို မမေ့ခြင်း၊

၆၊ သမ္မာသမာဓိ–ကောင်းသော စိတ် တည်ကြည် ငြိမ်သက်မှု၊

၇။ သမ္မာဒိဋ္ဌိ-အပြစ်ကင်းသော မြင်ခြင်း၊

၈။ သမ္မာသင်္ကပ္ပ – အပြစ် ကင်းသော ကြံစည် စိတ်ကူးမှု၊

ဤမဂ္ဂင်ရှစ်ပါး သဘာဝ တရားတို့တွင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု ဆိုအပ်သော သုံးပါးသည် သီလမဂ္ဂင် သီလသိက္ခာ၊ သီလသာသနာ မည်သည်။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟု ဆိုအပ်သော သုံးပါးသည် သမာဓိမဂ္ဂင် သမာဓိ သိက္ခာ သမာဓိ သာသနာ မည်သည်။ သမ္မာဒိဋ္ဌိ သမ္မာ သင်္ကပ္ပဟု ဆိုအပ်သော နှစ်ပါးသည် ပညာမဂ္ဂင် ပညာသိက္ခာ ပညာ သာသနာမည်သတည်း။

ငါတို့ မြတ်စွာဘုရား အလောင်းတော်သည် ဘုရား ဖြစ်တော်မူရန် အလို့ငှါ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တွေ ဖြည့်ခဲ့၍ ဘုရားဖြစ်တော်မူမည့် ဘဝသို့ ရောက်တဲ့အခါ ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာကျင့်၍ ဘုရားဖြစ်တော်မူမည့် လမ်းစကို ရှာပါ သော်လည်း မတွေ့ဘဲ ရှိနေသည်။ ထိုသို့ပင် မတွေ့သော်လည်း ဆန္ဒ ဝိတ္တ ဝီရိယတို့ ကြီးမားထက်သန်လျက် မရပ်မနေ ဟူသော ငံ့ဖြင့် ကြိုးစားခဲ့သော် ပြခဲ့သော မဂ္ဂင်ရှစ်ပါး သဘာဝ တရားတို့ကို တွေ့ရတော့သည်။ ထိုအခါ ဤလမ်းသည် မှန်ပါ၏လောဟု စဉ်းစား ဆင်ခြင်လျှင် မှန်ကန်ကြောင်း သိသဖြင့် ဤလမ်း အတိုင်း ငါကျင့်တော့မည်ဟု ဆုံး ဖြတ်လျက် မဂ္ဂင် ရှစ်ပါးကိုသာ ပွားများ အားထုတ် တော့သည်။ ဤမဂ္ဂင် ရှစ်ပါးကို ပွားများအားထုတ်သဖြင့် ဘုရားဖြစ်တော်မူရသည်။ ဤလမ်းသည် ကာမသုခလ္လိကာ နုယောဂဟူသော အောက်တန်းစား အယုတ်တရား၊အတ္တ

ကိလမထာနုယောဂ ဟူသော အထက်တန်းစား အယုတ်တရား၊ ဤအယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ရှိသော မဇ္ဈိမ ပဋိပဒါဖြစ်သော အလယ်လမ်းတည်း။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ မိဂဒါဝုန်တော၌ နေသော ပဉ္စဝဂ္ဂီ ငါးဦးတို့အား သွားရောက် တရားဟော တော်မူသော အခါ ငါသည် မဂ္ဂင်ရှစ်ပါးလမ်းဖြင့် သစ္စာ လေးပါးကိုသိ၍ ဘုရားဖြစ်တော် မူသည်။ ဤလမ်းသည် အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ရှိသော မဇ္ဈိမ ပဋိပဒါ ဖြစ်သော အလယ် လမ်းတည်း။ ဤလမ်း အတိုင်း သင်တို့လည်းလိုက်ကြ၊ ကျင့်ကြဟု မဂ္ဂင်ရှစ်ပါး သစ္စာ တရားဖြင့်ပြ၍ ဓမ္မစကြာ ဒေသနာကို ဟောတော်မူသည်။

ဘိက္ခဝေ-ချစ်သားတို့၊ တထာဂတေန-ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ-အထူးသဖြင့် သိတော် မူအပ်သော၊ စက္ခုကရဏီ-သစ္စာ လေးပါးကို သိသော ပညာမျက်စိကို ပြုတတ်သော၊ ဉာဏကရဏီ-သစ္စာ လေးပါးကို သိသော ဉာဏ်အမြင်ကို ပြုတတ်သော၊ မဇ္ဈိမာ-အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ဖြစ်သော၊ ပဋိပဒါ-အကျင့်သည်၊ ဥပသမာယ-ကိလေသာတို့၏ ငြိမ်းခြင်းငှါ၊ အဘိညာယ-သစ္စာလေးပါး တရားကို အထူးသဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ-သစ္စာလေးပါး တရားကို ကောင်းစွာ သိခြင်းငှါ၊ နိဗ္ဗာနာယ-အနုပါဒိသေသ-နိဗ္ဗာန် အကျိုးငှါ၊ သံဝတ္တတိ၊ ဖြစ်၏။

ကာမသုခလ္လိကာနုယောဂ အယုတ်တရားဆိုတာ ကိလေသာကာမနှင့် ယှဉ်သော ချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော အယုတ်တရား ငါးပါးကို ခေါ်သည်။ အယုတ်တရားငါးပါးကား ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထ သံဟိတော ဟူ၍ ငါးပါးတည်း။

ဟီနော၊ ယုတ်သောတရား၊ ဂမ္မော၊ ရွာသူတို့၏ ဥစ္စာဖြစ်သောတရား။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ်တို့၏ အလေ့ဖြစ်သောတရား။ အနရိယော၊ အရိယာတို့၏ ဥစ္စာမဟုတ်သောတရား။ အနတ္ထ သံဟိတော၊ စီးပွား ချမ်းသာဖြစ်ကြောင်းနှင့် မစပ်သောတရား။

အတ္တကိလ မထာနုယောဂ အယုတ်တရား ဆိုတာ မိမိကိုယ်၏ပင်ပန်းခြင်းကို အားထုတ်ခြင်းဟု ဆိုအပ်သော အယုတ်တရား သုံးပါးကိုခေါ်သည်။အယုတ်တရား သုံးပါးကား ဒုက္ခော အနရိယော၊အနတ္ထသံဟိတောဟူ၍ သုံးပါးတည်း။ ဒုက္ခော-ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော၊ အနရိယော- အရိယာ မဟုတ်သော တိတ္ထိတို့၏ အကျင့်ဖြစ်သော တရား၊ အနတ္ထသံဟိတော-စီးပွားချမ်းသာဖြစ်ကြောင်းနှင့်မစပ်သောတရား။

ကုဒ် မဂ္ဂင်°-ဤမဂ္ဂင်ရှစ်ပါးသည်၊ကာမေသု-တော့ဘုမ္မက သဒ္ဒါရတည်းဟူသော ဝတ္ထုကာမတို့၌၊ ဂေဓံ- ကာမတ္တဏှာ တည်းဟူသော တပ်ခြင်းကို၊ ဝိနယ-ပယ်ဖျောက်၍၊ဓာတုကေန်၊ နဟိဘဲ-မရောက်ရလတ့်။

တေ,က-သုံး၊ ဘုမ္မက-က,ဘုံ၊ သဒ္ဒါရ,က-ဖြစ်သည်၊ တေဘုမ္မကသဒ္ဒါရ၊ ကာမဘုံ ရူပဘုံ အရူပဘုံဟု-ဆိုအပ်သော ဘုံသုံးပါး၌ ဖြစ်သည်။ ဘုံသုံးပါး၌ဖြစ်သော ဝဋ္ဋ ကာမသည် စက္ခုဝဋ္ဋသောတဝဋ္ဋ ဃာနဝဋ္ဋ ဇိဝှါဝဋ္ဋ ကာယဝဋ္ဋ ဟာဒယဝဋ္ဋဟူ၍ ခြောက်ပါးရှိသည်။ ရူပါရုံစသော အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ထိုမျက်စိ-နား- နှာခေါင်း-လျှာ- ကိုယ်-မနော-ဟု ဆိုအပ်သောဝဋ္ဋရုပ်ခြောက်ပါးတို့၌မှီ၍ ကာမဿနန္ဒစသော ပုပန်စေတတ်သော နီဝရဏတရားတို့ ဖြစ်ကြရသည်။ထိုဝဋ္ဋရုပ် ခြောက်ပါးတို့၌ မှီ၍ဖြစ်သော ရူပါရုံစသော အာရုံငါးပါး ကာမ ကိလေသာ တရားတို့ကို အဘန်တလဲလဲ ချမ်းသာ သဖြင့် ခံစား ခြင်းသည် ကာမ သုခလ္လိကာနုယောဂ အောက်တန်းစား အကျင့်ဖြစ်သည်။

ကိလေသာ မဖြစ် စေရန် နေပူ ကျဲကျဲ၌ မီးဖို၍ မီးကင်သော အကျင့် ဆူးပေါ် အိပ်ပြသော အကျင့် ထိုအကျင့်သည် ဆူးရှူးသဖြင့် နာကျင်မှု ဖြစ်နေခိုက် ကိလေသာမဖြစ်နိုင်ဟု ယူဆ၍ ကျင့်သည်။ထိုကဲ့သို့သော အကျင့်မျိုးတွေသည်မိမိကိုယ်၏ ပင်ပန်းခြင်းကိုဖြစ်အောင် အားထုတ်သော အတ္တကိလမထာနုယောဂ အထက်တန်းစား အကျင့်ဖြစ်သည်။

မဂ္ဂင် ရှစ်ပါးသည် ဤအယုတ်တရား နှစ်ပါး တို့၏ အလယ်၌ ဖြစ်သော တရားတည်း။ထိုသဘောကိုပေါ်လွင်စေခြင်းငှါ မြတ်စွာဘုရားသည် ကထေတု ကမျတာ

ပုစ္ဆာဖြင့် ကိုယ့်ဟာကို မေးပြီး ကိုယ့်ဟာ ကိုယ်ဘဲ ဖြေဆို ပေးကြားတော်မူသည်။

**မေး။** ဘိက္ခဝေ-ရဟန်းတို့၊ တထာဂတေန-ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ- အထူးသဖြင့် သိတော်မူအပ်သော၊ စက္ခုကရဏီ-သစ္စာလေးပါးကို သိသော ပညာမျက်စိကို ပြုတတ်သော၊ ဉာဏကရဏီ-သစ္စာလေးပါးကို သိသော ဉာဏ်အမြင်ကို ပြုတတ်သော၊ မဇ္ဈိမာ-အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော၊ ယာ ပဋိပဒါ-အကြင် အကျင့်သည်၊ အတ္ထိ-ရှိ၏၊ သာ ပဋိပဒါ-ထိုအကျင့်သည်၊ ကတမာ-အဘယ်နည်း။

ချစ်သားတို့ ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော သစ္စာလေးပါးကို သိသော ပညာမျက်စိ ဉာဏ်အမြင်ကို ပြုတတ်သော အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ ဖြစ်သော အကြင်အကျင့်သည်ရှိ၏၊ ထိုအကျင့်သည် အဘယ်နည်း၊ ဘယ်ဟာလဲ ချစ်သားတို့-

**ဖြေ။** အရိယော - မြတ်သော၊ အဋ္ဌင်္ဂိကော - အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော၊ အယမေဝမဂ္ဂေါ-ဤမဂ္ဂင်ရှစ်ပါး သာလျှင်တည်း၊ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်ရှစ်ပါးတည်း။

**မေး။** ဣဒံ မဂ္ဂံ-ဤမဂ္ဂင် ရှစ်ပါးသည်၊ ကတမာ-အဘယ်နည်း၊ ဤမဂ္ဂင် ရှစ်ပါးသည် အဘယ်နည်း အဘယ်ကို မဂ္ဂင်ရှစ်ပါး ခေါ်သနည်း။

**မေး။** သမ္မာဉာဏ်စသော-ဖြစ်သောမဂ္ဂင်ရှစ်ပါးကို ဖြေဆို ဟောကြားတော်မူသတည်း။ ထိုမဂ္ဂင် ရှစ်ပါး သီလ, သမာဓိ, ပညာ, တရားတို့ကို ပွားများ အားထုတ်သော သူသည် မာရ်မင်း၏ နိုင်ငံကို အောင်မြင် လွန်မြောက်၍ ညစ်မျိုးငါးအင် ကင်းစင်တောက်ပ တင့်တယ် လှသော နေမင်းကြီးကဲ့သို့ ထွန်းလင်းသည်ဟု ဟောတော်မူသည်။

သီလံ သမာဓိပညာစ၊
ယဿ ဧတေ သုဘာဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊
အာဒိစ္စောဝ ဝိရောစတိ။

ဇာတိဝုတ် ပါဠိတော်။

ဘိက္ခဝေ - ချစ်သားတို့၊ ယဿ-အကြင် သူသည်၊ သီလဉ္စ-အဓိသီလသိက္ခာဟု ဆိုအပ်သော သီလကိုရင်း၊ သမာဓိဉ္စ-အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကို ၎င်း၊ ပညာဉ္စ-အဓိပညာသိက္ခာဟု ဆိုအပ်သော ပညာ ကို၎င်း။ ဧတေ-ဤသုံးပါးသော သီလ, သမာဓိ, ပညာ တရားတို့ကို၊ သုဘာဝိတာ-ဆုံးခန်းတိုင်အောင် ကောင်းစွာ ပွားများ အပ်ကုန်၏၊ သော-ထိုဆုံးခန်း တိုင်အောင် ကောင်းစွာ ပွားများသော သူသည်၊ မာရဓေယျံ-မာရ် မင်း၏ နိုင်ငံကို၊ အတိက္ကမ္မ-လွန်မြောက်၍၊ အာဒိစ္စောဝ- ဆီးနှင်း, မြူတိမ်, သူရိန်, မီးခိုး, ညစ်မျိုးငါးအင် ကင်းစင် တောက်ပ တင့်တယ်လှသော နေမင်းကြီးကဲ့သို့၊ ဝိရော စတိ-ထွန်းလင်းတင့်တယ်၏။

ထိုမဂ္ဂင်ရှစ်ပါး သီလ, သမာဓိ, ပညာတရားတို့သည် သစ္စာ လေးပါး အမှန်တရားတို့ကို ကိုယ်တိုင်သိဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်သည် ဖြစ်သောကြောင့် ပွားများကြကုန်ရာသတည်း။

---

## သစ္စာလေးပါး

**ဒုက္ခသစ္စာ**ဆိုတာ ဆင်းရဲတာ မှန်သည်ကို ခေါ်သည်။ ဒုက္ခ, ဆင်းရဲ၊ သစ္စာ, မှန်သည် - အမှန် ဆင်းရဲသည် ဟူ၍လည်း ဆိုလေ။ ဆင်းရဲတယ်ဆိုတာ ဘာဖြစ်လို့ ဆင်းရဲသနည်း၊ ဆင်းရဲစရာ ရုပ်နာမ် ရှိနေလို့ ဆင်းရဲ ရသည်။ ဆင်းရဲစရာသည် ရုပ်နာမ်၊ ရုပ်နာမ်သည် ဆင်းရဲ စရာ၊ ရုပ်နာမ် မရှိလျှင် ဆင်းရဲစရာမရှိ၊ သေသေ ချာချာ ကြည့်၊ ဇာတိပိဒုက္ခာ - ဇရာပိဒုက္ခာ - ဗျာဓိပိဒုက္ခော- မရဏမ္ပိဒုက္ခံ- ပိယေဟိဝိပ္ပယောဂေါဒုက္ခော- အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော-ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ- သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ-ဟုဘုရားဟောတော် မူသည်။

ဇာတိပိဒုက္ခာ–ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲသည် ဆိုသည်မှာ ပဋိသန္ဓေ နေရသည် ဆိုတာ အမိ ဝမ်းထဲမှာ ရုပ်နာမ် ဖြစ်နေတာဘဲ။ ရုပ်နာမ် ဖြစ်နေရတဲ့ မိခင်၏ ဝမ်းခေါင်းဟာ ဘယ်လောက် ကျယ်သလဲ၊ အညစ် အကြေးတို့ဖြင့် လိမ်းကျံလျက် အလွန် ကျဉ်းမြောင်းသော

နေရာဖြစ်သည်ကို စဉ်းစားလျှင်သိနိုင်သည်။ ဤမျှလောက် ကျဉ်းမြောင်းသော နေရာ၌ မကွေးသာ မဆန့်သာ မလှည့်သာ ကျဉ်းကျဉ်း ကြုတ်ကြုတ် ကြပ်ကြပ် တည်း တည်း နေရသည်မှာ အဘယ်မှာ မဆင်းရဲဘဲ ရှိနိုင်ပါ့မလဲ၊ မိခင်ဖြစ်သူက မလိမ္မာသဖြင့် ပူစပ် လွန်းသော အစာကို စားမိသော် မိခင်၏ ဝမ်းထဲမှမချိမဆန့်ဖြစ်၍ ပူလောင်စွာ ခံနေရသည်။ ကုန်းလိုက် စောင်းလိုက် ခိုက်မိ လိုက်သော် အတွင်းမှ ကျင်နာလျက် ခံနေရသည်။နူးနူးနယ်နယ်ကလေး ဆိုတော့ စဉ်းစားသာကြည့်ပေါ့၊လုံရှိသော အခန်းတခု၌ မထွက်ရဟု တနေ့လောက် ထားကြည့်ပါ၊ မည်သူ နေချင် မည်နည်း။

ဇရာဝိဒုက္ခာ-အိုရခြင်းသည် ဆင်းရဲသည် ဆိုသည် မှာလည်း အိုရသည်ဆိုတာ ပျို့ပျို့ ရွယ်ရွယ် တုန်းကလို သန်သန်မာမာ သွားနိုင် နေနိုင်သည်မဟုတ်၊မျက်စိမှုံခြင်း, နားထိုင်းခြင်း, ခါးကိုင်းခြင်း, ဆံဖြူခြင်း,အရေ တွန့်လိပ် ခြင်းတို့ ဖြစ်နေသဖြင့် ထိုအဖြစ်မျိုးကို မည်သူ နေချင် မည်နည်း၊ မနေချင်သော အဖြစ်မျိုးကို နေရသည်မှာ အိုမှုကို မလွန်ဆန်နိုင်လို့ နေရခြင်း ဖြစ်သည်။ ထိုနေရ ခြင်းမှာ ဆင်းရဲအမှန် ဖြစ်သည်။

ဗျာဓိဝိဒုက္ခော-နာရခြင်းသည် ဆင်းရဲသည် ဆိုသည် မှာလည်း နာရသည်ဆိုတာ ပကတိအတိုင်း နေရတာမျိုး

မဟုတ်၊သွားနာခြင်း,နားနာခြင်း,ခေါင်းနာခြင်း,ရင်နာခြင်း စသော ဒုက္ခဝေဒနာကို ခံစား၍ နေရတာ ဖြစ်သဖြင့် ထိုနာခြင်းသည်လည်း ဆင်းရဲအမှန် ဖြစ်သည်။

မရဏံပိဒုက္ခံ-သေရခြင်းသည် ဆင်းရဲသည် ဆိုသည် မှာလည်း သေရသည် ဆိုတာ အေးအေး ဆေးဆေး သေသွားရတာမဟုတ်၊ သေခါနီး အခါမှာ ဇောချွေးများ ပြန်ပြီး မျှ မဆန့် ပူပန် လောင်မြိုက်ခြင်းကို ခံပြီးမှ သေရတာဖြစ်သည်။ ထိုသို့သေရခြင်းသည်လည်း ဆင်းရဲ အမှန် ဖြစ်သည်။

ပိယေဟိဝိပ္ပယောဂေါဒုက္ခော - ချစ်သော သူတို့နှင့် တကွဲ တခြားစီ နေရခြင်းသည် ဆင်းရဲသည် ဆိုသည် မှာလည်း မယ်ပဒ္ဒာ ရှူးရတာကိုသာ ကြည့်ပေတော့။

အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော-မုန်းသောသူတို့နှင့် အတူတူ နေရခြင်းသည် ဆင်းရဲသည် ဆိုသည်မှာလည်း မိဘ စကားကို မလွန်ဆန်လိုသဖြင့် အောင့်သက်သက်နှင့် ဥပကကြီးကို ကလေးတယောက်ရသည် အထိ ပေါင်းနေ ရသော ဆာဝါဘ္ဂီလို သူမျိုးကိုကြည့်။

ယံပိစ္ဆံနလဘတိတံပိဒုက္ခံ-လိုတာကိုမရ ရတာကိုမလို သဖြင့် ဆင်းရဲရသည် ဆိုသည် မှာလည်း လောက၌ သေကြောင်းကြံပြီး သတ်တယ် ဆိုတာ အင်မတန်ကို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြလို့ဘဲ လွယ်လွယ်နှင့်

သတ်နိုင်မည် မဟုတ်၊ အသက် ရှည်ရှည်နှင့် ချမ်းသာစွာ နေလိုကြသူချည်းဖြစ်သည်။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ- အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး တို့သည် ဆင်းရဲသည် ဆိုသည်မှာလည်း ဥပါဒါနက္ခန္ဓာဆိုတာ ရုပ်နာမ်ဘဲ။ ရုပ်နာမ်ရှိလို့ ဆင်းရဲသည်။ ရုပ်နာမ် မရှိလျှင် ဆင်းရဲစရာမရှိ။ အရင်း စစ်တော့ အမြစ်မြေက ဆိုတာလို အရင်း စစ်ကြည့် လိုက်တော့ ရုပ်နာမ်ဘဲ ပြန်တွေ့တာဘဲ၊ ထို့ကြောင့် ဒုက္ခ သစ္စာဆိုတာ ရုပ်နာမ် ဖြစ်ခြင်းဟု ဆိုလိုက်သည်။

**သမုဒယ သစ္စာ** ဆိုတာ လိုချင်တာ မှန်သည်ကို ခေါ်သည်။ သမုဒယ-လိုချင်တာ၊ သစ္စာ-မှန်သည်၊ အမှန် လိုချင်သည် ဟူ၍လည်းဆိုလေ။လူဖြစ်သည် နတ်ဖြစ်သည် ဗြဟ္မာဖြစ်သည် သတ္တဝါဖြစ်သည် ဆိုသည်မှာ ဖြစ်ချင်လို့ ဖြစ်သည်။ ဖြစ်ချင်တယ်ဆိုတာ လိုချင်တာဘဲ၊ ထိုလိုချင် တာကို တဏှာဟူ၍လည်း ခေါ်သည်။ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဖြစ်တယ် ဆိုလျှင် ရုပ်နာမ် ဖြစ်တော့တာဘဲ၊ အရင်းစစ် အမြစ်မြေက ဖြစ်ချင်ဖြစ်၊ဖြစ်ချင်ဆိုသည်ကား သမုဒယသစ္စာ တဏှာလောဘကိုဆိုသည်။ ဖြစ်ဆိုသည် ကား ဒုက္ခသစ္စာရုပ်နာမ်ကို ဆိုသည်၊ သမုဒယသစ္စာသည် အကြောင်းတရား၊ ဒုက္ခ သစ္စာသည် အကျိုး တရား၊ တဏှာက္ခယာယပဋိပဇ္ဇထ။ တုမှေ-ကိုယ်ကျိုးကို အလိုရှိ ကုန်သော သင်တို့သည်၊ တဏှာက္ခယာယ-သမုဒယသစ္စာ တဏှာ ကုန်စေခြင်းငှါ၊ပဋိပဇ္ဇထ-ကျင့်ကြ ကုန်လော့။

တဏှာသမုဒယာ ဒုက္ခသမုဒယော။

တဏှာ၏ပေါင်းစုမိခြင်းကြောင့် ဝဋ်ဒုက္ခ၏ ပေါင်းစုမိခြင်း ဖြစ်ရသည်။ သမုဒယသစ္စာ တဏှာ၏ ပွားတိုင်းပွားတိုင်း ဒုက္ခသစ္စာ ရုပ်နာမ်ပွားသည်ဟူလို။

ကိလိဿန္တိ သတ္တာ ဧတေ ဟိတိ ကိလေသာ။

ဧတေဟိ- ထိုလောဘ-ဒေါသ- မောဟ- အစရှိကုန်သော လာမကဓမ္မတို့ကြောင့်၊ သတ္တာ-သတ္တဝါတို့သည်၊ ကိလိဿန္တိ-ပင်ပန်းကုန်၏၊ ဣတိတသ္မာ- ထိုသို့ သတ္တဝါတို့၏ ပင်ပန်းကြောင်းဖြစ်သော သတ္တိကြောင့်၊ တေလာမကာဓမ္မာ- ထိုလောဘ-ဒေါသ-မောဟ-အစရှိကုန်သော လာမကဓမ္မတို့သည်၊ ကိလေသာ-ကိလေသာမည်ကုန်၏။ ပူပန်ဆင်းရဲကြောင်းဖြစ်သော လောဘ- ဒေါသ- မောဟ-အစရှိကုန်သော လာမကဓမ္မတို့ကို ကိလေသာ ဆိုသည်။

ပုထုကိလေသေ ဇနေတိတိ ပုထုဇ္ဇနော။

ယောသတ္တသမူဟော-အကြင်သတ္တဝါအပေါင်းသည်၊ ပုထု ကိလေသေ- ပူပန်ကြောင်း ကိလေသာ တို့ကို၊ ဇနေတိ-ဖြစ်စေတတ်၏။ ဣတိတသ္မာ-ထိုသို့ ပူပန်ကြောင်း ကိလေသာတို့ကို ဖြစ်စေတတ်သော သတ္တိကြောင့်၊ သော သတ္တသမူဟော- ထို သတ္တဝါ အပေါင်းသည်၊

ပုထုဇ္ဇနော-ပုထုဇဉ်မည်၏။ ပုထုဇဉ်အဖြစ်မှလွန်မြောက်အောင် ကြိုးစားရသည်။

ပါပသ္မိံ ရမတေ မနော။

ပုထုဇ္ဇနာနံ-ပုထုဇဉ်တို့၏၊ မနော-စိတ်သည်၊ ပါပသ္မိံ-မကောင်းသောဒုစရိုက်အမှု၌၊ ရမတေ-မွေ့လျော်တတ်၏။

ပုထုဇဉ်တို့၏ စိတ်သည် မကောင်းသောဒုစရိုက်မှု၌ မွေ့လျော်တတ်သည်၊ နှစ်သက်တတ်သည်၊ သဘောကျတတ်သည်၊ လိုချင်တတ်သည်၊ ချစ်ခင်တတ်သည်၊ ဒါကြောင့်လဲ ရုပ်နာမ်ဖြစ်၍ ဆင်းရဲရတာဘဲ။

**နိရောဓသစ္စာ** ဆိုတာ ချုပ်ငြိမ်းတာ မှန်သည်ကို ဆိုသည်။ နိရောဓ–ချုပ်ငြိမ်းတာ၊သစ္စာ–မှန်သည်၊ အမှန်ချုပ်ငြိမ်းသည်ဟူ၍လည်း ဆိုလေ။ချုပ်ငြိမ်းသည်ဆိုတာ ကိလေသာချုပ်ငြိမ်းတာ ရုပ် နာမ် ချုပ်ငြိမ်းတာ ဟူ၍ နှစ်မျိုးရှိသည်။ ပုထုဇဉ်အဖြစ်မှလွန်မြောက်၍ သောတာပတ္တိမဂ်သို့ ရောက်သော သောတာပန် ပုဂ္ဂိုလ်သည် ကိလေသာ(၁၀)ပါးတို့တွင် ဒိဋ္ဌိ–ဝိစိကိစ္ဆာ ကိလေသာ နှစ်ပါးကို ပယ်သည်။ အပါယ်ဘုံ၌ အပါယ်ရုပ်နာမ်ဟူ၍မဖြစ်တော့ချေ။ထိုသောတာပန်ပုဂ္ဂိုလ်သည်၌မျှသာ ချုပ်ငြိမ်းသေးသည်။ သကဒါဂါမ် ပုဂ္ဂိုလ်သည် ကျန်ကိလေသာတို့ကို ခေါင်းပါးရုံသာ ပြုနိုင်သည်။အနာဂါမ် ပုဂ္ဂိုလ်သည် ဒေါသကိလေသာကိုပယ်သည်၊ငြိမ်းသည်၊

ကျန်ကိလေသာ ခုနစ်ပါးကို မပယ်နိုင်သေးသဖြင့် မငြိမ်းသေး။ အထက် နတ်ပြည်တို့၌ ရုပ်နာမ် ဖြစ်ရအုန်းမည်။ ရဟန္တာပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် ကိလေသာတွေ အကုန် ချုပ်ငြိမ်းကုန်ပြီ။ သို့သော် ရုပ်နာမ်ဒုက္ခနှင့်တော့ မကင်းနိုင်သေး။ ပရိနိဗ္ဗာန်ပြုလျှင်ကား ရုပ်နာမ် ချုပ်ငြိမ်းတော့သည် ဖြစ်သောကြောင့် ထိုအခါ ဆင်းရဲစရာ ဟူ၍မရှိ။ အကုန် ချုပ်ငြိမ်းတော့သည်။

တဏှာနိရောဓာ ဒုက္ခနိရောဓော။

တဏှာ၏ မဖြစ်ခြင်း၊ ပျောက်ခြင်း၊ ချုပ်ငြိမ်းခြင်းကြောင့် ဆင်းရဲမဖြစ်၊ ပျောက်သည်၊ ချုပ်ငြိမ်းသည်။ တဏှာကုန်မှ ဒုက္ခခပ်သိမ်း လွတ်ငြိမ်း ကင်းပျောက်မည် ဟူသတည်း။

တဏှာက္ခယော ဟိ နိဗ္ဗာနံ။

တဏှာ၏ ကုန်ခြင်း ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏။

နိဗ္ဗာနသဒိသံ သုခံ နာမ နတ္ထိ။

နိဗ္ဗာန်နှင့်တူသော ချမ်းသာမည်သည် မရှိ။ နိဗ္ဗာန်သည် အချမ်းသာဆုံးဟု ဆိုလိုသည်။ ထိုနိဗ္ဗာန်သည် တဏှာ၏ ချုပ်ငြိမ်းရာ ဆင်းရဲဒုက္ခတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော နိရောဓသစ္စာမည်သတည်း။

**မဂ္ဂသစ္စာ**ဆိုတာလမ်းမှန်သည်ကိုဆိုသည်။မဂ္ဂ-လမ်း၊ သစ္စာ- မှန်သည်။ နိဗ္ဗာန်ကို ဤလမ်းအတိုင်း သွားရသည်။

သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ပစ္စေက ဗုဒ္ဓါ သဗ္ဗညုဘုရားရှင်တို့သည် ဤလမ်းဖြင့် နိဗ္ဗာန်သို့ ရောက်သွားကြသည်။ ထိုပုဂ္ဂိုလ်တို့လို နိဗ္ဗာန်သို့ရောက် လိုလျှင် ဤလမ်းဖြင့် သွားကြရသည်။ ဤလမ်းဖြင့်သွားကြ ယောဂီတို့။ ဤလမ်းဖြင့် သဘာဝရှစ်ပါး ရှိကြောင်း မဂ္ဂင်ရှစ်ပါးပြခဲ့ပြီ။ ဤမဂ္ဂင်ရှစ်ပါးကို ပွားများလျှင်ကား ရုပ်နာမ်ဖြစ်ခြင်းသည် ဆင်းရဲအမှန်ဖြစ်ကြောင်း သိသဖြင့် ရုပ်နာမ်ဖြစ်ချင်မှု သမုဒယကို ပယ်နိုင်သည်။ ရုပ်နာမ် မဖြစ်ချင်တော့ပေ။ ရုပ်နာမ်မဖြစ်ချင်တော့သဖြင့် ရုပ်နာမ် မဖြစ်ဘဲ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက် ပြုရသည်။ ထိုသို့ဖြစ်သောကြောင့် (ဖြစ်ချင်ဖြစ် မဖြစ်ချင်မဖြစ်)ဟု ပညာရှိများ ရေးသားတော်မူခဲ့သည်။

ဖြစ်ချင်ဆိုသည်ကား သမုဒယသစ္စာ လောဘတဏှာ ရုပ်နာမ် ဖြစ်ချင်မှုတည်း။ ဖြစ်ဆိုသည်ကား ဒုက္ခသစ္စာ ရုပ်-နာမ် ဖြစ်မှုတည်း။ မဖြစ်ချင်ဆိုသည်ကား မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါး ပွားများမှုတည်း။မဖြစ်ဆိုသည်ကား နိရောဓ သစ္စာ နိဗ္ဗာန် ရုပ်နာမ်ချုပ်ငြိမ်းမှုတည်း။ သမုဒယသစ္စာ တဏှာ လောဘ အကြောင်းတရားကြောင့် ဒုက္ခသစ္စာ ရုပ်နာမ်သည် အကျိုးတရားဖြစ်၍ ခံစားရသည်။မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါး အကြောင်းတရားကြောင့် နိရောဓသစ္စာ နိဗ္ဗာန်သည် အကျိုးတရားဖြစ်၍ ခံစားရသည်။

ဤတွင် သစ္စာလေးပါး ပြီးသတည်း။